
www.burmeseclassic.com

ရန်အောင်စာပေ

# ဇာတ်နိပါတ်လာ ရသစုံဝတ္ထုတိုများ

မုံရွာနေဇာ



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာအုပ်အမည် | - | ဇာတ်နိပါတ်လာ ရသစုံဝတ္ထုများ |
| စာရေးသူ | - | မုံရွာနေဇာ |
| ပုံနှိပ်ခြင်း | - | ၂၀၁၃ ခုနှစ်၊ မတ်လ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| မျက်နှာဖုံးပန်းချီ | - | စိုးစံ |
| မျက်နှာဖုံးဒီဇိုင်း | - | စေတနာလှိုင် (ရေစကြို) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးကျော်ရှင် (မြ-၁၀၀၉၈) ရွှေခြည်သွေးပုံနှိပ်တိုက်၊ အမှတ်(၁၇၉) ၃၁-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ကွန်ပျူတာစာစီ | - | ဧကောင်း ကွန်ပျူတာ |
| စာအုပ်ချုပ် | - | ကိုသန်းဝင်း |
| ထုတ်ဝေသူ | - | ဦးလှတိုး(ယာယီ-၁၈၄၁)၊ ရန်အောင်စာပေ (ဘာသာရေးဗုဒ္ဓဘာသာ) တိုက်-၁၇၊ အခန်း-၂၃၊ ရွှေနန်းပင်အိမ်ရာ အနောက်ရန်ကင်း၊ ရန်ကုန်မြို့။ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း CIP

မုံရွာနေဇာ ၂၉၄.၃

ဇာတ်နိပါတ်လာရသစုံ ဝတ္ထုတိုများ/မုံရွာနေဇာ၊ရန်ကုန်။

၂၀၁၃။

၁၇၂– စာ၊ ၁၈.၅ × ၁၂ စင်တီ။

(၁) ဇာတ်နိပါတ်လာရသစုံ ဝတ္ထုတိုများ


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | လိမ်ညာ၍ ကျိန်စာဆိုကြသူများ | ၁ |
| ၂။ | အတွေ့ | ၆ |
| ၃။ | ကျေးဇူးသိတတ်တဲ့ ခွေးကလေး | ၁၂ |
| ၄။ | ဝင့်အမြဲ ရေဲအပ ဆိုသော်လည်း | ၁၇ |
| ၅။ | မာယာကျော့ကွင်း | ၂၁ |
| ၆။ | သစ်ခွပန်းသခင် | ၂၈ |
| ၇။ | နှာခေါင်းမှ မှုတ်သောလေဖြင့် အသက်သေစေနိုင်သူ | ၃၃ |
| ၈။ | မသေခင်မှာ နတ်ရထားတွေ ဆိုက်လာသူ | ၃၉ |
| ၉။ | ကျေးဇူးဆပ်သော ခွေးမလေး | ၄၅ |
| ၁၀။ | ခိုးသူသတ်ကြီးဘဝမှ | ၅၁ |
| ၁၁။ | သောက ကေရိ | ၅၇ |
| ၁၂။ | တိရစ္ဆာန်လောက်တောင် ကျေးဇူး မသိတတ်ဘူး | ၆၂ |
| ၁၃။ | နစ်ယောက်သား တွေ့ကြတဲ့အခါ | ၆၇ |
| ၁၄။ | သားကို စွဲလမ်းမိတဲ့အမေ | ၇၂ |
| ၁၅။ | နစ်ဘဝပြောင်းသူ မသည်းအူ | ၇၈ |
| ၁၆။ | ရေအကျိုးကြောင့် အသရေတိုးသူ | ၈၃ |
| ၁၇။ | အမှန်တရားကို သိကြားစောင့်သည် | ၈၇ |
| ၁၈။ | ကိန္နရာ ကိန္နရီ ဇာတ်လမ်း | ၉၂ |


www.burmeseclassic.com

www.burmeseclassic.com


၁၉။ နတ်လှူဒါန်းတဲ့ ဆွမ်းသင်္ကန်း ၉၉

၂၀။ ဂင်္ဂါမြစ်ရေ ယောပတ်တွေ ဖြစ်သွားခြင်း ၁၀၄

၂၁။ မဇ္ဈိမရိယကြီးသူ၏ နောက်ဆက်တွဲ ဇာတ်လမ်းများ ၁၁၀

၂၂။ ကြွေးရှင်က ကျေးကျွန်ကို ကျေးဇူးဆပ်ခြင်း ၁၂၀

၂၃။ နက္ခတ်အစွမ်း တစ်ဖက်ကမ်းခတ် ကျွမ်းကျင်သူ ၁၂၆

၂၄။ နတ်ဆွမ်း ဘုဉ်းပေးရသော ရဟန်း ၁၃၃

၂၅။ ဟပ်ချီးဆိုတဲ့အသံ ၁၃၉

၂၆။ အပန်ငါးရာ သေရခြင်း ၁၄၅

၂၇။ လူမဖက် နတ်ဖက်ပေးတဲ့မောင်နှံ ၁၅၁

၂၈။ သတ္တဝါတစ်ခု ကံနှစ်ခု ၁၆၀

၂၉။ မာတလိ၏ အတွေးစများ ၁၆၈


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## လိမ်ညာ၍ ကျိန်စာဆိုကြသူများ

(က)

ကျိန်စာဆိုတာ တစ်ကြိမ် တစ်ခါ ဆိုပြီးလျှင် ထာဝရ တည်ပါသည်။

ကျိန်စာကို လိမ်ညာ၍ဆိုမိလျှင်ကား မည်မျှ အကျိုးသက်ရောက်မှု ရှိမည်ကို သိစေလိုသည်။

လူတို့၏လျှာဖျားသည် မာယာ စကားပြောဖို့ ဝန်မလေး၊ မုသားဆိုရန် အချိန်မနှေး ကျိန်စာ ဆိုပြန်လျှင်လည်း တစ်ကြိမ်တစ်ခါမျှမက အထပ်ထပ် အခါခါ ကြားနေရပါသည်။

"မိုးကြိုးပစ်၊ မြွေပွေးကိုက် သေခြင်းဆိုး အမျိုးမျိုးပင် ... "

"လိမ်ပြောမိရင် ဟောဒီ မိုးကြိုးကို ပစ်ပါစေ ... "

"သေခြင်းဆိုးနဲ့သေပါစေ" စသည်ဖြင့် ...

တချို့က မိမိကျိန်ဆိုရုံမျှနှင့် အားမရသေး၊ သူတစ်ပါးကိုလည်း အားပေး အားမြှောက် ကျိန်စာ ဆိုခိုင်းတတ်ပြန်သေး၏။ ဥပမာ "နင် မြွေပွေးကိုက် ... ကိုက်" "နင် ဘုရားစူး ... စူး" "နင့်ကို မိုးကြိုးပစ် ... ပစ်" စသည့်ဖြင့် ကျိန်စာတွေ စုံတကာစေ့ ဖြစ်သည်။ တချို့ကမူ ဤမျှဖြင့် အားမရ ပျစ်ပျစ်နှစ်နှစ်၊ ညစ်ညစ်ပတ်ပတ်တွေပင် ကျိန်ဆိုကြသေးသည်။ အယုတ္တ အနတ္တတွေလည်း ပါတတ်သေး

www.burmeseclassic.com



၏။ အခမဲ့ ကျိန်စာရ၍ထင်သည်။ မြင်ရာထင်ရာ အကုန်ကျိန်လေ့ရှိကြသည်။

တချို့ကမူ "ဟောဒီ ငါလှူထားတဲ့ ဒါန ကုသိုလ်တွေရဲ့ အကျိုး တစိုးတစိမျှ မရပါစေနဲ့ ... "ငါလိမ်ပြောရင် ငါတို့ မိသားစုနဲ့ သေကွဲရှင်ကွဲ ကွဲပါရစေတော်"

သူတို့၏ ကျိန်ဆိုချက်များမှာ ကြက်သီး ထစရာ ကောင်းလှသည်။ ကြောက်စရာတွေ ဖြစ်သည်။

ပါးစပ်အရသာ လျှာအရိုး မရှိတိုင်း၊ ကျိန်ကြ၊ ပြောကြ၊ ဆိုနေကြသော်လည်း 'ဝစီဘေဒ ထိတိုင်းရှ'တတ်သည်ကို သတိ မရကြပေ။ ဟောဒီ လူသားတွေသည် ရှေးကလည်း ကျိန်စာတွေ ဆိုခဲ့ကြဖူးသည်။ ယခုလည်း ကျိန်ဆိုနေကြဆဲ၊ နောင်အခါမှာလည်း ကျိန်ဆို နေကြဦးမည်သာ ဖြစ်ပါသည်။ ကျိန်စာ၏ အကျိုးသက်ရောက်မှု မည်မျှရှိသည်ကို ကြည့်ကြရအောင်။

(၁)

သာဝတ္ထိမြို့တော်အနီးရှိ ရွာတစ်ရွာမှာ ဖြစ်ပါသည်။

ကုန်သည်ကြီး ဦးကလိမ်သည် အလေး မမှန် ချေးမမှန်ဘဲ ကုန်ပစ္စည်းများကို ရောင်းချလေ့ ရှိ၏။ ဝယ်လျှင် ချိန်ခွင် တင်းတောင်း တစ်မျိုးဖြင့် ဝယ်ယူပြီး ပြန်လည် ရောင်းချသောအခါ သေးငယ်သော ချိန်ခွင် တင်းတောင်း တစ်မျိုးကိုထား၏။ ထိုမျှ မကသေးပါ။ စပါးခွံတွေကို ကြိုရာ မြေနီမှုန့်တွေနှင့် ရောနှောပြီး 'သလေးနီ'ဆိုလျက် ရောင်းချသည်။ သလေးနီ(စပါးနီ)ဆိုတာကတော့ ပါလေရောင်သာ ထည့်သည်။

ဦးကလိမ်၏ သားဖြစ်သူ ကိုဒေါနကလည်း သူ့အိမ်ကို လာရောက် လည်ပတ်ကြသော သူ၏အပေါင်းအသင်း မိတ်ဆွေ သူငယ်ချင်းကို မိဘနှင့်တကွ အိမ်သူ အိမ်သားတွေက ကောင်းကောင်း မွန်မွန် ဖွယ်ဖွယ်ရာရာ မပြုစုရ ကောင်းလားဆိုပြီး ဆူပူကျိန်မောင်း လေ့ရှိသည်။ ဒေါသထွက်ကာ အမြဲစိတ်ဆိုးလေ့ ရှိပါ၏။ စိတ်ဆိုးရုံမျှ

www.burmeseclassic.com

www.burmeseclassic.com



မက ဒေါသကို မထိန်းသိမ်းနိုင်ဘဲ မိခင်၏ ဦးခေါင်းကို လှည်းစီးကုံးသားရေကြိုးဖြင့် ရိုက်နှက်ပါလေ၏။

ကုန်သည် ဦးကလိမ်၏ ချွေးမဖြစ်သူ မစောရကလည်း တစ်အိမ်သားလုံး စားဖို့ ချက်ထားသော အမဲသား ဟင်းလျာများကို အကုန်ခိုးစားပစ်သည်။ အိမ်သား အိမ်သူတွေက သူ့ကို မေးမြန်း စစ်ဆေးသောအခါ မစောရသည် လိမ်ညာပြီး ကျိန်စာဆိုလိုက်၏။

"ကျွန်မဟာ ... ဟောဒီ အမဲသားတွေကို ခိုးစားခဲ့လို့ရှိရင် ဘဝဆက်တိုင်း ဆက်တိုင်း ကိုယ့်ရဲ့ကျောသားကို လှီးဖြတ်ပြီး စားနေရတဲ့သူ ဖြစ်ရပါစေသား ... "

ကြောက်စရာ ကောင်းလှသော လိမ်ညာသည့် ကျိန်စာပင်။

ဦးကလိမ်၏ဇနီး ဒေါ်ဒေါ်ညာကလည်း တစ်မျိုး တစ်ဘာသာ အိမ်နီးချင်းများက ရှူး၊ စောက်၊ ရွှေဘော်၊ ပဲကြွပ်၊ ဓား စသော အသုံးအဆောင်ပစ္စည်းများကို လာရောက်ငှားရမ်းသော အခါတိုင်း "မရှိဘူး ... မရှိဘူး"ဟု (ရှိလျက်နှင့်) လိမ်ညာပြောဆိုလေ့ရှိ၏။ လိမ်ရုံမျှမက ညာ၍လည်း မဟုတ်မမှန် (မုသားကျိန်စာ) လုပ်ကြံပြီး ကျိန်စာ ဆိုလိုက်သေး၏။

"ပစ္စည်းရှိရက်သားနဲ့ မရှိဘူးလို့ ကျွန်မ လိမ်ညာပြီး ပြောခဲ့ရင် ဖြစ်ဖြစ်သမျှ ဘဝတွင် မစင်ကို စားပါရစေသား ... "

သူမ၏ အလိမ်အညာ ကျိန်စာမှာလည်း ကြက်သီး ဖျန်းဖျန်းထလောက်အောင် ကြောက်စရာ ကောင်းပါ၏။

ကုန်သည် ဦးကလိမ်၊ ဇနီး ဒေါ်ညာ၊ သား ကိုဒေါန၊ ချွေးမ မစောရ လေးဦးတို့၏ အလိမ်အညာ ကျိန်စာဆိုမှုများ ဖြစ်ပေသည်။ သူတို့ ကွယ်လွန် သွားကြသောအခါ ... ။

(၈)

ဦးကလိမ်တို့ မိသားစု လေးယောက်တို့သည် နောက်ဘဝတွင် 'ဝဥ္စာဋဝီ'အမည်ရှိသော တောအုပ်ကြီးထဲ၌ ပြိတ္တာတွေ ဖြစ်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လိမ်လည်ရောင်းဝယ်ဖောက်ကား လုပ်ကိုင် စားသောက်ခဲ့သော ကုန်သည်ကြီး ဦးကလိမ်သည် မီးတွေ တဟုန်းဟုန်း တောက်လောင်နေသော ဖွဲများကို လက်နှစ်ဖက်ဖြင့် ယူကာယူကာ သူ၏ ဦးခေါင်းပေါ်သို့ သွန်းလောင်း နေရလေသည်။ မည်မျှခံစားချက် ပြင်းထန်မည် မည်မျှပူလောင်မည်ကို စဉ်းစားကြည့်ရုံဖြင့် ကြက်သီးမွေးညင်း ထလောက်ပါ၏။

သားဖြစ်သူ ကိုဒေါနကတော့ အနန္တကျေးဇူးရှင် မိခင်၏ ဦးခေါင်းကို လှည်းစီးကုံး သားရေကြိုးဖြင့် ရိုက်နှက်ခဲ့သော အကုသိုလ်ကံကြောင့် ကြီးမားသည့် သံတင်းပုတ်ကြီးဖြင့် ကိုယ့်ခေါင်းကို ရိုက်ခွဲနေလေသည်။

အမဲသားဟင်းကို အိမ်သားတွေ မသိအောင် ခိုးယူစားသောက်ပြီး သူ မစားပါကြောင်း လိမ်ညာ၍ ကျိန်စာဆိုခဲ့သော ချွေးမ မစောရသည်လည်း သူမ၏ မုသာဝါဒ လိမ်ညာ ကျိန်စာဆိုခဲ့သည့်အတိုင်း ကြီးမား ချွန်ထက်လှသော လက်သည်းကြီးများဖြင့် ကိုယ့်ကျောသားတွေကို ကိုယ်ခွာစားကာ နေရလေတော့သည်။ ကြောက်မက်ဖွယ် ကောင်းလိုက်လေ။ မည်မျှ အခံရခက်လေမည်မသိ။

လက်နက် ကိရိယာ ပစ္စည်းတွေရှိပါလျက်နှင့် မငှားချင်သောကြောင့် လိမ်ညာ၍ ကျိန်စာဆိုခဲ့လေသော ဇနီးဖြစ်သူ ဒေါ်ညာခမျာမှာလည်း အကုသိုလ် အကျိုးဆက်က မသက်သာလှပေ။ သူမို့လို့ စားတော့မည်ဆိုလျှင် မွှေးကြိုင်သင်းပျံ့ သန့်ရှင်းစင်ကြယ်လှစွာသော သလေး ထမင်းသည် ပိုးလောက်တွေ တဖွားဖွား အတိပြီးသော အင်မတန် ရွံ့စရာကောင်းသော မစင်ကျင်ကြီးတွေ ဖြစ်သွားလေတော့သည်။ သို့သော်လည်း သူမ ခမျာ မရွံ့မရှာနိုင်ဘဲ လက်နှစ်ဖက်နှင့် ကျုံးကျုံးပြီး မြိန်ရေ ယှက်ရေ စားသုံးနေလေ၏။ ကြီးမားလှသည့် ဆင်းရဲဒုက္ခမျိုးပါလား။

သို့ဖြစ်ပေရာ ကြောက်စရာ ကောင်းလှသည့် အလိမ်အညာကျိန်စာမှန်သမျှကို မပြောမဆို မိကြရန် အထူးရှောင်ကြဉ်သင့်လှပေသည်။ ပါးစပ်အရသာ လျှာအရိုး မရှိတိုင်း မဟုတ်မမှန် လုပ်ကြံ ပြော

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော မုသားသစ္စာတို့ကို မဆိုသင့်ကြပေ။ ဆိုမိလေက ဝစီဘေဒ ထိတိုင်း ရှုတတ်သည်များကို သာဓက ပြုကာ တင်ဆက်လိုက်ရပါသည်။

*(အကိုးအကား–ပေတာဝတ္ထုအဋ္ဌကထာ၊ စာ ၁၇၆)*

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## အတွေ့

### အာရုံကြားမှ လူသားများ

လူသည် အာရုံကို ခံစားတတ်သည်။ အာရုံများ ခံစားမှုတွင် အပြင်းပြဆုံး သတ္တဝါဟုပင် ဆိုနိုင်သည်။

အလှအပမျိုးစုံ၊ အဆင်း ရူပါရုံကိုလည်း ခံစားသည်။ ချစ်ဖွယ် ပြောကြား စကားမျိုးစုံ၊ အသံအဖုံဖုံ၊ တေးဂီတအာရုံ၊ သဒ္ဒါရုံကိုလည်း ခံစားရသည်။ အမွှေးအထုံ၊ ရနံ့မျိုးစုံ၊ ဂန္ဓာရုံကို မွှေးထုံ ခံစားသည်။ ရသာဖုံဖုံ၊ စားသောက်ဖွယ်မျိုးစုံ၊ ရသာရုံကိုလည်း ခံစားသည်။ နူးညံ့ ချောမွေ့ အတွေ့အထိမျိုးစုံ၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း ခံစားသည်။ အတွေး အာရုံ စိတ်ကူးယဉ်မျိုးစုံ ဓမ္မာရုံကိုလည်း ခံစား ကြည်မွေ့လေ့ ရှိပေ သည်။

အာရုံ ခံစားတတ်သော သတ္တဝါများတွင် လူသားတို့သည် အသိဉာဏ်ကြွယ်ဝကြသည်နှင့်အမျှ စိတ်ကူးရှိသလို တီထွင်ဖမ်းစား အပြင်းစား ခံစားချက်ရှိသူများ ဖြစ်ပေသည်။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာတွေဆိုတဲ့ အာရုံငါးပါး ကာမဂုဏ် တရားများ၊ အတွေးစိတ်ကူးမျိုးစုံ ဓမ္မာရုံပါထည့်လျှင် အာရုံခြောက်ပါး၊ မည်သည့် အာရုံမဆို သူ့အတိုင်းအတာနှင့် သူ ခံစားချက် ပြင်းထန်တတ်သည်ပင် ဖြစ်ပါ၏။

အတွေ့အာရုံကို မကြုံစဘူး အကြုံထူးပြီး အရူးအမူး ကာမ ဘီလူးကြီးဖြစ်ခဲ့ရသော လူတစ်ယောက်အကြောင်း၊ မင်းသားတစ်ပါး အကြောင်း။

### မိန်းမများကို မုန်းတဲ့မင်းသား

ဗာရာဏသီပြည်၊ ဗြဟ္မဒတ် မင်းကြီးမှာ သားတော်တစ်ပါး ရှိသည်။

သူ့အမည်က အနိတ္ထိဂန္ဓ။ မြန်မာလို အဓိပ္ပာယ်ကတော့ မိန်းမ အနံ့ကိုပင် မခံနိုင်သူ (သို့မဟုတ်) မိန်းမ မုန်းသူ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဖြဟ္မာပြည်မှ ဆင်းသက်လာသူဖြစ်၍ အမျိုးသမီးများနှင့် ထိစပ်၍မရ။ မိန်းမများ သူ့ကို ချီပွေ့၍မရ။ ချီလိုက်၊ ပွေ့လိုက်ပြီလား ဆိုမှဖြင့် ကျော့လှန်ထိုးကာ ကက်ကက်လန်အောင် ငိုတော့သည်။ သို့ဖြစ်ရာ သူ့ကို အမျိုးသမီးများနှင့် ဝေးဝေးထားပြီး ယောကျ်ားအထိန်းတော်ကြီးများဖြင့်သာ ထိန်းကျောင်း မွေးမြူရလေသည်။

သည်လိုနှင့် ယောကျ်ား အထိန်းတော်များ လက်ပေါ်တွင် ကြီးပြင်းကာ မင်းသား အရွယ်ရောက်လာသည်။ အချိန်တန် အရွယ်ရောက် လူပျိုပေါက်ပင် ဖြစ်သော်လည်း ဆန့်ကျင်ဘက်လိင်ဖြစ်သည့် မိန်းမများကို စိတ်မဝင်စား။ အမျိုးသမီးများနှင့် ပြောဆိုဆက်ဆံရမည်ကိုပင် မဆိုထားဘိ၊ မိန်းမများကို ကြည့်လည်း မကြည့်ချင်၊ မြင်လည်း မမြင်ချင်။ ခမည်းတော်ကြီးမှာ သားတစ်ယောက်သာ ဖွားမြောက်ထားသဖြင့် လွန်စွာပင် ချစ်မြတ်နိုးတော် မူပါသည်။ ချစ်လှစွာသော သားရတနာကို ထီးညွန့်နန်းလျာ အမွေဆက်ခံသူအဖြစ် ပီပီပြင်ပြင် ကြည်ကြည်လင်လင် မြင်လိုသည်။ ယခုတော့ မင်းသားဟာ အခြားမင်းသားများနှင့်မတူ တစ်မူထူးခြားကာ မိန်းမများကို မုန်းသူ ဖြစ်နေလေသောကြောင့် ရှင်ဘုရင် မည်သို့လုပ်မည်နည်း။ ခမည်းတော်ကြီးမှာ ဤကိစ္စ နှင့်ပတ်သက်ပြီး စိုးရိမ်သောကကြီးစွာ ခံစားနေရ၏။

မာယာရှင် ကချေသည်ကြောင့်

သို့သော်လည်း အကြောင်းကံ ဆုံလာပါက ပေါင်းရန်ကြုံတတ်သည် ဆိုသကဲ့သို့ မင်းသား၏ နှလုံးဝိညာဉ်တွင် စွဲထင်ငြိကပ်နေသော မိန်းမမုန်း ဝေဒနာကို အသေအချာ အစွဲချွတ်ပေးမည့် ကချေသည် အမျိုးသမီး တစ်ယောက် ပေါ်ပေါက်လာခဲ့သည်။ သူ့အမည်က ရူပစန္ဒာ ဆိုပါစို့။

"ကျွန်တော်မသည် အရှင်မင်းကြီး၏ သားတော်အား မိန်းမတို့မာယာ အတတ်ပညာဖြင့် လှည့်ပတ် ဖျားယောင်းကာ မိန်းမများကို ချစ်ခင် စွဲမက်သူဖြစ်လာအောင် စွမ်းဆောင်ပါမည်"

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးက ဝမ်းမြောက် ရွှင်လန်းသော အမူအရာဖြင့် ...

"အာဂ ကချေသည်မလေးပေပဲ။ ကောင်းပြီ ... သင့်စွမ်းဆောင်ချက်များ အောင်မြင်သွားပါက ငါ၏သားတော်နှင့် ထိမ်းမြား လက်ထပ်ပေးပြီး မိဖုရားကြီးအရာ မြှောက်စားတော်မူမည်"ဟု မိန့်လိုက်လေ၏။

ကချေသည်မ ရူပစန္ဒာသည် သူမ၏ မာယာဇာတ်လမ်းကို နိဒါန်း စလေပြီ။

သူမသည် ရှေးဦးစွာ ယောက်ျားများ ဝတ်သော အဝတ်အစားကို ဆင်မြန်းကာ လုလင်ပျို ယောက်ျားလေး အသွင်သဏ္ဌာန် ဖန်တီး လိုက်၏။ မင်းသားထံပါးတွင် နေ့စဉ် သီချင်းဆို ဖျော်ဖြေ၏။ စောင်းတီး၍ အသုံးတော်ခံ၏။ မင်းသား ရှေ့မှောက်တွင် သူမ၏ လုံးကျစ် သွယ်ပျောင်းသော ခန္ဓာကိုယ်အလှအပ၊ လက်ချောင်းများ၏ အနုအရွ အကွေ့အဝိုက်များဖြင့် ကကြိုးစုံအောင် တင်ဆက် ကပြ၏။ ထို့ပြင်မက နုရွသွယ်ပျောင်းသော လက်ချောင်းများဖြင့် မင်းသား၏ ကိုယ်ခန္ဓာ အနှံ့အပြား ရွှေ့လျား ပွတ်သပ်ပေး၏။ တစ်ခါတစ်ရံ၌ မိခင်က သားကို ထွေးပွေ့ထားဟန်ဖြင့် ကြင်နာနွေးထွေးစွာ ပွေ့ပိုက်ထားလိုက်သေး၏။ သီဆိုတီးခတ် ကပြအသုံးတော်ခံ တင်ဆက်ပြီးသောအခါ မောပန်းသည့်အမူအရာဖြင့် မင်းသား ပေါင်ပေါ်သို့ သူမ၏ ကိုယ်လုံးကလေးကို အရုပ်ကြိုးပြတ်သလို ပစ်လှဲချလိုက်သေးသည်။ ကယုကယင် ချစ်တွဲ့တင်သော အမူအရာဖြင့် မင်းသား၏ ကိုယ်လုံးကို ထွေးဖက်ထားလိုက်သည်။ ထိုအခါများတွင် ရူပစန္ဒာ၏ ဝိုင်းစက်ကြည်လင်သော မျက်ဝန်းအစုံတို့သည် မှေးစင်းလျက်ရှိကြသည်။

အနိတ္တိဂန္ဓ (ခေါ်) ဘုရင့်သားတော်သည် မာယာ အလီလီစုံညီပြည့်ဝသည့် ကချေသည်မ၏ ဂီတ၊ အယုအယ၊ အပွေ့အဖက်တွေ့ထိချက်များကို တွန်းလှန်ဖြိုဖျက်ခြင်း မပြုနိုင်တော့ဘဲ ရူပစန္ဒာ၏ ရင်ငွေ့အတွေ့အထိများကို မူးမေ့ကြည်နူးသွားရလေတော့သတည်း။ မင်းသားသည် မိန်းမအတွေ့ ဖောဋ္ဌဗ္ဗာရုံကို မကြုံစဖူး အကြုံတွေ့ပြီးနောက် သူ၏ မိန်းမ မုန်းသူ့ဘဝကို အပြီးအပိုင် စွန့်လွှတ်လိုက်လေ

www.burmeseclassic.com



တော့သည်။ ပုံနိုင်းကတော့ ရိုင်းချင်ရိုင်းမည်။ အရူးကို အမဲသားကျွေးမိသလို နွားမြင်တိုင်း လက်ညှိုးထိုးကာ အသတ်ခိုင်းသူပမာ ဖြစ်ရပါတော့သည်။

မင်းသားသည်လည်း ကချေသည် ရူပစန္ဒာ၏ အတွေ့ဖော်ဌမ္ဗာရုံကို ခံမင် စွဲလမ်းမိရုံမျှမက "မိန်းမမုန်သမျှ ဘယ်ယောကျ်ားနှင့်မှ မဆက်ဆံစေရ။ မိန်းမအားလုံးကို သူသိမ်းကျုံးယူမည်။ မိန်းမဟူက သူသာ ပိုင်ဆိုင်ရမည်"ဟူသော အစွန်းရောက်စွဲလမ်းချက်များအထိ အရှိန်အဟုန် မြင့်တက်ခဲ့လေပြီ။ ထိုအချိန်မှစ၍ မင်းသားသည် တိုင်းပြည်အတွင်းမှာရှိသော ယောကျ်ားမှန်သမျှကို လိုက်လံ သတ်ဖြတ်လေတော့သည်။ အချစ်(ကာမတဏှာ) ယစ်မူးမိပြီဆိုလျှင် မိုက်ချက် ကမ်းကုန်ဖြစ်တတ်လေသည်။ အချစ်အတွက် ထီးနန်းစွန့်သူတွေ၊ အချစ်အတွက် အရာအားလုံးကို စွန့်ခွာသွားသူတွေ၊ အချစ်အတွက်ဆိုလျှင် အသက်ပင်သေသေ စွန့်လွှတ်သွားသူတွေလည်း ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းဖြစ်စဉ်တို့တွင် များပြားစွာပင် ရှိချေ၏တကား။

လက်ညှိုး မကောင်း လက်ညှိုး၊ ခြေမ,မကောင်း ခြေမကိုပင်ဖြတ်တောက် ပစ်ရသေးသည် မဟုတ်လော။ ခမည်းတော် ဗြဟ္မဒတ်မင်းကြီးသည် သတ်ဖြတ် ဆိုးသွမ်းနေသော သားတော်ကို ဖမ်းဆီးပြီးနောက် တိုင်းပြည်မှ နှင်ထုတ်လိုက်လေသည်။ မင်းသားနှင့်အတူ မာယာရှင် ကချေသည် ရူပစန္ဒာလည်း ပါသွားပါ၏။

မင်းသားသည် ရူပစန္ဒာနှင့်အတူ ဂင်္ဂါမြစ်နှင့် သမုဒ္ဒရာအကြားရှိ ကုန်းမြေ တစ်နေရာမှာ သွားရောက်နေထိုင်၏။

## ကွယ်ရာမှာတွေ့ နှစ်ကိုယ်မွေ့စဉ်

တစ်နေ့သ၌ မင်းသား သစ်သီးရှာ သွားနေခိုက် ရသေ့တစ်ပါး ရောက်လာသည်။ ကောင်းကင် ခရီးဖြင့် ဈာန်ပျံပြီး လာခြင်းဖြစ်သည်။ ဘာမျှမကြာပါ၊ စကားတစ်ခွန်းစ, နှစ်ခွန်းစ မေးမြန်းပြီးရုံသာ။ မာယာရှင် ကချေသည်မသည် မိမိတွင် ကာမပိုင် အရှင်လင်ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



မင်းသား ရှိနေပါလျက် သိက္ခာနှင့်အရှက်ကို မငဲ့ကွက်နိုင်ဘဲ ရသေ့ကို လည်း မာယာဖြင့် လှည့်ဖြားး၍ ကာမဂုဏ် ခံစားစေသည်။

'ရာဂဟူသည်၊ လွန်မူမချို၊ ထိုးကျင့်လိုသော်၊ ဣတ္ထိ ပုရိသ၊ မိန်းမ, ယောကျ်ားး နှစ်ပါးကွယ်ရာ၊ တွေ့ကြုံခါဌ်၊ ဂုဏ်ဝါမျိုးဇာတ်၊ ထူးမမှတ်ဘူး၊ ယုတ်မြတ်ဆင်းရွယ်၊ ရွေးချယ်မပြု၊ ဉာဏ်မရှုနိုင်၊ မေထုနက၊ သံသဂ္ဂဖြင့်၊ ကာမ အခွင့်၊ ရတိုင်းကျင့်၏'

*(မဃဒေဝ၊ ပုဒ်ရေ-၃၂၅)*

## ရှူကာ၏ နိဂုံး

ပက်ပင်း တွေ့ပြီ။

မင်းသား သစ်သီးရှာသွားရာမှ ပြန်ရောက်သောအခါ တစ်ယောက် မယား ရသေ့နှင့် ဖောက်ပြားနေသည်ကို အမြင်မလျော် ပေ့ ကိုးရိုးကားရားနှင့် တွေ့ရလေသည်။ ရသေ့သည် ဖရိုဖရဲဖြင့် လျော်တေကို ဆွဲယူပြီး ကတိမ်းကပါး မြစ်ကမ်းနားသို့ ထွက်ပြေးသွား လေ၏။ မင်းသားကလည်း တောထဲသွားရာမှ အမောများ မပြေသေး ခင်မှာပင် မယားဇောကပ် အမောထပ်ကာ ရသေ့နောက်သို့ ထက်ကြပ်မကွာ သန်လျက်ကိုင်လျက် လိုက်လေသည်။

ရသေ့သည် ခြေထောက်ဖြင့် ပြေးနေပါက မင်းသားရန်မှ လွတ်မည်မဟုတ်မှန်းသိပြီး ဈာန်နှင့်ပျံရန် ကြိုးစား၏။ သို့သော် ရသေ့ တွင် ဈာန်သည် မင်းသား၏မယား ရူပစန္ဒာနှင့် နှစ်ကိုယ်တွေ့ကာ ပျော်မွေ့ခဲ့သည်မှစ၍ ကွယ်ပခဲ့လေပြီ။ တစ်လံမျှပင် ပျံမရတော့ပေ။ သို့ဖြစ်ရာ ရသေ့မှာ ကောင်းကင်ယံသို့ ပျံတက် မသွားဘဲ မြစ်ထဲသို့သာ ဝုန်းခနဲ ကျသွားလေတော့သည်။

အနိဋ္ဌာရုံဂန္ဓမင်းသားသည် ဖောက်ပြားသည့် မယားကိုလည်း အမုန်းပွား၊ ရသေ့ကိုလည်း ဒေါသထားကာ လုပ်ကြံရန် အားထုတ်ခဲ့ သော်လည်း မအောင်မြင်ခဲ့ချေ။ မြစ်ကမ်းပေါ်နေပြီး သံဝေဂကြီးစွာ ဖြစ်ကာ မိန်းမများ၏ အပြစ်များကို အော်ဟစ်ပြောကြားလိုက်လေ သည်။

www.burmeseclassic.com

www.burmeseclassic.com



'သမာကင်းလွှေ့၊ အာရုံတွေ့သော်၊ တပ်မြဲ့ရာဂ၊ ကြီးဆန္ဒ ဖြင့်၊ မိန်းမ ဓမ္မတာ၊ ကျင့်တတ်စွာ၏၊ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္မျုလာ၊ ဤလေးဆူတို့၊ ကြည်ဖြူချစ်ဇော၊ ချစ်မနောဖြင့်၊ သဘောဖြောင့်ကား အလွန်ရှားခဲ့' *(မဃဒေဝ၊ အပိုဒ်-၁၁၁)*

'နဒီဝင်္ကံ၊ အကြံပလိမ်း၊ သူခပ်သိမ်း၌၊ ညွတ်တိမ်းစိတ်ကွက်၊ ကြီးရမ္မက်နှင့်၊ မာန်တက်လေးမည်၊ လော်လီငါးဖြာ၊ မာယာလေးဆယ်၊ အသွယ်သွယ်ဖြင့်၊ ပရိယာယ်ထွေးရစ်၊ လွန်ကောက်ကျစ်၏'

*(မဃဒေဝ၊ ၁၀၅)*

'ကြုံရာနှင့်လိုက်၊ ကြိုက်ရာနှင့်မြှောင်၊ တွေ့မရှောင်သား၊ လူ့ ဘောင်ဌာန၊ ဤလောက၌၊ မိန်းမဟုဆို၊ သဘောကိုလည်း၊ အလိုဆန္ဒ၊ မဆုံးကြဘူး၊ လောဘကြီးမား၊ စရိုက်အားဖြင့်၊ လိုက်စားမက်မော၊ ရမ္မက်ပြော၏' *(မဃဒေဝ၊ ၁၀၆)*

ရေထဲမှရသေ့သည် မင်းသား၏စကားကို ကြားသောအခါ အပ္ပမာဒ (ခေါ်) သတိတရား ဖြစ်ပေါ်လာကာ ပြန်လည်နှလုံးသွင်း သော် ဈာန်တရား ပြန်ပေါ်လာပြီး ကောင်းကင် ခရီးဖြင့် ပျံတက်သွား လေ၏။

မင်းသားသည်လည်း ဈာန်ပျံရသေ့ကို အားကျကာ နေရာသို့ ပြန်လာပြီးလျှင် မာယာရှင် ကချေသည် ရူပစန္ဒာကို ဗာရာဏသီသို့ ပြန်ပို့လိုက်သည်။ သူသည် ရသေ့ပြုကာ ကသိုဏ်းတရား ဘာဝနာများ ကို စီးဖြန်း အားထုတ်လေရာ ဈာန်သမာဓိများ ရရှိသွားခဲ့ပါလေသ တည်း။

"မတွေ့စဘူး၊ အတွေ့ထူး၊ အရူးအမူးဖြစ်တတ်သည်"

*(ဇာတက၊ တိကနိပါတ် စူဠပလောဘနဇာတ်ကို ငြိယ်မှန်းပါသည်။)*

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးသိတတ်တဲ့ ခွေးကလေး

**နိဒါန်း**

ခွေးဟာ မိမိကို ကျွေးမွေး ပြုစုစောင့်ရှောက်တဲ့ အရှင်သခင်ကို ကျေးဇူး သိတတ်တယ်၊ ကျေးဇူးဆပ်တတ်တယ်။ ခြွင်းချက်အနေနဲ့ အစာကျွေးတဲ့လက်ကို ကိုက်တတ်တဲ့ ခွေးလည်း ရှိပါတယ်။ ဒါဟာ လည်း ကျေးဇူးကန်းလို့မှု သက်သက် မဟုတ်ဘဲ အရှင်သခင်နဲ့ နားလည်မှု ကွဲလွဲသွားတာလည်း ဖြစ်နိုင်ပါတယ်။ ယေဘုယျသဘော ခြုံပြောမယ်ဆိုရင်တော့ ခွေးတွေဟာ အရှင်သခင်တွေအပေါ် သစ္စာ ရှိကြပါတယ်။

ကတညုတာ–သူတစ်ပါး ပြုဖူးတဲ့ ကျေးဇူးကို သိခြင်းဟာ မင်္ဂလာ တစ်ပါးဖြစ်ပေတယ်။ လောကမှာ ခဲယဉ်းခြင်း တရား(၂)ပါးရှိ ကြောင်း စာပေကျမ်းဂန်တွေမှာ ပြဆိုပါတယ်။

အဲဒီ (၂)ပါးကတော့ (၁)ကျေးဇူးကို သိဖို့ ခဲယဉ်းခြင်းနဲ့ (၂)ကျေးဇူးကိုဆပ်ဖို့ ခဲယဉ်းခြင်းတို့ပဲ ဖြစ်ပါတယ်။

ကျေးဇူးသိဖို့တောင် ခဲယဉ်းနေတဲ့ ယနေ့ခေတ်မှာ ကျေးဇူး ဆပ်သူကတော့ ရှားမှရှားပါပဲ။ 'ကျေးဇူးတင်ပါတယ်'လို့တော့ နှုတ်ဖျား က တဖွဖွပြောတတ်ကြလေရဲ့။ အဲဒီတင်ထားတဲ့ ကျေးဇူးကို ပြန်ဆပ် ဖို့ မစဉ်းစားမိကြတာ များပေလိမ့်မယ်။ တင်ထားတဲ့ ကျေးဇူးကို ကျေး ဇူးရှင်အနေနဲ့ သတ်မှတ်ပြီး ပေးဆပ်ကြရန် တာဝန် ရှိပါတယ်။ တာဝန် သိသူအတွက် တာဝန်ရှိပါတယ်။ ရှိတဲ့တာဝန်ကိုလည်း အထူးသိဖို့ လို အပ်ပါတယ်။

ယနေ့ခေတ်မှာ အလိမ်အညာတွေ ထူပြောနေပါတယ်။ လိမ် နိုင်ရင် သမာဓိ၊ ညာနိုင်ရင် သစ္စာရှိဆိုတဲ့ ကိုမြတ်လေးရဲ့ သီချင်းစာ သားအတိုင်း ဖြစ်နေပါတော့တယ်။ ဖုန်းရမယ်ဆိုပြီး လိမ်တယ်။ ပစ္စည်း ထုတ်ပေးမယ်လို့ဆိုပြီး လိမ်တယ်။ ရွှေ၊ စိန်ရတနာ အတုတွေနဲ့ လိမ် တယ်။ ချေးယူပြီးတော့ မပေးဘဲနေတယ်။ ဘုန်းကြီးရဟန်း သံဃာ တွေကိုလည်း ဆွမ်းကျွေး မရှိဘဲနဲ့ ပန်းကန်ခွက်ယောက် ပစ္စည်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



လိမ်ယူတယ်။ သင်္ကန်းတွေကို လိမ်တယ်။ ကျောင်းဆောက်ပေးမယ်ဆို ပြီး လိမ်တယ်။ အို ... လိမ်နည်းတကာပေါင်းစုံ၊ ညာနည်းတကာ အစုံစုံနဲ့ အကုန်လိမ်ညာနေကြတော့တာပါပဲ။ လောက ပြစ်မှုကိုလည်း မကြောက်၊ သံသရာ နောင်ရေးကိုလည်း အပြစ်ကို တွေးမကြောက်ကြ တော့ဘူးလေ။ ရေးပြနေရင် ကုန်နိုင်ဖွယ် မရှိဘူး။ ဒါတွေဟာ တမင် အကွက်ဆင် လုပ်ကြံရေးနေတာ မဟုတ်ပါ။ မိမိတို့ သင်တို့ရဲ့ ပတ်ဝန်း ကျင်မှာ မကြာခဏ တွေ့မြင် ကြားသိနေရတဲ့ ကိစ္စတွေပါ။ သစ္စာသိမှု၊ ကျေးဇူးသိမှုနဲ့ပတ်သက်ပြီး လိမ်ညာမှုတွေ အကြောင်းတို့ထိ ရေးပြ လိုက်တာပါ။

အဓိက တင်ပြချင်တာက ကျေးဇူးသိတတ်ဖို့ အကြောင်းပါ။ သိတဲ့၊ ရှိတဲ့ ကျေးဇူးတရားကို ပြန်လည်ပေးဆပ်ဖို့ အကြောင်းပါ။

လောကမှာ ကျေးဇူးသိတတ်တဲ့ တိရစ္ဆာန်တွေ၊ မေတ္တာကရု ဏာတရား ထားရှိနိုင်တဲ့ လူသားတွေ၊ ကိုယ်ချင်းစာ တရား လက်ကိုင် ထားတဲ့ ပုဂ္ဂိုလ်တွေ ရှိသေးသမျှတော့ လောကကြီးဟာ သာယာလှပ နေမှာပါ။ ဝိသမ လောဘတွေ၊ အာဃာတ ဒေါသတွေ၊ သစ္စာမဲ့မှုတွေ များပြားလာရင်တော့ဖြင့် လောကကြီးဟာ အလှအပတွေ ဆိတ်သုဉ်း သွားမှာပါပဲ။ အကျည်းတန် အရုပ်ဆိုးပြီး နေထိုင်ချင်စရာ မကောင်းတဲ့ အမှောင်ကမ္ဘာ လောကကြီး ဖြစ်သွားမှာ မလွဲပါဘူး။

(က)

ဇမ္ဗူဒီပါ ကျွန်းလက်ယာခေါ်တဲ့ အိန္ဒိယနိုင်ငံမှာ စန္ဒာဘာဂါမြစ် တစ်စင်း ရှိခဲ့ပါတယ်။ အဲဒီရွာလေးမှာ မရုတ္တခေါ်တဲ့ ပုဏ္ဏားကြီး နေ ထိုင်ပါတယ်။

ပုဏ္ဏားကြီးဟာ တက္ကသိုလ်ပြည်သို့သွားပြီး ကုန်ရောင်းကုန် ဝယ်သွားရင်း လမ်းခရီးမှာ ဝဲနာစွဲကပ်ကာ ဝဲကိုက်မှုကြောင့် တဂိမ်ဂိမ် အော်နေတဲ့ခွေးလေးကို တွေ့ပါတယ်။ သနား ကရုဏာနဲ့ မေတ္တာ စေတနာထားရှိတဲ့ ပုဏ္ဏားကြီးဟာ ခွေးလေးကို သနားပိုကာ ဆေးဝါး ကုသပေးပါတယ်။ ဆင်သမန္တယ်ကို ရက်တက်ချဉ်နဲ့စိမ်ပြီး တိုက်လိုက် တာပါ။ ခွေးလေးဟာ ဝဲနာပျောက်ကင်းသွားပြီး ကျေးဇူးရှင်ပုဏ္ဏား

www.burmeseclassic.com



ကြီးကို ခင်တွယ်သွားကာ အိမ်အထိ လိုက်လာတယ်။

ပုဏ္ဏားကြီး ရွာပြန်ရောက်ပြီးနောက် မကြာခင်မှာပင် ပုဏ္ဏေးမ(ဇနီး)မှာ ကိုယ်ဝန် တည်ပါတယ်။ ကိုယ်ဝန်ဟာ ရင့်မာပြီး သား မွေးဖွားချိန်တန်သော်လည်း ကန့်လန့်ခံနေသဖြင့် မဖွားနိုင်ရှာပါ။ ကလေးငယ်ဟာ ဝမ်းတွင်းမှာပဲ သေဆုံးသွားပြီး အသေ ကလေးသာ မွေးဖွားလာပါတယ်။

ပုဏ္ဏားကြီးဟာ အသေ ကလေးမွေးဖွားလာတဲ့ သားငယ်လေးကို ကြည့်မြင်ပြီး သတိသံဝေဂ ကြီးစွာ ရသွားပါတယ်။ ဘဝသံသရာရဲ့ ကြောက်စရာကောင်းပုံ၊ ခန္ဓာရရှိခြင်းရဲ့အပြစ်တွေ၊ ဒုက္ခဆင်းရဲတွေကို ကြောက်ရွံ့ထိတ်လန့်ပြီး အိမ်ရာတည်ထောင်မှု လူ့ဘောင်ဘဝကို ငြီးငွေ့ကာ ရသေ့ရဟန်း ပြုလိုက်ပါတော့တယ်။

(ခ)

လင်ယောကျ်ားဖြစ်တဲ့ ပုဏ္ဏားကြီး ရသေ့ဝတ်သွားပြီးနောက် မကြာခင်မှာပင် ဇနီးဖြစ်သူ ပုဏ္ဏေးမဟာ ပုဏ္ဏားငယ် တစ်ယောက်နဲ့ နောက်အိမ်ထောင် ပြုလိုက်တယ်။

လင်ယောကျ်ားရဲ့ ကောင်းကြောင်းတရား ကျေးဇူးများကို မမေ့ပျောက်နိုင်တဲ့ မယားတွေရှိသလို လင်ဟောင်းရဲ့ အပြစ်အနာအဆာတွေကို စဉ်းစား ဖွေရှာနေတတ်တဲ့ ဇနီးမယားတွေလည်း မြောက်မြားစွာရှိပေတယ်။ ဟောဒီ ပုဏ္ဏေးမဟာလည်း ပထမယောကျ်ား ပုဏ္ဏားကြီးရဲ့အကြောင်းကို တွေးနေပါတယ်။ အတွေးထဲမှာ ပုဏ္ဏားကြီးအပေါ် မကျေနပ်ချက်တွေ၊ သူ့ကို ပစ်ခွာသွားတဲ့ကိစ္စတွေအပေါ် အခြေခံပြီး အာဃာတ နာကြည်းချက်နဲ့ ဆုံးဖြတ်ချက်ကိုပါ ချလိုက်ပါတယ်။

'ငါ့ရဲ့ပထမ ယောကျ်ား ပုဏ္ဏားကြီးဟာ ငါ့ကို သားသေလေး မွေးသူဆိုပြီး အပြစ်ဖွဲ့ကာ ငါ့ကို ပစ်သွားခြင်းဖြစ်သည်။ ငါ့ကိုပစ်ခွာသွားသော ပုဏ္ဏားကြီးအား ငါမကျေနပ်နိုင်၊ ခွင့်မလွှတ်နိုင်။ ပုဏ္ဏားကြီးကို ငါ လက်စား ချေရမည်'

www.burmeseclassic.com

www.burmeseclassic.com



ညအိပ်ရာဝင် ...

ပုဏ္ဏေးမ နောက်လင် ပုဏ္ဏားငယ်အား 'ငါ့ကို စော်ကားတဲ့ ပုဏ္ဏားကြီးကို ငါ မကျေနပ်ဘူး။ ငါ့ကိုချစ်ရင် ပုဏ္ဏားကြီးကို သတ်ပေးပါ'လို့ နိုင်းပါတယ်။

နှစ်ကိုယ်ကြားပြောတဲ့ စကားပါ။ ဒါပေမဲ့ လူဆိုတာ စကားသာ ဖုံးကွယ်ထားလို့ ရချင်ရမယ်။ ဟန်ပန် အမူအရာကတော့ ဖုံးကွယ်လို့မရတတ်ချေဘူး။ အမူအရာပျက်နေတဲ့ ပုဏ္ဏားငယ်ရဲ့ သွင်ပြင်ကို ကြည့်ပြီး မရုဏ္ဍပုဏ္ဏားကြီး (ယခု ရသေ့ကြီး) အသက်ကယ်ထားတဲ့ ခွေးလေးကတောင် ရိပ်မိ သိရှိသွားလေရဲ့။

ဒီလိုနဲ့ ခွေးလေးဟာ ပုဏ္ဏားငယ်ကို မျက်ခြည်မပြတ် အကဲခတ်တဲ့အနေနဲ့ တကောက်ကောက် လိုက်ကြည့်တယ်။

တစ်နေ့သ၌ ...

ပုဏ္ဏားငယ်ဟာ မယား စေခိုင်းချက်အတိုင်း ရသေ့ကြီးကို သတ်ရန် ရသေ့ကြီးနေတဲ့ တောရကျောင်းသင်္ခမ်းအနီးသို့ ချဉ်းကပ်လိုက်တယ်။ ရသေ့ကြီးဟာ တောထဲသို့ သစ်သီးရှာ ထွက်နေလို့ မရှိပါဘူး။ ပုဏ္ဏားငယ်ဟာ ရသေ့ကြီး ပြန်အလာကို စောင့်ဆိုင်းရင်း ပါလာတဲ့ လေး၊ မြား၊ ဓား လက်နက်များကိုချပြီး စောင့်နေလိုက်တယ်။ ခွေးလေးက ပုဏ္ဏားငယ် အလစ်မှာ လေးကြိုးကို ကိုက်ဖြတ်ပစ်တယ်လေ။ ပုဏ္ဏားငယ်ကလည်း ပြန်ကိုပြန်တပ်လိုက်တယ်။

ဟော ... ရသေ့ကြီး ပြန်လာပါပြီ။

ယုတ်မာမိုက်မဲတဲ့၊ မယားခိုင်းတိုင်းလုပ်တဲ့ ပုဏ္ဏားငယ်ဟာ ရသေ့ကြီးရဲ့ ရင်ဝတည့်တည့် အသည်းနှလုံး နေရာကို လေးနဲ့ချိန်လိုက်ပါတယ်။ ဒီအခါ ခွေးလေးဟာ ပုဏ္ဏားငယ်ရဲ့ခြေထောက်၊ ဒူးခေါင်း၊ ပေါင်တို့ကို ကိုက်ခဲပါတော့တယ်။ လေးမြား ကိုင်ထားတဲ့လက်ကိုလည်း ခုန်ပြီး ကိုက်ချလိုက်ပါတော့တယ်။

ပုဏ္ဏားငယ် လဲကျသွားပါပြီ။

ခွေးလေးဟာ လဲကျသွားတဲ့ ပုဏ္ဏားငယ်ရဲ့ကိုယ်ပေါ်ကို တက်ပြီး မျက်နှာကို အုပ်မိုးကာ မာန်ဖီနေပါတော့တယ်။ လိမ္မာတဲ့ခွေး၊

www.burmeseclassic.com

www.burmeseclassic.com



သစ္စာရှိတဲ့ခွေး၊ သတ္တိရှိတဲ့ခွေးရယ်လေ။ အံ့ဩစရာပါ။

(၈)

ရသေ့ကြီးဟာ ခွေးဟောင်သံကြားလို့ လာကြည့်တဲ့အခါ ဒဏ်ရာနဲ့လဲကျနေတဲ့ ပုဏ္ဏားငယ်၊ သူ့ကိုယ်ပေါ်မှာ ခွစီးထားတဲ့ ခွေးငယ်တို့ကို တွေ့လိုက်ရပါတော့တယ်။ ခွေးလေးကို ဘေးဖယ်ခိုင်းပြီး ပုဏ္ဏားငယ်ကို ပွေ့ထူကာ ဒဏ်ရာများကို ဆေးထည့်ပေးတယ်။ ပုဏ္ဏားငယ်ကတော့ 'ငါသည် သူတော်ကောင်းကို ပြစ်မှားမိပြီ' ဆိုကာ နောင်တ ရလျက် ရှိပါသည်။

ပုဏ္ဏားငယ်ဟာ နောင်တရရုံမျှမက သတိသံဝေဂ တရားများပါ ရရှိသွားကာ ချစ်မယားကို စွန့်ထားခဲ့ပြီး သူပါ ရသေ့ရဟန်းပြုလိုက် ပါပြီ။ ရသေ့ကြီးကို ဝန်ချတောင်းပန်၊ ဝေယျာဝစ္စပြုစုရင်း တရားအားထုတ်လေရာ ဈာန်အဘိညာဉ်ရရှိပြီး သေလွန်သော် ဗြဟ္မာ့ပြည်သို့ လားရောက် သွားပါသည်။

နောင်တဆိုတာ နောင်မှရတတ်သော်လည်း မှားမှန်းသိလို့ ပြင်လိုက်ရင်တော့ ပျက်အစဉ် ပြင်ခဏပါပဲ။

ဒီဇာတ်လမ်းမှာ တိရစ္ဆာန်ဖြစ်ပေမယ့် ကျေးဇူးသိတဲ့ ကျေးဇူးဆပ်တဲ့ခွေး၊ မိမိကို သတ်ရန် လာသူကိုပင် ရန်သူဟု မသတ်မှတ်ဘဲ မေတ္တာဓာတ်အပြည့်နဲ့ ဆေးထည့်ပေးကာ ကရုဏာစိတ်နဲ့ ခွင့်လွှတ်နိုင်စွမ်းရှိတဲ့ ရသေ့ကြီး၊ အပြစ်ကိုမြင် ချက်ချင်းပြင်ဆင်ပြီး ရသေ့သူတော်စင်ပြုကာ ဈာန်အဘိညာဉ်ရတဲ့အထိ တန်ဖိုး မြင့်တက်သွားတဲ့ ပုဏ္ဏားငယ်တို့ဟာ မှတ်သားဖွယ်၊ ဂုဏ်ယူ ဆောင်ရွက်ဖွယ်တွေပါပဲ။

*(မနုရသဝါဟိနီကျမ်း၊ မရှုတ္တဗြဟ္မဇာဝတ္ထု ဘာသာပြန်ကို ကိုးကားပါတယ်။)*

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



# ဝဋ်အမြဲ ငရဲအပ ဆိုသော်လည်း

(က)

"ဝဋ်မှာအမြဲ ငရဲမှာအပ" ဆိုတဲ့ စကား သုံးစွဲနေကြတာ ကြာပါပြီ။ ဝဋ်ဆိုတာ အမြဲခံရတယ်။ ငရဲဆိုတာ အပယိကပဲ မှတ်ထင်နေကြပါတယ်။ ဒါကြောင့်မို့ "ဟဲ့ကောင်လေး ခြင်ကောင်ကို သတ်မှာဖြင့် သေအောင်သတ်လိုက်၊ မသေမရှင် မလုပ်ထားနဲ့၊ ဝဋ်လိုက်တတ်တယ်နော်" ဆိုတဲ့ စကားမျိုး၊ "ဟဲ့ကောင်မလေး၊ ယင်ကောင်တွေကို သားရေကွင်းနဲ့ လိုမ့်ဖမ်း မနေနဲ့၊ ခြေထောက်တွေကျိုး အတောင်တွေပွဲကုန်ရင် ဝဋ်လိုက်တတ်တယ်ဟဲ့" ဆိုတဲ့ အသုံးအနှုန်းမျိုးတွေကို မကြာခဏ ကြားရလေ့ ရှိပေတယ်။

"ထော့ကျိုး ... ထော့ကျိုးနဲ့ ချိုင်းထောက်ကြီး ထောက်ကာထောက်ကာ သွားနေသူကို တွေ့မြင်ရင်လည်း အဲဒါ ဝဋ်လိုက်တာပေါ့လို့ ပြောကြရဲ့။ ငတ်မွတ်ဆင်းရဲတဲ့ဒဏ်၊ သူတစ်ပါးနှိပ်စက်တဲ့ဒဏ်၊ မတော်မတရား စွပ်စွဲမှုတွေ ခံရတဲ့အခါမှာလည်း ဝဋ်ကြွေးရှိရင် ပြေပါစေတော့လို့ ဆုတောင်းလေ့ ရှိကြပေတယ်။ ဝဋ်ဆိုတာ ဆုတောင်းရုံနဲ့ ပြေမှာလားဆိုတာကို စဉ်းစားကြည့်သင့်ပါတယ်။ ဝဋ်ကြွေးတော်ပြေ၊ ဝဋ်ကြွေးတော်ပြေတောင် (ဝန်ချတောင်)ဆိုတဲ့ ဘုရား စေတီတွေ၊ တောင်တွေပေါ်လာ၊ ရှိလာလေတော့ အားကိုးရပြီဆိုတဲ့ကာ ဆုတောင်းကြပြန်ရော၊ စဉ်းစားကြည့်ပါ။ ကိုယ်လုပ်ချင်ရာ မဟုတ်မဟပ် အကုသိုလ် ဒုစရိုက်တွေ လျှောက်လုပ်ပြီးမှ ဝဋ်ကြွေးရှိရင် ပြေပါစေလို့ လုပ်လို့ ရမတဲ့လား။

ဗုဒ္ဓဘုရားရှင် ရင့်မာကြီးတောင် ဝဋ်ကြွေး ရှိခဲ့လေသမျှ ဘုရားဖြစ်တဲ့အထိ ကျေအောင် ပေးဆပ်တော်မူရတယ်။ ဦးခေါင်းတော် ခဲခြင်း၊ ခါးတော် နာခြင်း၊ ခြေမတော် သွေးစိမ်းရှင်ရှင် ထွက်ခြင်း၊ ဝမ်းတော်လားခြင်း ... စတဲ့ ဝိပါက်တော် ၁၂-ပါးဟာ ဝဋ်ကြွေးတွေပါပဲ။ ဝဋ်ကြွေးရှိရင်တော့ ကျေအောင် ဆပ်ရမှာပေါ့လေ၊ ဝဋ်ကြွေး

www.burmeseclassic.com

www.burmeseclassic.com



တော် ပြေပါစေ ဆိုလိုက်ရုံနဲ့ ဘယ်ရမှာလဲ။

(ခ)

ဝဋ်ဆိုတာ ဝဋ္ဋဆိုတဲ့ ပါဠိက ဆင်းသက်လာတာ။

ဝဋ္ဋရဲ့အနက်က လုံးခြင်း–လည်ခြင်းဆိုတဲ့ အဓိပ္ပာယ်ပါ။

ဗုဒ္ဓစာပေ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ ဝဋ်သုံးပါးရှိတယ်။ ကိလေသဝဋ်၊ ကမ္မဝဋ်နဲ့ ဝိပါကဝဋ်တို့ ဖြစ်ပါတယ်။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့ဟာ ကိလေသဝဋ် ဖြစ်တယ်။ သင်္ခါရနဲ့ ကမ္မဘဝတို့ဟာ ကမ္မဝဋ်ဖြစ်တယ်။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဥပ ပတ္တိဘဝ၊ ဇရာမရဏ–ရှစ်ပါးတို့ဟာ ဝိပါကဝဋ် ဖြစ်ပါတယ်။

ပါဠိဝေါဟာရတွေ ဆိုတော့ နားလည်မှာ မဟုတ်ဘူး၊ ပဋိစ္စသမုပ္ပါဒ် သင်တန်းတက်ဖူးသူ ဗုဒ္ဓအဘိဓမ္မာကို လေ့လာဖူးသူတွေကတော့ သိမှာပါ။ အားလုံး နားလည် သိလွယ်အောင်ပြောရရင် အဝိဇ္ဇာ (သစ္စာ မသိတာ)၊ တဏှာ(လိုချင်တာ)၊ ဥပါဒါန် (စွဲလမ်းတာ) ဒီသုံးပါးဟာ 'ကိလေသဝဋ်' အကြောင်း သမုဒယသစ္စာ။ အကြောင်းတရား။

သင်္ခါရ (ပြုပြင်စီရင်မှု)၊ ကမ္မဘဝ၊ (ကာယကံနဲ့ပြုမှု၊ ဝစီကံနဲ့ ပြောမှု၊ မနောကံနဲ့ကြံမှု) တို့ဟာ 'ကမ္မဘဝ'ဖြစ်တယ်။ သစ္စာအနေနဲ့ ပြောရင် အကြောင်း သမုဒယသစ္စာ။ အကြောင်းတရားတွေပါပဲ။

ဝိညာဏ် (ပဋိသန္ဓေ ဝိညာဏ်)၊ နာမ်ရုပ် (ခန္ဓာကိုယ်)၊ သဠာယတန (မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်)၊ ဖဿ (တွေ့ထိမှု)၊ ဝေဒနာ (ကောင်းဆိုး)၊ မကောင်းမဆိုး ခံစားမှု၊ ဇာတိ (ဘဝသစ်ဖြစ်ပေါ်မှု)၊ ဥပပတ္တိဘဝ (ကိုယ်ထင်ရှား ဘွားခနဲဖြစ်မှု)၊ ဇရာ မရဏ (အိုမှု၊ သေမှု)တို့ဟာ 'ဝိပါကဝဋ်' ဖြစ်ပါတယ်။ အကျိုးတရား ဒုက္ခသစ္စာ ဖြစ်ပါတယ်။

လောကမှာ အကြောင်းကင်းပြီး ဖြစ်လာတဲ့ အကျိုးတရား ဆိုတာ မရှိပါဘူး။ အကြောင်းအချက်ကြောင့် အကျိုးဆက်တွေ ဆက်လက်ဖြစ်ပေါ်နေရတာပါ။ ဒီတော့ကာ ဘယ်သူမပြု မိမိပြုတဲ့ မိမိမှုတွေသာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတရား၊ သမုဒယ သစ္စာဖြစ်တဲ့ ကိလေသဝဋ်၊ ကမ္မဝဋ်ကို လုပ်ခဲ့လို့ အကျိုးတရား၊ ဒုက္ခသစ္စာဖြစ်တဲ့ ခန္ဓာကိုယ်တွေ ရှိနေခြင်းဖြစ်တယ်။ မိမိတို့ဟာ အကျိုးဒုက္ခသစ္စာ၊ ဝိပါကဝဋ်ထဲမှာ ရှိနေကြပါတယ်။ ဒါကြောင့် 'ဝဋ်လိုက်နေသူ'လို့ တစ်စုံတစ်ယောက်က ပြောရင် မနာပါနဲ့၊ အမှန်တရား (သစ္စာစကား)ပြောတာဖြစ်လို့ ကျေနပ်စွာ လက်ခံပါ။ ဒုက္ခတွေ လုံးလည်လိုက်နေလို့ ဝဋ်လို့ခေါ်တာပါ။

ဒါပေမယ့် ... မိမိတို့ဟာ ခြေကျိုး၊ လက်ကျိုး၊ မျက်စိမမြင်၊ ဆွံ့အ၊ နားပင်းနေသူတွေကိုသာ မညာမတာ ဝဋ်လိုက်နေသူများလို့ ပြောလေ့ပြောထ ရှိကြတယ်လေ။ အမှန်မှာတော့ အားလုံး ဝဋ်လိုက်နေသူချည်းပါပဲဗျာ။

ဝဋ်ကြွေးဆိုတာ အမှန်မှာတော့ မိမိပြုခဲ့တဲ့ မကောင်းမှု အကုသိုလ်အလျောက် ငရဲ ... စတဲ့ ပဋိသန္ဓေ အကျိုးပေးပြီးနောက် အကျိုးဆက်အနေနဲ့ ကျန်ရှိနေတဲ့ ကံကြွင်းဖြစ်တယ်။ အဲဒီကံကြွင်းကြောင့် ဒီဘဝ ပဝတ္တိအခါမှာ ခံစားရတဲ့ ဆင်းရဲဒုက္ခများ ဖြစ်ပါတယ်။ လူတစ်ယောက်ကို ဓားနဲ့ခုတ်သတ်ခဲ့လို့ ငရဲသို့ ကျရောက် ခံစားရတယ်။ ငရဲမှာ သက်တမ်းစေ့ ခံစားရပြီးနောက် လွတ်မြောက်လာကာ ဝိရဏ္ဍာန် စသဖြင့်ဖြစ်ရာ ဓားခုတ်ခံရပြီး သေခြင်း (အကုသိုလ်ကံအလျောက်) လူ့ဘဝသို့ ရောက်လာတဲ့တိုင် ဓားလက်နက်နဲ့ သေရခြင်း စတာတွေဟာ ဝဋ်ကြွေး ခံရခြင်းတွေပါပဲ။

သူ့အသက်ကို သတ်ရာမှာ အသတ်ခံရသူ မသေလို့ ကမ္မပထ မမြောက်တဲ့အတွက် ငရဲသို့ မကျသော်လည်း သေလောက်တဲ့ လက်နက်တစ်မျိုးမျိုး ထိခိုက်ရှနာခြင်း စတဲ့ ဝဋ်ကြွေးများကို ခံစားရတတ်ပါသေးတယ်။

ဝဋ်ကြွေး ကျေချင်ရင် သက်သာချင်ရင်တော့ဖြင့် မြတ်စွာဘုရားထံမှာ ဆုတောင်းရုံမှာ မဟုတ်၊ ပေးဆပ်ရုံမှာ မဟုတ်။ ကုသိုလ်ကောင်းမှုများကို အဆက်မပြတ် ပြုလုပ်ရန်သာ လိုပါတယ်။ သရဏဂုံသုံးပါး မပျက်နဲ့၊ ငါးပါးသီလ လုံခြုံရမယ်။ အမြဲတမ်း ဘုရားရှိခိုးကာ ပရိတ်ရွတ်ခြင်း၊ မေတ္တာဘာဝနာပွားခြင်း၊ သမထ ဝိပဿနာတရား

www.burmeseclassic.com

www.burmeseclassic.com



များ အားထုတ်ခြင်း၊ အလျှူဒါနပြုခြင်းတို့ကို ပြုလုပ်ရမယ်။ သို့မှသာ ကုသိုလ်ကံ အဟုန်အား သေးမသွားဘဲ အရှိန်မြှင့်တင် ပေးနေရန် လိုပါတယ်။

ဘာကြောင့်လဲဆိုတော့ ... ဝဋ်ကြွေးဆိုတာ မိမိမှာ ကုသိုလ်ကံ အားနည်းချိန်မှာ ရောက်လာတတ်လို့ပဲ ဖြစ်ပါတယ်။

(၈)

တစ်ခါတည်း သေအောင်သတ်ရင် အပြစ် မကြီးဘူး။ ကျိုးအောင်၊ ကန်းအောင်၊ မသွားနိုင်၊ မလာနိုင်အောင်လုပ်ရင် အပြစ်ကြီးတယ် (ဝဋ်လိုက်တတ်တယ်)လို့ ထင်နေကြတာ မမှန်ပါဘူး။ ဘာကြောင့်လဲဆိုရင် ကျိုးရုံ-ကန်းရုံ လုပ်ခြင်းထက် သေခြင်းက အပြစ်ကြီးပါတယ်။

ဝဋ်နဲ့ငရဲမှာ ဝဋ်ဟာ ပဝတ္တိအကျိုးဖြစ်တယ်။

ငရဲမှာ ပဋိသန္ဓေအကျိုး ဖြစ်တယ်။

ငရဲကျရင် ငရဲသက်တမ်း အတိုင်း ခံရပါတယ်။ ငရဲကြီးက ရှစ်ထပ်ရှိပြီး ငရဲငယ်ပေါင်း မြောက်မြားစွာရှိပါတယ်။ ပြုလုပ်တဲ့ အကုသိုလ်ကံကို လိုက်ပြီး အပြစ်အကြီးအသေး အလေးအပေါ့ ခံစားရတယ်။

'ဝဋ်မှာ တစ်ခဏ ငရဲကား တစ်ဘဝ'လို့လည်း ဆိုထားတယ်။

ငရဲ တစ်ဘဝကျသွားရင် အကုသိုလ်အကျိုးတွေ ဆက်ပြီး သုဂတိဘဝ ပြန်ရောက်ဖို့ မလွယ်ပါဘူး။ ဒါ့ကြောင့် ဝဋ်ထက် ငရဲကို ပိုပြီး ကြောက်သင့်ပါတယ်။

မျက်မြင်လက်တွေ့ကြည့်ပါ။ ကျိုး၊ ကန်း၊ ဆွံ့၊ အ နေခြင်းထက် သေခြင်းက ပိုပြီးဆိုးပါတယ်။

သူ့အသက်သတ်ခြင်း၊ ညှဉ်းဆဲခြင်းတို့မှ ရှောင်ရှားနိုင်ပါစေ။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## မာယာကျော့ကွင်း

**အားနဲ့ထီး**

'သမီးတစ်ကောင်၊ နွားတစ်ထောင်သို့၊
လုံအောင်အမြဲ၊ စောင့်နိုင်ခဲ၏'

*(မဃဒေဝ လင်္ကာသစ် ပိုဒ်ရေ-၁၀၆)*

မိဘတွေဟာ သားသမီးချင်းအတူတူ သားရတနာလေး ဖွား မြောက်လာတယ်ဆိုရင် အလွန်တရာ ဝမ်းမြောက် ဝမ်းသာရှိကြတယ်။ သမီးမိန်းကလေးဆိုရင် သိပ်အရေး မပေးချင်ဘူး။ မိဘများဟာ သား ယောကျ်ားကို ပိုမိုလိုလားရုံမျှမက အားကိုး အားထားရပြီလို့ ပီတိသော မနသ ပွားလေ့ရှိကြတယ်။ ဒါဟာ မိဘများရဲ့ ယေဘုယျ သဘာဝ နိယာမကို ပြောတာပါ။ ဒါကြောင့် 'မာတာပိတုန် ဟာဒယံ ပူရေတီတိ ပုရိသော ...'လို့ ပညာရှင်များ ဖွင့်ဆိုပြထားကြပေတာပေါ့။ အဓိပ္ပာယ် ကတော့ 'မိဘနှစ်ပါးတို့ရဲ့ နှလုံးစိတ်ဝမ်းကို ချမ်းမြေ့စေတတ် သောကြောင့် ယောကျ်ား(သားရတနာ)'လို့ ဆိုလိုပါတယ်။

အာရှတိုက်ရဲ့ တိုင်းပြည်ကြီးများဖြစ်ကြတဲ့ တရုတ်ပြည်၊ အိန္ဒိယပြည်တို့မှာလည်း သူတို့ရဲ့ လူမျိုးဓလေ့ထုံးစံအရ သား ယောကျ်ားသာလျှင် အမွေခံထိုက်သူ၊ မြင့်မြတ်သူလို့ သတ်မှတ်ထား ကြတယ်။ သားသမီး တစ်ယောက်သာ မွေးခွင့်ပြုခဲ့တဲ့ တရုတ်ပြည်မှာ ဆိုရင် အမိက သားယောကျ်ားလေး မွေးဖွားမှ သမီးမိန်းကလေးဆိုရင် တချို့မိဘတွေက ဖျောက်ဖျက်ပစ်ကြတဲ့အထိ ဖြစ်ကြရပုံကို ကြားသိ ဖတ်ရှုရဖူးပါတယ်။ သားယောကျ်ားဆိုရင် မည်မျှတန်ဖိုး ထားကြ ကြောင်း သာဓက ဆောင်ပြတာပါ။

မိဘများဟာ 'သားဆိုရင် အားရှိသွားတတ်ကြပေတယ်' သားကို အား၊ သမီးဆို ထီး။ ထီးရိပ်မိုတယ်ဆိုတဲ့သဘော ထားလေ့ ရှိကြတယ်။ ဒါပေမဲ့ သားတိုင်းကလည်း မိဘများအတွက် အားဖြစ်ချင် မှဖြစ်သလို သမီးတိုင်းဟာလည်း ထီးဖြစ်ချင်မှ ဖြစ်မှာပေါ့။ သားက

www.burmeseclassic.com



အားမဖြစ်ဘဲ 'ကျား'လိုဖြစ်သွားတဲ့အခါ သမီးကလည်း ထီးပမာ အရိပ်မခိုရဘဲ 'မီး'လို ပူလောင်ရတဲ့ မိဘတွေခမျှာ ရင်နာကြရရှာတယ်။ အန္တရာယ် ပွားကြရရှာတယ်။ ပူလောင်ကြရရှာတယ်လေ။ သားသမီးတွေ သတိထားကြဖို့ပါ။

ဘုရင်ကြီးရဲ့ သမီးသောက

သမီးမိန်းကလေးဆိုရင် အရှက်တကွဲ အကျိုးနည်း မဖြစ်ရအောင် အရွယ်ရောက်တဲ့ အချိန်က စပြီး ထိန်းသိမ်းစောင့်ရှောက်ရပါတော့တယ်။ ဒါကြောင့်လည်း 'သမီးတစ်ကောင် နွားတစ်ထောင်'လို့ ဆိုရိုးပြုခဲ့ကြတာပေါ့။ သမီးတစ်ယောက်ကို ထိန်းသိမ်းစောင့်ရှောက်ရတာ နွားအကောင် တစ်ထောင် ကျောင်းရသလို တာဝန်ကြီးကြောင်း ဥပမာ ပေးခဲ့ကြတာပါ။

ရှေးတုန်းကလည်း သမီးတော် တစ်ယောက်ကို ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ရဖူးတဲ့ ဘုရင်ကြီးတစ်ပါး အကြောင်းကို ပြောပြချင်ပါတယ်။

ဗာရာဏသီပြည်က ဘုရင်ကြီးမှာ သမီးတော်အပြင် တူတော် တစ်ယောက်ကိုလည်း ကျွေးမွေး ပြုစုစောင့်ရှောက် ထားပါတယ်။ ဘုရင်ကြီးမှာ သောက ဝေဒနာတစ်ခု ခံစားနေရပါတယ်။ အဲဒါကတော့ တစ်ဦးတည်းသော သမီးတော်နဲ့ တူတော်မောင်တို့ အနေနီးကပ်လို့ နီးစပ်ငြိစွန်းမှာ စိုးရိမ်နေခြင်းပါပဲ။ 'အိုးခြင်းထားအိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ' ဆိုတဲ့ လောက အရိုးဆုံးစကားလည်း အရှိသား မဟုတ်လား၊ စိုးရိမ်မယ်ဆိုရင်လည်း စိုးရိမ်စရာပေါ့။ 'ချဉ်သီးနဲ့ဆား အတူထား၊ ချဉ်သီးဆားကြောင့် ပျက်တတ်သည်'တဲ့။

သို့ဖြင့် ဘုရင်ကြီးဟာ သမီးတော်နဲ့ဝေးအောင် တူတော်မောင်ကို နန်းအပြင်ဆောင်မှာ ထားပါတယ်။ ဒါပေမဲ့ ဘုရင်ကြီးရဲ့ စိုးရိမ်သောက နောက်ကျသွားပြီ။ အနေ မနီးအောင်ဆိုတဲ့ မင်းကြီးရဲ့ စီစဉ် ချက်ဟာလည်း အချိန်နှောင်းသွားပါပြီ။ ဘာကြောင့်လဲဆိုတော့ သမီးတော်နဲ့ တူတော် တူနှစ်ဖော်တို့ဟာ အနေနီးခဲ့လို့ သံယောဇဉ်

www.burmeseclassic.com



ကြီးခဲ့ပါပြီ။ သမုဒယ အနုအလှတွေနဲ့ ရစ်ဖွဲ့ပြီး ချစ်ခဲ့ကြပါလေပြီတည်း။ မသင်ဘဲတတ်တဲ့ ပညာရပ်တွေထဲမှာ အချစ်ဆိုတာ ထိပ်ဆုံးက ပါဝင်ခဲ့တာကို ခမည်းတော် မင်းကြီးခမျာ မသိရှာလေရော့သလား။

## အချစ်နဲ့ဆောင် အောင်မြင်

'အချစ်'ဆိုတဲ့ အရာဟာ 'မီးဝေးရင် ချိပ်မာ' ဆိုတာမျိုးဖြစ်တာတွေရှိပေမယ့် အနေဝေးလို့ ပိုခွေးရတာတွေ၊ မလွဲသာလို့ ခွဲခွာနေကြရပေမယ့် အသည်းမှာ စွဲထင် အချစ်သစ်ပင် စိုက်ပျိုးထားမိသူတွေ၊ အနေလှမ်းလို့ ပိုလွမ်းရတာတွေ၊ လူချင်း ခွဲနေရကာမှ အချစ်ရဲ့ သက်ရောက်မှု စွမ်းအားကို ပိုပြီးသိသွားသူတွေ အများကြီးပါပဲ။ အခုလည်းပဲ သမီးတော်ကို စွဲနစ်အောင် ချစ်မိခဲ့ပြီဖြစ်တဲ့ တူတော် မင်းသားလေးဟာ မင်းသမီးလေးနဲ့ တွေ့ရဖို့ အခွင့်ကောင်းကိုပဲ အမြဲချောင်းရှာဖွေနေပါတော့တယ်။

လိုလျှင်ကြံဆ နည်းလမ်းရပါပြီ။

အချစ်ခွန်အားတွေ ပြည့်ဝနေတဲ့ မင်းသားလေးက သမီးတော်ရဲ့ အထိန်းတော်ကြီးနဲ့ ဆက်သွယ်နိုင်ခဲ့ပါပြီ။ အထိန်းတော်ကြီးမှတစ်ဆင့် ချိန်းဆိုခွင့် ရရှိပါပြီ။ ယနေ့ည တွေ့ဆုံကြရန်။ ယနေ့ညဟာ လကွယ်ညဖြစ်လို့ လမင်းစန္ဒာကတော့ သာခြင်း မရှိပါ။ မှိတ်တုတ်မှိတ်တုတ် ကြယ်ပွင့်ကလေးတွေရဲ့ အလင်းရောင်ကတော့ ဝန်းကျင်မှာ လင်းလျက်ပါ။ ညဥ့်ငှက်သံ တချို့မှတစ်ပါး ဘာသံမှ မကြားရ၊ လေတိုးသဖြင့် ယိုးတိုးယိုင်တိုင်ဖြစ်နေတဲ့ သစ်ပင်ကြီးများ၊ လေယူရာ အတိမ်းမှာ ကနေကြတဲ့ ပန်းရောင်စုံများ၊ မွှေးကြူသင်းပျံ့တဲ့ ပန်းရနံ့များကလည်း လွှင့်ပျံ့မွှေးလျက်။

လူဟာ အချစ်နဲ့တွေ့တဲ့အခါ ခွန်အားတွေ ပိုရှိလာတတ်တယ်။ ရဲစွမ်းသတ္တိတွေ ပိုကောင်းလာတတ်တယ်။ အတွေးအခေါ် ဉာဏ်ပညာတွေလည်း ပိုပြီးထွက်လာတတ်ပါတယ်။ ဒါတွေဟာ အချစ်ရဲ့ စွမ်းအားတွေပဲ ဖြစ်ပေလိမ့်မယ်။ အခုလည်း ကြည့်ပါ။

မင်းသားဟာ အကြံဉာဏ်ထုတ်ကာ လက်ဖဝါး နူးညံ့

www.burmeseclassic.com

www.burmeseclassic.com



ချောမွေ့တဲ့အလုပ်အကျွေး မိန်းမငယ် တစ်ယောက်ကို မင်္ဂလာဆင်ပေါ်မှာ တင်ဆောင်ပြီး နန်းမြို့ရိုးတွင်းသို့ ဝင်ခဲ့ပါပြီ။ နန်းတော်ဆောင် လေသာ တံခါး ပေါက်အောက် ရောက်တဲ့အခါ စီးတော် ဆင်ကို နှံရုံမှိုကာ ရပ်တန့်လိုက်ပါတယ်။ အဲဒီအချိန်မှာပဲ အထိန်းတော်နဲ့ အချိတ်အဆက် လုပ်ထားတဲ့အတိုင်း မင်းသမီးလေးဟာ 'ရေချိုးချင်တဲ့အကြောင်း' ခမည်းတော်ထံ ခွင့်ပန်လိုက်တယ်။

ခမည်းတော် မင်းကြီးဟာ ချစ်လှစွာသော သမီးတော်ကို ပွေ့ချီပြီး လေသာ တံခါးပေါက်သို့ ထွက်လာခဲ့ပါတယ်။ တစ်ဦးတည်းသော သမီးမို့ အချစ်ကြီး ချစ်ခင် တွယ်တာလွန်းတဲ့ မင်းကြီးဟာ သမီးတော်လေးကို မျက်စိအောက်က အပျောက် မခံရုံမျှမက သူနဲ့ မကွာ ရှိနေစေချင်တာပါ။ သမီးတော်ရဲ့လက်ကို အမြဲတစေ ဆိုသလို ဆုပ်ကိုင်ထားတဲ့ ခမည်းတော်ကြီးပါ။

မင်းကြီးဟာ လေသာ တံခါးပေါက်မှ ထွက်ကြပြီး ပဒုမ္မာကြာကလပ် ခံထားတဲ့နေရာမှာ သမီးတော်ကိုချပြီး ရေချိုးစေပါတယ်။ မင်းကြီးဟာ သည်လိုအချိန်မျိုးမှာပင် သမီးတော်ရဲ့ လက်တစ်ဖက် ဆွဲကိုင်ထားလေရဲ့၊ သမီးတော်အပေါ်ထားရှိတဲ့ ခမည်းတော်ဘုရင်ကြီးရဲ့ အချစ်ကတော့ သည်းကို သည်းလွန်းပါတယ်။ ကဲလည်းကဲတယ်လို့ ဆိုရမလားဘဲ၊ ဖခင်တစ်ယောက်ရဲ့ အချစ်ထက်များ ပိုလွန်နေလေမလားလို့ စဉ်းစားစရာပါ၊ ကြည့်လေ ... သမီးမိန်းကလေး ရေချိုးနေစဉ်မှာတောင် လက်တစ်ဖက်ကို (စိတ်မချစွာ)ကိုင်ထားတဲ့ ဖခင်ပါ။ 'စိတ်ချစရာလည်း မရှိကြောင်း' ဆက်ဖတ်ရင် သိရမှာပါ။

## မာယာပရိယာယ် နှစ်သွယ်ယှက်လို့

မင်းသမီးဟာ သူ့ခမည်းတော် ကိုင်မထားတဲ့ အခြားလက်တစ်ဖက်ကို မင်းသားဆီသို့ ကမ်းပေးလိုက်တယ်လေ၊ အဆင်သင့် စောင့်နေတဲ့ မင်းသားက မင်းသမီးလက်မှာ ဝတ်ဆင်ထားတဲ့ လက်ဝတ် ရတနာများကို ချွတ်ယူလိုက်ပြီး အလုပ်အကျွေး မိန်းမငယ်ရဲ့ လက်မှာ ပြောင်းလဲ ဝတ်ဆင်ပေးလိုက်တယ်။ အကာလ ညအခါ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ဒီလုပ်ရပ်ကို ခမည်းတော်မင်းကြီး မသိရှာဘူးလေ၊ ဘယ်လောက်လျှင်မြန်တဲ့ မင်းသားနဲ့ မင်းသမီးလေးရဲ့ လုပ်ရပ်လဲ ဆိုတာ စဉ်းစားကြည့်၊ ဒါဟာ အချစ်ရဲ့စွမ်းဆောင်မှုတွေပဲ ဖြစ်မှာပေါ့။

နောက်ထပ် ဆက်ပြီး လှုပ်ရှားလိုက်တဲ့ကိစ္စက ပိုပြီးစိတ်ဝင် စားစရာ ကောင်းတယ်။ ဒီလို ... ဒီလို ... မင်းသမီးလေးရဲ့ လက်ဝတ် ရတနာများကို ဝတ်ဆင်ထားတဲ့ အလုပ်အကျွေး မိန်းကလေးကို ဆင် ပေါ်ကချပြီး မင်းသမီးလေး ရေချိုးတဲ့ ပဒုမ္မာ ကြာကလပ်ပေါ် တင်ပေးလိုက်တယ်။ မင်းသမီးလေးက ဘာလုပ်လိုက်တယ် မှတ် သလဲ။ အလုပ်အကျွေး မိန်းကလေးရဲ့ ပျော့ပျောင်းတဲ့ လက်ကလေးကို မင်းကြီးရဲ့ လက်ထဲ ထည့်ပေးလိုက်တယ်။ မင်းကြီးကလည်း သမီး တော်ရဲ့ အခြား လက်တစ်ဖက်လို့ပဲ မှတ်ထင်လိုက်တယ်။ ကောင်း လိုက်တဲ့လှည့်ကွက်။ မင်းကြီးဟာ သူဆုပ်ကိုင်ထားတဲ့ သမီးတော်ရဲ့ လက်ကို လွှတ်ပေးလိုက်တယ်လေ။

မင်းသမီးလေးဟာ ခမည်းတော်မင်းကြီး လွှတ်ပေးလိုက်တဲ့ လက်တစ်ဖက်မှာရှိတဲ့ လက်ဝတ် ရတနာများကိုပါ ချွတ်ပြီး အလုပ် အကျွေး မိန်းကလေးရဲ့ ကျန်လက်တစ်ဖက်ကို ဝတ်ဆင် ပေးလိုက် တယ်။ ညတွင်းချင်းပင် အလုပ်အကျွေး မိန်းကလေးဟာ ဘုရင့်အချစ် တော် တစ်ဦးတည်းသော သမီးတော်လေး ဖြစ်သွားရှာပေါ့။

မင်းသမီးလေးတော့ ပဒုမ္မာကြာကလပ်ကနေပြီး မင်္ဂလာ ဆင်တော်ပေါ်သို့တက်ကာ မောင်တော်သခင်ရဲ့ ရင်ခွင်ထက်မှာ လျောင်းစက်ကာ ပါသွားလေပြီတည်း။

### မာယာပြိုင်ပွဲ

'မိန်းမတို့သည် ပရိယာယ်မာယာ ကြွယ်ဝ၏။ မာယာ လေး ဆယ်ရှိကြ၏။ ထိုမျှမက မာယာတစ်သိန်း–အပလိန်းအနန္တဟူ၍ပင် နစ်နစ်နာနာ ဆိုကြ၏။ 'တန်ဏှာပွတ္တိဉာဏ်' ရတ်တရက် ဉာဏ်ထက် မြက်ကြ၏။ လက်ငင်းဖြစ်ပေါ်နေသော ကိစ္စကို ချက်ချင်းပြေလည် အောင် ရှင်းတတ်ကြပေသည်။ သို့သော် ယောကျ်ားမာယာကိုမမီတဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေလည်း ရှိနေပါ၏။

'××× မိန်းမမာယာ သဲကိုးဖျာလို့ ဆိုကြပြန်သေးတယ် ... မောင်တို့ယောက်ျားတွေများကတော့ ... သဲကိုးဖျာတောင် မလောက်ပါတယ်××မန်ကျည်းကိုးပင်ကို လျှောက်ပါလို့ရယ်××လိမ်လည်လှည့်စား××ဉာဏ်များကြပါတယ်××'

မိန်းမမာယာ သဲကိုးဖျာ၊ ယောက်ျားတွေရဲ့ မာယာပရိယာယ်ကတော့ သဲကိုးဖျာနှင့်မလောက်လို့ မန်ကျည်းကိုးပင် ထည့်ရသေးတယ်လို့ ယောက်ျား မာယာက ပိုမိုများပြားပုံကို ဖွဲ့ဆိုသီကုံးထားတဲ့ တေးသီချင်းကို ကြားယောင်မိသေးသည်။

**ဘယ်မှာထားမလဲ**

ဒီဇာတ်လမ်းကိုကြည့်တဲ့အခါ တူတော်မောင် လင်ယောက်ျားမင်းသားကလည်း အကြံအစည် ဉာဏ်ရည်ဉာဏ်သွေး ကောင်းကောင်းနဲ့ စီစဉ်ပေးနိုင်ခဲ့တာပဲ။ မင်းသမီးလေးကလည်း မင်းသားလေးဆင်တဲ့ အကွက်ကို ကွက်တိ ဝင်ရောက်နိုင်ရုံမျှမက အလုပ်အကျွေးမိန်းကလေးနဲ့ လူချင်းလဲလှယ်လိုက်တဲ့ လှည့်ကွက်ကလေးဟာလည်း ပိရိလှပေတယ်။

ခုတော့ တစ်ဦးတည်းသော သမီးကို အသက်နဲ့ထပ်တူ အသည်းနှင့်ထပ်တူ နှလုံးသည်းပွတ်ပမာ ချစ်မြတ်နိုးရှာတဲ့ ဖခင်ဘုရင်ကြီးခမျာ နှလုံးကြေကွဲ ဝမ်းနည်းစရာပေပဲ။ သမီးကညာ အခါမလင့်ဆိုသလို သီးချိန်တန်သီးလို့ ပွင့်ချိန်တန် ပွင့်ရမယ့်အခါမှာ ဘယ်လိုမှ ကာကွယ် ထားလို့ မရနိုင်ပေဘူး။ ရွှေကြုတ်ထဲမှာ ထည့်ပြီး ကောင်းကင် ခရီးက သယ်ဆောင်ခဲ့တဲ့ မင်းသမီးလည်း မလုံခြုံခဲ့ပါဘူး။

လင်ဆိုရင် ယင်ဖိုတောင် မသန်းစေရဘဲ ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်ပေါ်မှာ တင်ထားတဲ့ မင်းသမီးလည်း ယောက်ျားနဲ့ဖောက်ပြားပြီး ပျက်စီးခဲ့ရတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သမီးလှည့်ကွက် ခံလိုက်ရတဲ့ဖခင်

မင်းကြီးဟာ အိုက်လွန်းလို့ ရေချိုးချင်ပါတယ်ဆိုတဲ့ သမီးတော်ကို အလိုလိုက်ကာ ရေချိုးခွင့်ပြုခဲ့တယ်။ ရေချိုးနေစဉ်မှာပင် သမီးတော်ရဲ့ လက်တစ်ဖက်ကို ဆုပ်ကိုင်ကာ အချစ်ကဲကဲ အဖြစ်သည်းသည်းနဲ့ ကာကွယ်စောင့်ရှောက်ခဲ့တယ်။ ဒါပေမဲ့ ... ဒါပေမဲ့ သိကြပြီးတဲ့အတိုင်း အချစ်စိတ် မိုးမွှန်လျက် အကြံဉာဏ်တွေ ထက်သန်နေတဲ့ သမီးတော်ဟာ အလုပ်အကျွေး မိန်းကလေး ရေချိုးပြီးတဲ့အထိ သမီးတော်အမှတ်နဲ့ နန်းတော်ထဲကို ခေါ်ဆောင်သွားခဲ့ပါတော့တယ်။ ကျက်သရေရှိတဲ့ တိုက်ခန်းမှာ ချမ်းသာပျော်မွေ့စွာ အိပ်စေခဲ့တယ်။

နံနက်မိုးသောက် အလင်းရောက်ကာမှ သမီးတော် မဟုတ်မှန်း သိရလေတော့တယ်။ အလုပ်အကျွေး မိန်းကလေးကို စစ်ဆေးမေးမြန်းတဲ့အခါ မိန်းကလေးကလည်း မကွယ်မဝှက် အချက်အလက်အမှန်ကို အကြောင်းစုံ သံတော်ဦး တင်ရှာပါတယ်။

မင်းကြီးမှာသာ သမီးကို ချစ်ခဲ့ရတဲ့ဇော၊ တစ်ဦးတည်းသောသမီးမို့ သူမတူအောင် ချစ်မြတ်နိုးပုံ၊ အစစ အရာရာ အလိုလိုက်အကြိုက်ကို ဆောင်ပြီး ဂရုစိုက်ခဲ့ရပုံတွေကို ပြန်လည် မြင်ယောင်ပြီး ဖြေသိမ့် မရနိုင်အောင် ဖြစ်ခဲ့ရပါတယ်။

နောက်ဆုံးမှာတော့ ...

တစ်ဦးတည်းသော သမီးတော်လည်း စိတ်ချမ်းသာအောင် တူတော်မောင်လည်း ဂုဏ်မငယ်ရအောင် မိမိလည်း ရာဇဣန္ဒြေဆည်ကာ သိက္ခာထိန်းသိမ်းပြီးဖြစ်အောင် ကြံဆောင်လျက် သမီးတော် 'စောကလျာ'နဲ့ တူတော်မောင် 'ရာဇကုမာရ'တို့ကို လက်ထပ်ထိမ်းမြားမင်္ဂလာပွဲကြီး ဆင်ယင်ကျင်းပ ပေးလိုက်ပါတယ်။

ထို့မျှမက တူတော်မောင် 'ရာဇကုမာရ'ကို အိမ်ရှေ့ဥပရာဇာအဖြစ် တင်မြှောက်ထားလိုက်ပါသတဲ့။

*(ဇာတက–တိကနိပါတ်၊ မုဒုပါဏိဇာတ်ကို မှီငြမ်းကိုးကား ရေးသားပါတယ်။)*

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



# သစ်ခွ ပန်းသခင်

## (က)

ဗုဒ္ဓမြတ်စွာ ဘုရားသည် ဘုရားစင်စစ် ဧကန်ဖြစ်သည့်နေ့မှ စ၍ နေ့မအား၊ ညမနား တရားတော်များကို ဟောကြားတော်မူခဲ့၏။ (၄၅)ဝါ ကာလပတ်လုံး လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ ဝေနေယျတို့ကို ဓမ္မအမြိုက်ဆေး တိုက်ကျွေးတော်မူကာ ချေချွတ်တော်မူခဲ့သည်။ ဤသို့ဖြင့် (၄၅)နှစ်တာကာလ ကြာသော အချိန်တွင် ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ မြောက်သို့ ဦးခေါင်းပြု လျောင်းစက်ကာ ပရိနိဗ္ဗာန် ပြုတော်မူခဲ့လေပြီ။

ကုသိနာရုံ ပြည်သူပြည်သားများနှင့် လူ၊ နတ်၊ ဗြဟ္မာ အပေါင်းတို့သည် သံဝေဂ ရဖွယ် ဂီတများကို သီဆိုခြင်း၊ ကခုန်ခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့်လည်းကောင်း၊ ဆီမီး၊ ပန်းနံ့သာတို့ဖြင့်လည်းကောင်း ဗုဒ္ဓဘုရားရှင်၏ ရုပ်ကလာပ်တော်ကို သောင်းသောင်းဖြဖြ ပူဇော်ကြလေသည်။ ကုသိနာရုံမြို့အလယ် မကုဋဗန္ဓန အမည်ရှိသော မလ္လာမင်းတို့၏ စေတီတည်ရှိရာ ဒေသမှာဖြစ်သည်။

ဗုဒ္ဓဘုရား၏ ရုပ်ကလာပ်တော်ကို နံ့သာ ထင်းပုံကြီးပေါ်မှာ ရှိသေစွာ တင်ထားကြသည်။

အရှင်မဟာ ကဿပ မထေရ်မြတ်ကြီး ရောက်ရှိလာပြီး မြတ်စွာဘုရား၏ ခြေတော်အစုံ ကြာပဒုံတို့ကို လက်စုံယှက်မိုး ရှိသေစွာ ရှိခိုးလေသည်။ နံ့သာထင်းပုံသည် တေဇောဓာတ် လောင်မြိုက်သွားကာ မြတ်လေးပန်း အဆင်းရှိသော ဓာတ်တော်များ ကြွင်းကျန်ခဲ့လေသည်။

ထိုအချိန်မှာပင် ကောသလတိုင်းအတွင်းရှိ ရွာကလေးတစ်ရွာမှ ဆင်းရဲသူမကလေး တစ်ယောက်သည် ဗုဒ္ဓဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၍ ထားရှိသော တေဇောဓာတ် လောင်ရာဌာနသို့ ရောက်လာ၏။ အမျိုးသမီးလေးသည် ဗုဒ္ဓဘုရား၏ သရီရဓာတ်တော်တို့ကို သစ်ခွပန်းသုံးပွင့်ဖြင့် ပူဇော်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးလေးသည် ထိုည သန်းခေါင်ယံမှာပင် ရောဂါဖိစီးနှိပ်စက်ခံရကာ ကွယ်လွန်သွားရှာလေသည်။ ကွယ်လွန်ပြီးနောက် သူမသည် တာဝတိံသာ နတ်ပြည်သို့ ရောက်သွားကာ ယူဇနာ သုံးဆယ်မိုင်(၃၆၀)ခန့် ကျယ်ဝန်းသော ရွှေဗိမာန်ကြီးပိုင်ရှင် နတ်သမီးဖြစ်သွားလေ၏။

(ခ)

ဗုဒ္ဓဘုရားရှင်၏ သရီရ ဓာတ်တော်များကို သစ်ခွပန်း သုံးပွင့် ပူဇော်ခွင့်ရခဲ့သော ကုသိုလ်ကံ၏အစွမ်းကြောင့် ရထား လှည်းဘီးခန့်ရှိသော သစ်ခွပန်းပွင့်ကြီးတို့သည် နတ်သမီး၏ ဗိမာန်အတွင်းမှာ တွဲလဲဆွဲလျက် တည်ရှိကြ၏။ ထိုသစ်ခွ ပန်းပွင့်ကြီးများမှ ထွက်ပေါ်လာသော အလင်းရောင်ဖြင့်ပင် ဗိမာန်ကြီး တစ်ခုလုံးတွင် လင်းလက်တောက်ပလျက် ရှိလေသည်။

ဗိမာန်ရှင် နတ်သမီးသည် သစ်ခွပန်း သုံးပွင့် အလှူဒါနကြောင့် နတ်စည်းစိမ် ခံစားရကြောင်း ကောင်းစွာ သိသဖြင့် လှည်းဘီးခန့်ရှိသော နတ်သစ်ခွပန်းများကိုယူဆောင်ပြီး လူ့ပြည်သို့ ဆင်းသက်ခဲ့လေသည်။ လူ့ပြည်ရှိ ဗုဒ္ဓဂေါတမ၏ သရီရ ဓာတ်တော်များ ပူဇော်ရာဌာနမှာပင် သစ်ခွပန်းများကို ပူဇော်လေ၏။ ကြီးမားသော သစ်ခွပန်းများကို လှူဒါန်းပူဇော်နေသည့် သူမအား ရောက်ရှိလာကြသော လူများက အထူးအဆန်းဖြစ်ကာ စူးစမ်း မေးမြန်းကြပါသည်။

“မိန်းကလေး ... ဘယ်အရပ်က လာတာလဲ၊ သစ်ခွပန်းပွင့်ကြီးတွေကလည်း ကြီးမားလိုက်တာ၊ ဘယ်က ရခဲ့တာလဲ”

“ကျွန်မဟာ ဟိုဘဝက အလွန်ဆင်းရဲပါတယ်၊ ဆင်းရဲပေမယ့် ဟောဒီ ဂေါတမ မြတ်စွာဘုရားရဲ့ သရီရ ဓာတ်တော်တွေကို သစ်ခွပန်းလေး သုံးပွင့်နဲ့ ပူဇော်နိုင်ခဲ့ပါတယ်၊ အဲဒီသစ်ခွပန်း ဒါနကြောင့် နတ်ပြည်ရောက်ကာ နတ်သမီးဖြစ်ပြီး ဟောဒီ သစ်ခွပန်းကြီးတွေကို လှူနိုင်တာပါ”

www.burmeseclassic.com

www.burmeseclassic.com



လူအပေါင်းတို့သည် နတ်သမီးဆို၍ ပို၍အံ့ဩသွားကြကာ ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ နတ်သမီးသည် လူတို့၏ အခြေအနေကို သိရှိသွားကာ သူတို့အား တရားဓမ္မ ဟောပြရမူ ကောင်းမည်ဟု နှလုံးသွင်းကာ တရားဟောလေတော့သည်။

"အို ... သူတော်ကောင်းတို့၊ ကျွန်ုပ်၏ ကိုယ်ကိုကြည့်ပါ၊ သတ္တဝါတွေဟာ မြွေများ အရေခွံဟောင်းမှ အရေခွံကို လဲကြသလို ဘဝတွေ ပြောင်းလဲဖြစ်ပေါ်နေကြပါတယ်။ သတ္တဝါတွေဟာ မောဟ ဆိုတဲ့ ကွန်ရက်ရဲ့ ဖုံးအုပ်မှုကို ခံရတာကြောင့် မနေ့က သေဆုံးပြီး ယခု နတ်ပြည် ရောက်နေတာကို မသိနိုင်ကြပါဘူး။

ပိုးလောက်တွေ၊ ယင်ကောင်တွေ၊ ကျီးကန်းတွေ၊ လင်းတတွေ၊ ခွေး၊ မြေခွေး စတဲ့ တိရစ္ဆာန်တွေရဲ့ အစာဖြစ်တဲ့ ပိုးမျိုး(၈၀)တို့ရဲ့ နေထိုင်ရာ၊ ကျက်စားရာဖြစ်တဲ့ ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကို မသိမမြင်ကြလေတော့ ဟိုစဉ်အခါတုန်းကတော့ ယောကျ်ားတွေဟာ မက်မက်မောမော ရှိခဲ့ကြတယ်။ သေလွန်သွားတဲ့အခါမှာတော့ ကြည့်ရှုမယ့်လူ မရှိတော့ဘူး။ တဏှာရဲ့လှည့်ကွက်က ဆန်းကြယ်လေစွတကား။ ကျွန်ုပ်ရဲ့ ကိုယ်ခန္ဓာ အကောင်ပုပ်ကို မနေ့က စွန့်ပစ်ခဲ့ပြီ။ ယနေ့ နတ်၏အတ္တဘောကို ရရှိခဲ့ပြီး တင့်တယ်ပြေပြစ် ချောမောနုပျိုတဲ့ ကျွန်ုပ်ရဲ့ ခန္ဓာကိုယ်ကို သင်တို့ ကြည့်ရှုမဝ ဖြစ်နေကြပြီ မဟုတ်လား။

ကျွန်ုပ်၏စကား(တရား)ကို သေသေချာချာ နာယူမှတ်သားကြပါ။ ကျင့်သုံး လိုက်နာကြပါ။

ကုသိုလ်ကောင်းမှု မပြုသူအား ကောင်းကျိုးချမ်းသာ မြဲမြံ မရနိုင်ပါ။ အကြင်သူသည် ဗုဒ္ဓသာသနာတော်၌ ရေစက်ရေပေါက် ကလေးမျှသော ကောင်းမှု ကုသိုလ်မျိုးစေ့ကို ကြဲချစိုက်ပျိုးပါက နိဗ္ဗာန်ရောက်သည့်တိုင်အောင် မဆုံးနိုင် အကျိုးတရား မြောက်မြားစွာကို ရရှိကြမည် ဖြစ်ပေသည်"

www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် သစ်ခွပန်း အလှူရှင် နတ်သမီးသည် သူ လက်ငင်း ချက်ချင်း ရရှိထားသော နတ်စည်းစိမ် ချမ်းသာကို သက်သေ ပြ၍ လူအပေါင်းတို့အား တရားဟောလေသည်။ (ဤ၌ နတ်သက် ရှည်ပုံကို သတိပြုပါ။ လူတို့သက်တမ်း အနှစ်(၁၀၀)သည် တာဝတိံသာ နတ်ပြည်တွင် တစ်နေ့နှင့်တစ်ညဉ့်မျှသာ ဖြစ်ပေရာ မနေ့က သေဆုံး သွားသော လူမိန်းကလေးသည် ယခု လူ့ပြည်သို့ လာရောက်ခြင်းမှာ တာဝတိံသာ နတ်ပြည်၌ စက္ကန့်ပိုင်းမျှသာ ဖြစ်ပေလိမ့်မည်။)

ထို့နောက် နတ်သမီးသည် နတ်သစ်ခွပန်းကြီးများကို ဗုဒ္ဓ ဘုရား၏ ခြေတော်များအား ပူဇော်ပြီး တာဝတိံသာ နတ်ပြည်သို့ ပြန်သွားလေတော့သည်။

သစ်ခွနတ်သမီး (သို့မဟုတ်) သစ်ခွပန်း သခင်ဟု ခေါ်တွင်ခဲ့ ပါလေသတည်း။

*(မဇ္ဈရသဝါဟိနီကျမ်း-၃၅၊ သာဓကလာ ဝတ္ထု)*

(ဂ)

အလှူဒါနဟူသည် အလှူဝတ္ထုပစ္စည်း နည်းသည်ဖြစ်စေ၊ များ သည်ဖြစ်စေ၊ တန်ဖိုးသေးသည်ဖြစ်စေ၊ တန်ဖိုးကြီးသည်ဖြစ်စေ လှူလို သော စေတနာဆန္ဒ ပြင်းပြဖို့လိုသည်။ စေတနာသဒ္ဓါအား ကောင်းဖို့ လိုသည်။ အများကြီးလှူပြီး နည်းနည်း ရသည်လည်းရှိ၏။ ဝတ္ထုပစ္စည်း နည်းနည်းလှူသော်လည်း အကျိုးတရား အမြောက်အမြား ခံစားရ သည်လည်း ရှိ၏။ ဤအကြောင်းအရာများကို ရည်ရွယ်၍ 'ညောင်ပင် ကြီးလောက် လှူသော်လည်း ညောင်စေ့လောက်သာရသည်။ ညောင် စေ့လောက်ပင် လှူသော်လည်း ညောင်ပင်ကြီးလောက် ရရှိသည်'ဟု ဆိုကြခြင်း ဖြစ်လေသည်။

မဇ္ဈရသဝါဟိနီကျမ်းလာ ဤသစ်ခွပန်း အလှူရှင် အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



လေးကို ကြည့်ပါ။ ပစ္စည်းဝတ္ထုက တန်ဖိုး မများပါ။ သစ်ခွပန်းလေး သုံးပွင့်သာ ဖြစ်ပါသည်။ အလှူဝတ္ထုပစ္စည်းလည်း မများပါ။ သို့ရာတွင် သူမ၏ ရင်၌ဖြစ်သော စေတနာနှင့် သဒ္ဓါတရားက အားကောင်းလွန်းသဖြင့် ချက်ချင်းအကျိုးပေးခြင်းဖြစ်သည်။ တာဝတိံသာ နတ်ပြည်သို့ ရောက်ကာ သစ်ခွ ဗိမာန်ကြီးနှင့် ကြီးမားသော သစ်ခွပန်းကြီးများကို ပိုင်ဆိုင်သော သစ်ခွ နတ်သမီး ဖြစ်ရပါသည်။

ထို့ကြောင့် ဝတ္ထုပစ္စည်း နည်းများမဟူ လှူခြင်းသည် အကျိုး များပါကြောင်း ... ။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## နှာခေါင်းမှ မှုတ်သောလေဖြင့် အသက်သေစေနိုင်သူ

အသက်ပေါင်းများစွာ သတ်ခဲ့တဲ့ လူသတ်သမား နတ်ပြည်သို့ ရောက်သွားသတဲ့။ ဒီသတင်း စကားဟာ သာဝတ္ထိ တစ်မြို့လုံးသို့ ပျံ့နှံ့သွားပါတယ်။

မြို့ထဲမှာသာမက ရဟန်းတော်များ သီတင်းသုံးရာ ဇေတဝန်ကျောင်းအထိ ဒီသတင်းက ရောက်ရှိလာပါတယ်။

ဗုဒ္ဓဘုရားရှင်ကပင် ...

"ရဟန်းတို့ ... သင်တို့သည် ဘယ်စကားကို ပြောဆိုနေကြဘိသနည်း" လို့ မေးတော်မူလိုက်ရာ ရဟန်းတို့က ...

"ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ... တပည့်တော်တို့သည် သူသတ်ယောက်ျားဖြစ်လျက် နတ်ပြည်ရောက်သွားပုံအကြောင်းစုံကို ပြောဆို နေကြပါသည်ဘုရား" လို့ ပြန်လည်လျှောက်ထားကြပါတယ်။

ဒီအခါ ဗုဒ္ဓဘုရားရှင်က ...

"ရဟန်းတို့ ... ထိုသူသတ်ယောက်ျားသည် အရှင်သာရိပုတ္တရာအား သူစားမည့် နို့ဃနာဆွမ်းကို လှူဒါန်းတဲ့အကျိုးဆက်ကြောင့် ယနေ့ နတ်ပြည် ရောက်သွားခြင်းဖြစ်သည်။

ထိုမျှမက သူသည် နောင်အခါ၌ ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်ဦးမည်" လို့ ဗျာဒိတ် စကားတော်ကို အမိန့်ရှိလိုက်ပါသေးတယ်။

(ခ)

အုံသြစရာ ကောင်းပါဘိ။ ရဟန္တာ အရှင်မြတ်ကြီးအား လှူဒါန်းရတဲ့ ကျေးဇူးကြောင့် လုပ်ခဲ့သမျှ အကုသိုလ် အပြစ်တွေ အကုန်ပျောက်ပြီး ငရဲ မကျတော့ဘဲ နတ်ပြည် ရောက်ရပေတယ်။ မကောင်းမှုမှာ မွေ့လျော်ပြီး ငရဲမှာ နေရာယူထားပြီးဖြစ်တဲ့ သူသတ်သမားတောင် နတ်ပြည်ရောက်နိုင်တဲ့အတွက် ဤလိုကောင်း

www.burmeseclassic.com



ကာလ သမယမှာ သဒ္ဓါတရား ရှေ့ထားကာ အလှူဒါန ပြုသင့်ကြပေတယ်။ အလှူဒါန ပြုကြရာမှာ သီလကိုပါ စောင့်သုံးကြရင်တော့ဖြင့် အတိသုန္ဒရ အတိုင်းထက်အလွန် ကောင်းမွန်ကြပေလိမ့်မယ်။

ဒါန ပေးကမ်းလှူဒါန်းခြင်းဟာ ကိုယ့်ကို စောင့်ရှောက်တယ်။ ဒုဂ္ဂတိဘေးကိုလည်း တားမြစ်ပေးတယ်။ နတ်ပြည်သို့တက်ရန် စောင်းတန်းလှေကားနဲ့လည်း တူတယ်။ တမလွန် နောင်ဘဝမှာလည်း ငြိမ်းအေးချမ်းသာမှုကို ရရှိနိုင်တယ်။ အလိုရှိရာကို ပေးစွမ်းနိုင်တဲ့ စိန္တာမဏိကျောက်မြားကြီးနဲ့လည်းတူတယ်။ ကပ္ပဿာသယ လိုတိုင်းရစေနိုင်တဲ့ ပဒေသာပင်ကြီးနဲ့လည်း တူတယ်။ ခူးခပ်စားချင်တိုင်းစား လျော့မသွားတဲ့ နတ်သုဓာ ထမင်းအိုးနဲ့လည်း တူတယ်။ သီလဝန္တ ပုဂ္ဂိုလ်(သီလရှိတဲ့သူ) အား ပေးလှူမယ်ဆိုရင် စကြာဝတေးမင်းရဲ့ စည်းစိမ်ကိုလည်း ရနိုင်တယ်။ သိကြားမင်း စည်းစိမ်ကိုလည်း ခံစားရရှိနိုင်ရုံမျှမက လောကုတ္တရာ ချမ်းသာသုခကိုလည်း ရရှိခံစားရနိုင်ပေတယ်။

ဗုဒ္ဓဂေါတမ မြတ်စွာဘုရား သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်ကြီးမှာ သီတင်းသုံးတော်မူစဉ်က ဇာတ်လမ်းပါ။ သာဝတ္ထိမြို့တော်နဲ့ မနီးမဝေးမှာရှိတဲ့ တောအုပ်ကြီးထဲမှာတော့ ခိုးသား ငါးရာတို့ဟာ ပုန်းအောင်းနေထိုင်ကြတယ်။ ညအခါမှာ သူတို့ဟာ မြို့တွင်းသို့ ဝင်ရောက်ပြီး ခိုးယူ လုယက်လေ့ရှိကြတယ်။

တစ်နေ့မှာ ခိုးသား ငါးရာတို့ဟာ ခိုးဖို့အလာ မြို့တံခါးအနီး ဆင်းရဲသား တစ်ဦးကို တွေ့ကြတယ်။ ကိုဒုက္ခဆိုပါစို့။

"မင်း ဘယ်ကလဲ"

"ကျွန်တော် တောရွာကပါ"

"မင်းကိုကြည့်ရတာ ဆင်းရဲလိုက်တာကွာ၊ ချမ်းသာချင်ရင် ငါတို့နဲ့လိုက်ခဲ့၊ ငါတို့လုပ်တဲ့ အလုပ်ကိုလုပ်၊ ဟုတ်ပြီလား"

ခိုးသားများက စည်းရုံးလိုက်တဲ့အခါ ကိုဒုက္ခလည်း ကိုစောရ (သူခိုးဘဝ)အဖြစ်သို့ ချက်ချင်းရောက်ရှိသွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(ဂ)

မကြာခင်မှာ လက်ရဲဇက်ရဲ ဆိုးသွမ်းလွန်းတဲ့ ခိုးသားငါးရာတို့ကို ကောသလ ဘုရင်ရဲ့အမိန့်နဲ့ ဖမ်းဆီးမိပါတော့တယ်။ ကောသလ မင်းကြီးက သူခိုးအုပ်စုကြီးကို စစ်ဆေး သေဒဏ် အပြစ်ပေးလိုက်တယ်။ မင်းကြီးက ...

"သင်တို့ထဲမှာ ခိုးသားတွေကို သတ်ဖို့ တစ်ယောက်ထွက်ပါ။ အဲဒီလူကိုတော့ သေဒဏ်မှ ကင်းလွတ်ခွင့်ပေးမယ်"လို့ အမိန့်ချလိုက်တယ်လေ။

ဒီမှာ ခိုးသားငါးရာတို့ဟာ နှစ်ရှည်လများ လက်တွဲလာကြသူတွေဖြစ်လေတော့ ညီအစ်ကိုတွေလို ခင်မင်နေကြပြီး အချင်းချင်းသတ်ဖို့ ဝန်လေးနေကြတယ်။ နောက်မှဝင်ရောက်လာတဲ့ ကိုစောရကတော့ ဘယ်သူ့ကိုမှ ငဲ့ညှာစရာ မလိုဘဲ သူသတ်မယ့်အကြောင်း သံတော်ဦးတင်လိုက်တယ်။ ဒီလူတွေကို သတ်တဲ့အတွက် သူဟာ သေဒဏ်ကလွတ်မြောက်မယ် မဟုတ်လား။ အဲဒီအချိန်က စပြီး ကိုစောရ ဘဝမှ လူသတ်သမားဘဝသို့ ရောက်သွားပြန်ပါတယ်။

ခိုးသား ငါးရာကိုသတ်ပြီး လူသတ် တာဝန်ကို ဆက်လက်ထမ်းဆောင်လာရာ သက်တမ်းကာလ (၅၅)နှစ်ပင် ရှိသွားခဲ့ပါပြီ။

လူသတ်သမားဟာ အသက်အရွယ် ကြီးလာပြီဖြစ်လို့ အပြစ်ဒဏ် လူတစ်ယောက်ကို သတ်ဖြတ်ရာမှာ တစ်ချက်တည်း ရိုက်နှက်ခုတ်သတ်ရုံနဲ့ မသေတော့ပါ။ နှစ်ချက်, သုံးချက် ခုတ်သတ်မှ သေလေရာ ဒီအကြောင်းကို မင်းကြီးသိသွားပြီး သူ့ကို သူသတ်တာဝန်မှ ရပ်စဲလိုက်တယ်။ အားကောင်းမောင်းသန် လူတစ်ယောက်ကို သူ့အစားခန့်ထားလိုက်သည်။

အဲဒီအချိန်မှာ ထူးဆန်း အံ့သြဖွယ်ကောင်းတဲ့ အတတ်ပညာဆန်းတစ်ခု ပေါ်ထွန်းလာခဲ့တယ်။ အဲဒီအတတ် ပညာကတော့ မန္တန်အတတ်ပညာပါပဲ။ အဲဒီမန္တန်ကိုရွတ်ပြီး နှာခေါင်းထဲက လေကို ပြင်း

www.burmeseclassic.com



ပြင်းထန်ထန် မှုတ်ထုတ်လိုက်ရုံမျှနဲ့ လူတစ်ယောက်ဟာ ဦးခေါင်း၊ လက်၊ ခြေထောက်တွေ ပြတ်ထွက်ကာ သေဆုံးသွားနိုင်တဲ့ပညာ ဖြစ်ပါတယ်။

အငြိမ်းစား၊ အလုပ်လက်မဲ့ ဖြစ်သွားတဲ့ လူသတ်ယောက်ျားကြီးဟာ အဲဒီမန္တန်ပညာကို အတတ်သင်ပြီး လူတစ်ယောက်ကို အလွယ်တကူနဲ့ သတ်နိုင်ပါကြောင်း သတင်း စကားကို ကောသလမင်းကြီးထံ ပါးလိုက်တယ်။ မင်းကြီးကလည်း ကောင်းပြီလို့မိန့်ကာ မူလတာဝန်ကို ပြန်လည်အပ်နှင်းပြီး အပြစ်သားတွေကို သတ်ဖြတ်ခိုင်းပြန်ပါတယ်။

လူသတ် ယောက်ျားကြီးဟာ သက်သက်သာသာ မန္တန်ရွတ်ကာ နှာခေါင်းမှလေမှုတ်ခြင်း အတတ်ပညာနဲ့ လူသတ်လုပ်ငန်းကို လုပ်ကိုင်ခဲ့ရာ နောက်ထပ် ငါးနှစ် ကြာသွားပြန်ပါတယ်။ သူ့အသက်ကလည်း (၈၀)ကျော် (၉၀)တွင်း ချဉ်းနင်း ဝင်ရောက်လာပြီဖြစ်လို့ အားအင် မရှိတော့ပါ။ မန္တန်ရွတ်ခြင်း၊ နှာခေါင်း လေမှုတ်ထုတ်ခြင်းကို ပင် မစွမ်းဆောင်နိုင်တော့ပါ။

တစ်ဘဝလုံးလိုလို သူ့အသက်သတ်ခြင်း ကိစ္စကြီးကို ဆောင်ရွက်ခဲ့ပေရာ အဲဒီ မကောင်းမှုကံတွေက ဖိစီးနှိပ်စက်ပြီး ရောဂါဝေဒနာတွေ အမျိုးမျိုးခံစားရပါတော့တယ်။ ကြောက်မက်ဖွယ် အသံကြီးနဲ့ အော်ဟစ် နေရပါတော့တယ်။ သူ့ရဲ့မျက်စိထဲမှာလည်း ငရဲမီးလျှံတွေ၊ သံ၊ တူ၊ ဆောက်ပုတ်ကြီးတွေကို ကိုင်ဆောင်ထားတဲ့ ငရဲသားကြီးတွေကိုသာ မြင်တွေ့နေရပါတော့တယ်။ သူ့ရဲ့အော်သံကြီးကို နားမခံနိုင်တဲ့ အိမ်နီးချင်းက လူတွေကလည်း ကြောက်ရွံ့စွာနဲ့ တစ်နေရာကို ပြောင်းရွှေ့သွားကြလေရဲ့။

(ဃ)

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးဟာ ဒိဗ္ဗစက္ခု ဉာဏ်တော်နဲ့ လောကကို ရှုကြည့်တော်မူရာမှာ လူသတ်ယောက်ျားအိုကြီးဟာ ဒီကနေ့ပင် သေဆုံးပြီး ငရဲသို့ ကျရောက်တော့မည်ကို မြင်တော်မူပါတယ်။ သူသတ်ယောက်ျားထံ ဓိမိကြွသွားကာ တရားအနည်းငယ်

www.burmeseclassic.com

www.burmeseclassic.com



ချီးမြှင့်ပေးပါက နတ်ပြည်သို့ ရောက်ရှိ သွားနိုင်ကြောင်းကို တွေ့မြင် သွားပါတယ်။

ဒီလိုနဲ့ ဓမ္မသေနာပတိ လက်ယာရဲ ရဟန္တာ မထေရ်မြတ်ကြီး အရှင်သာရိပုတ္တရာဟာ နံနက်စောစောမှာပင် သပိတ်သင်္ကန်းကို ပြင်ဆင် ဝတ်ရုံတော်မူပြီး လူသတ်ယောက်ျားအိုကြီးရဲ့ အိမ်တံခါးသို့ ကြွသွားတော်မူပါတယ်။ လူသတ်ယောက်ျားကြီးဟာ အရှင်မြတ်ကြီးကို မြင်တွေ့သွားပြီး အမျက်ဒေါသထွက်ကာ လူသေစေနိုင်တဲ့ ဂါထာမန္တန်ကို ရွတ်ဆိုလျက် နှာခေါင်းမှုလေကို ပြင်းထန်စွာ မှုတ်ထုတ်လိုက်ပါတယ်။ နိရောဓ သမာပတ်ကို ဝင်စားရာမှ ထလာတော်မူတဲ့ ရဟန္တာ အရှင်မြတ်ကြီးအတွက် အသက်အန္တရာယ် စိုးစဉ်းမျှရှိတော် မမူပါ။ နေမင်းကဲ့သို့ တင့်တယ် ထွန်းလင်းတောက်ပစွာသာ ရပ်တည်နေတော်မူပါတယ်။

လူသတ်ယောက်ျားကြီးဟာ အရှင်မြတ်ကြီးကို တစ်ကြိမ်မက သုံးကြိမ်တိုင်တိုင် မန္တန်ရွတ်ကာ လေမှုတ်ပြီး သေအောင် အားထုတ်ပေမယ့် မအောင်မြင်ပါ။ အဲဒီမှာ လူသတ်သမားဟာ အရှင်မြတ်ကြီးကို အလွန်တရာ အံ့သြသွားကာ ကြည်ညိုသဒ္ဓါစိတ်များ တဖွားဖွားပေါ်လာပါတော့တယ်။ ဒါကြောင့် မိမိအတွက် စီမံထားတဲ့ နို့ထမင်းကို အရှင်မြတ်ကြီး ဘုဉ်းပေး သုံးဆောင်ရန် ရက်ရက်ရောရော နှမြောတွန့်တိုမှုမရှိဘဲ ဆက်ကပ် လှူဒါန်းလိုက်ပါတယ်။

အရှင်မြတ်ကြီးဟာ လူသတ်သမားကြီးရဲ့ နို့ဃနာဆွမ်းကို အလှူခံယူတော်မူပြီး အနုမောဒနာ တရား (ဝမ်းမြောက်ဖွယ်တရား) အနည်းငယ် ဟောကြားချီးမြှင့်ပါတယ်။ လူသတ်သမားကြီးရဲ့ ပထမဆုံးနဲ့ နောက်ဆုံး ဆွမ်းဒါနဖြစ်ပြီး တရားဦးနဲ့ တရားထူးကို နောက်ဆုံးနာကြားရခြင်း ဖြစ်ပါတော့တယ်။

ဘာကြောင့်လဲဆိုတော့ အရှင်မြတ်ကြီးလည်း ပြန်အကြွ လူသတ်သမားကြီးဟာလည်း ဝမ်းမြောက် ရွှင်လန်းစိတ်နဲ့ နေရာမှအထ ပြန်လဲကျကာ သေဆုံးသွားလို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဆိုခဲ့တဲ့အတိုင်း လူသတ်ယောက်ျားဟာ သေခါနီး လက်မတင် အချိန်ကလေးမှာပင် ကယ်တင်ရှင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးရဲ့ ချီးမြှောက်ထောက်ပံ့မှုကို ရရှိသွားကာ နတ်ပြည်သို့ ရောက်သွားခြင်းဖြစ်ပါတော့တယ်။

ဒါကြောင့် တမလွန်လောကဥ္စ နတ်ပြည်နတ်ဗိမာန်သို့ ရောက်လိုကြသူများဟာ လယ်ယာ မြေကောင်းနဲ့တူတဲ့ သံဃာတော် အရှင်မြတ်တို့အား သဒ္ဓါကြည်ဖြူ လှူဒါန်းကြပါကုန်။

*(မစုရသဝါဟိနီကျမ်းလာ စောရဃာတကဝတ္ထုကို ခြယ်မှုန်းတာပါ။)*

*(ဘာသာပြန်ကျမ်းမှာ မန္တန်ကို ဖော်ပြ မထားပါ။ အစွမ်းထက်မြက်တဲ့ ဂါထာ တစ်ပုဒ်လို့သာ မှန်းဆရပါတယ်။ စာရေးသူ)*

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## မသေခင်မှာ နတ်ရဲသားတွေ ဆိုက်လာသူ

ထူးဆန်းတာကတော့ အမှန်အကန်ပဲ။

လူသာမန်တွေမှာ သားသမီး(၁၄)ယောက်ရှိတာ ခပ်ရှားရှား။

ဂျွန်ဝင်မှာ စံတင်လောက်အောင် ကျော်ကြားပြီး သားသမီးပေါများတဲ့ ပုဗ္ဗာရုံ ကျောင်းဒကာမကြီး ဝိသာခါကတော့ သား(၁၀)ယောက်၊ သမီး(၁၀)ယောက်ထိအောင် ဖွားမြောက်ခဲ့ပေသပေါ့။

ယနေ့ခေတ်မှာလည်း သားသမီးတွေ အားကြီးမွေးတဲ့ ရှင်မွေးလွန်းတွေကို ထူးထူးခြားခြား ဖတ်ရပါတယ်။ ခေတ်မီတယ်လို့ ဆိုကြတဲ့ အိမ်ထောင်စု တွေကတော့ သားသမီးများ အများကြီး မယူကြတော့ပါဘူး။ ကန့်သတ်ချက် ထားကြတော့တယ်။ လူဦးရေ များလွန်းတဲ့ နိုင်ငံကြီး တချို့မှာလည်း မိသားတစ်စုမှာ သားသမီးယူဖို့ ကန့်သတ်ချက် ပေးထားကြတယ်လေ။ ထားပါတော့။

ဗုဒ္ဓဘုရားရှင် လက်ထက်တော်က အဖြစ်အပျက် တစ်ခုပါ။ ထိုစဉ်က ဗုဒ္ဓဘုရားဟာ သာဝတ္ထိပြည်မွန်၊ ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံး နေပါတယ်။ သာဝတ္ထိမြို့က ဓမ္မိကဆိုတဲ့ ဒါယကာကြီးဟာ စေတနာ သဒ္ဓါတရား အလွန်ကောင်းသူ ဖြစ်တယ်။ ရတနာသုံးပါးကိုလည်း အထူး ကိုင်းရှိုင်းတယ်။ သူ့အိမ်မှာ ဘုရား အမှူးရှိတဲ့ ရဟန်း သံဃာ တွေကို ဆွမ်းကပ်လှူခြင်း၊ သင်္ကန်းလှူခြင်း စတဲ့ အလှူဒါန မျိုးစုံ ပြုလုပ်လေ့ ရှိပါတယ်။ ခါးဝတ်ပုဆိုးလို မြဲမြံရမယ့် ငါးပါးသီလ အပြင် ရှစ်ပါးသီလ ကိုလည်း ဥပုသ်နေ့တိုင်း စောင့်ထိန်းလေ့ရှိပါတယ်။ ဒါနပြု၊ သီလ ဆောက်တည်ရုံ မျှမက တရား ဘာဝနာကိုလည်း အခါအားလျော်စွာ ပွားများ ရှုမှတ်လေ့ ရှိသူ ဖြစ်ပေတယ်။

ဓမ္မိကကို မြန်မာပြန်ရင် တရားရှိသူ တရားရှင်ပေ့ါ။ ဦးဓမ္မိကမှာ သား(၇)ယောက်၊ သမီး(၇)ယောက် ထွန်းကားတယ်။ သူ့ရဲ့ဇနီး အိမ်ရှင်မကြီးနဲ့ အတူ သားတွေ၊ သမီးတွေကလည်း အလှူဒါန ပြုကြ

www.burmeseclassic.com



သူငါ ဝါသနာ ပါကြပါတယ်။ အလှူရေစက် လက်နဲ့ မကွာ ဆောင်ရွက်လေ့ ရှိကြသူတွေပါ။

ဒီနေရာမှာ သားသမီး အမျိုးအစား (၃)ပါးရှိကြောင်း မှတ်သားသင့်ပါတယ်။

(၁) အနုဇာတသား–မိဘနှင့်အတူ မိဘရဲ့အမူအကျင့် တန်းတူရှိတဲ့ သားသမီး၊

(၂) အတိဇာတသား–မိဘနှစ်ပါးထက် ဒါနအား၊ သီလအား၊ ဘာဝနာအား၊ ပညာအား ပိုမိုသာလွန်ကောင်းမွန်တဲ့ သားသမီး၊

(၃) အဝဇာတသား–မိဘတွေက ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သူတွေ ဖြစ်ကြသော်လည်း သားသမီးများကတော့ မနာယူ၊ မလိုက်နာကြမူဘဲ မိဘ အဆင့်အတန်းအောက် နိမ့်ကျတဲ့ သားသမီးမျိုး ဆိုပြီးတော့ (၃)ပါး ရှိပါတယ်။

(ခ)

အသက်အရွယ် ရလာတဲ့ ဦးဓမ္မိကဟာ တစ်နေ့သော အခါမှာ မကျန်းမမာ ဖြစ်လာပါတယ်။ စားမဝင် အိပ်မပျော်ဖြစ်ကာ အိပ်ရာထဲမှာ ဗုန်းဗုန်း လဲပါတော့တယ်။ ဒီအချိန်မျိုးမှာ သူဟာ တရားနာချင်နေပါတယ်။ ဖခင်ဆန္ဒ ပြည့်ဝအောင် သားသမီးများက ရဟန်းငါးပါးကို အိမ်သို့ ပင့်ဆောင်ပြီး မဟာ သတိပဋ္ဌာန်တရား နာကြားစေပါတယ်။

ဒီနေရာမှာလည်း သတိ ထားကြစရာ တစ်ချက် ရှိပါတယ်။ မမာ မကျန်း အသည်း အသန် ဖြစ်ကြတဲ့ အခါမှာ လူမမာ အတွက် ဆိုကာ တရားစာ ရွတ်ပေးခြင်း၊ တရားတိပ်ခွေများ ဖွင့်ပေးခြင်း စတာတွေကို ပြုလေ့ ရှိကြပါတယ်။ လူမမာက ဆန္ဒရှိလို့ လုပ်ပေးရတာ ကောင်းပါတယ်။ လူမမာက တရားနာချင်မှန်း မသိ၊ မနာချင်မှန်း မသိ တရားခွေတွေ ဖွင့်တာ၊ တရားစာတွေ ဖတ်တာမျိုးကို အထူး သတိထားကာ ဆောင်ရွက်သင့်ပါတယ်။ တချို့လူနာတွေက နဂိုမူလကမှ တရားကို စိတ်မဝင်စား၊ တရားနာကြားတဲ့ ဓလေ့ဝါသနာ မပါသူဆိုရင် အနှောင့်အယှက်ပင် ဖြစ်တတ်ပါသေးတယ်။ ဘယ်လို အနှောင့်

www.burmeseclassic.com

www.burmeseclassic.com



အယှက်လဲဆိုတော့ ငါ သေတော့မှာမို့ တရားရှုနေပြီလို့ ထင်တတ်ကြတယ်လေ။ အဲဒီ အထင်တွေနဲ့ အတူ စိတ်ဓာတ် ကျပြီး အားလျော့အားပျော့ကာ မြန်မြန် သေသွားတာမျိုးတွေ ရှိပေတယ်။ သတိထားစရာ ထည့်ပြောရတာပါ။

(ဂ)

ဟောဒီ လူမမာ ဦးဓမ္မိက ကတော့ သူ ကိုယ်တိုင်ကကိုကျန်းမာစဉ်က အလေ့ဝါသနာ ရှိတဲ့အတိုင်း မကျန်းမမာ ဖြစ်တဲ့အခါတရား နာချင်တာပါ။

'ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ။ သောက ပရိဒေဝါနံ သမတိက္ကမာယ။ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ။ ဉာယဿ အဓိဂမာယ။ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ'

ရဟန်းတို့ ... သတ္တဝါတို့အား ကိလေသာ တရားများ စင်ကြယ် ဖို့ရာ စိုးရိမ်ခြင်း၊ ပူဆွေးခြင်းတွေ ကျော်လွှား ကင်းဝေး ဖို့ရာကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတွေ ချုပ်ငြိမ်းဖို့ရာ၊ မဂ်ဖိုလ်တရားများ ရရှိဖို့ရာ၊ နိဗ္ဗာန်ချမ်းသာ မျက်မှောက်ပြုနိုင်ဖို့ရာ တစ်ကြောင်းတည်းသော လမ်းစဉ် တရား ကတော့ သတိပဋ္ဌာန်တရား လေးပါးပင်ဖြစ်၏။

ရဟန်း တွေဟာ လူမမာ ဦးဓမ္မိကရဲ့ ခုတင် ညောင်စောင်းနံဘေးက နေကာ ဖော်ပြပါ မဟာ သတိပဋ္ဌာန သုတ္တန်ကို ရွတ်ဆိုပေးတော်မူနေကြပါတယ်။

မကြာပါ။ ထူးခြား ဆန်းကြယ်တဲ့ ဖြစ်ရပ်တွေ ေ[illegible]ပါတော့တယ်။ အဲဒါကတော့ နတ်ပြည်(၆)ထပ်က နတ်ရထား(၆)စီးနတ်သား အပြည့်အစုံနဲ့ ကောင်းကင်ဘုံမှ ေ[illegible]က်ရှိ လာကြပါပဲ။ နတ်ပြည်(၆) ထပ်ဆိုတာ အောက်မှအထက် အစဉ်အတိုင်း မှတ်သားချင်ရင် ...

www.burmeseclassic.com



(၁) စတုမဟာရာဇ်နတ်ပြည်–စတုမဟာရာဇ်နတ်မင်းကြီး (၄)ပါးနေထိုင်ရာ၊

(၂) တာဝတိံသာနတ်ပြည်–သိကြားမင်းကြီး ဦးမာဃ စံမြန်းရာဘုံ၊

(၃) ယာမာနတ်ပြည်–ယာမာနတ်များ နေထိုင်ရာ၊

(၄) တုသိတာနတ်ပြည်–ဘုရားအလောင်းနတ်သား၊ မယ်တော် နတ်သားများနေရာ၊

(၅) နိမ္မာနရတိ နတ်ပြည်–ဖန်ဆင်းပြီး မွေ့လျော်ကြရာ၊

(၆) ပရနိမ္မိတ ဝသဝတ္တီနတ်ပြည်–မာရ်နတ်မင်းကြီး စံရာတို့ပဲ ဖြစ်တယ်။

ဒီနတ်ရထားနဲ့ နတ်သားတွေကို ဦးဓမ္မိကမှ တစ်ပါး ဘယ်သူမှ မမြင်ကြပါဘူး။ ဦးဓမ္မိကဟာ အိပ်ရာပေါ်မှာ လဲလျောင်းရင်းက နတ်သားများအား 'နေကြပါဦး၊ တရား ပြီးအောင် ဆိုင်းငံ့ကြပါဦး' ဆိုတဲ့ သဘောနဲ့ လက်ကာပြလိုက်ပါတယ်။ ဦးဓမ္မိက လက်ကာ ပြတာကို ရဟန်းတော်တွေရော၊ သားသမီးတွေပါ အဓိပ္ပါယ် အယူအကောက် လွဲကြတယ်လေ။ သတိပဋ္ဌာန် တရား ရွတ်ပွား နေတဲ့ ရဟန်းတွေက လည်း 'ဟော ... ဒကာကြီးက လက်ကာပြနေပြီ၊ တော်ကြစို့၊ ရပ်နားကြစို့' လို့ မိန့်ဆိုကာ ပြန်ကြွသွားကြလေပြီ။

ဦးဓမ္မိက လက်ကာ ပြမည်ဆိုလည်း ပြလောက်သည်။ နတ်ပြည် ခြောက်ထပ်မှ ရောက်လာသော နတ်ရထား ခြောက်စီးပေါ်မှ **နတ်သား**တို့သည် 'ကျွန်ုပ်တို့ နတ်ရထားပေါ်သို့ တက်ကာ ကျွန်ုပ်တို့ **နတ်ပြည်မှာ** ပျော်မွေ့စွာ နတ်စည်းစိမ် ခံစားပါလော့' ဟု အသော့ အလျင် ခေါ်ငင်နေကြဘိသည်။

**ဦးဓမ္မိက**တော့ တရားရှင်ကြီး ပီပီ တရားဓမ္မ နာကြားနေသည်ကို ပျော်မွေ့**တုန်း**ဖြစ်ပါ၏။ တရားနာမှုအတွက် အနှောင့်အယှက်ဖြစ်မည်စိုး၍ 'ဆိုင်းငံ့ ထားကြပါဦး'ဟု လက်ကာပြလျက် တားဆီးခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(ဃ)

ဦးဓမ္မိကသည် ချက်ချင်းပင် တရားသံ တိတ်သွားရုံ မျှမက သားသမီးများ ငိုယိုသံတွေကိုပါ ကြားလိုက်ရသဖြင့် လန့်ဖျပ်သွား၏။

'ဟဲ့ ... သားတို့ သမီးတို့ ဘာဖြစ်လို့ ငိုနေကြတာတုံး။ ရဟန်းတော်တွေလည်း မတွေ့ရပါလား'

'အဖေပဲ ရပ်နားဖို့ လက်ကာပြလိုက်လို့ အရှင်မြတ်တွေက တရားကို ရပ်ဆိုင်းကာ ကျောင်း ပြန်ကြွသွားကြပြီ။ အဖေ သတိလစ်မေ့မြောပြီး ကယောင်ကတမ်းတွေ ဖြစ်နေပြီ ထင်ပြီး ငိုကြတာပေါ့'

'အိုကွယ် ... မဟုတ်တာ။ ဖေဖေက ဖေဖေ့ကို လာခေါ်နေကြတဲ့ နတ်သားတွေကို ဆိုင်းငံ့ကြပါဦး ဆိုပြီး လက်ကာပြတာ။ ရဟန်းသံဃာတွေကို တားမြစ်တာ မဟုတ်ဘူး'

'ဖေဖေကတော့ ကယောင် ကတမ်း လျှောက်ပြော နေပြန်ပြီ ဘယ်မှာလဲ နတ်သားတွေ။ သမီးတို့ မမြင် မတွေ့ပါဘူး'

'ကိုင်း ... ဒီလိုဆိုရင် သားတို့ သမီးတို့ကို ဖေဖေ လက်တွေ့ပြမယ်။ နတ်ပြည် ခြောက်ထပ်ရှိတဲ့ အနက် ဘယ်နတ်ပြည်ဟာ အကောင်းဆုံးလဲ'

'ဘုရားလောင်း နတ်သားတွေ စံမြန်းလေ့ရှိတဲ့ တုသိတာနတ်ပြည်ဟာ အကောင်းဆုံး၊ အမြတ်ဆုံးလို့ ဆိုကြတာပဲ ဖေဖေရဲ့'

'ကောင်းပြီ။ ဒီလိုဆိုရင် ဖေဖေ့အတွက် ကြိုတင် စီစဉ်ထားတဲ့ ပန်းကုံး ရှိတယ် မဟုတ်လား။ အဲဒီပန်းကုံးကို ယူပြီး သမီးတို့ ရောက်စေချင်တဲ့၊ ဖေဖေလည်း သဘောကျတဲ့ တုသိတာ နတ်ပြည်က လာတဲ့ နတ်ရထားမှာ ချိတ်စွပ် နေပါစေသားလို့ အဓိဋ္ဌာန် ပြုပြီး ပန်းကုံးကို ကောင်းကင်ကို ပစ်တင်လိုက်ပေတော့'

သားသမီးတွေဟာ ပန်းကုံးကြီးကို ယူပြီး သူတို့ ဖခင်ပြောတဲ့ အတိုင်း အဓိဋ္ဌာန်ပြုကာ ကောင်းကင်သို့ ပစ်တင်လိုက်ရာ ပန်းကုံးမှာ ကောင်းကင်တွင် အတွယ်တာမဲ့ ချိတ်ဆွဲနေရုံမျှမက ရှေ့နောက် ဟိုသည် ရွေ့လျားလျက်ပင် ရှိနေပါတော့တယ်။ နတ်ရထားတွေနဲ့ နတ်သားတွေကိုတော့ သူတို့ မမြင်ကြရပါ။ နတ်သား၊ နတ်သမီးတွေဟာ အများအားဖြင့် သူတို့ကို လူသားတွေအား မြင်ခွင့်ပေးလေ့ မရှိ ကြပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခါကျမှ ဦးမေဇ္ဈိကရဲ့သားသမီးတွေဟာ လက်တွေ့ဖြစ်နေတော့ သူတို့ဖခင် ပြောကြားချက်ကို လက်ခံ ယုံကြည်သွားကြတယ်။ ဒီဦးမေဇ္ဈိကရဲ့ ပန်းကုံးစွပ် နတ်ရထားတွေ လူးလာ ရှေ့နောက် လှုပ်ရှားတာကို ပမာပြုပြီး လူ့ပြည်မှာလည်း ဘတော်ပျံ၊ မယ်တော်ပျံ ပွဲတွေကျင်းပ ပြုလုပ်ကြတဲ့အခါ အလောင်းတင်ထားတဲ့ ရထားကို ကြိုးတပ်ကာ ရှေ့နောက် အပြန်အလှန် ဆွဲလေ့ရှိကြတာကို တွေ့ရတယ်။ ယနေ့ခေတ်တော့ သိပ်မတွေ့ရတော့ပါဘူး။

ဦးမေဇ္ဈိကဟာ အသက်အရွယ်ကလည်းကြီး၊ နာတာရှည် ဝေဒနာကို ခံစားရပြီး အားခွန်နည်းကာ သေဆုံး သွားပါတော့တယ်။ ဦးမေဇ္ဈိက မသေခင်မှာ သူရဲ့သားသမီးများကို နောက်ဆုံး မှာကြားသွားတဲ့စကားကတော့–

'ဖေဖေ တုတိသာနတ်ပြည်ကို သွားရတော့မယ်။ ဖေဖေနဲ့ အတူတူနေချင်ရင်၊ ဖေဖေ့လိုပင် နတ်ပြည်မှာ နတ်စည်းစိမ် ခံစားချင်ရင် ဖေဖေရှိစဉ်ကလို ဒါန၊ သီလ၊ ဘာဝနာကုသိုလ်များကို နေ့စဉ်ပြုလုပ် အားထုတ် နေရစ်ကြလော့' လို့ဖြစ်ပါတယ်။

(ဃ)

ဦးမေဇ္ဈိကရဲ့ ဖြစ်ရပ်ဖြစ်စဉ်နဲ့ပတ်သက်လို့ ရဟန်းသံဃာလောကမှာလည်း ပြောစရာတွေ ကျန်ခဲ့ပါတယ်။ ဦးမေဇ္ဈိကအိမ်မှာ သတိပဋ္ဌာန်ရွတ်ပြီး ပြန်လာတဲ့ကိုယ်တော်တွေက အကြောင်းစုံ အကုန်သိသွားကာ ဗုဒ္ဓမြတ်စွာအား လျှောက်ထားကြတယ်လေ။ ဗုဒ္ဓဘုရားက အောက်ပါ ဂါထာတရားကို ဟောကြားတော်မူခဲ့ပါတယ်။

ကောင်းမှုပြုသူဟာ ဒီဘဝမှာလည်း ဝမ်းမြောက်ဝမ်းသာနေရတယ်။ နောင်ဘဝမှာလည်း ဝမ်းမြောက်ဝမ်းသာ နေရတယ်။ ပစ္စုပ္ပန်နဲ့ တမလွန်ဘဝ နှစ်တန်တို့မှာ ဝမ်းမြောက်ဝမ်းသာဖြစ်ရတယ်။

***(ဓမ္မပဒ၊ အဋ္ဌကထာ၊ ယမကဝဂ်၊ ဓမ္မိက ဥပါသကာ ဝတ္ထုကို ကြည့်မှန်းပါတယ်။)***

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးဆပ်သော ခွေးမလေး

### (က)

သီဟိုဠ်ကျွန်း ယခု သီရိလင်္ကာကျွန်းတွင် မဟာဂါမ အမည်ရှိသော ရွာကြီးမှာ ဖြစ်ပါသည်။ မဟာဂါမတွင် တိဿဝိဟာရ(ခေါ်) ကျောင်းတိုက်ကြီးရှိ၏။ ထိုကျောင်းတိုက်ကြီး၌ ရဟန်း သံဃာများစွာ သီတင်းသုံးကြသည်။ တိဿဘွဲ့အမည်ရှိသော ရှင်သာမဏေလည်း သီတင်းသုံး နေထိုင်လေသည်။

တစ်နေ့သ၌ ရှင်သာမဏေတိဿ၊ ကိုရင်တိဿသည် ပါသာဏဝါပိ(ခေါ်) ကျောက်ရေကန်ရွာသို့ ဆွမ်းခံကြွ၏။ ဒါယကာ၊ ဒါယိကာမတို့ လှူဒါန်းလိုက်သဖြင့် ဆွမ်းနှင့် ထောပတ်များ ခံယူရရှိခဲ့သည်။ ဆွမ်းဘုဉ်းပေးပြီး ရွာအပြင်သို့ ထွက်ခဲ့ကြသည်။ ရွာတံခါးဝတွင် ရောက်ရှိသော နေရာကို မေးရာ ရွာသားတို့က–

"အရှင်ဘုရား ... ဟောဒီလမ်းကနေ ရှေ့ကိုတည့်တည့်ကြွသွားပါ။ ကကုဗန္ဓဆိုတဲ့ချောင်းကို တွေ့ပါလိမ့်မယ်ဘုရား။ အဲဒီချောင်းဟာ ရေစီး ရေလာလည်း ကောင်းပြီး ရေကလည်း ကြည်လင်အေးမြပါတယ်ဘုရား။ ချောင်းစပ်မှာလည်း ညီညာပြေပြစ်တဲ့ သဲသောင်ပြင်လည်း ရှိလေတော့ အရှင်ဘုရား ဆွမ်းဘုဉ်းပေးဖို့ ကိစ္စအတွက် အလွန်တရာ အဆင်ပြေလှပါတယ်ဘုရား။ ရေမိုးချိုးဖို့အတွက်လည်း သင့်လျော်လှပါတယ်ဘုရား' ဟု လမ်းညွှန် လျှောက်တင်ကြလေသည်။

'ကောင်းပါပြီ ဒကာ၊ ဒကာမတို့'

ကိုရင်တိဿသည် ရွာသားများ ညွှန်ပြသည့်အတိုင်း ရှေ့သို့ ဆက်ကြွသွားလေသည်။

### (ခ)

ကိုရင်တိဿသည် ကကုဗန္ဓချောင်းကမ်း သဲသောင်ပြင်တွင် နေရာထိုင်ခင်းပြင် သပိတ်ကိုချ ဆွမ်းဘုဉ်းပေးရန် စီစဉ်နေခိုက် ခွေးမလေး တစ်ကောင် ရောက်လာလေသည်။ ခွေးမလေးမှာ ပိန်လှီနေရုံမျှမက တစ်ကိုယ်လုံး တစ်ဆတ်ဆတ် တုန်ယင်နေ၏။ ခွေးမလေးမှာ ခွေးသားလေးငါးကောင်ကို ဖွားမြင်ပြီး နို့တိုက်ကျွေးနေရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စန္ဒာပိန်လှီနေခြင်းဖြစ်သည်။ အာဟာရအတွက် အစာရေစာလည်း မစားသောက်ရပေ။ ယခု ကိုရင်တိဿက ဆွမ်းဘုဉ်းပေးရန် သပိတ်ကို ဖွင့်လိုက်ရာ ထမင်းနံ့ ဟင်းနံ့များ ရှိသဖြင့် အစာရလိုရငြား ဆာလောင်မွတ်သိပ်စွာ ရောက်ရှိလာခြင်း ဖြစ်ပေသည်။

ထောပတ်နံ့ ရသဖြင့် ပို၍ဆာလောင်နေသော ခွေးမလေးသည် အမြီးတနှန့်နှန့်ဖြင့် အသနားခံနေသကဲ့သို့ ကိုရင်တိဿ၏ မျက်နှာကိုသာ စူးစိုက်စွာ ကြည့်နေလေသည်။ ကိုရင်တိဿသည် ခွေးမလေးကိုမြင်လျှင် လွန်စွာ စိတ်ထိခိုက်သွားပြီး သနားခြင်း ...ရုဏာ အပြည့်အဝဖြင့် မိမိဘုဉ်းပေးတော့မည့် ပထမ ဆွမ်းလုတ်ကို မဘုဉ်းပေးဘဲ ခွေးမလေးအား ချကျွေးလိုက်သော ထမင်းလုတ်ကို တစ်မုဟုတ်ချင်း အငမ်းမရ စားလေ၏။ သနားကြင်နာစိတ် ကြီးမားသော ကိုရင်တိဿသည် ဆာလောင်နေသော ခွေးမလေးအား တစ်လုတ်ပြီး တစ်လုတ် ချကျွေးနေလေတော့၏။ ထောပတ်နှင့်ပြွမ်းသော (ရောသော) ဆွမ်းများအားလုံး ကုန်သွားသည်။ ဒီကနေ့ ကိုရင်တိဿ ဆွမ်းမဘုဉ်းရတော့ပါ။ သပိတ်ကို ရေကျင်း၍(ဆေး၍) သောက်ပြီး ကကုဗန္ဓချောင်း သောင်ပြင်မှ တရွေ့ရွေ့ကြွမြန်းသွားပါတော့သည်။

(၈)

ခွေးမလေးသည် ကိုရင်တိဿကျွေးမွေးသော ထောပတ်ဆွမ်းကို ဝလင်စွာ စားသုံးရသဖြင့် မွေးဖွားထားသော ခွေးသားလေးများကို ကောင်းမွန်ချမ်းသာစွာ နို့တိုက်နိုင်လေသည်။ ကိုရင်တိဿကို ကြည်ညိုသောစိတ်၊ ကျေးဇူးတင်သော စိတ်များ နေ့စဉ်နှင့်အမျှ တဖွားဖွား ဖြစ်ပေါ်လျက်ရှိသည်။ နောက်ဆုံး ထိုကြည်ညိုချစ်ခင် ကျေးဇူးတင်သော စိတ်ဖြင့်ပင် ကွယ်လွန်သွားရာ နောက်ဘဝတွင် ဇမ္ဗူဒီပကျွန်း၊ အိန္ဒိယနိုင်ငံ၊ ဒေဝပုတ္တမင်းကြီး၏ မိဖုရားဝမ်း၌ ပဋိသန္ဓေ စွဲတည်ခဲ့လေသည်။

မိဖုရားကြီးသည် ဖွားမြင်ချိန် ရောက်လေသော် သမီးတော်

www.burmeseclassic.com



လေး တစ်ပါးကို ဖွားမြင်၏။ ဆယ်လပြည့်သောနေ့တွင် သမီးတော်လေးကို ဆံထုံး,ထုံးမင်္ဂလာ ဆင်ယင်ကျင်းပ ပေးကြသည်။ သမီးတော်လေး၏ ဆံကေသာများမှာ နက်မှောင်နေကာ နားတောင်းကဲ့သို့ ဦးခေါင်းပေါ်သို့ အခွေလိုက်၊ အလိပ်လိုက် ရစ်ပတ်တက်နေသောကြောင့် သမီးတော်လေး၏နာမည်ကို ကုဏ္ဍလီဟု မှည့်ခေါ်ကြသည်။

ကုဏ္ဍလီ မင်းသမီး (၁၆)နှစ်သမီးအရွယ်ရောက်ချိန်တွင် နုနယ်ပျိုမျစ်သော ရွှေရင်သိမ်းသစ် အလွန်ချစ်စရာ ကောင်းသော မင်းသမီးလေး တစ်ပါး ဖြစ်ရလေသည်။

(ဃ)

တစ်နေ့သ၌ သီရိလင်္ကာကျွန်း၊ တိဿဝိဟာရကျောင်းမှာ သီတင်းသုံးတော်မူသော တိဿ မထေရ် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ မဟာဗောဓိပင်ကို ပူဇော်ရန် သီရိလင်္ကာကျွန်းမှ ဇမ္ဗူဒီပ ကျွန်းသို့ ကြွရောက်တော်မူလာလေ၏။ ဒေဝပုတ္တမြို့သို့ရောက်သောအခါ အရှင်တိဿ မထေရ် ဆွမ်းခံကြွတော်မူသည်။

ထိုအခါ ကုဏ္ဍလီ မင်းသမီးသည် နန်းမဆောင် လေသာပြတင်းမှ ဆွမ်းခံကြွလာသော အရှင်တိဿကို ဖူးမြင်ရ၏။ 'ပုဗ္ဗေ သန္နိဝါသေန' ရေးဘဝက ရှိခဲ့ဖူးသော သံယောဇဉ်ကြောင့် ကုဏ္ဍလီ မင်းသမီးသည် အရှင်တိဿကို ခင်မင် ကြည်ညိုသွားလေသည်။

ကုဏ္ဍလီ မင်းသမီးသည် ဘဝတစ်ခု၌ ဘိက္ခုနီဖြစ်စဉ်ကညစ်၊ ပေစာ၊ ဆီမီးတို့ကိုလှူဒါန်းပြီး 'ဇာတိဿရဉာဏ်ကို ရရပါလို၏' ဟု ဆုတောင်းခဲ့သည်။ ဆုတောင်းပြည့်ဝကာ ဇာတိဿရဉာဏ်ကို ရသဖြင့် ရှေးဘဝဖြစ်စဉ်ကို ကောင်းစွာ သိမြင်သူဖြစ်လာသည်။ မင်းသမီးသည် ဇာတိဿရဉာဏ်ဖြင့် ကြည့်သောအခါ အရှင်တိဿ မထေရ်သည် အရင်ဘဝက သူမအား(ခွေးမလေးအား) ကျေးဇူးပြုခဲ့ဖူးသည်ကို သိမြင်ကာ အလွန် ဝမ်းသာသွားလေသည်။

အရှင်တိဿကို နန်းတော်ထဲသို့ ပင့်ဆောင်ပြီး မြင့်မြတ်သော နေရာတွင် သီတင်းသုံးစေ၏။ အဆင်း၊ အနံ့၊ အရသာတို့ဖြင့် ပြည့်စုံပြီး

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမွန် မြိန်မြိုက်စွာသော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို ရိုသေစွာ ဆက်ကပ် လှူဒါန်းလေ၏။ ဆွမ်းကပ် လုပ်ကျွေးပြီးနောက် ကုဏ္ဍလီ မင်းသမီးသည် မထေရ်နှင့် မနီးမဝေး သင့်လျော် လျောက်ပတ်သော နေရာ၌နေပြီး–

'အရှင်ဘုရား ... တပည့်တော်မကို သိပါရဲ့လား ဘုရား။ တပည့်တော်မသည် အရင်ဘဝက အရှင်ဘုရား၏ ကျွန်မ ဖြစ်ပါတယ် ဘုရား။ အရှင်ဘုရားကြောင့် တပည့်တော်မ အသက်ရှင်ခဲ့ရတာပါ ဘုရား။ အရှင်ဘုရားဟာ တပည့်တော်မရဲ့ အသက်သခင် ကျေးဇူးရှင် ကြီးပါဘုရား' ဟု လျှောက်ထားလေ၏။ တိဿမထေရ်က–

'နှမ ... ငါ့မှာ သင်လျှောက်တင်သလို ကျွန်မ ဆိုတာ မရှိခဲ့ပါ ဘူး။ သင့်ကိုလည်း ငါမသိပါ။ သင်ဟာ ဘယ်သူလဲ၊ ဘယ်သူရဲ့သမီး ဖြစ်သလဲ။ အကြောင်းစုံ လျှောက်ထားပါဦးလော့' ဟူ၍ မေးမြန်းလိုက် လေသည်။

'အရှင်ဘုရား ... တပည့်တော်မ အကြောင်းစုံကို ပြန်လည် လျှောက်ထားပါမည်။ အရှင်ဘုရားသည် တစ်ချိန်က သီရိလင်္ကာကျွန်း၊ ရောဟဏ ဇနပုဒ်၊ ပါသာဏဝါပီရွာမှာ ဆွမ်းခံခဲ့ပြီး ကကုဇန္ဓချောင်း နံဘေး သဲသောင်ပြင်မှာ ဆွမ်းဘုဉ်းပေးရန် ပြင်ဆင်နေစဉ် တွေ့မြင်ပြီး အစာချကျွေးတာကို စားခဲ့တဲ့ ခွေးမလေးဟာ တပည့်တော်မပါပဲ ဘုရား။

အဲဒီတုန်းက တပည့်တော်မဟာ ခွေးသားကလေးများကို မွေးဖွားပြီးစ အာဟာရပြတ်နေတုန်း အရှင်ဘုရားကို တွေ့မြင်ရာ ဆာလောင် မွတ်သိပ်လှသဖြင့် အစာ စားရလိုကြောင်း အသံပြုခဲ့ပါတယ် ဘုရား။ အရှင်ဘုရားဟာ တပည့်တော်မအား သနား ကရုဏာကြီးစွာ နဲ့ ဆွမ်းတစ်နပ် အငတ်ခံပြီး သပိတ်ထဲ ရှိသမျှ ဆွမ်းတွေကို အကုန်ချ ကျွေးခဲ့တာပါဘုရား။

တပည့်တော်မဟာ တိရစ္ဆာန် ဖြစ်ရပေမယ့် အရှင်ဘုရားကို အလွန်ကြည်ညိုတဲ့စိတ်တွေ တဖွားဖွားဖြစ်ခဲ့ရပါတယ်ဘုရား။ ကျေးဇူး လည်းတင်ပြီး ကျေးဇူးရှင်အဖြစ် သတ်မှတ်ခဲ့ပါတယ်ဘုရား။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ကြည်ညိုခဲ့တဲ့ သဒ္ဓါတရားအရှိန် အဟုန်ကြောင့် ယခုဘဝမှာ ဒေဝပုတ္တ မင်းကြီးရဲ့ သမီးတော်ဖြစ်ကာ စည်းစိမ်းချမ်းသာ ခံစားနေရတာပါ ဘုရား။

တပည့်တော်မ အပေါ်မှာ အရှင်ဘုရားရဲ့ကျေးဇူး တရားဟာ အလွန် ကြီးမားလှပါတယ်ဘုရား။ အဲဒီ ထမင်းတစ်နပ် ကျွေးဖူးတဲ့ ကျေးဇူးကို တပည့်တော်မ ပေးဆပ်ချင်ပါတယ်ဘုရား။ ဒီတော့ကာ အရှင်ဘုရားကို ကျေးဇူးဆပ်လိုပါသဖြင့် ဤဒေဝပုတ္တမြို့မှာ အမြဲ ထာဝရ သီတင်းသုံးပါဘုရား'ဟု လျှောက်ထားလေသည်။

ကုဏ္ဍလီ မင်းသမီးသည် အရှင်တိဿ မထေရ်အား ကျောင်း တိုက်ကြီး တစ်တိုက် ဆောက်လုပ် လှူဒါန်းကာ ကိုးကွယ်လေ၏။ အရှင်တိဿသည် မင်းသမီး ပြန်လည် လျှောက်ထားချက်အရ ခွေးမ လေး ဘဝက မိမိစားမည့်ဆွမ်းကို သိရလေသောအခါ လွန်စွာနှစ်သက် ပီတိ ဖြစ်မိလေသည်။

အရှင်တိဿသည် မင်းသမီး ကုဏ္ဍလီ ဆောက်လုပ် လှူဒါန်း သော ကျောင်းတွင် သီတင်းသုံးတော်မူကာ ဗုဒ္ဓါနုဿတိ ဘာဝနာနှင့် တကွ ဝိပဿနာ ဘာဝနာ တရားများကို ပွားများဆင်ခြင် ရှုမြင် အားထုတ်လေရာ မကြာမတင်သော အချိန်အတွင်းမှာပင် ရဟန္တာ အဖြစ်သို့ ရောက်တော်မူသွားလေသတည်း။ *(မဓုရရသဝါဟိနီကျမ်း၊ ကုဏ္ဍလီ ဝတ္ထုကို ကိုးကားသည်။)*

(င)

လူ၊ တိရစ္ဆာန်မဟူ ကျေးဇူးတရားကို သိတတ်သူက ကျေးဇူး ဆပ်ကြသည်ပင်။

အခွင့်အခါ မသင့်ပါသေးသဖြင့် တင်ရှိခဲ့ဖူးသော ကျေးဇူးကို ချက်ချင်း မဆပ်နိုင်သည့်တိုင် ဆပ်ခွင့်ကြုံ၍ ကျေးဇူးဆပ်နိုင်သော အနေအထားကို ရရှိပါလျှင် ကျေးဇူးဆပ်သင့်ကြပေသည်။

'ကျေးဇူးတင်ပါတယ်'လို့တော့ အလွယ်တကူ ပြောနေကြ သည်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတရားကို လျှာဖျားလေးနှင့် ပြောလိုက်ရုံမျှဖြင့် တာဝန် ကျေသွားသည်ဟု ထင်နေကြလေသည်။ စဉ်းစားကြည့်ပါ။ ကျေးဇူးတင်တယ် ဆိုကတည်းက တင်ရှိနေသော ကျေးဇူးကို ပြန်ဆပ်ရန် တာဝန်ရှိသွားပေပြီ။ ကျေးဇူးစကား အပြောများသော်လည်း ကျေးဇူးတရားကို သိသူကား ရှားပါးလေသည်။ တချို့မှု ကျေးဇူးကို သိသော်လည်း အကြောင်းကြောင်းကြောင့် မဆပ်နိုင်ကြပေ။

ကျေးဇူးတင်သူကို ကျေးဇူးရှင်အဖြစ် သိသည်ဆိုလျှင်ပင် ကတညုတာ မင်္ဂလာတော့ ရှိသွားပေပြီ။ အင်္ဂုတ္တိုရ် ဒုကနိပါတ် ဒေသနာ၌–

ကတညုတာ– သူပြုဖူးသော ကျေးဇူးကို သိခြင်း၊

ကတဝေဒီ – သိသော ကျေးဇူးကို ထုတ်ဖော်ပြောဆိုခြင်း သည်ပင် ခဲယဉ်းတရားနှစ်ပါး ဖြစ်ကြောင်း ဗုဒ္ဓဘုရားဟောကြားတော်မူထားပါ၏။

*ကျေးဇူးကိုသိပြီး*
*ကျေးဇူးဆပ်နိုင်ကြပါစေ . . .*

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## ခိုးသူသတ်ကြီးဘာဝမှ

## (၁)

**တမ္ဗဒါဌိက**

သူ့အမည်က 'တမ္ဗဒါဌိက'၊ သူ့အလုပ်က ပြစ်ဒဏ် ချမှတ်ခံရသူများကို သတ်ပေးရသည်။ သူ သည်အလုပ်ကို လွယ်လွယ်ကူကူ ရရှိခဲ့ သည်တော့မဟုတ်။ ပြစ်ဒဏ်ကြီးများကို ကျူးလွန်ပြီး သေဒဏ် ချမှတ်ခံရသူ ရာဇသတ်သား တစ်ချက်တည်းဖြင့် သေအောင် သတ်နိုင်စွမ်းရှိသည်။ သူ့ရုပ်ရည်ကို ကြည့်ဦး။ လူက ထောင်ထောင်မောင်းမောင်း၊ အရပ်က ခြောက်ပေ ကျော်သည်။ ဗလကလည်း ကောင်းသေးသည်။ သူ့မှာ ထူးခြားပြီးကြောက်စရာ ကောင်းသောမျက်လုံးများရှိသည်။ သူ၏မျက်လုံးသည် အရာဝတ္ထု တစ်ခုခုကို ထိုးဖောက်သွားလေမည်လား ထင်ရလောက်အောင် စူးရှသည်။ ကြောင်လည်း ကြောင်နေသေးသည်။ 'တမ္ဗဒါဌိက'အမည်ရတာက တော့ အလွန်စူးရှ တောက်ပြောင်သော မျက်လုံးများကြောင့် မဟုတ်ပါ။

နီကြောင်ကြောင် အရောင်ရှိသော မုတ်ဆိတ် ကျင်စွယ်များရှိသောကြောင့် သူ့ကို အနွတ္တသညာ(အဓိပ္ပါယ်ရှိသော) အနေဖြင့် 'တမ္ဗဒါဌိက' ဟု ခေါ်ကြခြင်းဖြစ်ပါ၏။

သူနေတာ ရာဇဂြိုဟ်၊ သူ့အလုပ်က သူသတ် တာဝန်၊ ဤတာဝန်ကို သူထမ်းဆောင်ခဲ့သည်မှာ နှစ်ပေါင်း ၅၅ နှစ်ကြာခဲ့ပါပြီ။ အသက်အရွယ် ရလာတော့ သေဒဏ် အပြစ်ချမှတ် ခံရသူကို တစ်ချက်တည်းဖြင့် အသေ မသတ်နိုင်တော့။ ဥပမာ– ဓားဖြင့် ခုတ်သတ်လျှင်လည်း တစ်ချက်တည်းဖြင့် မသေ၊ တုတ်ဖြင့်ရိုက်နှက်သော်လည်း တစ်ကြိမ်တည်းဖြင့် အသက် ထွက်အောင် မစွမ်းနိုင်တော့သောကြောင့် သူ့ကိုအနားပေးလိုက်သည်။ (သေဒဏ်ကျသူကို တစ်ချက်တည်းဖြင့် အသေ မသတ်နိုင်ပါက နှိပ်စက်သလို ဖြစ်နေသောကြောင့် ဟုဆို)

www.burmeseclassic.com

www.burmeseclassic.com



(၂)

တမ္ဗဒါဌိကသည် အလုပ်မှအနားယူပြီးနောက် အိမ်မှာပင် အေးအေးဆေးဆေး နေ၏။ တစ်နေ့သ၌ သူသည် 'နို့ထမင်း'ကို စားချင်လှသဖြင့် ချက်ပြုတ်ခိုင်းကာ မြစ်ဆိပ်သို့ ရေချိုးသွား၏။ ရေမိုးသန့်စင်ပြီး နို့ထမင်းစားသုံးရန် ပြင်ဆင်နေစဉ်မှာပင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး အိမ်ရှေ့တွင် ဆွမ်းလာရပ်လေ၏။ တမ္ဗဒါဌိက စဉ်းစားလိုက်သည်။

'ငါသည် နှစ်ပေါင်း ငါးဆယ်ကျော် သူ့အသက်သတ် လုပ်ငန်းကြီးကို ပြုလုပ်ခဲ့သည်။ အကုသိုလ်တွေ များလှသည်။ ကုသိုလ်ကောင်းမှုဆိုတာ ပြောပလောက်အောင် မရှိခဲ့ပေ။ ဒီနေ့တော့ဖြင့် ဆွမ်းဒါန တစ်ခု ပြုလိုက်မည်'

'အိမ်ထဲသို့ ကြွတော်မူပါဘုရား'

အရှင်မြတ်ကြီးအား နို့ဆွမ်း ကပ်လှူ၏။ အရှင်မြတ်ကြီးက ဆွမ်းဘုဉ်း ပေးပြီးသောအခါ ဆွမ်းဒါယကာ တမ္ဗဒါဌိကအား အနုမောဒနာတရား ဟောကြားတော်မူပါ၏။ သို့ရာတွင် 'ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့' ဆိုသလို အရှင်မြတ်ကြီး ဟောသော တရား တမ္ဗဒါဌိက နားသို့ ရောက်သော်လည်း နှလုံးသားအထိ မစွဲငြိရှာပေ။ တမ္ဗဒါဌိက၏ စိတ်အစဉ်တွင် အရိပ်ထင်နေတာတွေကတော့ ဓားများ၊ တုတ်များ၊ လှံများ၊ သွေးညှီနံ့များ၊ မချိမဆန့် အော်ဟစ်သွားသော လူသံများ စ,တာတွေကို မြင်ယောင် ကြားယောင်နေပေတော့သည်။ ဒါတွေ အာရုံတွင်ဖျောက်၍မရ၊ စိတ်နှလုံးတွင်ဖုံး၍မရ၊ ဖိ၍မရနိုင်အောင် မြင်ယောင်နေလေ၏။ သူ့ဘဝ တစ်သက်တာ ၅၅ နှစ်ကြာအောင် နေ့စဉ်မပြတ် သတ်ဖြတ်ခဲ့ရသော ပုံရိပ်တွေကိုသာ မြင်နေပါတော့၏။

'ဒါယကာ ... ငါဟောကြားသည့် တရားကို သဘောပေါက်ပါ၏လော'

'အရှင်ဘုရား ... တပည့်တော် တရားနာလို့ မရပါ။ အရှင်ဘုရား ဟောကြားတာတွေ နားက ကြားနေရသော်လည်း စိတ်

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားထဲ မရောက်ပါ။ တပည့်တော်၏ စိတ်အစဉ်မှာ အရိပ်ထင်နေတာတွေ ကတော့ ဓားတွေ၊ လှံတွေ၊ အော်ဟစ်သံတွေ၊ လူသေကောင်တွေ၊ ဒါတွေကို ဖျောက်မရအောင် မြင်ယောင် ကြားယောင်နေပါတယ် အရှင်ဘုရား။

ထိုအခါ အရှင်သာရိပုတ္တရာ ထေရ်မဟာသည် တရားနာသူ၏ စရိုက်သဘာဝကို အတွင်းကျကျ သိထားသည်ဖြစ်၍ တရားဟောပုံ ပုံစံပြောင်းလဲ ဟောကြားတော်မူ၏။ အထာသိမှ ဘယာ မငြိဘဲ ချမ်းသာသုခ ရနိုင်မည်မဟုတ်လော။

'ဒါယကာ ... သင်သည် သူ့အသက် သတ်ခြင်းဆိုတဲ့ ပါဏာတိ ပါတကံကို မိမိအလိုအတိုင်းပြုသလော၊ သူတစ်ပါး နိုင်း၍ ပြုသလော' ဟု မေးလိုက်လေသည်။

ထိုအခါ တမ္ဗဒါဠိက,က–

"အရှင်ဘုရား ... ၊ မင်းကြီး စေခိုင်း၍သာ ပြုလုပ်ရပါသည်' ဟုလျှောက်ထား၏။

'ဒါယကာ ... ဤသို့ဖြစ်လျှင် စေတနာ မပါဘဲ ပြုသော အမှု မည်သည် အပြစ် မရှိသည်ဟု သင်ခံယူပါသလော'

အရှင်မြတ်ကြီး၏ အမေးကို တမ္ဗဒါဠိက အားရကျေနပ်သွားသည်။ မှန်သည်။ သူ့မှာ အပြစ် မရှိပါ။ သူလုပ်ချင်၍ လုပ်ခဲ့သည် မဟုတ်။ နိုင်းစေချက်အရ ပြုခဲ့ရသည့်ကိစ္စအတွက် သူ၏ရင်ထဲမှာ ရှင်းလင်းသွားသလို ခံစားလိုက်ရသည်။ သို့ဖြစ်ပေရာ–

'အရှင်မြတ်ကြီးဘုရား ... တရားကို ဆက်လက်ဟောကြား ပေးတော်မူပါ' ဟုလျှောက်ထားလိုက်လေ၏။

'နတ္ထိပါပံ အကုဗ္ဗတော' စိတ်မပါဘဲ မကောင်းမှု ပြုမိသူကား အနာမရှိသောလက် အဆိပ် မတက်သကဲ့သို့ အပြစ် မရှိနိုင်ပါ။ စသည်ဖြင့် ပရိယာသဒေသနာဖြင့် သေချာကျန တရားဓမ္မ ဟောပြ ပေးတော်မူရာ လူဆိုးကြီး လူသတ်သမားကြီး တမ္ဗဒါဠိကသည် သောတာပတ္တိမဂ်ဉာဏ်နှင့် အနီးကပ်ဆုံးဖြစ်သော (သောတာပတ္တိမဂ် ဉာဏ်၏ ရှေ့ပြေးဖြစ်သော) 'အနုလောမိကဉာဏ်' (အနုလော မဉာဏ်)သို့ ဆိုက်ရောက်သွားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၃)

တရားထူး ရလွယ် သိမြင်လွယ်မှုနှင့် ပတ်သက်၍ ပြောစရာ မေးစရာတွေ့ရှိလာပါသည်။ တချို့အရက်သမားတွေက ဆိုကြသေးသည်။ သန္တတိ အမတ်ကြီးဟာ အရက်သောက်ရင်း ရဟန္တာဖြစ်သွားတာ မဟုတ်လား’ တဲ့။

သန္တတိ အမတ်ကြီးသည် အရက်မူးရင်း တရားထူး (ရဟန္တာအဖြစ်) ရရှိသွားတာကို သာဓကပြကာ အားကျသလို ပြောဆိုတတ်ကြသေးသည်။ သန္တတိကား ပါရမီရှင်ဖြစ်သည်။ ယခု ဘဝမှာပင် နိဗ္ဗာန် ဝင်မည့်သူဖြစ်သည်။ သူ၏ဘဝသည် နောက်ဆုံးဘဝ ပစ္ဆိမဘဝိကဖြစ်သည်။ ပစ္ဆိမ ဘဝိကပုဂ္ဂိုလ် နောက်ဆုံးလူ့ဘဝကို ရရှိထားသော ပုဂ္ဂိုလ်ဖြစ်သည်။ ထိုပုဂ္ဂိုလ်ကား ပစ္ဆိမ ဘဝိကသာ ‘သန္တတိ’–သင်တို့သည်ကား အရက်သမား၊ ‘ငတိ’ ဟူ၍ လှောင်ပြောင်သလို ကျီစယ် သလိုလိုနှင့် နစ်နစ်နာနာ ပြောလိုက်ရလေသည်။

ဗာဟိယဒါရုစိ (ခန္ဓာကိုယ်တွင် သစ်ခက်များ ပတ်ထားသူ) ကြီးသည်လည်း သူ့ကိုယ်သူ ပုဂ္ဂိုလ်ထူး (ရဟန္တာကြီး) အယောင်ဆောင်ပြီး လူတွေကို လှည့်ပတ် လိမ်ညာခဲ့သေးသည်။ လူတွေ၏ ကြည်ညိုမှုကို အလွဲသုံးစား ခံယူသည်။ လူတွေက ကြည်ဖြူစွာ ပေးကမ်း လှူဒါန်းကြသော ဝတ္ထုပစ္စည်းများကို ခံယူသုံးဆောင်ပြီး လိမ်ညာမှုတွေဖြင့် သာယာနေခဲ့လေသည်။

ဤသို့ဖြစ်ပါလျက် (သူငယ်ချင်းဖြစ်ခဲ့ဖူးသူ ဗြဟ္မာကြီး၏ ပို့ဆောင်မှုဖြင့်) ဗာဟိယဒါရုစိ ဗုဒ္ဓဘုရားထံမှောက် ရောက်ခဲ့ရသည်။ ဗုဒ္ဓဘုရား၏ အတိုချုပ် ဟောကြားပေးသော ‘ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၊ သုတေ သုတ မတ္တံ၊ ဝိညာတေ ဝိညာတ မတ္တံ’ မြင်လျှင် မြင်တဲ့နေရာမှာရပ်၊ ပြတ်လျှင်ပြတ်သည်။ ကြားလျှင် နံလျှင်၊ တွေ့ထိလျှင်၊ သိလျှင် ... ကြားတဲ့နေရာ၊ နံတဲ့နေရာ၊ စားတဲ့နေရာ၊ တွေ့ထိတဲ့နေရာ၊ သိနေတဲ့နေရာမှာ ... ရပ်။ ဖြတ်လျှင် ပြတ်သည်ဟူသော တရားတော်ကို နာယူပြီး ခိပ္ပာဘိညာ ရဟန္တာ ပုဂ္ဂိုလ်ဖြစ်သွားခဲ့ဖူးလေသည်။

ဆိုလိုသည်မှာ ရဟန္တာဟု လိမ်ညာလှည့်လည် သွားလာနေ

www.burmeseclassic.com

www.burmeseclassic.com



သူပင် ရဟန္တာဖြစ်ခဲ့သေးသည် မဟုတ်လောဟု စောကြော လိုကြခြင်း ဖြစ်သည်။ သို့သော် သူသည် နိဗ္ဗာန်ရောက်မည့် နောက်ဆုံးဘဝပုဂ္ဂိုလ် (ပစ္ဆိမ ဘဝိက)ဖြစ်သည်ကိုတော့ မမေ့ပါလေနှင့်။

သူသည် ဘဝများစွာ ပါရမီဖြည့်ကျင့်ဆည်းပူးခဲ့ပြီး ယခုဘဝတွင် နိဗ္ဗာန်ဝင်မည့် ပုဂ္ဂိုလ်ဖြစ်နေသည်။ ဤအကြောင်းအရာများကို သဗ္ဗညုတ ရွှေဉာဏ်တော်အစဉ်ဖြင့် ကြိုတင်သိမြင်တော်မူသော ဗုဒ္ဓဘုရားရှင်သည် ကိုယ်တော်တိုင် တရားဓမ္မ ဟောဖော်ပြကာ အမတ အမြိုက်ဆေး (မသေဆေး)ကို တိုက်ကျွေးတော်မူခြင်းဖြစ်ပါ၏။

လူပုဂ္ဂိုလ်ဘဝဖြင့် တရားထူးရကာ ရဟန္တာဖြစ်ကြသော်လည်း သူတို့ ကံမကောင်းခဲ့ကြပါ။ သူတို့ဆိုတာ ဗာဟိယဒါရုစိနှင့် တမ္ဗဒါဌိကတို့ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ရှေးအတိတ်ဘဝက အတူပြုခဲ့ကြသော မကောင်းမှု အကုသိုလ်ကံကြွေးကြောင့် နွားဝှေ့ခံရပြီး ကွယ်လွန် သွားကြရပါသည်။ နွားသည် ရိုးရိုးနွားတော့ မဟုတ်ပေ။ ဘီလူးက နွားယောင် ဆောင်ထားခြင်းသာ ဖြစ်ပါ၏။

(၄)

တမ္ဗဒါဌိကသည် နိဗ္ဗာန် မဝင်နိုင်ခဲ့ပါ။ နွားမ ဝှေ့၍ ကွယ်လွန်သောအခါ တုသိတာ နတ်ပြည်သို့ ရောက်သွားပါသည်။

ထိုစဉ်က ဤကိစ္စနှင့်ပတ်သက်၍ ရဟန်းလောကတွင် ပြဿနာ စကားတစ်ရပ် ပေါ်ပေါက်ခဲ့ပါသေးသည်။ ယင်းစကားရပ်ကား– 'မကောင်းမှု အကုသိုလ်ကံ(ပါဏာတိပါတကံ)တွေကို နှစ်ပေါင်းများစွာ ပြုလုပ်ထားသူဖြစ်ပါလျက် တရားတစ်ကြိမ် နာကြားလိုက်ရုံမျှဖြင့် တုသိတာ နတ်ပြည်ရောက်နိုင်ပါ့မလား' ဟူ၍ ဖြစ်ပါ၏။

ထိုပြဿနာကို ဗုဒ္ဓဘုရားက ဖြေကြား ရှင်းလင်းတော်မူပါ၏။

'ရဟန်းတို့ ... ဟောကြား ပေးသည့် တရားတော်ကို နည်းသည် များသည် တိုသည် ရှည်သည်ဟု အတိုင်းအရှည် ပမာဏဖြင့် မဆုံးဖြတ်ကြပါလေနှင့်၊ စကားတစ်ခွန်း (တရားတစ်ပုဒ်)သည်ပင်

www.burmeseclassic.com

www.burmeseclassic.com



အကျိုးစီးပွားနှင့် စပ်ယှဉ်ပါက အကျိုးတရား တိုးပွား ရရှိစေနိုင်၍ မြတ်သည်သာဖြစ်၏။

**သဟဿမပိစေဂါထာ၊ အနတ္ထ ပဒ**

**သညှာတာ။**

**ဧကံ ဂါထာပဒံ သေယျော၊ ယံ သုတွာ**

**ဥပ သမ္မတိ။**

**(ဓမ္မပဒ ဂါထာ ၁၀၀)**

အကျိုးမဲ့ဆောင်၊ ဂါထာ တစ်ထောင်၊ နားထောင် ချည်းနီး သာ။

ပူပင်ငြိမ်းချုပ်၊ ဂါထာ တစ်ပုဒ်၊ ဟောထုတ် နာကြားပါ။

အကုသိုလ်များပြား၊ ခိုးသူအား၊ ပို့ကြားတုတ်သိသာ။

**နိဂုံး**

တမ္ဗဒါဌိက ခိုးသူသတ်ကြီးသည် နှစ်ပေါင်းများစွာ (၅၅)နှစ် လူပေါင်းများစွာ သတ်ဖြတ်ပေးနေရသူပင် ဖြစ်သော်လည်း ဤဘဝ တွင် တရားထူး သိမြင်မည့် ပါရမီရှင် တစ်ဦးဖြစ်နေသည်။ သို့ဖြစ်၍သာ အရှင် သာရိပုတ္တရာ မထေရ်မြတ်ကြီးကလည်း နိရောဓ သမာပတ် ဝင်စားတော်မူရာမှ ထတော်မူလာပြီး သူ့ကို တွေ့ဆုံကာ တရား ဒေသနာ ဟောပြခဲ့ခြင်း ဖြစ်လေသည်။

ခိုးသူသတ်ကြီး (သူသတ်သမားကြီး)ဘဝမှ တရားဓမ္မ သိမြင် သုဂတိနတ်ပြည် တုသိတာဘုံသို့ ခိုလှုံသွားရသူဖြစ်၍ သူ့ကို လည်း 'အမျိုးမမှန်သော်လည်း အဖိုးတန်ပါသည်' ဟု ဆိုလိုက်ရခြင်း ဖြစ်ပါသည်။

ခိုးသူသတ်မှာလည်း ပါရမီ ပြည့်ဝနေတာတာသည်။

လူတိုင်းကိုမဆို၊ ပါရမီဖြည့်ကျင့်ခဲ့ဖူးရန် လိုပါသည်။

(ဓမ္မပဒ အဋ္ဌကထာ၊ သဟဿဝဂ်၊ တမ္ဗဒါဌိက ခိုးသူသတ် ဝတ္ထုကို ခြယ်မှုန်းပါသည်။)

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## သောကဇာရီ

ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်နေသည်။ သစ်ရွက်သစ်ခက်များကို လေတိုးသံသာ ကြားရသည်။ တစ်ခါတစ်ရံ၌သာ ဥသြငှက်၏ လွမ်းလွမ်းနင့်နင့် ကျူးရင့်မြည်တွန်သံ ကြားရသည်။ လေတိုးသဖြင့် သစ်ပင်ပန်းမန်များ ဘယ်ယိမ်းညာနွဲ့ သွဲ့သွဲ့သာသာ ယိမ်းကသည့်ပမာဖြစ်နေပါသည်။ လေအသွေးဝယ် မွှေးရနံ့ကြွယ်သော ပန်းပေါင်းစုံတို့၏ ရနံ့မျိုးစုံတို့ကလည်း မွှေးသည် မထင်တော့ပါ။ ဥဗ္ဗရီ၏ရင်ထဲမှာ သောကတွေ တနင့်တပိုးရှိနေသောကြောင့်ဖြစ်သည်။

သဘာဝကျပါသည်။ အလွမ်းရင်နှင့် သောကဖြင့် ဆွေးနေရသူအဖို့ ပတ်ဝန်းကျင် သဘာဝ အလှအပများကို မခံစားချင်တော့ပါ။ လေညင်းလေပြည်ကလည်း ဆွေးသူကို ဖေးကူ ပေးသလိုဖြစ်သည်။ ပန်းရနံ့မွှေးမွှေးတို့ကလည်း လွမ်းတမြမြ ဆွေးစေပါသည်။ ကျေးငှက်သာရကာတို့၏ အသံကလည်း အလွမ်းဓာတ်ခံ ရှိသူ၏ရင်မှာ အနာတရပင် ဖြစ်စေနိုင်ပါသေးသည်။

ပွဲတော်လည်း မတည်နိုင်၊ စက်တော်လည်း မခေါ်နိုင်သောဘဝမှာ အပျော်ဆိုတာ ဝေလာဝေး အတွေး ပင်လယ်ပြင်မှာ အဆွေးလှေငယ်နှင့် နေရတာကမှ ရင်မှာ သက်သာသလိုလို ရှိပါ၏။ တစ်နေ့မဟုတ် နေ့စဉ်ရက်ဆက် လွမ်းရတာရှည် ကြာခဲ့ပေပြီ။

ဥဗ္ဗရီ ရောက်နေသော နေရာကား ပန်းဥယျာဉ်တော့ဖြင့်မဟုတ်ပါ။ ရေမြေပိုင်နင်း ဘုရင်မင်းမြတ်၏ သချိုင်းတော် ဖြစ်ပါသည်။ သချိုင်းဟုပင် ခေါ်ရသော်လည်း သချိုင်းနှင့်မတူအောင် ပန်းမန်အလှတွေနှင့် ခြယ်သ မွမ်းမံထားသဖြင့် သာယာ လှပနေပါသည်။

ဤသင်္ချိုင်းထဲတွင် မောင်တော်သခင် ဘုရင်ဗြဟ္မဒတ်၏ ရုပ်ကလာပ် သွင်းထားတဲ့ဂူရှိသည်။ မည်သို့ဖြစ်စေ ဘုရင့်ကြင်ရာတော် ဥဗ္ဗရီ မိဖုရားအတွက် မောင်တော်သည် အမြဲရှိနေသည်။ ဥဗ္ဗရီသည် ရင်မှာ ကျိတ်ဆွေးရုံမျှဖြင့် အားမရနိုင်တော့ဘဲ နှုတ်မှပင် ခေါ်မြည် တမ်းတလျက် ရှိပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'မောင်တော် ဖြဟ္မဒတ္တ ... မောင်တော် ဖြဟ္မဒတ္တ နှမတော် ခေါ်နေတယ်လေ ... နှမတော်ကို ချစ်မြတ်နိုးလှချည်ရဲ့ဆို ... နှမတော်ရဲ့အဖြစ်ကို ကြည့်လှည့်ပါဦး မောင်တော်ရဲ့"

◆

ဈာန်အဘိဉာဉ်ရ ဘုရားလောင်း ရသေ့သည် ဟိမဝန္တာအနီး ကောအုပ် တစ်နေရာတွင် သီတင်းသုံးစဉ် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် သောကဒြောင့် စူးဝင်နေသော ဥဗ္ဗရီ မိဖုရားကို တွေ့မြင်လေ၏။

ရသေ့သည် ကောင်းကင်ခရီးဖြင့် ကြွလာတော်မူပြီး ဥဗ္ဗရီအား ...

'အို ... မိဖုရားငယ် သင်သည် အဘယ်မည်သော ဖြဟ္မဒတ္တ ကို ခေါ်မြည်တမ်းကာ မှန်းဆ တမ်းတပြီး ငိုကြွေးနေပါသနည်း' ဟု မေးလေ၏။

'အရှင်ရသေ့ ကျွန်ုပ်သည် စူဠမင်းကြီး၏သား ပဉ္စာလ တိုင်းသူပြည်သားတို့၏ အရှင်သခင် ဘုရင်မင်းမြတ်၏ ချစ်လှစွာသော မိဖုရား ဥဗ္ဗရီဖြစ်ပါသည်ဘုရား။ ကျွန်ုပ် မောင်တော် သခင်သည် ပြည်သူ အားလုံးတို့၏ အလိုဆန္ဒကို ဖြည့်ဆည်း ပေးလေ့ရှိသော မင်းကောင်း မင်းမြတ် တစ်ပါးဖြစ်သည်၊ ချစ်သူကို သာစေဆိုတဲ့ ဆန္ဒာဂတိ၊ မုန်းသူကို နာစေဆိုတဲ့ဒေါသ ဂတိ၊ တွေဝေသဖြင့် မပြုသင့် တာကိုပြုမိခြင်းဆိုတဲ့ မောဟ ဂတိနဲ့ ကြောက်လို့စိုးရင်ခြင်းဆိုတဲ့ ဘယာ ဂတိ ဤဂတိ လေးပါးကို မလိုက်စားခဲ့ပါဘုရား ...

မင်းကျင့်တရား ဆယ်ပါးနှင့်အညီ အလှူပေးခြင်းဆိုတဲ့ ဒါန တရား၊ သီလဆောက်တည်ခြင်း သီလတရား၊ ပေးကမ်းစွန့်ကြဲ ချီးမြှောက်ခြင်းဆိုတဲ့ ပရိစ္စာဂ ကိုယ်နှုတ် နူးညံ့သိမ်မွေ့ခြင်းဆိုတဲ့ မဒ္ဒ တရား၊ ဥပုသ်သီလဆောက်တည်ခြင်းဆိုတဲ့ ဥပေါသထ တရား၊ အမျက်ဒေါသ မကြီးမားခြင်းဆိုတဲ့ အက္ကောဓ တရား၊ ရဟန်းရှင်လူ တိုင်းသား ပြည်သူတို့နှင့် မဆန့်ကျင်ခြင်းဆိုတဲ့ အဝိရောဓ တရား၊

www.burmeseclassic.com



တိုင်း သား ပြည်သူတို့အား မညှဉ်းဆဲခြင်းဆိုတဲ့ ခန္တီတရား၊ ဖြောင့်မတ် မှန်ကန်စွာ အုပ်ချုပ်ခြင်းဆိုတဲ့ သမ္မာပဋိပန္နတို့နှင့် ပြည့်စုံပါသည် ဘုရား'

'ကျွန်ုပ်နှင့် မင်းဖြပ္ပဒတ် မည်သို့ဆက်စပ် နန်းရပ်သို့မှီ နတ် စည်းစိမ်ခံစားကြပုံမှအစ အလုံးစုံကို အကုန်အစင် ကျွန်ုပ် လျှောက်တင် ပြပါမည်ဘုရား၊ သည်းခံ၍ ရွှေနား နှစ်ဆူ ပန်ဆင်တော်မူပါ ...

ကျွန်ုပ်နှင့် စတွေ့ကြတော့ မင်းဖြပ္ပဒတ်သည် အပ်ချုပ် သမား အဖြစ်နှင့်ပါဘုရား၊ မိခင် မုဆိုးမနှင့် အတူနေသော ကျွန်ုပ်တို့ ထံရောက်လာပြီး တည်းခိုခဲ့ပါသည်ဘုရား၊ အဲဒီမှာတင် ကျွန်ုပ်ကို မြင်တွေ့သောအခါ စက္ကုရှုပေန သံဝါသာ ရာဂ ပုတ္တံ ဝိဇာယတိ ဖြစ်ပြီး မြင်မြင်ချင်းပင် ချစ်ခင်စုံမက် နှစ်သက်တော်မူသဖြင့် မိခင် မုဆိုးမကြီး ကို အကြောင်းစုံ မေးပြီး တော်ကောက်တော် မူခဲ့ပါသည်ဘုရား ...

မြို့တော်နှင့် ကျွန်ုပ်တို့ နေထိုင်ရာ ဆက်သွယ်ထားတဲ့လမ်းကို ရာဇမတ်တွေကာကာ သဲဖြူတွေခင်းပြီး မင်းခမ်းမင်းနားဖြင့် ကြွရောက်လာပြီးတော့ ရွှေဒင်္ဂါး ငွေဒင်္ဂါးပုံတွေပေါ်မှာ ကျွန်ုပ်ကို တင် ထားပါသည်ဘုရား၊ ပြီးတော့ ကျွန်ုပ်ကို ရွှေရည် ငွေရည်တို့ဖြင့် ရေချိုး ပေးပြီး ဥဗ္ဗရီ မိဖုရားဟု မည့်ခေါ်စေကာ တော်ကောက်မြှောက်စားခဲ့ ပါသည်ဘုရား ...

ဤသို့ဖြင့် ကျွန်ုပ်တို့ မင်းနှင့် မိဖုရား စည်းစိမ်တွေကို ပျော် ပျော်ပါးပါး ခံစားလို့မှ ကြာသည် မထင်မိသေးပါဘုရား၊ ကျွန်ုပ်၏ မောင်တော် သခင်သည် ကျွန်ုပ်ကို ခွဲခွာကာ သွားပါတော့သည်ဘုရား၊ အားကိုးရာမဲ့ရသည့် ကျွန်ုပ်သည် မောင်တော် အသက်ထင်ရှား ရှိနေ သလိုပင် ထင်မိပါသည် ...

ဒါကြောင့် ဤနေရာသို့ နေ့စဉ် လာရောက်ပြီး မောင်တော် ကြိုက်နှစ်သက်သော ကောင်းနိုးရာ စားသောက်ဖွယ်ရာတွေနှင့် ပန်းနံ့ သာများကို ပွဲတော်တည်နိုင်ရန် စိတ်တော် ရွှင်ပျစေရန် ဆက်သပေး နေရပါသည် အရှင်ဘုရား'

အရှင်ရသေ့သည် ဥဗ္ဗရီ၏ရင်တွင်း စူးဝင်နေသော သောက

www.burmeseclassic.com



ကြောင့်ကို ရွတ်ပေးရန် လာရောက်ခြင်းဖြစ်၏။ မှန်ပေသည်။ စိုးရိမ်သောက ဖျာပါရဟူသည့် မီးဖြစ်သည်။ ပကတိ ပြင်ပမှာ လောင်သောမီးသည် ငြိမ်းသတ်ရန် လွယ်ကူသော်လည်း ရင်ထဲတွင် တငွေ့ငွေ့ဖြင့် တမြည့်မြည့်လောင်မြိုက်နေသော သောကမီးကား ပူပြင်းလှဘိသည်။ ငြိမ်းသတ်ရန် ခဲယဉ်းလှဘိ၏။ မီး (၁၀)ပါးတွင် အပါအဝင်ဖြစ်ပေသည်။

'ကောင်းပြီ ဥဗ္ဗရီ ... သင်၏ရင်ထဲတွင် လောင်မြိုက်နေသော သောကမီးကို ငြိမ်းသတ်ပေးရန် ငါရောက်လာခြင်း ဖြစ်ပေသည်။ ဟောဒီ သချိုင်းမှာပင် ဗြဟ္မဒတ္တဆိုတဲ့ မင်းအပေါင်း ရှစ်သောင်းခြောက်ထောင်တို့ကို သင်္ဂြိုဟ်မြှုပ်နှံခဲ့ဖူးပေပြီ၊ သင်၏ မောင်တော်ဆိုတဲ့ ဗြဟ္မဒတ္တသည် နောက်ဆုံး တစ်ယောက် ဖြစ်ချေသည်၊ သင်ဥဗ္ဗရီသည်လည်း အားလုံးသော ပဉ္စာလတိုင်းသား ဗြဟ္မဒတ္တမင်းများ၏ မိဖုရား ဖြစ်ဖူးရခဲ့လေပြီ၊ ယခုလို နောက်ဆုံးဖြစ်တဲ့ ဗြဟ္မဒတ္တကိုသာ တမ်းတ ပူဆွေး အော်မြည် ငိုကြွေးနေခြင်းမှာ တရားမျှတ ပါမည်လော ...

လူတို့သည် နိဗ္ဗာန် မရမီ စပ်ကြား ဘဝများစွာ သံသရာမှာ ကျင်လည်ခဲ့ရဖူးပေပြီ၊ အဝိဇ္ဇာဆိုတဲ့ အသိမှန် အမြင်မှန်ကို ဖုံးကွယ်သော တရားဆိုးက အမှောင် ချထားခံရသဖြင့် မသိမမြင်ကြခြင်းဖြစ်ပေသည်၊ သင် ဥဗ္ဗရီ အသိဉာဏ်ယှဉ် ဆင်ခြင်ပါလော့၊ သံသရာဘဝခရီး၏ ကြမ်းတမ်းပုံ၊ ဘဝမျိုးစုံဖြင့် ဒုက္ခတွေ ခံစားပြီး ကျင်လည်နေရပုံတို့ကို နှလုံးသွင်းပါလော့'

◆

ရှင်ရသေ့၏ သောကငြိမ်းအေး တရားဆေးကို သောက်သုံးရပါသဖြင့် ဥဗ္ဗရီ၏ ရင်ထဲတွင် စွဲဝင် လောင်မြိုက်နေသော သောကမီးများ ငြိမ်းအေးသွားလေတော့သည်။ ဥဗ္ဗရီသည် အရှင်ရသေ့အား ကျေးဇူးရှင်အဖြစ် ကျေးဇူးတင်စွာ ကန်တော့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဥဗ္ဗရီသည် ဘိက္ခုနီဝတ်ကာ မေတ္တာ ကမ္မဋ္ဌာန်း တရားများ စီးဖြန်း ပွားများလေရာ ပုံလွန်သောအခါ ဗြဟ္မာပြည်သို့ ရောက်ရှိသွားလေသည်။

ကျမ်းကိုး

ပေတဝတ္ထု၊ ဥဗ္ဗရီပေတ ဝတ္ထု၊

သုတ်ပါထေယျ ပါဠိ၊

အသီတိနိပါတ်၊ မဟာဟံသ ဇာတ်

အဋ္ဌကထာ၊ ဆက္ကနိပါတ်၊ နန္ဒိဇာတက

အဋ္ဌကထာ။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## တိရစ္ဆာန်လောက်တောင် ကျေးဇူး မသိတတ်ဘူး

(က)

လူ၊ တိရစ္ဆာန်မဟူ ကျေးဇူးသိတတ်သူက သိတာပါပဲ။ အသိဉာဏ်ရှိပါတယ်ဆိုတဲ့ လူဖြစ်ပြီး တိရစ္ဆာန်လောက်မှ ကျေးဇူး မသိတတ်သူတွေကလည်း တစ်ပုံကြီးပါပဲ။ ဒါကြောင့် ပညာရှိတွေက 'တတ်သိသူထက် သိတတ်သူက ပို၍တန်ဖိုးရှိပါသည်'လို့ ဆိုကြပေတာပဲ။ သစ္စာရှိတဲ့နေရာမှာလည်း လူထက် တိရစ္ဆာန်က ပိုမိုနေတာကို တွေ့ရပါတယ်။ ခွေးတွေမွေးတဲ့ မိတ်ဆွေကြီး တစ်ယောက်က သူ့ရဲ့အတွေ့အကြုံ ဒဿနကို ဒီလိုဖွင့်ဆိုခဲ့ပါတယ်။

'လူကို အိမ်စောင့်ခိုင်းရင် စိတ်မချရဘူး၊ ခွေးကို အိမ်စောင့်ထားခဲ့ရတာ ပိုပြီးစိတ်ချရပါသတဲ့'

သူဟာ နှစ်ပရိစ္ဆေဒများစွာ ခွေးတွေကို မွေးမြူရာမှ ရခဲ့တဲ့ ဒဿနပါ။ ကြိုက်ရင်လည်းယူပေါ့၊ မကြိုက်ရင်လည်း လွတ်လပ်စွာ သဘော ကွဲလွဲနိုင်ပါတယ်။

*'သူတော်မဟုတ် သူယုတ်မာတို့နဲ့ ပေါင်းသင်း ဆက်ဆံရတာ ဆင်းရဲပါတယ်။ ချိုမြိန်တဲ့ပျားရည် လောင်းပေမယ့် တမာပင်ဟာ မချိုပါဘူး။ မသူတော်ကိုပြုတဲ့ ကျေးဇူးဟာလည်း အချည်းအနှီးပါပဲ၊ မြွေပွေးကို နို့တိုက်ကျွေး မွေးမြူပေမယ့် လူကိုသေစေတဲ့အဆိပ်ပဲ ထွက်လာမှာပါ။ မိမိမွေးတဲ့မီးဟာ မိမိကို လောင်မြိုက်စေတတ်သလို သူယုတ်မာဟာလည်း ကျေးဇူးရှင်ကို လောင်ကျွမ်းစေပါတယ်။ ဒါကြောင့် ပညာအမြော်အမြင်နဲ့ ဆင်ခြင်ပြီး မိတ်ဆွေကောင်းကို ရှာသင့်ပါတယ်။ မိတ်ဆွေကောင်း မိတ်ဆွေစစ် မရှိရင်လည်း ချမ်းသာသုခကို မရနိုင်ပေဘူး"*

(ခ)

ရှေးက ဇမ္ဗူဒိပ်ကျွန်း(ခေါ်) အိန္ဒိယနိုင်ငံကြီးမှာပါ။ အဲဒီတုန်းက ရာသီဥတု ဖောက်ပြန် ဆိုးရွားလွန်းလို့ ကန်၊ ချောင်း၊ ဆည်မြောင်းက ရေတွေ အကုန်ခန်းခြောက် ကုန်ပါတယ်။ ရေအသက် ယစ်မနက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရိုး စကားအတိုင်း အသက်ရှင် ရပ်တည်ဖို့အတွက် ရေကို ခက်ခက်ခဲခဲ ရှာဖွေနေကြရပါသည်။ တံလျှပ်ကို ရေထင် အမြင်မှောက်မှားပြီး ချောက်ကြားထဲ ကျသွားတဲ့သူတွေလည်း ရှိရဲ့။ အဲဒီမှာ မြွေနဂါး တစ်ကောင်ဟာ အတောင် (၆၀)နက်တဲ့ တွင်းထဲမှ ရေအနံ့ရပြီး တွင်းထဲသို့ ဆင်းရာ ပြန်မတက်နိုင်တော့ပါ။ ကျေးသားငှက် တစ်ကောင်နဲ့ လူတစ်ယောက်ဟာလည်း ရေရှာရင်း အဲဒီတွင်းထဲသို့ ကျသွားပါတယ်။ တွင်းကြီးထဲမှာ နဂါးရယ်၊ ကျေးသားရယ်၊ လူသား တစ်ယောက်ရယ် သုံးဦးသားတွေ့ကြတာပေါ့။ ဒုက္ခသည်ချင်းဖြစ်လို့ တစ်ဦးကို တစ်ဦး ရန်မမူကြပါဘူး။ ဒုက္ခတွေ့ကြုံနေရတဲ့အခါ ဒုက္ခသည် အချင်းချင်း ရိုင်းပင်းတဲ့ သဘောထား ရှိကြရပါတယ်။

ဗာရာဏသီမြို့သား တစ်ယောက် ရောက်လာပြီး သူတို့သုံးဦးကို တွေ့မြင်တဲ့အခါ နွယ်ကြိုးချကာ ကယ်ဆယ်လိုက်ပါတယ်။ သူဟာ သူတို့သုံးဦးရဲ့ အသက်သခင် ကျေးဇူးရှင်ပါ။ လူ၊ ငှက်၊ နဂါး သုံးဦးသားတို့ဟာ ဗာရာဏသီပြည်သားကို ကျေးဇူးတင် စကား ပြောကြားပြီး သူတို့ရဲ့နေရပ်အသီးသီးကိုလည်း ပြောကြားလိုက်ကြပါတယ်။ အကူအညီလိုအပ်ပါက ပြောပါလို့လည်း ဖိတ်မန္တက ပြုလိုက်ကြသေးရဲ့။

(၈)

ကျေးသားက ဗာရာဏသီမြို့၊ တောင်ဘက် တံခါးဝက ပညောင်ပင်ကြီးမှာ နေပါတယ်။ မြွေနဂါးကတော့ ပညောင်ပင်ကြီးနဲ့ မနီးမဝေးမှာရှိတဲ့ တောင်ပို့ကြီးထဲမှာ နေပါတယ်။ လူပုဂ္ဂိုလ်ကတော့ ဗာရာဏသီမြို့တွင်းမှာ နေထိုင်ပါတယ်။

တစ်နေ့သော်–

လူ၊ ငှက်၊ နဂါး သုံးဦးသားတို့ရဲ့အသက်ကို ကယ်ဆယ်ခဲ့တဲ့ ဗာရာဏသီပြည်သား ကိုဖြူ ဆိုပါစို့။ ကိုဖြူဟာ သူတို့ မိသားစုရဲ့ စားဝတ်နေရေး အကျပ်အတည်း ကြုံတွေ့နေသဖြင့် အကူအညီ တောင်းရန် ဖိတ်မန်ထားတဲ့အတိုင်း ကျေးသားထံ သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပဒေါင်ပင်ကြီး အောက်ကနေပြီး 'အဆွေ ကျေးသား'လို့ ခေါ်လိုက်တဲ့အခါ ကျေးသားဟာ ဒေါင်ပင်ကြီးပေါ်က ဆင်းလာကာ

'မိတ်ဆွေ ကျေးသား ... အခုမှပဲ ပေါ်လာတော့တယ်။ အဆွေရဲ့ ကျေးဇူး ကြီးမားမှုကို အမြဲသတိရနေပါတယ်။ ကဲ ... ဒီကိုလာတဲ့ အကြောင်းရင်းကိုလည်း ပြောပါဦး' လို့ မေးလိုက်ပါတယ်။

'အဆွေ ကျေးသား ... ငါ့မှာ အသက်မွေးဖို့ အခက်တွေ့နေလို့ပါ။ မိသားစု စားဝတ် နေရေး မပြေလည်ဘူး။ အဲဒါသင့်ကို အားကိုးပြီး လာခဲ့တာပဲ'

'ဩော် ... အဆွေကျေးဇူးရှင်၊ သင်ဟာ ငါ့ရဲ့အသက်ကို ကယ်တင်ခဲ့သူပေပဲ၊ ကူညီရမှာပေ့ါ။ ဒီမှာ ခဏစောင့်နေပါ'

ကျေးသားဟာ ကောင်းကင်သို့ ပျံတက်သွားပြီး ဗာရာဏသီမင်းရဲ့ ဥယျာဉ်တော်သို့ ရောက်သွားတယ်။ မင်းကြီးဟာ မင်းဝတ်တန်ဆာတွေ ချွတ်ပြီး မင်္ဂလာ ရေကန်တော်ထဲမှာ ရေကစား နေပါတယ်။ ကျေးသားဟာ မင်းကြီး ချွတ်ထားတဲ့ လက်ဝတ် ရတနာတော်တွေထဲက ပုလဲသွယ် ရတနာကို ကိုက်ချီပြီး ကျေးဇူးရှင် ယောက်ျားကိုဖြူရဲ့လက်ထဲ ထည့်ပေးကာ 'သတိနှင့် သုံးပါ' ဆိုလျက် ပျံသန်းသွားပါတော့တယ်။

(ဃ)

ကိုဖြူဟာ ကျေးသားပေတဲ့ ဘုရင့်ပုလဲသွယ် ရတနာကို ယူဆောင်ကာ သားမယားထံ မအပ်နှံသေးဘဲ ဗာရာဏသီပြည်သား (တွင်းကြီးထဲနေစဉ် အသက်ကယ်ပေးခဲ့သူ)ထံ ခေတ္တသိမ်းဆည်းထားရန် ပေးထားလိုက်တယ်လေ။ ဒါဟာ သူ့ရဲ့မဟာ အမှားပါပဲ။

ဘာဖြစ်လို့လဲဆိုတော့–

ဗာရာဏသီမင်းက 'သူ့ရဲ့ပုလဲသွယ် ရတနာ ပျောက်ဆုံးသွားကြောင်း၊ ရှာဖွေဖော်ထုတ် ပေးနိုင်သူအား ဆုတော် လာဘ်တော်ငွေများ ပေးမည်ဖြစ်ကြောင်း ကြေးနန်းမောင်း တီးခတ်ကာ ကြေညာခိုင်းနေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ကိုဖြူရဲ့ ပုလဲသွယ် ရတနာ ခေတ္တသိမ်းဆည်းထားတဲ့ ဗာရာဏသီပြည်သားဟာ အဲဒီကြေညာချက်ကို ကြားသွားပြီး အသက် ကယ်ဆယ်ပေးခဲ့တဲ့ ကျေးဇူးတရားကို မငဲ့ကွက် ဘုရင်ပေးမယ့် လာဘ်လာဘကို မက်မောကာ ဖော်ကောင် လုပ်လေတော့တယ်။

'ဒီပုလဲသွယ် ရတနာကို ကိုဖြူထံမှ တွေ့ရှိပါကြောင်း၊ ကိုဖြူဟာ ဒီပုလဲသွယ်ကို ခိုးယူတဲ့ ပုလဲ သူခိုး ဖြစ်ပါကြောင်းပေါ့လေ'

မင်းကြီးဟာ ပုလဲ သူခိုး အစွပ်စွဲခံရတဲ့ ကိုဖြူအား မြို့တောင်ဘက် တံခါးမှာ တံကျင်လျှို ထိုးသတ်စေလို့ အမိန့်တော်မှတ်လိုက်ပါပြီ။ ကိုဖြူဟာ မြို့တောင်ဘက် နဂါးနေရာ တောင်ပို့နား ရောက်တဲ့အခါ 'အဆွေနဂါး'လို့ အချက်ပေးလိုက်ပါတယ်။ နဂါးဟာ တောင်ပို့ထဲက ထွက်လာပြီး မိမိရဲ့ ကျေးဇူးရှင် ယောက်ျားကို မင်းချင်းများ ဖမ်းဆီးခေါ်ဆောင်သွားတာ မြင်တဲ့အခါ နဂါးအသွင် ဖျောက်လျက် လုလင်ပျိုအသွင် ဆောင်လိုက်ပါတယ်။ ပြီးတော့–

'မင်းချင်းတို့ ... ဒီယောက်ျားကို ချက်ချင်း မသတ်ကြပါနဲ့၊ ခေတ္တ ဆိုင်းငံ့ပေးပါ' လို့ တားဆီးထားပြီး ချက်ချင်း နန်းတော်တွင်းသို့ ဝင်ကာ မြွေနဂါး အသွင် ပြောင်းလဲပြီး မိဖုရားကြီးကို ကိုက်ခဲလိုက်ပါတော့တယ်။

မိဖုရားကြီး မြွေဆိပ်တက်ပြီး မေ့မြောနေစဉ်မှာပင် နဂါးဟာ လူအသွင် ပြန်ယူပြီး 'ဟောဒီ အဖမ်းခံထားရတဲ့လူဟာ မြွေဆိပ်ဖြေနိုင်သူ ဖြစ်ပေတယ်' မင်းကြီးနဲ့ မင်းချင်းများ ကြားအောင် အော်ပြောလိုက်ပါတယ်။

နဂါးဟာ ကျေးဇူးရှင် ယောက်ျား(ကိုဖြူ)ထံ ပြန်လာပြီး သူ့ရဲ့ အစီအမံကို ပြောပြတယ်။

'ဒီလို ... ဒီလို စီမံထားတယ်။ မိဖုရားကြီး ဆေးကုသခံရန် လာတဲ့အခါ ရေတစ်ခွက် တောင်းပြီး မိဖုရားကြီးရဲ့ကိုယ်ပေါ် ဖျန်းလိုက်ပါ။ သူ့အလိုလို မြွေဆိပ်ပြေပြီး ကောင်းသွားပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



(င)

နောက်ဆုံးမှာ မြွေဆိပ်တက် မေ့မြောနေတဲ့ မိဖုရားကြီးလည်း မြွေဆိပ်များ ပြေပျောက်ကာ ကျန်းမာ ပကတိ ချမ်းသာစွာရှိသွားပါတယ်။ မင်းကြီးဟာ ဆေးကုသပေးသူ ကိုဖြူအား ကျေးဇူးတင်လွန်းလို့ အပြစ်မှ ကင်းလွတ်ခွင့်ပေးရုံမျှမက ဆုလာဘ်တော်များကိုပါ ချီးမြှင့်လိုက်လေတော့တယ်။ ကိုဖြူကလည်း သူ့ရဲ့ဖြစ်ကြောင်းကုန်စင် ဖြစ်ရပ်မှန် ဇာတ်လမ်းကို မင်းကြီးအား ပြောပြလိုက်ပါတယ်။

တစ်ခါတစ်ရံမှာ အဟိတ် တိရစ္ဆာန်ဖြစ်တဲ့ ကျေးသား၊ နဂါးတို့က ကျေးဇူးသစ္စာကို စောင့်သိရုံမျှမက ပြန်လည်အကူအညီပေးကြတယ်။ အသိဉာဏ်ထွား လူသားဆိုတဲ့ ပုဂ္ဂိုလ်က ကျေးဇူးကို မသိရုံမျှမက ကျေးဇူးသစ္စာ တရားကို ချေဖျက်ကာ မလုပ်သင့်တာတွေ လုပ်သွားခဲ့တယ်လေ၊

ဗာရာဏသီ မင်းကြီးဟာ ကိုဖြူအား ကြည်ညို လေးစားသွားရုံမျှမက အိမ်ကြီး အိမ်ကောင်း ဆောက်လုပ် ပေးစေပြီး လက်ဆောင်ပဏ္ဏာတော်တွေပါ များစွာပေးအပ် ဆောင်နှင်းလိုက်တယ်။ ကိုဖြူဟာ သူရဲ့အိမ်ကြီးကို ကျေးသားနေတဲ့ ပညောင်ပင်ကြီးနဲ့ နဂါးနေတဲ့ တောင်ပို့ကြီး အကြားမှာ ဆောက်လုပ်လိုက်ပါတယ်။ သူတို့ မိတ်ဆွေသုံးဦးတို့ဟာ ရာသက်ပန် ချစ်ကြည် ပျော်မွေ့စွာ နေထိုင်သွားကြပါသတဲ့။

* စိတ်ဓာတ် ကျချင်သလောက် ကျပါစေ ကျေးဇူးတရားကို နှိမ့်ချ ချေဖျက် မပစ်ပါနဲ့။

* ကိုယ်လက်အင်္ဂါတွေ ပျက်စီးချင် ပျက်စီးသွားပါစေ ကိုယ်ကျင့်သိက္ခာ မပျက်စီးပါစေနဲ့။

* စီးပွားဥစ္စာမနေတွေ ယိုယွင်း ပျက်သုဉ်း သွားချင် သွားပါစေ မိတ်ကောင်း ဆွေကောင်းကို ဆုံးရှုံး မခံပါနဲ့။

<u>ကိုးကားမှု</u>

* မဓုရသဝါဟိနီကျမ်း၊ တိတ္ထံဇနောန် ဝတ္ထု၊
  ဦးအောင်မွန် ဘာသာပြန်။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## နှစ်ယောက်သား တွေ့ကြတဲ့အခါ

### (က)

ပါပသ္မိံ ရမတိ မနော– စိတ်ဟာ မကောင်းမှုမှာ မွေ့ပျော်ပါသတဲ့။ မကောင်းမှု ဆိုတာကလည်း နယ်ပယ် ကျယ်ဝန်းလှပါတယ်။ အကျိုးမပြုဘဲ အဆိုးပြုတာဟာ မကောင်းမှုပါဘဲ။ အပြုမဖက်၊ အဖျက်သဘော သက်သက်ဟာလည်း မကောင်းမှုပါပဲပေါ့။ မိမိတို့ဟာ မကောင်းမှုလို့ သတ်မှတ်ထားတဲ့ ကိစ္စတွေမှာ ဘယ်လောက်ယစ်မူး ပျော်မွေ့နေကြသလဲ။ မကောင်းမှုနဲ့ ကောင်းမှုဟာ ရေစုန်၊ လေစုန်နဲ့ ရေဆန်၊လေဆန် သဘောပါပဲ။ မကောင်းမှုဟာ ရေစုန်၊ လေစုန်နဲ့ တူလေတော့ သက်သက် သာသာလေး အလိုက်သင့် မျောပါသွားရုံပါပဲ။ အဲ ... ရေဆန်၊ လေဆန်နဲ့ တူတဲ့ ကောင်းကျိုးပြု ကောင်းမှုကိစ္စတွေ ကတော့ အတော် ကြိုးစားယူမှ ရနိုင်တတ်ပါတယ်။

မကောင်းမှု (သို့မဟုတ်) အကုသိုလ် (သို့မဟုတ်) ဒုစရိုက်တွေဟာ ဘုရားက သတ်မှတ်ထားလို့ ဖြစ်နေတာလား။ မဟုတ်ပါဘူး၊ ဘုရား မဟောလည်း မကောင်းတဲ့ သဘောတရားတွေက မကောင်းကျိုးပေးမှာပါဘဲ။ ဗုဒ္ဓဘုရားဟာ တကယ့်အရှိတရားတွေကို လူသားတွေသိအောင် ဖော်ထုတ် ပေးတော်မူတာပါ။ ဆိုလိုတာကတော့ ဘုရားဟောလို့ တရားသဘောတွေ ရှိနေတာ မဟုတ်ဘူး။ ပကတိအားဖြင့်ဖြစ်တည်ရှိနေတဲ့ တရားတွေကို ဘုရားက ဟောကြား ပေးထားတာပါ။ မကောင်းမှုဆိုတာ ဘာတွေ့၊ ဘာတွေပါဆိုတာကိုတော့ အကျယ်ဝိတ္ထာရ ချဲ့ပြဖို့လိုမယ် မထင်ပါဘူး။ မိမိတို့ပတ်ဝန်းကျင်မှာ အထင်အရှား တွေ့မြင်နိုင်ပါတယ်။

ကျွေးလို့ စားရတာထက် ခိုးစားရတာက ပိုပြီးအရသာရှိတယ်လို့ ထင်ကြပါတယ်။ မြက်ခင်းပေါ် မဖြတ်ရ ဆိုရင် ဖြတ်သွားချင်တယ်။ ရေမကူးရ ဆိုရင် ဆင်းကူးကြည့်ချင်တယ်။ ကွမ်းတံတွေး မထွေးရဆိုတဲ့ နေရာကို ပစ်ခနဲ ထွေးချလိုက်တယ်။ အမှိုက် မပစ်ရဆိုတဲ့နေရာမှာ အမှိုက်တွေ ပုံနေတယ်။ ဒါတွေဟာ ဘာကို ပြောသလဲဆိုရင် မလုပ်နဲ့ ဆိုတဲ့ ကိစ္စကို လုပ်ချင်တဲ့ လူ့ရဲ့ဉာဉ်ပဲ၊ လူ့ရဲ့စရိုက်ပဲ၊ ဒီဉာဉ်

www.burmeseclassic.com

www.burmeseclassic.com



ဒီစရိုက်တွေ နောက်ကို မလိုက်ဘဲ စိတ်ကို ပြင်လိုက်ရင် သတိနဲ့ ဆင်ခြင်နေလိုက်မယ်ဆိုရင် လူဆိုတာ လူကောင်း ဖြစ်နိုင်တော့တာ ပါပဲ။ လူဆိုးနဲ့ လူကောင်းဟာ သိပ်ပြီး မဝေးကွာပါဘူး။

(၁)

'ရာဂဟူသည်၊ လွန်မူမရှိ၊ ထိုကျင့်သိသော်၊ ဣတ္ထိပုရိသ၊ မိန်းမး,ယောကျ်ား နှစ်ပါးကွယ်ရာ၊ တွေ့ကြုံခါနိုက်၊ ဂုဏ်ဝါမျိုးဇာတ် ထူးမမှတ်ဘူး၊ ယုတ်မြတ်ဆင်းရွယ်၊ ရွေးချယ်မပြု၊ ဉာဏ်မရှုနိုင်၊ မေထုနကာ၊ သံသဂ္ဂဖြင့်၊ ကာမ အကျင့်၊ ရတိုင်းသင့်၏' (မဃဒေဝ၊ အပိုဒ်–၃၂၅)

'အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ' ဆိုတဲ့ စကားကတော့ ရိုးသွားပါပြီ။ စကားက ရိုးသွားပေမယ့် ရိုး,မသွားတာ ကတော့ စကားရဲ့နောက်ကွယ်က ဥပမာဆောင်တဲ့ အဓိပ္ပါယ်တွေပါပဲ။ ဖြစ်ရပ်တွေပါပဲ။ လျှပ်စစ်မီးတောင်မှ ဖိုဓာတ်၊ မ,ဓာတ် သဘောတွေ ရှိနေတယ်လေ။ အားလုံး သိကြပြီးသား။ ဓာတ်မတူရင် မီးပွင့်တယ်၊ ဓာတ်တူရင် ရှော့ဖြစ်တယ်။ ဒါက အရပ်ထဲမှာ ပြောကြားလေ့ ရှိကြတဲ့ အရပ် စကားတွေပါ။

ဘာပဲဖြစ်ဖြစ် ယောကျ်ားနဲ့ မိန်းမဟာ ကမ္ဘာဦး အစ ကတည်းက သံဝါသပြုကြလို့ လူတွေ တစ်စ,တစ်စ များပြားလာတဲ့ ကိစ္စကို ဘယ်သူမှ မငြင်းဆိုနိုင်ပေဘူး။ နိယာမ တရား တစ်ခုလို့တောင် ပြောနိုင် ပေလိမ့်မယ်။ ဒါပေမယ့် ကန့်သတ်ချက် ဆိုတာတွေရှိတယ်။ လူမှုဓလေ့ ထုံးစံဆိုတာ လူသားတိုင်း၊ လူမျိုးတိုင်းမှာ ရှိနေတယ်လေ။ သူ့လူမျိုး၊ သူ့ယဉ်ကျေးမှု၊ သူ့ဓလေ့ထုံးစံ သတ်မှတ်ချက်တွေ ရှိသလို ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာ၊ ကိုယ်ယဉ်ကျေးမှု ဓလေ့ထုံးစံတွေလည်း အထင်အရှား ရှိနေပြီးသားပါ။

ယဉ်ကျေးမှု သတ်မှတ်ချက်၊ စည်းကမ်း ဥပဒေ ကန့်သတ် ချက်ဘောင်ကို ကျော်ရင်၊ စည်းကမ်းဖောက်ဖျက်ရင် အပြစ် ရှိတာပါပဲ။ ဘာသာရေး တရားအလျောက် လောက အပြစ်၊ သံသရာအပြစ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေတာပါပဲ။ တစ်မိသားစုနဲ့ တစ်မိသားစု ထုံးတမ်း စဉ်လာအရ ကန်း
လှမ်းခြင်း၊ ထိမ်းမြားခြင်း ကိစ္စတွေ ပြုနေကြတာပဲ မဟုတ်လား။ လူမှု
ပတ်ဝန်းကျင် အသိအမှတ် ပြုစေခြင်း၊ ရုံးတွင် လက်မှတ်ထိုးခြင်း
အကြီးအကျယ် အခမ်းအနား မင်္ဂလာပွဲ ကျင်းပခြင်း စတာတွေဟာ
လူ့အဆင့်အလွှာ၊ ဂုဏ်အတိုင်းအတာ၊ မနေဥစ္စာကြွယ်ဝချမ်းသာမှု
အလိုက် ကြိုက်နှစ်သက်သလို ပြုနေကြတာပါပဲ။

အဲဒီလို မဟုတ်ဘဲနဲ့ အနောက် ယဉ်ကျေးမှုတွေဖြစ်တဲ့ လက်မထပ်မီ ယောကျ်ား၊မိန်းမ အတူတကွ ပေါင်းသင်းနေထိုင်ခြင်း (Living Together) စတာတွေကတော့ မိမိတို့အမျိုး၊ ဘာသာ ရိုးရာယဉ်ကျေးမှုထုံးစံတွေက လက်မခံပါဘူး၊ ခွင့်မပြုနိုင်ပေဘူး။ ပညာသင်ချိန် ပညာသင်၊ ဥစ္စာနေ ရှာချိန် ဥစ္စာနေ ရှာဖွေ၊ ပညာစုံမှ ကြင်ရာဆုံဖို့ ကိစ္စတွေ စဉ်းစားဆွေးနွေး ဆုံးဖြတ်ကြရင်တော့ဖြင့် အကောင်းဆုံးပါပဲ၊ လူမှုရေးကိစ္စ ပြဿနာတွေ မပေါ်ပေါက်နိုင်ဘူးပေါ့။

(၈)

ဟိုတုန်းကပါ။ ဗာရာဏသီ နန်းတော်တွင်းက နန်းတွင်းသား အမတ် တစ်ယောက် နန်းတွင်းသူ မောင်းမ တစ်ယောက်နဲ့ ဖောက်ပြန်နေတယ်။ ဆိတ်ကွယ်ရာတွေမှာ နှစ်ကိုယ်ချိန်းတွေ့ကာ အချစ်ငွေ့တွေနဲ့ ပျော်မွေ့နေကြတယ်။ အချစ်ရမ္မက်နဲ့ တစ်ယောက်မျက်နှာ တစ်ဦးက ကြည့်မဝဖြစ်ကာ နှစ်သက်နေကြတယ်။ အချစ်ခေတ်နဲ့ ရစ်ပတ် တွယ်နှောင်နေကြတော့ အမှောင်ဆိုတာကို မမြင်ဘူးပေါ့။ ဒါပေမယ့် နံရံတွေမှာ နားရှိတယ်။ (Walls have ears) ဆိုသမှုတ်လား။ သူတို့ အကြောင်းကို အားလုံးက ကြားသိနေကြပြီလေ။ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ အသံတွေ စုံလာတော့ ဗြဟ္မဒတ်မင်းတရားလည်း ကြားသိတာပေါ့။ 'မင်းနား တစ်ထောင်'ဆိုစကားလည်း အရှိသားပဲ လေ။

ခက်တာက မင်းတရားအဖို့ တစ်ဦးက စေတနာ၊ တစ်ဦးက မေတ္တာ ဆိုသလို ဖြစ်နေတယ်။ အမတ်ဟာ သူ့ရဲ့ အားကိုးရတဲ့ လူယုံ

www.burmeseclassic.com

www.burmeseclassic.com



တော် ကျေးဇူးသစ္စာ စောင့်သိသူ။ မောင်းမကျတော့လည်း ချစ်ခင်တွယ်တာ မြတ်နိုးရလေသူ၊ မိမိရဲ့ကိုယ်လုပ်တော် မောင်းမငယ်တစ်ဦး။

အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ပြဿဒတ်မင်း ဖြေရှင်းရ သိပ်ခက်နေပါတော့တယ်။

ဒီအကြောင်းကိစ္စကို အရေးအရာ ကိစ္စတွေ ရှိလာတဲ့အခါ မှန်ကန်စွာ ဆုံးဖြတ်နိုင်စွမ်းရှိတဲ့ ပညာရှိ အမတ် တစ်ဦးကို အထူးအလေး အနက်ထားပြီး တိုင်ပင်လိုက်တယ်။

မင်းကြီးကပင် စတင်ပြီး–

'ပညာရှိအမတ် ... ငါကိုယ်တော်မြတ် မေးခွန်း တစ်ရပ်ကို မေးမြန်းမယ်။ စဉ်းစဉ်းစားစား အဖြေပေးပါ။ ခြင်္သေ့မင်း စောင့်ရှောက်နေတဲ့ ရေကန်တော် တစ်ခုမှာ ခြင်္သေ့မင်း စောင့်ရှောက်နေမှန်း သိလျက်နဲ့ မြေခွေးဟာ အဲဒီကန်တော်က ရေကို သောက်ကောင်းသလား၊ သောက်သင့်ပါရဲ့လား'

ပညာရှိ အမတ်မင်းရဲ့ အဖြေမှာ–

'မြတ်သောမင်းကြီး ... ငှက်၊ ခွေး၊ ယုန်၊ သမင် စတဲ့သတ္တဝါတွေက ရေသောက်ကြရုံမျှဖြင့် အဲဒီကန်ဟာ(မြစ်ဟာ) ပျက်စီး မသွားပါ။ မင်းကြီးရေကန်ဟာ ရေကန်အဖြစ်နဲ့ပဲ ရပ်တည်နေမှာပါ'

(ဃ)

မင်းကြီးဟာ ပညာရှိ အမတ်ရဲ့ ဖြေကြားလျှောက်ထားချက်ကို အဖန်ဖန်အထပ်ထပ် စဉ်းစား သုံးသပ်ပြီး ပြတ်ပြတ်သားသား ဆုံးဖြတ် ချက်ချလိုက်ပါတော့တယ်။

'လောကမှာ သည်းခံ ခွင့်လွှတ်ခြင်းဟာ အမြတ်ဆုံး တရားပေပဲ။

မလိမ္မာရင် တစ်ကြိမ် တစ်ခါတော့ မိုက်မိကြမှာပဲ။

ဒီတစ်ကြိမ်မှာ ငါသည်းခံ ခွင့်လွှတ်လိုက်မယ်။ ဒီတစ်ကြိမ်ဟာ ပထမဆုံးနဲ့ နောက်ဆုံးဖြစ်စေရမယ်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မင်း အမတ်ကလည်း နောင်တွင် ရှောင်ကြဉ်။
မယ်မင်း မောင်းမကလည်း အထူးအလေးအနက် ထားပြီး ဆင်ခြင်ကြလော့'

◆

အဲဒီအချိန်ကစပြီးတော့ ချစ်ခြင်းတရား အခြေခံပြီး အပြစ်ယွင်းမှား ချောင်ခဲ့ကြတဲ့ကိစ္စကို မေ့ပျောက်ကာ ကိုယ်ကျင့်သိက္ခာကို အသီးသီး စောင့်ရှောက်ကြလျက် ရာသက်ပန် နေထိုင်သွားကြပါတယ်။ ပျက်အစဉ် ပြင်ခဲ့ပေပဲ။

တကယ်တော့ ဗြဟ္မဒတ် မင်းကြီးဟာ ပညာရှိအမတ်(ဘုရားအလောင်း)ရဲ့ ဖြေကြား တင်လျှောက်ချက်ကို လက်ခံပြီး အမှန်အကန်ဆုံးဖြတ်နိုင်ခဲ့တာပါ။

ကိစ္စအရေးအရာ ကြုံလာတဲ့အခါ အကြံကောင်း ဉာဏ်ကောင်းပေးနိုင်တဲ့ မိတ်ဆွေကောင်း ရှိဖို့ကလည်း အရေးကြီးပါတယ်။

ဘာပဲဖြစ်ဖြစ် မင်းကြီးရဲ့ သည်းခံ ခွင့်လွှတ်နိုင်မှုကတော့ ချီးကျူးချင်စရာပါ။

'အတွေ့ခံစား၊ ကာမသားတို့၊ နည်းပါးပညာ၊ ကိလေသာနှိုက် သာယာလိုက်များ၊ စရိုက်အားဖြင့်၊ ယောကျ်ား၊ မိန်းမ၊ တားမရဘူး'
(မဃဒေဝ - ၃၂၅)

*(ဇာတက၊ ဒုကနိပါတ်၊ ပဗ္ဗတူပတ္ထရ ဇာတ်ကို ကိုးကားပါတယ်။)*

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



## သားကိုစွဲလမ်းမိတဲ့ . . . အမေ

### သံသရာ ခရီးသည်များ

ဘဝသံသရာသည် ရှည်လျားလှသည်။ ရှည်လျားရုံမျှမက သေး ထွေပြား ဆန်းကြယ်လှပေသည်။ ဘဝသံသရာ ခရီးရှည်ကြီးကို သွားနေကြသော သံသရာ ခရီးသည်တွေ စုံလင်ပါဘိသည်။ ဆင်းရဲ ချမ်းသာ အလှာမရွေး ဘဝမျိုးစုံ ပုံစံအဖုံဖုံဖြင့် ကျင်လည်နေကြကုန် ၏။ သံသရာ ခရီးသွားတွေထဲမှာ အမေ မတော်စပ်ဘူးသူ မရှိ။ အဖေ မဖြစ်ခဲ့ဘူးသူ မရှိ။ လင်မယား မညားခဲ့ဘူးသူ မရှိ။ မိဘ၊ ညီအစ်ကို မောင်နှမ၊ ဆွေမျိုးသားချင်း မကြုံခဲ့ဘူးသူ မရှိဟု ဗုဒ္ဓဒေသနာတော် တရားက ဆိုထားပါသည်။

နကုလ မာတာနှင့် နကုလ ပိတာခေါ်သော အဘွားကြီးနှင့် အဘိုးကြီးတို့သည် ဗုဒ္ဓဘုရားကို တွေ့မြင်သွားသောအခါ ဘဝများစွာ သားရတနာဖြစ်ခဲ့ဖူးသည့် မေတ္တာအဟုန်၏ စေ့ဆော် တိုက်တွန်းချက် ကြောင့် 'သား ... သား' ဟု အကြိမ်များစွာ ခေါ်ဆိုခဲ့ဖူး၏။

နန္ဒက ရဟန်း၏ တရားမွေ့ကိုသာ နာယူလိုကြသော ဘိက္ခုနီ မများသည် ရှေးအတိတ် ဘဝက အရှင်နန္ဒ မထေရ်၏ မယားတွေ ဖြစ်ခဲ့ဖူးလေသည်။

ရဟန်း ခြောက်ကျိပ်တို့အား တစ်ဝါတွင်းလုံး ဆွမ်းဆက်ကပ် လုပ်ကျွေးနေသော မာတိက မာတာ ဆွမ်းဒါယိကာမကြီးသည် အဘိညာဉ်နှင့်တကွ မဂ်ဖိုလ်တရားထူး ရရှိသွားလေသည်။ ထိုအခါ ရဟန်းများ၏အလိုဆန္ဒကိုကြည့်၍ သိမြင်ကာ ဘောဇနေ သပ္ပာယ (အစားအစာ မျှတ၊ ပြည့်စုံမှု) မဖြစ်ဘဲ ရှိနေသည်ကို ဖြည့်ဆည်း ပေးခဲ့သဖြင့် ရဟန်းများ တရားထူး သိမြင်တော်မူသွားကြသည်။ ဤကိစ္စကို ကြားသိသွားသော ရဟန်းတစ်ပါးသည် ထိုကျောင်းသို့ ရောက်လာပြီး ကျောင်းမှနေ၍ အလိုဆန္ဒရှိရာ စိတ်ကူးတိုင်း မာတိက ဒါယိကာမကြီးက သိရှိကာ လာရောက် ပို့ဆောင်ပေးသည်။ နောက်ဆုံး၌ကား သူ စဉ်းစား ဆန္ဒပြုတိုင်း ဒါယိကာမကြီးက အကုန် သိသွားလျှင် ခက်ရချေရဲ့ဟု ကြောက်လန့်ကာ ပြန်ပြေးခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုရဟန်းသည်လည်း ဆွမ်းဒါယိကာမကြီး မာတိကာ၏ခင်ပွန်း ဖြစ်ခဲ့ရဖူးလေသည်။

ဤသို့သော ဇာတ်လမ်းတွေ မြောက်မြားစွာ ရှိချေသည်။ ဆိုလိုသည်မှာ တစ်ပြောင်းပြန်ပြန် တစ်ဖန် တစ်လှည့်စီ ကျင်လည် ပြေးသွားနေရသော သံသရာ ခရီးစဉ်တွေ ဆွေမျိုး မတော်စပ်ဘူးသူ ဟူ၍ မရှိခြင်းပင်ဖြစ်ပါ၏။

## ဘဝပြောင်းသော်လည်း မပြောင်းလဲတဲ့ မိခင်မေတ္တာ

အမေတို့သည် သားသမီးများကို သည်းအူနှင့်ထပ်တူ ချစ်မြတ်နိုးကြသည်။ အသက်နှင့်ထပ်တူ ကြည်ဖြူကြလေသည်။ တကယ့်မေတ္တာမှန်ကို ပေးစွမ်းနိုင်ကြသူများမှာ မိခင်များသာဖြစ်ပေသည်။ သို့ရာတွင် မိခင်မေတ္တာကို မခံယူနိုင်ကြသော သားသမီးများလည်း ရှိကြလေသည်။ အမေ့မေတ္တာကို နားမလည်သူများလည်း ရှိနေသည်ပင်။ ဤသူတွေထဲမှာ သူကြွယ်၏သားဖြစ်သူလည်း ပါဝင်သည်။

အမေ့(မိခင်)မေတ္တာဟူသည် သူ တမလွန်သို့ ပြောင်းရွှေ့ကာ ဘဝခြားသွားသည့်တိုင် ခိုင်မြဲလျက်ရှိပါ၏။ အမေ့ မေတ္တာစွမ်းအားကြောင့် လူဆိုးတို့ ဖမ်းဆီးခေါ်ဆောင် ထားရာမှ လွတ်မြောက်ချမ်းသာခဲ့သည်။ အမေ့မေတ္တာ စွမ်းအင်ကြောင့်ပင် မိခင်မေတ္တာကို တန်ဖိုးထားတတ်သော လူဆိုး ခေါင်းဆောင်နှင့် တွေ့ရခြင်းဖြစ်သည်။

ဇာတ်လမ်းက ဒီလိုပါ–

ဤဇာတ်လမ်းတွင် ဘုရား အလောင်းတော်သည်ပင် လူဆိုးခေါင်းဆောင် ဖြစ်ခဲ့ပါလေ၏။ ဦးစိတ်ကောင်းဆိုပါစို့။ ဘဝပေးကံကြမ္မာအရ လုယက် တိုက်ခိုက်နေရသော်လည်း စိတ်ကောင်းတော့ ရှိပါသေး၏။

ဗာရာဏသီမှ သူကြွယ် ဦးချမ်းသာသည် ကျေးလက်ရွာသားတစ်ယောက်အား အသပြာငွေ တစ်ထောင် ချေးထားလိုက်သည်။ မကြာမတင် ဦးချမ်းသာ ကွယ်လွန်သွားလေသည်။ ကာလ အတန်ကြာသော် ဦးချမ်းသာ၏ဇနီး ဒေါ်မေတ္တာသည်လည်း ရောဂါဝေဒနာ စွဲကပ်

www.burmeseclassic.com

www.burmeseclassic.com


ကာ မကျန်းမာဖြစ်ပြန်ပါ၏။ သူတို့တွင် သားကလေး တစ်ယောက်ရှိသည်။ သူ့အမည်က မောင်သံသယ ဆိုပါတော့။

ဒေါ်မေတ္တာသည် သားဖြစ်သူ မောင်သံသယအား သူမသေကောင်းပေါင်းလဲ ဖြစ်နေစဉ် ဆေးဖိုးဝါးခလည်း ရစေ၊ မတော်တဆ သူမ သေသွားခဲ့သော် ကြွေးမကျန်ရစ်စေဘဲ သူ၏သား သုံးစွဲရစေဟူသော ရည်ရွယ်ချက်ဖြင့် ကြွေးတောင်းခိုင်းလိုက်လေသည်။ ကံဆိုးချင်တော့ သူမ၏သား ပြန်မရောက်ခင်မှာပင် ရောဂါဖောက်ကာ ဒေါ်မေတ္တာသည် အသက်ပျောက်သွားလေသည်။ မိခင်ဖြစ်သူ ဒေါ်မေတ္တာသည် သားကို စွဲလမ်းပြီး သေဆုံးသွားသောကြောင့် သူ့သားလာမည့်ခရီးတွင် မြွေခွေးမ ဖြစ်ရလေ၏။ ကြောက်စရာကောင်းသော ဥပါဒါန်တရား အစွဲအလမ်းပင်။

## မိတ်ဆွေကို ရန်သူထင်၊ ရန်သူကို မိတ်ဆွေထင်များ

ရှေးက ကြွေးတောင်းသွားရသည်မှာ ယခုကာလလို လမ်းပန်းဆက်သွယ်ရေး ကောင်းလှသည် မဟုတ်။ မဇ္ဈိမ ဒေသ၏ ကန္တာရခရီးလမ်းများကိုလည်း မလွဲမသွေ ဖြတ်သန်းရသည်များ ရှိပါ၏။ တစ်ခါ, တစ်ခါ ကြွေးတောင်း ထွက်သွားလျှင် လနှင့်ချီကာ ကြာမြင့်တတ်ပါလေ၏။

ကြွေးတောင်းသွားရာမှ ပြန်လာသော မောင်သံသယသည် တောအုပ် တစ်ခုကို ဖြတ်သန်းရမည်ဖြစ်၏။ တောအုပ်အစပ် အဝင်သို့ ရောက်သောအခါ ထူးဆန်းသော မြွေခွေးမ တစ်ကောင်သည် ကျယ်လောင်စွာ ဟောင်ကာ မောင်သံသယရှေ့မှ ကာဆီး,ကာဆီး လုပ်နေလေသည်။ ဆက်လက် မသွားလိုသော ဆန္ဒမှာ မြွေခွေးမတွင် ပေါ်လွင်လျက်ရှိ၏။ သို့ရာတွင် မောင်သံသယသည် သူ၏ခရီးစဉ်တွင် အနှောင့်အယှက် ပေးသူအဖြစ် သတ်မှတ်ကာ ရရှိသမျှ တုတ်များ၊ ခဲများဖြင့် ပစ်ပေါက်ကာ မောင်းထုတ်လိုက်လေသည်။

မြွေခွေးမကို မောင်းထုတ်ပြီး မကြာခင်မှာပင် ခေါက်ရှာတော တစ်ကောင် ပျံသန်းလာပြီး မောင်သံသယ ဦးခေါင်း အပေါ်စီမှနေ၍

www.burmeseclassic.com

www.burmeseclassic.com



အော်မြည်ပြန်လေသည်။ ခေါက်ရှာငှက်၏ အော်မြည်သံကို ဘာသာ မပြန်တတ်သော်လည်း မောင်သံသယ ငှက်ကောင်း ငှက်မြတ် ထင်မှတ်ကာ 'မင်္ဂလာရှိသောငှက် ဆက်လက်၍မြည်ပါဦးလော့' ဟူ၍ ပင်ဆိုပြီး ရှိခိုး ဦးတင်လိုက်ပါသေး၏။ အမှန်စင်စစ် မောင်သံသယ ခမျာ ငှက်တို့၏ မာဂဓ ဘာသာကို နားမလည်၍သာ မှားယွင်းစွာ ဦးတင်ခြင်းဖြစ်၏။ မာဂဓ ဘာသာကိုသာ နားလည်ပါက ခေါက်ရှာငှက် မြည်တွန်သော အဓိပ္ပာယ်မှာ 'ဤလုလင်တွင် အသပြာ တစ်ထောင် ပါလာသည် သူ့ကို သတ်ပြီး အသပြာငွေများကို ယူကြလော့'ဟူ၍ ဖြစ်လေသည်။ ငှက်တို့၏ မာဂဓ ဘာသာကိုသာ နားလည်ပါက ထပ်မြည်ပါဦးဟုလည်း တောင်းဆိုမည် မဟုတ်ပေ။ ရှိခိုးဦးတင်ခြင်း ကိုလည်း ပြုချင်မည် မဟုတ်ချေတကား။

**မာဂဓစကား နားလည်သူ**

လူဆိုးခေါင်းဆောင် ဦးစိတ်ကောင်းကား မာဂဓ ဘာသာ စကားကို ကျွမ်းကျင် နားလည်ထားသူဖြစ်သည်။

မြေခွေးမသည် 'တောအုပ်ထဲသို့ မဝင်နဲ့၊ ဘေးအန္တရာယ်ရှိ တယ်။ တောအုပ်ထဲသို့ မဝင်နဲ့။ ဘေးအန္တရာယ်ရှိပါတယ်' ဟု ပြောနေ ခြင်းကို လုလင်က နားမလည်ဘဲ သူ့အား အနှောင့်အယှက်ပြုသော ခွေးမ တစ်ကောင်ဟု အထင်မှားကာ ဖယ်ရှား မောင်းထုတ်ခဲ့သည်။ ဧကန္တ မြေခွေးမသည် လုလင်၏မိတ်ဆွေ(သို့မဟုတ်) မိခင်ပင် ဖြစ်နိုင် သည်။

ခေါက်ရှာငှက်က 'ဤလူကို သတ်ပြီး ငွေကို ယူကြလော့'ဆို ခြင်းကိုမူ မင်္ဂလာ စကား ထင်မှတ်မှားကာ 'မင်္ဂလာရှိသော ငှက်ရယ် ဆက်လက်မြည်ပါဦး'လို့ပင် တောင်းဆိုလိုက်သေးသည်။ အမှန်စင်စစ် ခေါက်ရှာငှက်သည် လုလင်၏ ရန်သူဖြစ်မည်(သို့မဟုတ်) သူ့ကို အငြိုး အတေး ထားကာ နှောင့်ယှက်နေသူ ဖြစ်နိုင်သည်။

ဤယောကျ်ားကား မိတ်ဆွေ(မိခင်)ကို ရန်သူထင်ပြီး ရန်သူ ကိုတော့ မိတ်ဆွေထင်ကာ အထင်ဖောက်ပြား မှောက်မှားနေသူဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ချေသည်ဟု ဦးစိတ်ကောင်း ကောင်းစွာ သဘောပေါက်လိုက်သည်။ ပြီးလျှင် လုလင်ကို စစ်ဆေး မေးမြန်းပါတော့သည်။

**လုလင်ကို စစ်ဆေးမေးမြန်းခြင်း**

သို့ဖြင့် လူဆိုး ခေါင်းဆောင်ကြီးသည် လုလင်ယောကျ်ားကို ဖမ်းဆီးကာ စစ်ဆေးနေ၏။

'အမောင်ယောကျ်ား ... ကြွေးတောင်း၍ ပြန်လာသည် မဟုတ်လား'

'မှန်ပါတယ်'

'သင့်ကို ဘယ်သူက ကြွေးတောင်း ခိုင်းလိုက်တာလဲ'

'ကျွန်ုပ်ရဲ့မိခင်က ခိုင်းတာပါ'

'သင့်ရဲ့မိခင်ဟာ ကျန်းကျန်းမာမာပဲလား'

'မကျန်းမာပါဘူး၊ အိပ်ရာထဲမှာ လဲနေပါတယ်'

'ကောင်းပြီ။ ကြွေးတောင်းလို့ရော ရခဲ့ရဲ့လား'

"ရခဲ့ပါတယ်ခင်ဗျာ၊ ဟောဒီမှာပါ။ ဒီငွေတွေကိုသာယူပြီး ကျွန်ုပ်ရဲ့အသက်ကိုတော့ ချမ်းသာပေးကြပါ။ ကျွန်ုပ်ရဲ့အမေဟာ သေကောင်ပေါင်းလဲ အိပ်ရာထဲမှာ လဲနေသူ ဖြစ်လို့ ကျွန်ုပ်ပြုစုဖို့ တာဝန်ရှိနေပါတယ်'

'အမောင်ယောကျ်ား ... သင်သည်ကား မိခင်ပြုစုမည့် သားကောင်း ယောကျ်ားဖြစ်သည် မှန်ပေ၏။ သို့သော် မိခင်ကို မိခင် မှန်းမသိ ရန်သူထင်ဘိ၏။ ရန်သူကိုတော့ မိတ်ဆွေဟု အထင်မှားပြီး ဆက်ဆံခဲ့၏။ သင်၏အမှားကို ပြန်လည် စဉ်းစားပါ'

'လူဆိုးကြီး ... ဘယ်လို့ဘယ်လို ကျွန်ုပ်အမှတ်မှားတာလဲ။ ကျွန်ုပ်နားလည်အောင် ပြောပြပါတော့'

မောင်သံသယ တောအုပ်ဝသို့ ဝင်မည်အပြုတွင် တွေ့ကြုံခဲ့ရသော မြွေခွေးမသည် သူ၏ အတိတ်ဘဝက မိခင်ဖြစ်နေပြီး ခေါက်ရှာငှက်ကတော့ အနှောင့်အယှက် သက်သက်လာပေးသည့် ရန်သူဖြစ်ကြောင်း လူဆိုး ခေါင်းဆောင်ကြီးက ရှင်းလင်းပြောပြသဖြင့်

www.burmeseclassic.com



ကောင်းစွာသိရပါတော့သည်။ သူသည် အမေ တစ်ဖြစ်လဲ မြေခွေးမကို အနှောင့်အယှက်ပေးသော ခေါက်ရှာငှက်ကိုတော့ မိတ်ဆွေဟု ထင်သွားခဲ့ခြင်း ဖြစ်လေသည်။

'ဖြစ်မှဖြစ်ရလေ အမေရယ် … သားကိုချစ်တဲ့ မေတ္တာဓာတ်တွေဟာ နောက်ဘဝ အထိ ကူးဆက်ပေးတဲ့ အမေပါလား။ သားမှားပြီ သားမှားသွားပါပြီ အမေရယ်'ဟု မောင်သံသယ ယူကျုံး မရစွာ အမေကို တ,တပြီး ငိုကြွေး ပူဆွေးနေလေသည်။

ဘဝဝဋ်ကြွေးအရ သမ္မာအာဇီဝ မဟုတ်သောအလုပ်ကို လုပ်နေရသော်လည်း စိတ်ကောင်းရှိသော လူဆိုး ခေါင်းဆောင်ကြီး ဦးစိတ်ကောင်းသည် မိခင်၏ ကြီးမားသော မေတ္တာ၊ သား၏ လိမ္မာရေးခြားရှိမှုတို့ကို စာနာထောက်ထားပြီး အသပြာငွေ တစ်ထောင်ကိုလည်း မယူဘဲ လုလင်(မောင်သံသယ)ကိုလည်း လွှတ်ပေးလိုက်ပါ၏။

မောင်သံသယသည် လူဆိုး ဆိုသူတွေမှာလည်း စာနာထောက်ထားတတ်တဲ့ အကြင်နာ နှလုံးသားရှိကြောင်း ကောင်းစွာ သဘောပေါက်သွားလေ၏။

အမေရဲ့မေတ္တာတရားသည် မည်မျှကြီးမားကြောင်းနားလည်သွားပါ၏။

*(ဇာတက၊ တိကနိပါတ်၊ သတပတ္တဇာတ်ကို ခြယ်မှုန်းပါသည်။)*

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## နှစ်ဘဝပြောင်းသူ မသည်းအူ

**ဒိုင်မက်ပမာ တစ်နေ့တာ**

ထိုစဉ်က ဗုဒ္ဓဂေါတမ မြတ်စွာဘုရား မပွင့်ထွန်းသေးပါ။ အတိအကျဆိုရသော် ဂေါတမ ဘုရားရှင်ပွင့်ရန် နှစ်ပေါင်း ခုနစ်ရာခန့် လိုပါသေးသည်။ သိကြသည့်အတိုင်း– ဗုဒ္ဓဘုရားရှင် မပွင့်ထွန်းသေးတော့ ပစ္စေကဗုဒ္ဓါအရှင်မြတ်များကိုသာ အားထားကြည်ညိုကြရသည်။ ရှိခိုး ပူဇော်ကြရသည်။ အလှူဒါနပြုပြီး ဆုတောင်းဆုယူပြုကြရပေသည်။ စေတနာ သဒ္ဓါတရား အားကောင်းသော အမျိုးသားတစ်ယောက်သည် ပစ္စေကဗုဒ္ဓါ တစ်ပါးအား ပြုစုလုပ်ကျွေး အလှူပေးလျက်ရှိလေသည်။ သူနေထိုင်သော နေရာမှာ သာဝတ္ထိပြည် မနီးမဝေးဖွဲ့ရှိသော ကျေးရွာငယ်လေးသာ ဖြစ်ပါသည်။ သူ၏အမည်မှာ မောင်စေတနာ ဆိုပါစို့။

မောင်စေတနာ အရွယ်ရောက်လာ လူလားမြောက်သော အခါ သူ၏မိခင်က မျိုးနွယ်တူထဲမှ အမျိုးသမီး တစ်ယောက်နှင့် လက်ထပ်ပေးသည်။ အမေတစ်ခု, သားတစ်ခုဆိုတော့ သားအတွက် နောင်ရေး စိတ်အေးစေရန် ရည်သန်ခြင်းလည်း ဖြစ်သည်။ အိုးက မပူ စလောင်းက ပူသည်ဟု ပြောချင်လည်း ပြောနိုင်သည်။ သို့သော်–

ကံများဆိုးချင်တော့ အဲဒီလက်ထပ်သောနေ့မှာပင် သတို့သား ပူပူနွေးနွေး မောင်စေတနာ တစ်ယောက် ရေချိုးသွားရင်း မြွေပေါက်ခံရပြီး သေဆုံးသွားသည်။ တချို့က ဘီလူးဖမ်းစားပြီး သေသွားခြင်းဖြစ်သည် ... ဟု ဆိုကြသည်။

ထောပတ်အိုး ကွဲသောအခါ အိုးခြမ်းပဲ့များသာ ရေအောက် နစ်မြုပ်သွားကြသော်လည်း ထောပတ်များ ရေပေါ်မှာ တင်ကျန်နေပါသည်။

ထိုကဲ့သို့ပင် စေတနာ သေဆုံးသွား၍ ရုပ်ကလာပ်ကို မြေမြှုပ်သင်္ဂြိုဟ်လိုက်သော်လည်း ပစ္စေကဗုဒ္ဓါအား လှူဒါန်းပြုခဲ့သော ကုသိုလ်ဒါနများကြောင့် ဘုံနန်းဗိမာန်၌ စံမြန်းရလေသည်။

သို့ရာတွင်–

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခင်တွယ်တာ မြတ်နိုးပါသော မောင့်မသည်းအူ ... ပူပူနွေးနွေးလက်ထပ်ထားသော နေ့မှာပင် သေကွဲကွဲခဲ့ရပါသော ... မောင့် မသည်းအူ ... မသည်းအူလေးနှင့် အတူတွဲပြီး ချစ်ပွဲဝင်ကာ ချစ်ခွန်းတုံ့ကာ ခရာတာတာ ချစ်ကြင်ပျူငှာသော ချစ်စကားတွေ တောင်မှ ဝအောင် မပြောရသေးခင် မခွဲချင်မခွာချင် သံယောဇဉ်အမျှင်တန်းပြီး စွဲလန်းမှုဖြင့် သေခဲ့ရသောကြောင့် ပြိတ္တာ ဖြစ်ရှာသည်။

## ဝေမာနိက နတ်ပြိတ္တာ

မောင်စေတနာ တစ်ဖြစ်လဲ နတ်ပြိတ္တာသည် လူ့ဘဝက သူ၏ချစ်လှစွာသော ဇနီးအသစ်စက်စက် မစွန့်ခွာရက်သူ မသည်းအူလေးနှင့် အကြောင်းပြန်ဆက်ပြီး ပေါင်းဖက်နိုင်ရန် ကြံစည်လေတော့သည်။ သူ၏ကြံစည်ပုံမှာ သူကဲ့သို့ပင် ပစ္စေကဗုဒ္ဓါအား လှူဒါန်းလျှင် ကောင်းကျိုး ခံစားရမည်။ ထိုအခါ သူနှင့် အတူနေရမည်။ ဟုတ်ပြီ နတ်ပြိတ္တာသည် လူယောင် ဖန်ဆင်းပြီး သက်န်းချုပ်နေသော ပစ္စေကဗုဒ္ဓါအား 'ဤမည် သော အိမ်မှာ သွားရောက်ကာ အပ်ချည် အလှူခံတော်မူပါဘုရား' ဟု လျှောက်ထားလိုက်သည်။ ပစ္စေကဗုဒ္ဓါသည် ထိုဒကာ ညွှန်ပြသော အိမ်သို့ကြွ၍ အပ်ချည် အလှူခံယူတော်မူလေ၏။

နတ်ပြိတ္တာသည် လူယောင် ဖန်ဆင်းပြန်ကာ မသည်းအူရှိရာ ရောက်လာပြီး နှစ်ရက်,သုံးရက် နေထိုင်ပြီး မသည်းအူကို သူ၏ဗိမာန်သို့ ခေါ်ဆောင်သွားလေသည်။ မိခင်အတွက် အိမ်မှာရှိသော အိုးခွက်၊ တင်းတောင်းများထဲတွင် ရွှေအပြည့် ထည့်ပေးထားခဲ့သည်။ အိုးခွက်၊ တင်းတောင်းများပေါ်တွင် စာရေးထားခဲ့သည်။ စာမှာ–

'ဤဥစ္စာပစ္စည်းများသည် နတ်က ချီးမြှင့်ထားသော ဥစ္စာများဖြစ်၍ မဆိုင်သူ မယူရ' ဟူ၍ဖြစ်၏။

မိခင်ဖြစ်သူကမူ စေတနာ ကောင်းသူပီပီ သူတစ်ဦးတည်း မသုံးစွဲဘဲ ချို့တဲ့နေသော ဆွေမျိုးများ ခိုကိုးရာမဲ့ ခရီးသွားများအား

www.burmeseclassic.com

www.burmeseclassic.com


လည်း ပေးကမ်း ဝေငှလေသည်။ သေခါနီးသောအခါ၌ 'သူ့သမီး ပြန်လာလျှင် ဤပစ္စည်းများ ပေးရစ်ကြပါ' ဟု ဆွေမျိုးများကို မှာကြား သွားလေသည်။

မခွဲချင်ရှာ နတ်ပြိတ္တာ

နှစ်ပေါင်း ၇၀၀ ကြာသွားလေပြီ။

မသည်းအူသည် ချစ်သူမောင်တော်(နတ်ပြိတ္တာ)နှင့် နှစ်ကိုယ်တူ ပေါင်းဖက် ရွှေလက်တွဲ၍ နေရသော်လည်း မပျော်ပါး လူ့ပြည်ပြန်ပြီး အမေနှင့်သာ နေချင်စိတ်က ပေါ်၍ပေါ်၍လာသည်။

'အို ... ချစ်သော မောင်တော် ... ကျွန်မဟာ မောင်တော့် ကျေးဇူးကြောင့် ပစ္စေကဗုဒ္ဓါအား အပ်ချည်များ လှူဒါန်းပြီး မောင်တော်နှင့် ယခုလိုနေခဲ့ရပါပြီ။ ပန်းမျိုးစုံ လှပတင့်တယ်နေတဲ့ ဟောဒီ ရတနာ ဗိမာန်မှာ အခြွေအရံများစွာဖြင့် မောင်တော်နှင့်အတူ မွေ့လျော်ပျော်စံ ခဲ့ရတာလည်း ကြာပါပြီ။ လူ့ပြည်မှာ ဂေါတမ မြတ်စွာဘုရားလည်း ပွင့်ပေါ်နေပြီဖြစ်လို့ ကျွန်မ လူ့ပြည်သို့ပြန်ပြီး ကုသိုလ်ကောင်းမှုများ လုပ်ချင်ပါသေးတယ်။ ကျွန်မကို လူ့ပြည်သို့ ပြန်ပို့ပေးပါ'

'မောင့်ချစ်နှမ မသည်းအူ ... နှမ စဉ်းစားပါဦး၊ လူ့ပြည်ပြန်ရောက်သွားလျှင် အမယ်အိုကြီး ဖြစ်သွားမှာ၊ နှမရဲ့ဆွေမျိုးသားချင်းတွေလည်း ရှိမှာ မဟုတ်တော့ပါ။ ပြီးတော့ ... နှမ ကိုယ်တိုင်ပင်လျှင် လူ့ပြည်မှာ ခုနှစ်ရက်လောက်သာ အသက်ရှည်နေရတော့မှာ၊ နှမ စဉ်းစားပါဦးကွယ် ...'

'ကျွန်မ လူ့ပြည်သို့ ပြန်မှုဖြစ်မယ် ... ကျွန်မကို ခွင့်ပြုပါတော့ အနူးအညွတ် တောင်းပန်ပါတယ် မောင်တော်ရယ်'

'မောင့်ချစ်နှမ မသည်းအူ ... တောင်းပန် တားဆီးလို့ မရမယ့်အတူတူ မောင်တော် ပြန်ခွင့်ပြုပါမယ် ... လူ့ပြည်ပြန်ရောက်တဲ့အခါ ငါပေးထားတဲ့ ဥစ္စာတွေကို ရဟန်းစတဲ့ အလှူခံ ပုဂ္ဂိုလ်များအား ပေးကမ်းလှူဒါန်းပါ၊ ပြီးတော့ ဒီဗိမာန်ပြန်ရောက်ကာ မောင်တော်နဲ့ အတူတူ နေရအောင်လည်း ဆုတောင်းပါကွယ် ... မောင်တော်

www.burmeseclassic.com



မျှော်နေမယ်နော်'

နတ်ပြိတ္တာသည် မသည်းအူကို တဲ့ားမရသောအခါ လက်မောင်းနှစ်ဖက်မှ မ,ကိုင်ပြီး လူ့ပြည်သို့ ပြန်ပို့လိုက်လေသည်။ နတ်ခင်ပွန်း ပြန်သွားသည်နှင့် တစ်ပြိုက်နက် မသည်းအူ ခမျာ အဘွားအိုကြီး ဖြစ်သွားလေတော့သည်။ ဆွေမျိုးများအား မိမိအကြောင်းကို ပြောပြပြီး ဆွေမျိုးများက ပြန်လည် ပေးအပ်သော ဥစ္စာများဖြင့် ရဟန်း သံဃာများအား လှူဒါန်းလေ၏။ သူ့ထံသို့ ရောက်လာသူတိုင်းကိုလည်း သူကျင်လည်ခဲ့ရသော လူ့ဘဝ၊ နတ်ပြိတ္တာဘဝ အတွေ့အကြုံများကို ပြန်လည် ပြောပြလေသည်။

တစ်ဆင့်ကြားမျှ မဟုတ် မျက်မြင်ဒိဋ္ဌ ကိုယ်တွေ့ကြုံခဲ့ရသော မသည်းအူသည် သူတော်ကောင်းတရား မလိုက်စားဘဲ လူမိုက်များနှင့် ပေါင်းသင်းပြီး ဒုစရိုက်တရား ပြုသူများမှာ ပြိတ္တာများဖြစ်နေသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ ဆင်းရဲဒုက္ခမျိုးစုံတို့ ကြုံတွေ့နေကြသည်။ အလှူဒါန စသော ကုသိုလ်ကောင်းမှုများ ပြုခဲ့ကြသဖြင့် ကိုယ်ရောစိတ်ပါ ကျန်းမာ ချမ်းသာစွာ နေကြရသော လူ့,နတ်များစွာကိုလည်း တွေ့ခဲ့ရပါပြီ။ ထို့ကြောင့် သင်တို့သည်လည်း အချိန်ရှိခိုက် လုံ့လစိုက်ပူသော စကားနှင့်အညီ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုများပြုလုပ်ကြရန် အချိန်တန်ပြီဟု တိုက်တွန်းနေပါသည်။

## အသင့်မြင့်ရာ ဝတီသာသို့

နတ်ဘဝဖြင့်နှစ်ပေါင်း ခုနစ်ရာ နေခဲ့ရသော လူ့သားစင်စစ်က နတ်စည်းစိမ် နှစ်ပေါင်း ခုနစ်ရာ ခံစားခဲ့ရသော မသည်းအူသည် နတ်ဘဝ တစ်ဖြစ်လဲ လူ့ဘဝထဲ ခုနှစ်ရက်သာ နေရတော့မည့် အချိန်ကာလ တိုတိုလေးမှာ တန်ဖိုးရှိစွာ နေထိုင်သွားလေသည်။ ရဟန်း သံဃာနှင့် အလှူခံပုဂ္ဂိုလ်များအား (၇)ရက်တိုင်တိုင် ဆွမ်းဘုဲလှူခြင်း၊ ဆွမ်းလောင်းခြင်း၊ တရားနာယူခြင်း၊ တရားဘာဝနာပွားများ

www.burmeseclassic.com



ခြင်းစသော ကုသိုလ်ကောင်းမှုများကို အစဉ်တစိုက် ပြုလုပ်လေသည်။

(ဂ) ရက်ကြာသွားပါပြီ။

(ဂ) ရက်တာ ကာလ ကုသိုလ်ဒါန ပြုလုပ်သူ မသည်းအူသည် လူ့ဘဝ လူ့ခန္ဓာကို ခွာချပြီး တာဝတိံသာ နတ်ပြည်သို့ ရောက်ရှိသွားလေသတည်း။

(ပေတဝတ္ထု၊ သုတ္တပေတ ဝတ္ထု ကို ခံစားရေးဖွဲ့သည်)

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## ရေအာကျိုးကြောင့် အသရေတိုးသူ

'အရှင်ဘုရားနဲ့တွေ့ရတာ တပည့်တော်မ ဝမ်းသာပါတယ် ဘုရား။ ဘာကြောင့်ဝမ်းသာတာလဲလို့ မေးရင်တော့ ကုသိုလ်ကောင်းမှု တစ်ခုခု ပြုသူဟာ ကောင်းကျိုးချမ်းသာ အဖြာဖြာကို ရရှိသုံးဆောင်ခံ စားရတယ်ဆိုတာ ပြောခွင့်ရလို့ပါပဲ။ လျှောက်ထားခွင့်ရလို့ပါပဲ။ နောက်ပြီး အရှင်ဘုရား လူ့ပြည်ပြန်ကြွသွားပြီး ပြန်လည်ဟောကြား ပေးတဲ့အခါ မေ့လျော့နေတဲ့ လူတွေလည်း သတိတရား ရရှိသွားနိုင်လို့ ပါပဲဘုရား'

မှန်ပေသည်။ နတ်သမီး နာဝါသည် တာဝတိံသာ နတ်ပြည်၌ နတ်စည်းစိမ် ချမ်းသာကို မြိန်မြိန်ကြီး ခံစားလျက်ရှိ၏။ ဥယျာဉ်၊ ရေကန်၊ ဘုံဗိမာန်၊ လိုအပ်ရာကို အလွယ်တကူ ဆွတ်ယူ သုံးဆောင်နိုင် သော ပဒေသာပင်၊ လှပတင့်တယ် ဆန်းကြယ်သော ဘုံဗိမာန်၏ နံဘေးတွင် ပတ္တမြားရောင် တောက်ပနေသည့် နတ်မြစ်ရေ အလျဉ် သည် အစဉ်မပြတ် ငြိမ့်ညောင်းစွာ စီးဆင်းလျက်ရှိသည်။ နတ်မြစ်၏ သောင်ပြင် ဖွေးဖွေးမှာလည်း ဘော်သဗ္ဗား ငွေရောင် တောက်ပနေ၏။

ထို့ပြင် နတ်မြစ်၏ကမ်းခြေ တစ်ဝိုက်မှာလည်း ပဒုမ္မာကြာ ပန်းရောင်စုံတို့သည် လှပဝင့်ကြွားစွာ ဖူးပွင့်လျက် ရှိပါသည်။ လေပြည် လေညင်း တိုက်ခတ်လိုက်သောအခါ ကြာပန်းရနံ့သည် ပတ်ဝန်းကျင် တစ်ခွင်လုံး သင်းပျံ့မွှေးကြိုင်လျက်ရှိသည်။ ကမ်းခြေ မြေပြင်ပေါ်မှာ ကြည့်လိုက်ပါဦး။ သရက်၊ အင်ကြင်း၊ သပြေ၊ သခွတ်ပင်၊ ငုပင် စသော ပန်းပေါင်းစုံ၊ သစ်သီးပေါင်းစုံတို့၏ ရနံ့ကလည်း သင်းထုံ မွှေးပျံ့လျက် နေပါတော့သည်။

ထို့မျှမကသေး ... ကြာမျိုး ငါးပါးနှင့်ပြည့်စုံသော မင်္ဂလာရေ ကန်တော်ကြီးလည်း ရှိပါသေး၏။ ထိုကန်တော်ကြီး၌ ရွှေအတိပြီးသော ရွှေလှေနာဝါများ ဆိုက်ကပ်ထားလျက်ရှိသည်။ ဗိမာန်ရှင် နတ်သမီး နာဝါသည် ကျက်သရေအပေါင်း ခညောင်းသော သုဝဏ္ဏ နာဝါခေါ်

www.burmeseclassic.com

www.burmeseclassic.com



ရွှေလှေကြီးပေါ်မှာ အဆိုတော်၊ အချော့တော်၊ စားတော်ဆက်၊ ရေတော်ဆက် စသော အဖျော်ဖြေမျိုးစုံတို့ဖြင့် မွေးထုံငြိမ်သက် စည်းစိမ်ခံစားလျက် ရှိလေသည်။

ဗုဒ္ဓမြတ်စွာ ဘုရား၏ တပည့်သား ရဟန်းအပေါင်းတို့တွင် တန်ခိုး ကြီးမားသော အရာ၌ ဧတဒဂ်(အတု မရှိသော)ဘွဲ့ ရရှိတော်မူသော အရှင်မဟာ မောဂ္ဂလာန် မထေရ်မြတ်ကြီးသည် နတ်ပြည်သို့ မကြာခဏ ကြွရောက်လေ့ရှိ၏။ နတ်ပြည်မှာ တွေ့ကြုံလာရသော နတ်သား၊ နတ်သမီးတို့၏ ဖြစ်ရပ်စုံလင်ကိုလည်း လူ့ပြည်ပြန်ရောက်သောအခါ ပြန်လည် ပြောပြလေ့ရှိ၏။ ယခုလည်း နာဝါဝိမာန နတ်သမီး၏ ဘုံဗိမာန်သို့ ရောက်ရှိလာတော်မူနေခြင်းဖြစ်သည်။

'အသင်နတ်သမီး ... ဤကဲ့သို့ စည်းစိမ်းချမ်းသာ ပြည့်စုံစွာသော နတ်ပြည်သို့ရောက်ရှိပြီး ခံစားသုံးဆောင် နေရခြင်းမှာ လူ့ပြည်တုန်းက အဘယ် ကုသိုလ်ကောင်းမှုတွေ ပြုခဲ့ပါသနည်း'

'မှန်လှပါ ... တပည့်တော်မ၏ ကုသိုလ် ဒါနတွေကို ပြန်ပြောပြ လျှောက်တင်ပါမည်ဘုရား။ အဲဒီတုန်းက တပည့်တော်မတို့ရဲ့ ကိုးကွယ် အားထားရာ သုံးလောက ထွတ်ထား သဗ္ဗညု မြတ်စွာဘုရားဟာ သာဝတ္ထိရွှေမြို့တော်မှာ သီတင်းသုံး နေပါတယ်ဘုရား။ အဲဒီမှာ ရဟန်းတော် တစ်ကျိပ်ခြောက်ပါး (၁၆-ပါး)တို့သည် ရွာငယ် တစ်ခုမှာ ဝါဆိုကြပြီး ဗုဒ္ဓဘုရားကို ဖူးမြော်ရန် သာဝတ္ထိပြည်သို့ ကြွကြပါတယ် အရှင်ဘုရား။

အချိန်ကာလကတော့ ပူပြင်း ခြောက်သွေ့တဲ့ နွေကာလဖြစ်ပြီး ရဟန်းများအတွက် ကြွလာရတဲ့ ခရီးကလည်း ရှည်လျားလှပါတယ်ဘုရား။ ရဟန်းတွေဟာ နွေနေ၏အပူဒဏ်၊ ခရီးပင်ပန်းတဲ့ဒဏ်၊ ရေငတ်မွတ်တဲ့ဒဏ်တို့ကြောင့် အလွန်မတန် နွမ်းနယ်နေကြတာကို တွေ့ရပါတယ်ဘုရား။ အဲဒီဒဏ်တွေထဲမှာ ရေငတ်တဲ့ဒဏ်ဟာ အခံရ အခက်ဆုံး၊ အဆိုးဆုံးပါပဲဘုရား။ ရေအသက် တစ်မနက်လို့ ဆိုထုံး ရှိသမှုတ်လား ဘုရား။ သို့ဖြင့် ရဟန်းတော်များဟာ ရွာငယ် တစ်ရွာသို့ ရောက်သွားပါတယ်။ တပည့်တော်မဟာ အဲဒီရွာမှာနေတဲ့ အမျိုးသမီး

www.burmeseclassic.com



တစ်ယောက်ပေါ့ဘုရား။ တပည့်တော် ရေတွင်းမှ ရေခပ်အပြန် အဲဒီရဟန်းတော်တွေနဲ့ တွေ့ဆုံတာပါပဲဘုရား၊ ရေအလို ရှိနေကြောင်း သိရတာနဲ့ တွေ့ဆုံတာပါပဲဘုရား။ ရေအလိုရှိနေကြောင်း သိရတာနဲ့ အရှင်ဘုရားများ ရေကို အလိုရှိသလောက် သုံးဆောင်တော်မူကြပါ ဘုရားလို့ လျှောက်ထားပြီး ရေအလှူဒါနကို ပြုလိုက်ပါတယ်ဘုရား။

ရဟန်း သံဃာတွေဟာ ရေကိုစစ်ပြီး သပိတ်အတွင်းသို့ ထည့်ကြတယ်။ ပြည့်စုံ အားရအောင် သောက်သုံးတော်မူကြတယ်။ မျက်နှာသစ်ကြတယ်၊ လက်,ခြေများကို ဆေးကြတယ်။ ရဟန်းတော်များ ရေကို သောက်သုံးနေကြတာကို ကြည့်ပြီး တပည့်တော်မ ကြည်နူးလိုက်တာ။ နေပူပူကြီးထဲမှာ ခရီးရှည်ကြီး လျှောက်လှမ်းကြလာရတာမို့ မောပန်းကြပြီး ရေအလွန်ငတ်နေတဲ့အချိန်မှာ ရေကို အားရပါးရ သောက်သုံးကြရလို့ ကိုယ်,လက် စိတ်ဝမ်း ချမ်းသာသွားကြတာ တွေ့ရတော့ တပည့်တော်မ ဝမ်းသာလိုက်တာ။ ငါ လှူဒါန်းလိုက်ရတဲ့ရေဟာ သိပ်အဖိုးတန်လှပါကလားရယ်လို့ ပီတိဖြစ်ရပါတယ် ဘုရား။

ရဟန်းတွေအနက် အကြီးဆုံး မထေရ်ကြီးက ရေအကျိုး တရား ဆယ်ပါး ရရှိနိုင်ကြောင်း ဟောကြား သွားတာကိုလည်း မှတ်သား နာယူလိုက်ရပါတယ်ဘုရား။ (၁) အသက်ရှည်ခြင်း၊ (၂) အဆင်းလှခြင်း၊ (၃) ချမ်းသာခြင်း၊ (၄) ခွန်အားဗလ ကြီးမားခြင်း၊ (၅) ဉာဏ်ပညာ ထက်မြက်ခြင်း၊ (၆) ကြည်လင် သန့်ရှင်းခြင်း၊ (၇) ကျော်စော ထင်ရှားခြင်း၊ (၈) ခြွေရံသင်းပင်း ပေါများခြင်း၊ (၉) ရေမငတ်ခြင်း၊ (၁၀) မမော မပန်းဘဲ ခရီးဝေး သွားနိုင်ခြင်းလို့ ရေလှူ ဒါန်းခြင်းရဲ့ အကျိုး တရားများကို နာကြားရပါတယ်ဘုရား။

အမှန်အတိုင်း လျှောက်ထားရရင် တပည့်တော်မဟာ ရဟန်း တစ်ကျိပ်ခြောက်ပါးတို့အား ရေလှူဒါန်းလိုက်ရတာကို မကြာခဏ သတိရတယ်။ သတိရတိုင်းလည်း ဝမ်းမြောက်မှု၊ ကြည်နူးမှုတွေ ခံစား ရတယ် အရှင်ဘုရား'

'အင်း ... နတ်သမီး၊ သင့်ရဲ့ရေအလှူ ဒါနကြောင့်သာ ခုကဲ့သို့

www.burmeseclassic.com



နတ်ပြည်မှာ ချမ်းသာပြည့်စုံတဲ့ ဘုံဗိမာန်၊ အခြွေအရံတွေနဲ့ တင့်တယ်လှပစွာသော နတ်စည်းစိမ်ကို ခံစားရကြောင်း ငါသိရပေပြီ။ ငါလူ့ပြည် ပြန်ကြွသွားခဲ့အခါမှာ သင့်အကြောင်းကို ပြန်လည် ဟောကြားပေးရမည်။ သို့မှသာ ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေကြတဲ့သူတွေ သတိရမည်၊ အားကျမည်။ တန်ဖိုး မရှိဟုထင်ရသော ဥဒက ဒါနရေအလှူ ကုသိုလ်သည်ပင် မည်ရွေ့မည်မျှ တန်ဖိုးကြီးမားကြောင်း၊ အကျိုးတရား များပြားစွာ ခံစားရကြောင်းတွေကို သိရှိကြမည်'

'ကောင်းလှပါပြီ အရှင်ဘုရား ... ဝမ်းမြောက်လှပါတယ် အရှင်ဘုရား'

*(နာဝါဝိမာန် ဝတ္ထုကို ရေးဖွဲ့သည်။)*

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## အမှန်တရားကို သိကြားစေခြင်းသည်
## (က)

'သူ့မယားကိုလိုချင်ရင် သူ့လင်ကို လုံ့နဲ့ထိုး'တဲ့။ ဒီစကားဟာ ရှေးရိုး စကားပါ။ လုံ့ခေတ်၊ ဓားခေတ်က စကားပါ။ စကားက ရှေးရိုးကျ ပြီး ရိုးသွားပေမယ့် မရိုးနိုင်တာကတော့ ဒီစကားရဲ့နောက်ကွယ်က ဖြစ်ရပ်တွေပါပဲ။ အသွင်အပြင်နဲ့ နည်းနာ ဟန်ပန် လုပ်ရပ်တွေသာ ကွဲပြားသွားပေမယ့် မခြားနားတဲ့ကိစ္စကတော့ လူ့မှုဘဝ လောက အတွက် မလိုလားအပ်စရာပါပဲ။ လူ့မှုဘဝ နယ်ပယ်မှာ လူ့မှုရေး ဖောက်ပြန်မှုဟာ အဆိုးရွားဆုံးနဲ့ ရွံ့စရာ အကောင်းဆုံးဖြစ်ပါလိမ့်မယ်။ ဒီကစပြီး လူ့မှုအနိဋ္ဌာရုံမျိုးစုံ ဖြစ်ပေါ်ကြုံတွေ့နိုင်လို့ပဲ ဖြစ်ပါတယ်။

လူဟာ အတ္တကြီးမားတတ်တဲ့ အတ္တသမား ဖြစ်သလို ချစ်ရေး ချစ်ရာ ကိစ္စတွေမှာလည်း လွန်ကဲတတ်ပေတယ်။ မြင်မြင်ချင်း ချစ်မိရာ တန်းတန်းစွဲ ဖြစ်သွားကြတဲ့ ဇာတ်လမ်းတွေလည်း အမြောက်အမြား ရှိပေလိမ့်မယ်။ ဒီအကြောင်းကို ဖော်ပြတဲ့ ပါဠိ စကားကတော့ စက္ခုရူ ပေန သံဝါသာ ရာဂပုတ္တံ ဝိဇာယတိပါပဲ။ မျက်စိနဲ့ ကြိုက်နှစ်သက်ရာ ရူပါရုံအဆင်း တွေ့ကြုံမြင်မိခြင်းကြောင့် တပ်မက်တွယ်တာမှု ရာဂတည်းဟူသော သားကို ဖွားမြင်ပါသတဲ့။ ဒါဟာ ပါဠိရဲ့ တိုက်ရိုက် အနက်ပါ။ မြင်တာကို ခံစားတဲ့ ဝေဒနာမှတစ်ဆင့် တဏှာဖြစ်တာပါပဲ။ ချစ်ခြင်းအစ မျက်စိကလို့ ဆိုနိုင်တာပေါ့။

လူသားတွေမှာ အချစ်(တဏှာ)ဆိုတာ ရှိနေသမျှ အချစ် ဇာတ်လမ်းတွေဟာလည်း ကုန်ခန်း သွားနိုင်ဖွယ် မရှိပေဘူး။ ဒါကြောင့်လည်း အချစ်ဇာတ်လမ်း၊ မှတ်တမ်းတွေကိုရေးဖွဲ့ ခံစား တင်ပြနေကြရတာပါ။ အချစ်နဲ့ပတ်သက်လို့ မဖြစ်သင့်တာ မဖြစ်ဖို့ မမှားသင့်တာ မမှားဖို့ ဆောင်ရန်၊ ရှောင်ရန်ကိစ္စလေးများကို အသား ပေးပြီး ရေးသား နေကြတာပါ။

အချစ်ဟာ သူ့ပင်ကို သဘာဝ အကြမ်းထည် သက်သက်ဆို ရင် ရိုင်းစိုင်းတဲ့တိရစ္ဆာန် တစ်ကောင်လိုပါပဲ။ အဲဒီကြမ်းတမ်း ရိုင်းစိုင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို ကြင်နာမှု၊ သနားမှု၊ မှန်ကန်မှုဆိုတဲ့ မေတ္တာ၊ ကရုဏာ၊ သစ္စာ အလှတရားတွေနဲ့ ပေါင်းစပ် ပေးမှသာ သာယာလှပတဲ့အချစ်မျိုး ဖြစ်နိုင်ပါတယ်။ အချစ်ဆိုတဲ့ ရမ္မက်သက်သက်အနေနဲ့ဆိုရင်တော့ ဘာမှ မမြင်ဘူး။ ဒါကြောင့် Love Blind လို့ ဆိုကြတာပေါ့။ အချစ်ကို အကြင်နာ အနားကွပ်ပေးရမယ်။ သစ္စာတရားကို အထွတ် တပ်ပေး သင့်တယ်။

နားထောင်ဖူးတဲ့ ကာလပေါ် တေးတစ်ပုဒ်ထဲမှာ

××× အမိုးကတော့ သစ္စာထားကွယ် ××× အကာမှာတော့ မြတ်နိုးခြင်းပေါ့ မောင်ရယ် ××× အကြင်နာမှုကို တိုင်ထူလို့ရယ်××× ချစ်စံအိမ်လေး အတူဆောက်ကြမယ်××× နော်××× မောင်ရယ်×××

စတဲ့ ဖွဲ့ဆိုချက်တွေကို တွေ့ရတယ်။ လှပပြီး ဆိုညည်း နေစရာကောင်းတဲ့ တေးလေး တစ်ပုဒ်ပါပဲ။ အမည်က ချစ်စံအိမ်ဆိုလား။

(ခ)

သူ့မယား လိုချင်လို့ သူ့လင်ကို လုံနဲ့ထိုးရာမှာ လုံသွားက ကိုယ့်ဆီပြန်လာတဲ့ ရှေးနိပါတ် ဇာတ်တစ်ထုပ်ကို ကောက်နုတ်တင်ပြ ချင်ပါတယ်။ မှတ်သားစရာ၊ သတိထားစရာ၊ သံဝေဂ ရစရာလေးတွေကို ဖတ်ရှုခံစားရမှာပါ။

ဗာရာဏသီမြို့နားက ရွာတစ်ရွာမှာ သူကြွယ် တစ်ယောက် ဟာ သုဇာတာလို့ခေါ်တဲ့ အလွန်တရာ ချောမောလှပတဲ့ ဇနီး တစ်ယောက် ရှိလေရဲ့။ သုဇာတာဟာ စာဖွဲ့လောက်အောင်ပင် နုယဉ် ချောမွေ့ ပြေပြစ်တင့်တယ်သူလေးပါ။ အသားက ရွှေလို ဝင်းနေပြီး အဆင်းက ကြွေရုပ်ကလေး ပမာ အကြောက မြလိုစိမ်းနေတယ်။ သွားတဲ့အခါ ဆင်မယဉ်သာ၊ လှုပ်ရှားတဲ့အမူအရာက သွဲ့သွဲ့ပျောင်းပျောင်းနဲ့ နှောင်းတဲ့အသွင်အပြင်ကြောင့် မြင်သူမှန်သမျှ ချစ်ချင်စရာပါ။ ဒါပေမယ့် သူ့မှာ ကာမပိုင် လင်ယောက်ျားနဲ့လေ။

မယားချော၊မယားလှကို ပိုင်ဆိုင်ထားတဲ့ ကိုသူကြွယ်အဖို့

www.burmeseclassic.com

www.burmeseclassic.com



သွားရာ လာရာ စိတ်မချချင်စရာ။ မယားသွားရာ သူလိုက်ပါရသလို သူသွားတဲ့အခါလည်း မယားကိုပါ ခေါ်သွားရတယ်။ သူ့ရဲ့ဒုက္ခကလည်း မသေးလှပေဘူး။

မသုဇာတာဟာ ရုပ်အဆင်းသာ ကြွေရှင်း လှပတာ မဟုတ်။ လင့်ဝတ္တရားကို ကျေပွန်တဲ့ မယားအလိမ္မာ၊ ယောက္ခမများကို လည်း မိဘပမာ ပြုစုလုပ်ကျွေးရှာသူလေး ဖြစ်ပေတယ်။ The wife that loves the looking hates the saucepan. မိန်းမမျိုးမဟုတ်။ အဆင်းရော အချင်းပါ ပြည့်စုံသူလေး ဖြစ်တယ်။

(၇)

တစ်နေ့သောအခါ–

အဲဒီတစ်နေ့ဟာ ကိုသူကြွယ်အဖို့ မမေ့နိုင်စရာ နေ့တစ်နေ့ ဖြစ်သလို ဂြိုဟ်ဆိုးတဲ့မောင့်ကို မွေ့တဲ့နေ့လည်းဖြစ်နေတယ်။ မသုဇာတာဟာ သူ့ရဲ့မိဘများရှိရာ ဗာရာဏသီမြို့သို့ သွားချင် လှချည်ရဲ့ဆိုလို့ လိုက်ပို့ရတယ်လေ။ ရှေးတုန်းကတော့ လှည်းယာဉ် လေးနဲ့ပေါ့။ ကြော့လို့မော့လို့။

မြို့တွင်းရောက်တဲ့အခါ ဆင်တော် စီးပြီး မြို့တော်ကို လှည့် လည်ကြည့်ရှုနေတဲ့ ဖြဟ္မဒတ်မင်းကြီးနဲ့ ဆုံပါလေရော။ ဒီအခါ သုဇာတာဟာ မိမိတို့ရဲ့အရှင်သခင်ကို လေးစား ရိုသေမှုနဲ့ လှည်းယာဉ် ပေါ်က ဆင်းပြီး ခြေကျင် လျှောက်ပါတယ်။ ဆင်မယဉ်သာ လျှောက် လှမ်းကာဖြင့် မူယာသွဲ့ပျောင်း နွဲ့နှောင်း ချောမောလှပတဲ့ သူမရဲ့ အလှအပများကို ဆင်ပေါ်က မင်းကြီး ရှုစားမိပါပြီ။

'အို ... အလို ... တကယ်လှတဲ့ သူငယ်မပါလားကွယ်ရို'

မင်းကြီး ရာဇဏ္ဍြေ မဆည်နိုင်တော့ပါ။ သုဇာတာကို မြင်မြင်ချင်း ချစ်ကျွမ်းဝင်လိုစိတ်၊ တပ်မက်စိတ်တွေ တရိပ်ရိပ်တက်လာ ပါတော့တယ်။ ချက်ချင်းပါပဲ၊ အမတ် တစ်ယောက်ခေါ်ပြီး လင်ရှိမရှိ သာမိက၊ အ,သာမိကဆိုတာကို စုံစမ်းခိုင်းပါတော့တယ်။

'သာမိကဆိုတဲ့ ပိုင်ရှင် လင်ရှိကြောင်းပါဘုရား၊ လှည်းပေါ်က လူဟာ သူ့ယောကျ်ားဖြစ်ကြောင်းပါ'

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီး မကြားချင်တဲ့၊ မမျှော်လင့်တဲ့စကားကို အမတ်က လျှောက်ထား သံတော် ဦးတင်လိုက်တဲ့အခါ မင်းကြီးရဲ့ရင်ထဲ လှုပ်ခါသွားပြီး ခေါင်းထဲမှာတော့ အကြံအစည်တစ်ခု ချက်ချင်း ပေါ်လာတယ်။ အဲဒီအကြံအစည် စီမံချက်ကတော့–

'ငါကိုယ်တော်မြတ်ရဲ့ ဟောဒီ ပတ္တမြား ဥသျှောင်ကို ဟောဟို လှည်းပေါ် ဘယ်သူမှ မသိအောင် သွားတင်လိုက်စမ်း မင်းချင်း'

မင်းကြီးဟာ အချိန်မဆိုင်းဘဲ 'ငါရဲ့ပတ္တမြား ဥသျှောင်ပျောက်ဆုံးသွားတယ်၊ ရှာကြစမ်း' လို့ အမိန့်ပေးလိုက်ပါတယ်။

'တွေ့ပါပြီ မင်းကြီး၊ ဟောဒီလှည်းပေါ်ကပါ ဘုရား'

'ကောင်းပြီ၊ အမိန့်တော် မှတ်မယ်၊ ငါဘုရင်ရဲ့အမြတ်တနိုး ဖြစ်တဲ့ ပတ္တမြား ဥသျှောင်ကိုတောင် နှေခင်းကြောင်တောင် ခိုးယူရဲတဲ့ အဲဒီ လှည်းသမားကို အရှင် မထားဘဲ ခေါင်းဖြတ်သတ်စေ'

အဖြစ်အပျက်တွေက မြန်ဆန်လွန်းတယ်။ ဖြစ်ရိုးဖြစ်စဉ် ဖြစ်ရပ် မဟုတ်မှုဘဲ လုပ်ဇာတ်ဆင်တဲ့ ဖြစ်ရပ်ဆိုတော့ ပြကွက်တွေက ဖျတ်ခနဲ ဖျတ်ခနဲ။

(ဃ)

ရာဇဝတ်သင့်တဲ့ လင်တော်မောင် ကိုသူကြွယ်နောက်မှ မျက်ရည်ရွှဲရွှဲနှင့် ငိုပွဲဆင်ပြီး လိုက်ပါနေသူကတော့ မသုဇာတာရယ်ပါ။ မင်းခယောကျ်ား သူသတ်သမားတို့ဟာ သူသတ်ကုန်းသို့ရောက်တဲ့ အခါ သူကြွယ်ကို ဦးခေါင်းဖြတ်သတ်ရန် ပြင်ဆင်ကြပါတယ်။ အဲဒီ အချိန်မှာ–

သုဇာတာဟာ လင်ယောကျ်ားအတွက် သက်သေပြစရာ သစ္စာမှတစ်ပါး အခြားမရှိတော့ကြောင်း ကောင်းစွာ သိလိုက်ပါပြီ၊ သုဇာတာဟာ သူမရဲ့ကိုယ်ကျင့်သိက္ခာပြည့်စုံမှု သီလဂုဏ်ကို အောက်မေ့ အာရုံယူပြီးနောက် သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များ ကို တိုင်တည်လိုက်ပါတယ်။

'လောကကြီးမှာ သီလရှိသူများကို အနိုင်ကျင့် ညှဉ်းဆဲတတ် တဲ့ လူယုတ်မာကို တားမြစ်ပေးနိုင်တဲ့ နတ်ကောင်း နတ်မြတ်များ

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘူးလား'

သူတော်ကောင်းကို နတ်ကောင်း စောင်မ,သည် ဆိုစကားအတိုင်း သုဓာတာရဲ့ သစ္စာတိုင်တည်ချက်၊ အကူအညီ တောင်းခံချက်စကားကို သိကြားမင်းက ကြားသိသွားပါတယ်။

'အလို ... အို ... ငါမကယ်ရင် အမှန်တကယ် ရိုးသားဖြောင့်မတ်တဲ့ လူရွယ်ဟာ သေဖွယ်ရာ ရှိတော့ပါကလားကွယ်ရို့'

သိကြားမင်းဟာ လူ့ပြည်သို့ဆင်းသက်လာပြီး ဆင်ပေါ်က မင်းယုတ်မာကို ဆွဲချပြီး ခေါင်းဖြတ်မယ့် သင်တုန်းပေါ်တင်လိုက်ကာ သင်တုန်းပေါ်က သူကြွယ်ကို ဆောင်ယူလျက် နေရာချင်း လဲလှယ်ပေးလိုက်တယ်။ သူကြွယ်ကို မင်းဝတ်တန်ဆာများ ဆင်ယင်ပေးကာ ဆင်တော်ပေါ် တင်ပေးလိုက်တယ်။ သူသတ်သမားတွေက သင်တုန်းပေါ်မှာ ပက်လက် အနေအထားနဲ့ တင်ထားတဲ့ မင်းကို သူကြွယ် အမှတ်နဲ့ ခေါင်းဖြတ် သတ်လိုက်ကြပါတော့တယ်။ ကိုယ့်အသံဟာ ပဲ့တင်သံ ပြန်လာသလို ကိုယ်ပြုတဲ့ မကောင်းကံဟာလည်း ကိုယ့်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတတ်ပါကလား။ ကြောက်စရာကောင်းပါဘိ၊ လန့်စရာ ရှိလှပါဘိ။

ဒီကိစ္စအားလုံးကို သိကြားမင်းရဲ့အစွမ်းနဲ့ လုပ်လိုက်တာပါ။ အဒီနောက်မှာ သိကြားမင်းက ကိုယ်ထင်ရှားပြကာ သူကြွယ်ကို ရာဇာဘိသေက သွန်းပေးပြီး မင်းအဖြစ် တင်မြှောက်ပေးလိုက်တယ်။ ကိုယ့်ကျင့်သိက္ခာပြည့်စုံပါတဲ့ မယားအလှအလိမ္မာ သုဓာတာကိုလည်း မိဖုရားကြီးအရာမှာ ထားပေးလိုက်ပါတော့တယ်။

မင်းပရိသတ်နှင့်တကွ တိုင်းသားပြည်သူလူထုအားလုံးကလည်း–

'သိကြားမင်းပေးတဲ့ မင်းကို ငါတို့ရပြီဟေ့' လို့ ဝမ်းမြောက်ဝမ်းသာ ကြွေးကြော်တဲ့အသံဟာ ဗာရာဏသီမြို့အလုံး အုန်းအုန်းမြိမ့်မြိမ့် ညံနေပါတော့တယ်။

*(ဇာတက၊ ဒုကနိပါတ်၊ မဏိစောရဇာတ်ကိုအခြေခံပြီး ခံစားခြယ်မှုန်းတာပါ)*

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



## ကိန္နရာ ကိန္နရီဇာတ်လမ်း

## ဖန်ရည်ဆိုးဝတ်နှင့် မုဆိုး

ကိန္နရာ,ကိန္နရီတို့သည် လူသားမျိုးနွယ်ဟု မဆိုနိုင်သော်လည်း လူသားကဲ့သို့ဖြစ်ကြသည်။ လူနှင့်တူပြီး လူလို ကခုန်နိုင်သည်။ လူကဲ့သို့ သီချင်းဆိုသည်။ လူလို ချစ်ခင်စုံမက်တတ်ပြီး လူကဲ့သို့လည်း လွမ်းတတ်၊ ဆွေးတတ်၊ တမ်းတတတ်ကြလေသည်။ လူကဲ့သို့လည်း ပူဆွေးသောက ဗျာပါရဖြင့် ငိုကြွေးတတ်ပါသေး၏။ ဆိုကြပါစို့။ လူသားကဲ့သို့ နှလုံးသားဖြင့် ချစ်တတ်,ခင်တတ်၊ သမုဒယနှောင်ကြိုး ရစ်ပတ်တတ်လေသည်။ လူကဲ့သို့ ကိလေသာမီးဖြင့် သံယောဇဉ်လည်း ကြီးတတ်ကြလေ၏။

ဟိမဝန္တာတောင်ခြေ တောဝနာဗွေတွင် စန္ဒဟုခေါ်သော ငွေတောင် ရှိလေသည်။ ဤငွေတောင်၌ ကိန္နရာနှင့် ကိန္နရီမောင်နှံ နေထိုင်ကြသည်။ စန္ဒကိန္နရာနှင့် စန္ဒကိန္နရီ။

ရာသီဥတု သာယာသော တစ်နေ့တွင် ကိန္နရာ,ကိန္နရီမောင်နှံတို့သည် ငွေတောင်မှဆင်းသက်ကာ ခြေညောင်း လက်ဆန့် ပြုကြသည်။ သဘာဝ ရာသီဥတု သာယာလျှင် သဘာဝကို အမှီပြုနေထိုင်ကြသော သက်ရှိ သတ္တဝါတို့သည်လည်း စိတ်လက်ရွှင်မြူး အထူးကြည်နူးလေ့ရှိကြပါ၏။ သက်မဲ့သဘာဝ ရေ၊ မြေ တောတောင်ဟူသော ဩကာသ လောက သာသာယာယာ ရှိသော် သက်ရှိ သတ္တဝါဖြစ်သည့် သတ္တလောကသား အပေါင်းတို့သည်လည်းပျော်ရွှင်မြူးထူး နှစ်သက်ကြပါ၏။ ယခုလည်းကြည့်ပါ။ ကိန္နရာ,ကိန္နရီ ချစ်ဖက် မောင်နှံတို့သည် သာယာလှပသည့် သဘာဝ ပတ်ဝန်းကျင်မှ ကူးစက်ကာ အထူး နှစ်သက်စွာ ချစ်တေး သီကြွေးလျက် ချစ်ရေးချစ်ရာ သမုဒယ ယှက်ဖြာသော ဘာသာစကားတို့ဖြင့် မမောနိုင် မပန်းနိုင် ချစ်မြိုင်မြိုင် အပြိုင်အဆိုင် ပြောဆိုလျက် ရှိကြလေသည်။

ထိုသောအခိုက် ဗာရာဏသီပြည့်ရှင် ဘုရင်ဗြဟ္မဒတ်သည် တောကစား ထွက်လာ၏။ ဟိမဝန္တာရှိ ငွေတောင် အရပ်သို့ ဦးတည်

www.burmeseclassic.com

www.burmeseclassic.com



လျက် ဘုရင်များ သပြေလား ရေလား တောကစားထွက်ကြလေ့ရှိကြတာ မဆန်းပြားသော်လည်း ယခုတောကစား ထွက်လာသော ဗာရာဏသီမင်း၏ အသွင်အပြင် အဝတ်အဆင်က ဆန်းပြားနေသည်။ တကယ်ဆိုရင် တောကစားထွက်လျှင် မုဆိုးအသွင်အပြင် မုဆိုးအဝတ်အဆင်၊ သို့မဟုတ်ပါကလည်း မင်းသား တစ်ပါး၏ပုံသွင်ဖြစ်သင့်ပါ၏။ သည်ဘုရင်ကတော့ဖြင့် ဖန်ရည်စွန်းသော သင်္ကန်းရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ အစဉ်အလာအားဖြင့် မဆန်းပြားသော်လည်း အသွင်သဏ္ဌာန်အားဖြင့် ဆန်းနေပါ၏။

## မြင်မြင်ချင်းချစ်မိသူ

မင်းဖြဟ္မဒတ်သည် ငွေတောင်ခြေသို့ ရောက်သောအခါ ကိန္နရာ, ကိန္နရီတို့၏ ချစ်ကြွေးသံကို ကြားနေရ၏။ ကြည့်လိုက်သောအခါ လူမက နတ်တမျှ လှပပြေပြစ် ချစ်စရာ ကောင်းလှသော စန္ဒကိန္နရီကို မြင်တွေ့ရသည်။ မျက်စိနှင့် အဆင်းရူပါရုံ မြင်တွေ့ခိုက်ကြုံသောအခါ အာရုံအာရမ္မဏိက သဘာဝ အတိုင်း စက္ခုရူပေနသံဝါသာ ရာဂ ပုတ္တံ ဝိဇာယတိ–မြင်မြင်ချင်းပဲ ချစ်မိတယ် ဖြစ်သွားလေသတည်း။

စန္ဒကိန္နရီမယ်လေးကို ချစ်စိတ်ဝင် သမုဒယတွင် ငြိမိသော်လည်း သူမနှင့်အတူတွဲလျက် လက်ချင်း ယှက်နေသူကိုတော့ မလိုလားနိုင်ပေ။ စန္ဒကိန္နရီကို ချစ်သော်လည်း စန္ဒကိန္နရာကို မနှစ်သက်နိုင်ပေ။ မင်းကြီး (မုဆိုး)သည် အချစ်မဝင်နိုင်သော ကိန္နရာကို အနှောင့်အယှက်ဟုမြင်ကာ ပါလာသော အဆိပ်လူး မြားဖြင့် ပစ်ခွင်းလိုက်လေသည်။ စန္ဒကိန္နရာသည် မြားဒဏ်သင့်ကာ လဲကျသွားလေသည်။

## ကိန္နရာ၏ စိုးရိမ်သောက

'နှမ စန္ဒာ ... မောင်တော် သေရတော့မယ်။ မြားရဲ့ဒဏ်ချက်က အခံရ ခက်လှပါဘိ နှမရယ်။ မောင်မောင့်နှလုံးသားတော့ကွဲကြေသွားသလို ခံစားရတယ်ကွယ်။ မောင်တော် မရှိရင် နှမမှာ အားကိုးရာ

www.burmeseclassic.com

www.burmeseclassic.com



မဲ့ပြီး စိုးရိမ်ခြင်း သောကတွေ ခံစားရရှာတော့မယ်။ နှမ စန္ဒာခမျာ ပူလောင်နေတဲ့ ကျောက်ဖျာပေါ်မှာ ကျရောက်သွားတဲ့ မြက်ပင်ငယ် လို ညှိုးနွမ်းရှာပေရှော့မယ်။ ဒီလိုဖြစ်ရတာ မောင်နဲ့ကွေကွင်းရတဲ့ နှမရဲ့သောက လောင်ကျွမ်းမှုမှ တစ်ပါး တခြား မဖြစ်နိုင်တော့ပါ'

**စန္ဒကိန္နရီ၏ရင်ခွင်ထဲမှ ကိန္နရာ**

စန္ဒကိန္နရီမယ်သည် ချစ်လှစွာသော မောင်တော် စန္ဒကိန္နရာ ကို ရင်ခွင်ဖြင့် တင်းကျပ်စွာ ပွေ့ပိုက်ထားလိုက်သည်။ မောင်တော် ကိန္နရာ၏ မြားမှန်သော ဒဏ်ရာက ထွက်ကျသော သွေးနီရဲရဲတို့မှာ ကြည့်ရက်စရာ မရှိ၊ မြင်ရက်စရာ မရှိ မကြည့်ချင် မြင်လျက်သား ဖြစ်နေရသော ဤမြင်ကွင်းကို ကိန္နရီမယ်ခမျာ ကြာရှည်စွာ ကြည့်နိုင် စွမ်း မရှိတော့ပါ။ မောင်တော် ကိန္နရာမှာ မြားဒဏ်ချက်ကြောင့် သတိလစ်လျက် မေ့မြောသွားလေသတည်း။

'အဖြစ်ဆိုးလှချည်လား မောင်တော်ရယ်။ ဘယ်သူကများ ဘယ်ရန်ငြိုးနဲ့ ပစ်ခွင်းလိုက်ပါလိမ့်'

ကျောက်တောင်စွယ် တစ်နေရာမှ ကြည့်နေသော မုဆိုးသည် ကိန္နရာသေပြီ အထင်ဖြင့် ထွက်လာလေသည်။ ကိန္နရီမယ်ကို သိမ်းပိုက်ရန်ဖြစ်သည်။ သို့သော် သူ့ဆန္ဒ မပြည့်ဝ။ သူ၏ မျှော်လင့် ချက် မအောင်မြင်ပါ။

စန္ဒကိန္နရီသည် မုဆိုးကို မြင်သော် ကြောက်လန့်စွာပြေးကာ တောင်ထိပ်ဘက်သို့ ရောက်သွားလေသည်။ တောင်ထိပ်ပေါ်မှနေ၍ ငါးဂါထာဖြင့် ကျိန်စာဆို၏။

**စန္ဒကိန္နရီမြွက်ဆိုသောကျိန်စာများ**

ဖန်ရည်စွန်းဝတ်၊ မချွတ်ဝတ်လာ မင်းရာဇာ၊ လင်ကို မြတ်နိုး အားကိုးတွယ်တာသော ငါ့ကို လင်မဲ့ဘဝ မုဆိုးမ,ဖြစ်အောင် ကြံဆောင် လျက် မြားဖြင့်ပစ်ရက်သည်။ သင်သည် လူယုတ်မာ။

ကြည့်မဝ ရှုမဝပါသော မောင်တော် စန္ဒကိန္နရာသည် ငါ၏

www.burmeseclassic.com

www.burmeseclassic.com



အသည်းနှလုံးဖြစ်၏။ ငါ၏နှလုံးသားကို သောက ပွားအောင် သင်ကြံဆောင်လေသလော။

ငါ့နှလုံးသား ကြေမွ ပျက်စီးသွားသလို သင်၏မယားသည်လည်း နှလုံးညှိုးနွမ်း သောကမီး ပြွမ်းကာ ကျွမ်းလောင်ပါစေသား။

မုဆိုးတစ်ပိုင်း လူရိုင်း လူယုတ်မာ မင်းရာဇာ ... သင်သည် ငါ့ကို တပ်မက် စွဲလမ်းချက်ကြောင့် ချစ်လှစွာသော ငါ၏မောင်တော် စန္ဒကိန္နရာအား အပြစ် မရှိဘဲလျက် ငြိုးချက်ကြီးစွာ ယုတ်မာ ရက်စက်သော အမှုကို သင်ပြုဘိတကား။ သို့အတွက်ကြောင့် သင်၏မိခင်သည် သားသမီးများကိုလည်းကောင်း၊ လင်ယောကျ်ားကိုလည်းကောင်း မကြွင်ရသူ ဖြစ်ပါစေသား၊ ကွဲပါစေသား။ မုဆိုးတစ်ပိုင်း နှလုံးရိုင်းစွာ မင်းရာဇာ ... သင်သည် ငါ့ကို စုံမက် နှစ်သက်မှုကြောင့် ငါ၏မောင်အား ပစ်သတ်တဲ့ အကြောင်းတရားကြောင့် သင်သည်လည်း သင်၏ချစ်မယားနှင့် ကွဲပါစေသား၊ သင်၏မယားသည် သားကိုလည်းကောင်း၊ လင်ယောကျ်ားကိုလည်းကောင်း မမြင်တွေ့ရသူ ဖြစ်စေသတည်း'

မောင်တော်စန္ဒကိန္နရာအတွက် ရတက်ပူမီး သောကကြီးစွာ ခံစားရရှာသော စန္ဒကိန္နရီ၏ ကျိန်စာ စကားများဖြစ်သည်။

## လွမ်းရပါပြီကိန္နရီ

စန္ဒကိန္နရီ၏ ရင်မှလာသော ကျိန်စာ စကားကို နာကြားရသော မင်းသည် ကိန္နရီမယ်လေးကို နှစ်သိမ့်ရလေတော့၏။ မင်း၏ နှစ်သိမ့် စကားကလည်း ကြည့်ပါဦး။

'မပူပါနဲ့၊ စိတ်သောက မဖြစ်ပါနဲ့ နှမ။ သင်၏ယောကျ်ား မရှိပြားသော်လည်း ငါသည် သင့်ကို စောင့်ရှောက်ပါမည်။ သင်သည် ငါ၏ မယား မိဖုရားကြီး ဖြစ်ပေလိမ့်မည်'

'ရိုင်းစိုင်းယုတ်မာ မင်းရာဇာ ... ငါ၏မောင်တော် သေသွားသော်လည်း ငါသည် သင်၏မယားအဖြစ်မခံ။ အသက်သာ အသေခံလိုက်မည်မှတ်ပါ'

www.burmeseclassic.com

www.burmeseclassic.com



သူ့တွက် မျှော်လင့်ချက် ကင်းမဲ့သွားပြီကို သိသော ဗာရာဏသီမင်း မှုဆိုးသည် ထိုနေရာမှ ထွက်ခွာ သွားလေတော့သည်။

ထိုအခါ စန္ဒကိန္နရီသည် မြားဆိပ်သင့်ကာ မေ့မြောနေရှာသော ကြင်ဖက်သက်လျာ ကိန္နရာကိုပွေ့ဖက်ကာ ငွေတောင်ပေါ်သို့ သယ်ယူလာခဲ့လေသည်။ စန္ဒကိန္နရာအား သူမ၏ပေါင်ပေါ်တွင် ယုယစွာ တင်ထားလိုက်လေ၏။ ဖြေမဆည်နိုင်သော မျက်ရည်ဖြိုင်ဖြိုင်ကျကာ ငိုကြွေးရှာလေသတည်း။

**ကိန္နရီ၏အလွမ်း**

မောင်တော်သက်လျာ၊ ချစ်ရပါသော ကိန္နရာ–

ဟောဒီ သာယာလှပ မှိုင်းမြမြ ငွေတောင် ရေတံခွန် စိမ့်စမ်း၊ ခင်တန်းလျှိုမြောင်၊ ပန်းမန်မွှေးကြိုင် မြားနိုင်ဘယ်လောက်ပင် သာယာတင့်တယ်ပေမယ့် မောင်တော် မရှိရင် နှမအတွက် ဘာမျှ အဓိပ္ပါယ် မရှိတော့ပါ။

မွှေ့လျော်သန့်ရှင်း ဟောဒီ စိမ်းမြမြ မြက်ခင်းပေါ်မှာလည်း မနေချင်တော့ပါ။ ကြည်လင်အေးမြ ပန်းအကြွေတောမှာ စမ်းရေမျောပါလာတဲ့ ပန်းမန်တွေဟာလည်း မလှပတော့ပါ။ မောင်တော်သခင်၊ မရှိရင် မြင်မြင်သမျှ သဘာဝ အလှအပတွေဟာ မသာယာပါ။ သောက အပူကဲနေတဲ့ မယ်ကိန္နရီရဲ့အသည်းကို အေးမြနိုင်စွမ်း မရှိတော့ပါ။

တောဟိမဝါ၏ ပတ္တမြားညိုရောင် တောက်ပနေသော တောင်ထွတ်တို့သည်လည်းကောင်း၊ ရွှေရောင်ဆေးဒန်း မြင်းသီလာရောင်၊ ဘော်သခွားငွေရောင်၊ စိန်ရောင်၊ မြရောင် ရတနာ ခုနစ်ပါး ရောင်တို့ဖြင့် ပြိုးပြောင်ရွှန်းလက် မိုးထိမြင့်တက်နေသော လှပတဲ့ တောင် ထွတ်တို့သည်လည်းကောင်း၊ နှမ စန္ဒကိန္နရီရဲ့ နှလုံးမြသဲညွှာကို ဖမ်းစား ယစ်မူးနိုင်စွမ်း မရှိတော့ပါ။ နတ်ဆေးပေါင်းခတဲ့ ဂန္ဓမာဒနတောင်မှာ မောင်တော်မပါရင် ပျော်မွေ့ဖွယ် မကောင်းတော့ပါ။

ဤသို့လျှင် စန္ဒကိန္နရီမယ်သည် မြားဆိပ်တက်ကာ မေ့မြော

www.burmeseclassic.com

www.burmeseclassic.com



နေရှာသော မောင်တော် စန္ဒကိန္နရာကို ရင်ခွင်ဖြင့်ပွေ့ပိုက်လျက် ရတက်မအေး ပူဆွေးသောက ဖျာပါရ ကြွယ်ကြွယ် အလွမ်းသယ်နေပါတော့၏။

## သစ္စာစွမ်းအင် အသက်ရှင်

သို့ဖြင့် ကိန္နရာ၏ရင်ဘတ်ကို ရင်ဖြင့်စမ်းသပ်ကြည့်ရာ ပူနွေးနေရုံမျှမက နှလုံးခုန်သံ တဒုတ်ဒုတ်ကို ကြားရသောအခါ ကိန္နရီမှာ မျှော်လင့်ချက်တို့ဖြင့် မျက်နှာ ဝင်းလက်ကာ အားတက်သွားလေသည်။

'ဟော ... မောင်တော်ရဲ့ နှလုံးသားတွေ တုန်ခါနေသေးတယ်'

သို့စဉ် စန္ဒကိန္နရီသည် 'သမ္မာဒေဝ လောကပါလ နတ်အပေါင်းတို့ ... မောင်တော် အသက်ရှင်အောင် ကူညီပိုင်းပြီး မှိုင်းမ, တော်မူကြပါလော့' ဟူ၍ သစ္စာဆိုကာ နတ်ဒေဝတာများကို တိုင်တည်ဆုတောင်းလေသည်။

ထိုအခါ ကျောက်ဖျာ ပူနွေးလာသော အခြင်းအရာကို သိရှိသွားသော သိကြားမင်းသည် တာဝတိံသာမှ ဆင်းသက်လာကာ ပုဏ္ဏားအသွင် ဖန်ဆင်းပြီး မေ့မြောနေသော ကိန္နရာ၏ကိုယ်ပေါ်သို့ ရေစင် ရေကောင်းများ သွန်းလောင်းလိုက်လေသတည်း။

အံ့သြဖွယ် ကောင်းလောက်အောင်ပင် မြားဒဏ်ချက်ကြောင့် မေ့မြောနေသော ကိန္နရာမှာ ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ မြားဆိပ်ကင်းစင် လွင့်ပျောက်ကာ အမာရွတ် ဒဏ်ရာမျှပင် မတင်, မကျန်ဘဲ အသက်ရှင် ချမ်းသာသွားလေသည်။

## အလွမ်းမှတ်တမ်း ကိန္နရီဇာတ်လမ်း

ပါရမီဖြည့်ဖော် ယသော်ရော မိဖုရားသည် သားတော်ရာဟုလာလေး မွေးဖွားချိန်မှစ၍ တောရပ်မြိုင်ပေါ် ခြောက်နှစ်ကျော်ကျော် တစ်ကိုယ်တော်ကျင့်စဉ် ခရီးရှည်ကြီး ထွက်သွားခဲ့သူ မောင်တော် သိဒ္ဓတ္ထအား သဗ္ဗညုဗုဒ္ဓစင်စစ် ဘုရားအဖြစ်နှင့် ဖူးမြင်ခွင့်ရသောအခါ အလွမ်းမိုးကို အတိုးချကာ ရွာသွန်းဖြိုးလေသည်။ (၁၈)ကွက်

www.burmeseclassic.com

www.burmeseclassic.com



စက်လက္ခဏာတော်များနှင့် ပြည့်စုံသော မြတ်စွာဘုရား၏ ခြေဖမိုးတော်ကို မိမိ၏ နဖူး၊ ဆံပင်တို့ဖြင့် ဦးတင် ပွတ်သပ်ကာ ငိုကြွေးရှာလေသည်။

နှစ်ကာလ ရှည်လျားစွာ ခွဲခွာရလေတော့ ကျေးဇူးရှင် မောင်တော်ဘုရားကို လွမ်းဆွတ် ရှိုက်မက်စွာ ငိုကြွေးလျက် ရတက်မီး ဖြာဝေနေသော ကြင်ရာတော် ယသော်ဓရာ မေကညာအား နှစ်သိမ့်သော အားဖြင့် ဤစန္ဒကိန္နရီဇာတ်ကို ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။

*(ဇာတက၊ ပဏ္ဏာသနိပါတ်၊ စန္ဒကိန္နရီဇာတ်ကို ခြယ်မှုန်းပါသည်။)*

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



စက်လက္ခဏာတော်များနှင့် ပြည့်စုံသော မြတ်စွာဘုရား၏ ခြေဖမိုးတော်ကို မိမိ၏ နဖူး ဆံပင်တို့ဖြင့် ဦးတင် ပွတ်သပ်ကာ ငိုကြွေးရှာလေသည်။

နှစ်ကာလ ရှည်လျားစွာ ခွဲခွာရလေတော့ ကျေးဇူးရှင် မောင်တော်ဘုရားကို လွမ်းဆွတ် ရှိုက်မက်စွာ ငိုကြွေးလျက် ရှာကဗ်မီး ဖြာဝေနေသော ကြင်ရာတော် ယသော်ဓရာ မေကညာအား နှစ်သိမ့်သောအားဖြင့် ဤစန္ဒကိန္နရီဇာတ်ကို ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။

*(ဇာတက၊ ပဏ္ဏာသနိပါတ်၊ စန္ဒကိန္နရီဇာတ်ကို ခြယ်မှုန်းပါသည်။)*

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ အရှင်အနုရုဒ္ဓါ မထေရ်ဟာ သူဝတ်ရုံနေတဲ့ သင်္ကန်း ဆွေးမြည့်နေသဖြင့် သင်္ကန်းချုပ်ရန် လမ်းဆုံ လမ်းခွ လမ်းလေးမနဲ့ အမှိုက်ပုံစတဲ့နေရာတွေမှာ ကောင်းနိုးရာရာ ပိတ်စတွေကို ရှာဖွေ နေပါတယ်။ အဲဒီတုန်းက ဗုဒ္ဓဘုရားက တပည့်သား သံဃာတော်များအား ပံ့သကူသင်္ကန်းကိုသာ ဝတ်ရုံစေပါတယ်။ ဂဟပတိစီဝရခေါ်တဲ့ လှူဒါယကာ, ဒါယိကာမတွေ လှူတဲ့သင်္ကန်းကို ခွင့်ပြုတော်မမူသေးပါ။

အနုရုဒ္ဓါဟာ ရာဇဗြိုဟ်ရဲ့အမှိုက်ပုံမှာ သင်္ကန်းလျာအတွက် သင့်နိုးရာရာ အဝတ်စတွေကို ရှာဖွေနေပါတယ်။

အဲဒီမှာ အမှိုက်ထဲက ရွှေဆိုတာကို အမှိုက်ပုံထဲက ဝင်းဝင်းလက်လက် အဖြိတ်စ ထွက်နေတဲ့ ဝတ်စုံတစ်ခုကို တွေ့မြင်လိုက်တယ်။ အရှင်ဟာ ဝတ်စုံကို အုံ့ဩစွာ ယူလိုက်တဲ့အခါ တစ်ထည်တည်း မဟုတ်၊ သုံးထည်ပင် ဖြစ်နေပါတယ်။ ကျောင်းရောက်တော့ ဖြန့်ကြည့်သောအခါ အဖိုးတန် ပံ့သကူ သင်္ကန်းပေတကား။

အရှင်အနုရုဒ္ဓါဟာ ကျောင်းရောက်တော့ ဖြန့်ကြည့်လိုက်တဲ့အခါ အလျား တစ်ဆယ့်သုံးတောင်၊ အနံ လေးတောင်ရှိတာကိုတွေ့ရပြီး သင်္ကန်းချုပ်ရန် စီမံပါတော့တယ်။

အမှန်စင်စစ် အရှင်မြတ်ရရှိတဲ့ သင်္ကန်းလျာ အဝတ်ဟာ နတ်ပုဆိုးများ ဖြစ်ပါတယ်။ အရှင်ရဲ့ မယားဟောင်း ဖြစ်ခဲ့ဖူးတဲ့ ဇာလိနီနတ်သမီးဟာ တာဝတိံသာနတ်ပြည်မှ ဆင်းသက်လာပြီး အရှင်မြတ်အတွက် ဖန်တီး ဆက်ကပ်ခြင်းသာ ဖြစ်ပေတယ်။

ဩော် ... ချစ်မေတ္တာ သံယောဇဉ်ဆိုတာ နှစ်ဘဝ၊ သုံးဘဝကူးတဲ့တိုင် အငွေ့မပြယ်နိုင်ပါတကား။ မှန်ပါတယ်။ မိမိတို့ရဲ့ ဗုဒ္ဓဘုရားရှင်ပင်လျှင် ဟိုကမ္ဘာခြားက ပွင့်တော်မူခဲ့တဲ့ ဒီပင်္ကရာ ဘုရားရှင်လက်ထက်တော်တုန်းက သုမိတ္တာ မင်းသမီးဟာ ကြာပန်းတွေ လှူကာ ပါရမီဖြည့်ဖက် ဖြစ်ပါစေလို့ ဆုတောင်းခဲ့သေးတာပဲ။ ဘုရားအလောင်းတော်က သုမေဓာ ရသေ့ဘဝနဲ့ ဘုရားကို တံတားခင်းပြီး ဘုရားဆုပန် သုမိတ္တာက ပါရမီဖြည့်ဖက် ဆုပန်။ သူတို့ ဆုပန်တာတွေ

www.burmeseclassic.com

www.burmeseclassic.com



ပြည့်ခဲ့တယ်လေ။ ဒါဟာလည်း ချစ်ခြင်းမေတ္တာရဲ့ ခိုင်မြဲတဲ့ပြယုဂ် တစ်ခုလို့ ပြော နိုင်ပေတာပေါ့။

စန္ဒကိန္နရီ ဇာတ်တော်မှာ ကိန္နရာနဲ့ ကိန္နရီတို့ဟာလည်း သိပ်ချစ်ကြတဲ့ စံပြ ဇနီးမောင်နှံတွေပေါ့။ အဲဒီလို ဘဝ အဆက်ဆက် ချဖူးသော ရေစက်၊ ပန္နက်ခဲ့ဖူးတဲ့ သစ္စာကြောင့် ချစ်မေတ္တာခိုင်မြဲစွာ နဲ့ လက်တွဲကြရတဲ့ ချစ်မေတ္တာဇာတ်လမ်း မှတ်တမ်းတွေဟာ နိပါတ် ဇာတ်တွေထဲမှာ မြောက်မြားစွာ ရှိလေရဲ့။

## ရဟန်းများချုပ်တဲ့ သင်္ကန်း

အခုလည်းကြည့်။ လွန်ခဲ့တဲ့ သုံးဘဝတုန်းက မယားဖြစ်ခဲ့ဖူး တဲ့ ဇာလိနီ နတ်သမီးဟာ ချစ်မေတ္တာ ရေစက် မကုန်ဘဲ အရှင်အနုရုဒ္ဓါ အတွက် သင်္ကန်းချုပ်နိုင်ရန် နတ်ပုဆိုး အကောင်းစားတွေ ချပေးခဲ့ပြီ လေ။

အနုရုဒ္ဓါ သင်္ကန်းချုပ်သောနေ့။ ဟိုစဉ်က ယနေ့ကဲ့သို့ ဒကာ, ဒကာမတို့ ဝယ်ယူလှူဒါန်းသော သင်္ကန်းမျိုးစုံ အလွယ်တကူ ဝတ်ရုံ သုံးဆောင်ရခြင်း မဟုတ်ပေ။ သင်္ကန်းလျာ ပုဆိုးကို အရင်ရအောင်ရှာ ပြီးတော့ ကောင်းနိုးရာရာတို့ကို စပ်ဟပ်ချုပ်ဆိုးပွဲမှာ ဗုဒ္ဓကိုယ်တော် တိုင်ပင် ပါဝင် ဆောင်ရွက်တော်မူတယ်။ အဂ္ဂသာဝကတွေလည်း မြောက်မြားစွာ ပါဝင်ကူညီ ဆောင်ရွက်ကြတယ်လေ။

ဗုဒ္ဓဘုရားရှင်အတွက် သင်္ကန်းတော်ကိုပင် မိထွေးတော် ဂေါတမီ အထူးစပယ်ရှယ် ရက်လုပ်ခဲ့တဲ့အကြောင်းတွေ ပိဋကတ် စာပေထဲမှာ အထင်အရှား ရှိသေးရဲ့၊ ထားတော့။

## နတ်ဆွမ်းတွေ လှူဒါန်းပြန်ပြီ

မယားဟောင်း တော်စပ်ခဲ့တဲ့ ဇာလိနီ နတ်သမီးဟာ အရှင်အနုရုဒ္ဓါအတွက် နတ်သင်္ကန်းကိုသာ လှူဒါန်းသည်မဟုတ်၊ ဘုရားရှင်နဲ့တကွ ရဟန်းသံဃာတွေအတွက် ဆွမ်း၊ ခဲဘွယ် ဘောဇဉ် တွေ လာရောက်လှူဒါန်းကြရန် ရွာသူရွာသားတွေကို နှိုးဆော်ပြီး နိဗ္ဗာန်ဆော်လည်း လုပ်သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



သဒ္ဓါ၊ စေတနာတရား အားကောင်းကြတဲ့ ရွာသူရွာသား ဒကာ,ဒကာမတွေ ယာဂုစတဲ့ စားဖွယ် သောက်ဖွယ်တွေ လာပို့ကြတာ မကုန်နိုင် မခန်းနိုင်ပါဘဲ။ ပိုလျှံနေလေတော့ စွန့်ပစ်ကြရတာပေါ့။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပြောစရာ၊ ဆိုစရာ ရှိလာပြန်တယ်။

လူတွေဟာ သိတယ် မဟုတ်လား။ ဘယ်သူမှ အကဲ့ရဲ့ မလွတ်ဘူး။ ပိုလျှံတော့လည်း ပိုလျှံလို့၊ မလောက်မင ဖြစ်ပြန်ရင်လည်း တိုင်းတိုင်းထွာထွာ ကပ်စေးနဲ ကော်တရာတွေလို့ ပြောကြဦးမှာပါပဲ။ လောကကြီးမှာ အကဲ့ရဲ့လွတ်သူ မရှိဘူး။ ဘုရားရှင်ကိုလည်း ဘာသာချင်း မတူတဲ့ တိတ္ထိ တက္ကဒ္ဒန်းတွေက ကဲ့ရဲ့ကြတာပဲ။ အင်္ဂုလိမာလ၊ မဟာသာဝက အစရှိတဲ့ ရဟန္တာတွေကိုလည်း အပြစ်တွေ လျှောက်ပြောကာ ကဲ့ရဲ့ကြတာပါပဲ။

ကဲ့ရဲ့ခြင်း၊ ရှုတ်ချခြင်း၊ အပုပ်ချခြင်းဆိုတာ လောကဓံ တရားပဲလေ။ လောကဓံ တရားကို လောကထဲမှာရှိတဲ့ လူသားတိုင်း ခံကြရပေတယ်။ ဒါပေမယ့် ဘုရား၊ ရဟန္တာ၊ အရိယာပုဂ္ဂိုလ်တွေကတော့ ဘယ်သူကပင် ကဲ့ရဲ့,ကဲ့ရဲ့၊ အပြစ်ပြောပြော တုန်လှုပ်တဲ့သဘော မရှိကြတော့ပါ။

'ဖုဋ္ဌဿ လောက ဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ' အစရှိတဲ့ မင်္ဂလာ တရားတော်နဲ့ ပြည့်စုံတော် မူကြပေတယ်။

အဓိပ္ပာယ်ကတော့ အကြင်ရဟန္တာပုဂ္ဂိုလ်၏စိတ်သည် လောကဓံ တရားရှစ်ပါးတို့နှင့် တွေ့ကြုံ ရင်ဆိုင်ရသော်လည်း တုန်လှုပ်ခြင်း အလျဉ်း မရှိတော့ပေတဲ့။ လောကဓံ တရားရှစ်ပါးကို သိကြားပြီးသား ဖြစ်ပါလိမ့်မယ်။ အကျယ် မပြတော့ပါဘူး။

**ရဟန္တာဟာ အလှူမခံပါ**

အခုလည်းပဲ သာမန် လူသားတွေ မဟုတ်တဲ့ ရဟန်းတွေကလည်း အရှင်အနုရုဒ္ဓါကို အ,မနာပ ပြောကြသေးရဲ့။

'အရှင်အနုရုဒ္ဓါဟာ ဒကာ,ဒကာမတွေကို လုံလောက်ရုံ မပို့ခိုင်းဘဲ သူမှာ ဒကာ,ဒကာမတွေ များကြောင်း၊ ပေါကြောင်း သိအောင် တမင်လုပ်တာပဲ'တဲ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



မခက်ဘူးလား၊ အပြောကတော့ လွတ်ကို မလွတ်နိုင်ဘူး။ ဒီကိစ္စကို မြတ်စွာဘုရားက ရှင်းပေးတော်မူတယ်။

'ရဟန်းတို့ ... ငါ၏သားတော် အနုရုဒ္ဓါဟာ ယာဂုဆွမ်း စတာတွေကို ဆွေမျိုး၊ အလုပ်အကျွေး၊ ဒကာ၊ဒကာမတွေကို ယူဆောင်ခိုင်းခြင်းမဟုတ်။ ငါ့သားတော် အနုရုဒ္ဓါဟာ ဒီလို စကားမျိုး၊ အလှူခံတာမျိုး ဘယ်တော့မှမဆို။ ရဟန္တာတို့မည်သည် ပစ္စည်းဝတ္ထုနဲ့စပ်တဲ့စကားကို ပြောကြားခြင်း အလျဉ်းမရှိပေ။ ဤယာဂုဆွမ်း စတာတွေဟာလည်း ရွာသူရွာသားတွေကြောင့် မဟုတ်၊ နတ်တို့ရဲ့ အာနုဘော်ကြောင့် ဖြစ်လာခြင်း ဖြစ်ပေတယ်။

ဗုဒ္ဓဘုရားရှင်ရဲ့ မိန့်ကြားစကားကို နားဆင်လိုက်ရတဲ့အခါကျမှ ရဟန်းတွေဟာ ယုံမှားသံသယ ရှင်းသွားကြတယ်။

ဩော် ... တကယ်တော့ ငယ်စဉ်ကပင် မရှိဆိုတဲ့စကား မကြားဖူးရုံမျှမက မရှိမုန့် ထင်နေတဲ့ နတ်သုဓာ၊ နတ်မုန့်တွေကို အစဉ်စားသုံးလာခဲ့တဲ့ အနုရုဒ္ဓါ၊ နတ်သမီး လှူဒါန်းတဲ့နတ်သင်္ကန်းကို ဆင်မြန်းခွင့်ရတဲ့ အရှင်အနုရုဒ္ဓါ၊ ဘုရားရှင် ကိုယ်တော်တိုင် သင်္ကန်းချုပ်ရာမှာ ပါဝင်ဆောင်ရွက်ပေးတဲ့ အနုရုဒ္ဓါ၊ နတ်တွေ လှူဒါန်းတဲ့ ယာဂုဆွမ်းတွေကို ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာတွေကို မကုန်နိုင် မခန်းနိုင် လှူဒါန်းခွင့်ရတဲ့ အရှင်အနုရုဒ္ဓါ။

ဒိဗ္ဗစက္ခုအဘိညာဉ်(နတ်တို့၏မျက်စိကဲ့သို့ အရာခပ်သိမ်းကို မြင်စွမ်းရှိခြင်း)ကို ရရှိတော်မူတဲ့ ရဟန္တာအရှင် အရှင်အနုရုဒ္ဓါ မထေရ် မြတ်ကြီးအား ရိုသေညွတ်နိုး လက်စုံမိုးပြီး ရှိခိုးပူဇော်လိုက်ရပါတယ်။

## မြတ်ဗုဒ္ဓရဲ့ ဒေသနာတော်

'အကြင်ပုဂ္ဂိုလ်တို့ကား အာသဝေါတရား ကုန်ခန်း၏။ အစာအာဟာရ၌လည်း စွဲလမ်းငြိတွယ်ခြင်း မရှိ၊ ရာဂကင်းရာ နိဗ္ဗာန်အာရုံ၌သာ ကျက်စားတော့၏။ ကောင်းကင်တွင် ငှက်တို့၏ခြေရာကို မမြင်၊ မတွေ့ရသကဲ့သို့ ရဟန္တာပုဂ္ဂိုလ်တို့ကား လားရာ မရှိတော့ချေ။

*(ဓမ္မပဒ အဋ္ဌကထာ၊ အရှင်အနုရုဒ္ဓါ မထေရ် ဝတ္ထုများကိုးကား ရေးသားပူဇော်ပါသည်။)*

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



# ဂင်္ဂါမြစ်ရေ ထောပတ်တွေ ဖြစ်သွားခြင်း
## (က)

တစ်ခါတလေ တကယ့်ဖြစ်ရပ်မှန်တွေက မယုံချင်စရာ ကောင်းပါတယ်။ မယုံနိုင်လောက်အောင်လည်း အမှန်တကယ် ဖြစ်ခဲ့ကြတာကိုး။ ဒါကြောင့် ပညာရှင်တွေက တကယ့်ဖြစ်ရပ်မှန်တွေဟာ စိတ်ကူးယဉ်ကြံဆ ရေးထားတာထက် ဆန်းကြယ်တယ်လို့ ပြောကြပေတာပဲ။ ဗုဒ္ဓ စာပေတွေပဲကြည့်ကြည့်၊ ဂန္ထဝင် စာပေတွေပဲ လေ့လာလေ့လာ၊ ရာဇဝင် သမိုင်းတွေပဲ ဖတ်ဖတ် ဆန်းကြယ်ပြီး အံ့သြစရာကောင်းတဲ့ ဖြစ်ရပ်တွေကို တွေ့ရမှာဖြစ်တယ်။

လင်္ကာဒီပကျွန်း(ယခု သီရိလင်္ကာနိုင်ငံ) သဒ္ဓါတိဿမင်းလက်ထက် ဖြစ်ရပ်ဆန်းကြယ် တစ်ခုဟာလည်း ထူးဆန်းအံ့သြမှုတွေနဲ့ ပြည့်နှက်နေပါတယ်။ အဲဒီမင်းရဲ့ အမတ်ဟာ မင်းရဲ့စေခိုင်းချက်အရ ကောဋိသာလဆိုတဲ့ရွာကို ရောက်ရှိလာတယ်။

ရွာသူကြီးက မင်းမိန့်နဲ့ရောက်လာတဲ့ အမတ်ကို အမဲ သားငါး ဟင်းလျာများ စုံလင်စွာနဲ့ ကျွေးမွေးဧည့်ခံရန် ပြင်ဆင်ထားပါတယ်။ မင်းအမတ်ဟာလည်း ခရီးပန်းနွမ်းလျ ဆာလောင်လှတာနဲ့ စားတော့မယ် အလုပ် ဆွမ်းခံကိုယ်တော် တစ်ပါး ဆွမ်းလာရပ်တာကို တွေ့လိုက်ရတယ်။ အဲဒီမှာ အမတ်ဟာ သူစားမယ့်ဆဲဆဲ အမဲဟင်းလျာနှင့်တကွ ဆွမ်းများကို ရဟန်းအား လှူဒါန်းလိုက်တယ်။ အမဲဟင်းလျာများသာမက မွှန်မြတ်တဲ့ ထောပတ်ကိုလည်း လှူဒါန်းပါတယ်။

ရဟန်းက ကျောင်းရောက်တဲ့အခါတွင် ဆွမ်းဘုဉ်းပေးပြီး ထောပတ်ကိုတော့ ဆေးဝါးအဖြစ် သုံးစွဲရန် ချန်ထားလိုက်တယ်။ ဆွမ်းအလှူအမတ်ဟာ သူစားမယ့်ဆဲဆဲ ထမင်းပွဲကို ရဟန်းအား လှူလိုက်ရလို့ အလွန်တရာ ဝမ်းမြောက်ဝမ်းသာဖြစ်ပါတယ်။ အမတ်ဟာ သက်တမ်းစေ့နေပြီး သေဆုံးတဲ့အခါ လဇ္ဇာဂါမဆိုတဲ့ရွာမှာ လူဝင်စားပြန်ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(ခ)

လူဝင်စားလေးဟာ 'ငိုခြင်းသည် ကလေးငယ်၏အင်အား' လို့ နီတိကျမ်းက အဆိုရှိပေမယ့် လုံးဝ မငိုဘူး။ မငိုရုံမျှမက ရယ်ခြင်းလည်း မရှိလေဘူး။ စိတ်ကောင်းရှိတဲ့သားဖြစ်လို့ မိဘများက သူ့ကို သုမနလို့ အမည်ပေးလိုက်ကြတယ်။ သုမနဆိုတာ စိတ်ကောင်းရှိသူလို့ အဓိပ္ပာယ်ရတယ်။

သုမန အရွယ်ရောက် လူပျိုပေါက်ဖြစ်တဲ့အခါ မိဘများက အမျိုးသမီးတစ်ယောက်နဲ့ လက်ထပ် ထိမ်းမြားပေးကြတယ်။ အိမ်ထောင်ကျပြီးနောက် အိမ်ထောင်ရှင် ဘဝသို့ ရောက်လာတဲ့ ကိုသုမနဟာ မယားကိုလည်းချစ်၊ သားသမီးကိုလည်းချစ်၊ မိဘနှစ်ပါးကိုလည်း ချစ်ပါတယ်။ ဒါပေမယ့် ကိုသုမန လူ့ဘောင်မှာ မပျော်ပိုက်တော့။ လူ့လောကကြီးကို တစ်နေ့တခြား ငြီးငွေ့လာတော့တယ်။ ရဟန်းတော်များကို ဖူးမြော်ရလေတိုင်း ရဟန်းဘဝကား ချမ်းသာလေစွ၊ မွန်မြတ်လေစွ၊ ကြောင့်ကြမှု တောင့်တမှုတွေ ကင်းပြီး သန့်စင်လေစွလို့ ကြည်ညို သဒ္ဓါစိတ်နဲ့ အားကျမိတာ အခါခါ။

နောက်တော့ကား ကိုသုမနဟာ မိဘနှစ်ပါးနဲ့ သားမယားကို ခွင့်ပန်ကာ ရဟန်းပြုလိုက်ပါတော့တယ်။ ဗြာဟ္မဏာရာမကျောင်းတိုက်ကြီးမှာ သွားရောက် ရဟန်းဝတ်ခြင်းဖြစ်တယ်။ ရဟန်းဝတ်တော့လည်း သူရဲ့ဘွဲ့တော်က ဦးသုမနပါပဲ။ အရှင်သုမနပေါ့။

(ဂ)

ဗြာဟ္မဏာရာမ ကျောင်းတိုက်ကြီးကား သံဃာတော်ပေါင်း ငါးရာရှိပြီး ကြီးကျယ်ခမ်းနားတဲ့ ကျောင်းတိုက်ကြီးပါ။ နှလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်းတဲ့ ကျောင်းကြီးပါပဲ။ အဲဒီကျောင်းတိုက်ကြီး အတွင်းမှာ တိမ္ဗရုက္ခလို့ခေါ်တဲ့ တည်ပင်ကြီး တစ်ပင်ရှိပါတယ်။ ဦးသုမနဟာ အဲဒီ တည်ပင်ကြီးအောက်မှာ အမြဲ တရားထိုင်ပါတယ်။ ဦးသုမနရဲ့ စိတ်ဓာတ်နဲ့ အမိဌာန် ဆောက်တည်ချက်ကလည်း ကြက်သီး ဖျန်းဖျန်း ထလောက်အောင် အံ့မခန်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမိဋ္ဌာန်ချက်ကတော့–

'တရားထူး မရသမျှ ငါမထတော့ဘူး'တဲ့။

အဲဒီတည်ပင်ကြီးမှာ တိမ္ဗရုဆိုတဲ့ နတ်မင်းကြီးကလည်း အမြဲနေတယ်။

တိမ္ဗရုနတ်မင်းကြီးဟာ တရားကိုပင် အစဉ်အမြဲ ဖွဲ၊ လုံ့လ သန်သန်နဲ့ အားထုတ်ကျင့်ကြံနေတဲ့ ရဟန်း ဦးသုမနကို အလွန် ကြည်ညိုသွားပါတယ်။ သဒ္ဓါပိုမို ကြည်ညိုတာနဲ့အမျှ နေ့စဉ် နတ်သုဓာ ဆွမ်းကို ဆက်ကပ် လှူဒါန်းတယ်။ ဦးသုမနဟာ သဒ္ဓါ၊ ပညာ၊ ဝီရိယ ပြည့်ဝစွာ ကျားကုတ် ကျားခဲ ဖွဲအား သန်သန်နဲ့ တရားဓမ္မအလုပ် အားထုတ်လိုက်ရာ မကြာမတင်မှာပင် အာသဝေါ ကင်းစင် ရဟန္တာ အရှင်မြတ်ကြီး ဖြစ်သွားတော် မူလေသတည်း။

(ဃ)

ရဟန်းတော် သုမန ဤကဲ့သို့ နတ်မင်းကြီး ကပ်လှူတဲ့ နတ်သုဓာဆွမ်းကို နေ့စဉ်ဘုဉ်းပေး သုံးဆောင်နေရခြင်းဟာ အတိတ် ဘဝ ရဟန်းတစ်ပါးအား သူစားမယ့်ဆဲဆဲ ထမင်းပွဲကို စေတနာ၊ သဒ္ဓါ ရက်ရက်ရောရောနဲ့ လှူဒါန်းခဲ့တဲ့ အကျိုးတရားပါပဲ။ ဦးသုမန နတ်သုဓာ ဆွမ်းကို ဘုဉ်းပေးရတာ (၁၂)နှစ်တာကာလပင် ကြာသွားခဲ့ လေပြီ။

အဲဒီအချိန်မှာ လက်ာဒီပကျွန်းရဲ့ နိုင်ငံရေး အခြေအနေက မတည်ငြိမ်တော့ပါ။ ဗြာဟ္မာဏတိဿ သူပုန်အဖွဲ့ သောင်းကျန်းနေ ပါပြီ။ သူပုန်တွေ နှိပ်စက် ဖျက်ဆီးပစ်လို့ သာယာလှပခဲ့တဲ့ မြို့ပြရွာခြေ တွေဟာ မြို့ပျက်၊ ရွာပျက်တွေ ဖြစ်ကုန်ပါပြီ။ မြင်ရက်၊ ကြည့်ရက် စရာမရှိ။ ပီဘိသုသာန် တစပြင်ပင်။ တိုင်းသူပြည်သားတွေဟာ တော ကြား တောင်ကြားများသို့ ပြေးလွှား ပုန်းအောင်းနေကြရပြီး စားရမဲ့ သောက်ရမဲ့မဲ့ ဒုက္ခသည်တွေ ဖြစ်နေကြပြီး ဆင်းရဲဒုက္ခ အထွေထွေ ပင်လယ် ဝေနေလေပြီ။

ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဆိုသလို ဒကာ ဒကာမများကို

www.burmeseclassic.com

www.burmeseclassic.com



မှီခိုနေကြရတဲ့ ရဟန်း သံဃာတွေဟာလည်း ဒကာ,ဒကာမများ ဆင်းရဲဒုက္ခဘေးကြီး ကျရောက်နေပြီဖြစ်လို့ ဆွမ်းကွမ်းကိစ္စ အလွန်တရာ ဒုက္ခရောက်ကြရလေတော့တယ်။ ဆွမ်းတော် အသာထား ဝမ်းတော်တောင် မစားရ ဆိုကြသလို လက်တွေ့ဖြစ်နေပါပြီ။

ဆွမ်းအာဟာရ မမျှတပါက ဗုဒ္ဓမြတ်စွာ သာသနာတော် ဝန်ကို ဆက်လက်ပြီး ထမ်းဆောင်ရေးကိစ္စ မျှော်တွေးဆတော်မူကြပြီး ဗြာဟ္မာဏာရာမ ကျောင်းတိုက်မှ သံဃာတော်များ အစည်းအဝေး ထိုင်တော်မူကြရပါတယ်။

အဲဒီအစည်းအဝေးပွဲကြီးမှာ ဦးသုမနက–

'အရှင်ဘုရားတို့ ... မြတ်စွာဘုရား သာသနာတော်ရဲ့ အသက်ဟာ ဝိနည်းဖြစ်ပါတယ်။ အဲဒီ ဝိနည်းကို စောင့်ထိန်းဖို့ရာ အစာအာဟာရ မျှတစွာ သုံးဆောင်ရဖို့ လိုပါတယ်။ ဝိနည်းနဲ့တကွ သုတ္တန်၊ အဘိဓမ္မာတရားတော်တွေပါ ဆက်လက် ထိန်းသိမ်း စောင့်ရှောက်နိုင်ကြရန် တပည့်တော်တို့ တစ်နေရာသို့ ထွက်ခွာသွားကြရပါတော့မယ် ဘုရား' လို့ အဆိုတင်သွင်း လျှောက်ထားရာ သံဃာအားလုံးရဲ့ သဘောတူညီချက်အရ ဇမ္ဗူဒိပ်ကျွန်းသို့ ပြောင်းရွှေ့ကြရန် သဘောတူ ဆုံးဖြတ်တော်မူလိုက်ကြတယ်။

(င)

သို့သော် ရဟန်းများ တခြားဒေသဖြစ်တဲ့ ဇမ္ဗူဒိပ်ကျွန်းသို့ မကြွဖြစ်ခဲ့ကြပါ။

အကြောင်းကား သာသနာတော်ကို အားထား မှီခိုကြည်ညို နေသော ရဟန်းသံဃာတော်များကို အမြဲဖူးမြင်ကာ အလှူဒါနပြုလိုသော တိမ္ဗရု နတ်မင်းကြီးက ဦးသုမနကို အဓိက ဦးထိပ်ထားပြီး တခြားအရပ်သို့ ကြွမသွားကြရန် ဘယ်လိုပင်အခက်အခဲရှိရှိ ဆွမ်းကိစ္စပြည့်စုံအောင် သူလုံးဝ တာဝန်ယူမည်ဖြစ်ကြောင်း တောင်းပန် လျှောက်ထားပါသဖြင့် သံဃာတော်များ အရပ်တစ်ပါးသို့ ကြွမသွားကြတော့ပါ။

သူပုန်ဘေးကြီးလည်း အေးဆေး တည်ငြိမ်သွားပါပြီ။ ရဟန်း

www.burmeseclassic.com

www.burmeseclassic.com



သံဃာတော်များဟာ တိုင်းပြည် အေးချမ်းသာယာသွားပြီဖြစ်လို့ မြို့ရွာများသို့ ဒေသစာရီ လှည့်လည်ကြွချီကာ ဓမ္မဒေသနာများ ဟောကြားရန် စီမံကြလေပြီ။ ဦးသုမန အမှူးပြုသော ရဟန်းတို့သည် ဆွမ်းအလှူရှင် တိမ္ဗရု နတ်မင်းကြီးအား ပန်ကြားကာ ဒေသစာရီ ခရီး ကြွချီခဲ့ကြပါတယ်။

ကဇ္ဇာရာဇိက အမည်ရတဲ့ ရွာကြီးသို့ ရောက်တဲ့အခါ ဆွမ်းခံ ကြပြီးနောက် သန့်ပြန့်ရာနေရာ၌ ဆွမ်းဘုဉ်းပေးကြရန် ပြင်ဆင်နေ စဉ် ကောင်းကင် တစ်ခွင် တစ်ပြင်လုံး မည်းမည်းမှောင်သွားပါတယ်။ နေကို လုံးဝ မမြင်ရတော့ပါ။ အဲဒီမှာ ရဟန်းတော်များဟာ မွန်းလွဲ သွားပြီထင်ကာ ဆွမ်းဘုဉ်း မပေးကြတော့ပါ။

ဒီအခက်အခဲကို ရဟန္တာ ဦးသုမန သိရှိသွားတဲ့အခါ ရဟန်း တော်များ သံသယ ကင်းရှင်းစွာ ဆွမ်းဘုဉ်းပေးခြင်းပြုနိုင်ရန် ကျောက် ခဲ တစ်လုံးကို ကောက်ယူပြီး မည်းမှောင်နေတဲ့ တိမ်တိုက်ကြီးကို ပစ်ပေါက်လိုက်ပါတယ်။ ပစ်ပေါက်လိုက်တဲ့ကျောက်ခဲဟာ တိမ်တိုက် တိမ်ခဲကို ဖောက်ခွဲ ထွက်သွားတယ်။ အဲဒီမှာ လင်းလက်နေတဲ့ နေမင်း ရဲ့ အရောင်ကို တွေ့ကြရပြီး မွန်းမလွဲသေးကြောင်း သံသယကင်းစွာ ဆွမ်းဘုဉ်းပေးတော်မူကြပါတယ်။ အတိတ်ဘဝ ဆွမ်းတစ်နပ် ကပ်လှူ ခဲ့တဲ့ ကုသိုလ်အကျိုးကား အံ့ဩဖွယ်ကောင်းလေစွ။

(၈)

ရဟန်းသံဃာတော်တွေဟာ ကဇ္ဇာရာဇိက ရွာကြီးမှ ဖယ်ခွာ ခဲ့ကြပြီး ခရီးဆက်ကြရာ ဂင်္ဂါမြစ်ကမ်းသို့ ရောက်ရှိသွားကြတယ်။ ဂင်္ဂါ မြစ်ကမ်း တစ်နေရာမှာပင် ဆွမ်းဘုဉ်းပေးကြရန် စီစဉ်ကြတယ်။ သို့ ရာတွင် အချို့ကိုယ်တော်များမှာ ဆွမ်းဟင်းလျာများ ဖွယ်ဖွယ်ရာရာ မရသဖြင့် ကြမ်းတမ်းတဲ့ဆွမ်းကိုသာ ကြိတ်မှိတ်ပြီး ဘုဉ်းပေးနေကြ တယ်။

ဒီကိစ္စကို ဦးသုမန သိမြင်တော်မူတဲ့အခါမှာလည်း စိတ်မချမ်း မသာဖြစ်ကာ–

www.burmeseclassic.com



'အရှင်ဘုရားတို့ ... အဲဒီ ကြမ်းကြမ်းထော်ထော် ဆွမ်းကို ချည်း ဘုဉ်းပေး သုံးဆောင်တော် မမူကြပါနဲ့ဦး ဘုရား။ မွန်မြတ် မွေးကြိုင်ပြီး အရသာရှိလှတဲ့ ထောပတ်ကို ဘုဉ်းပေးတော်မူကြပါ ဘုရား' လို့ လျှောက်ထားလိုက်တယ်။

ဦးသုမနဟာ ရှေးဘဝ မင်းအမတ်ဖြစ်စဉ်က ရဟန်းတစ်ပါး အား ထောပတ် လှူခဲ့ဖူးတဲ့ ကုသိုလ်ဒါန နိမိတ်ပုံကို အာရုံယူဝင်စားပြီး ဒီလို အဓိဋ္ဌာန်ပြုလိုက်ပါတယ်။

'ဂင်္ဂါမြစ်၊ ဝါလဂါမမြစ်ဆိပ်နဲ့ ဘုတ္တမြစ်ဆိပ်အကြား ဟောဒီ တစ်ပိုက်ရှိ ဂင်္ဂါမြစ်ရေများ ထောပတ်အတိဖြစ်စေသား'

ရှုမောအံ့သြစရာကောင်းလောက်အောင် ဂင်္ဂါမြစ်ရေတွေဟာ ထူးထူးခြားခြား ထောပတ်များ ဖြစ်သွားပါတော့တယ်။ ရဟန်းသံဃာ တွေဟာ အဲဒီနေ့က ကောင်းမွန် အရသာရှိတဲ့ ထောပတ်နဲ့ ဆွမ်းဘုဉ်း ပေးကြရတဲ့အတွက် အလွန်မြိန်မြတ်တဲ့ ဆွမ်းတစ်နပ်အဖြစ် မှတ်တမ်း တင်ခဲ့ရပါသတည်း။

*(လက်ာဒီပဝတ္ထုကျမ်းမှ သုမန မထေရ်ဝတ္ထုကို ကိုးကား ရေးသားတာပါ)*

✦✦✦

www.burmeseclassic.com

www.burmeseclassic.com


## မဇ္ဈိမဒေသ ကြီးသူ၏နောက်ဆက်တွဲ ဇာတ်လမ်းများ

### အနိဋ္ဌာရုံလွှမ်းခြုံနေသူ၏ဘဝ

သူ့အမည်က လောသကတိဿ။

လူတွေ၏ပါးစပ်ဖျားမှာတော့ လောကတိဿ,လောက တိဿဟု အခေါ်များသည်။

အမည်ဆန်းပြားသလို သူ့ဘဝ ဖြစ်ရပ်ကလည်း ဆန်းကြယ်သည်။ သူ့ဘဝ၏ တကယ့်ဖြစ်စဉ် ဖြစ်ရပ်များသည် ဖန်တီးရေးသားသော ဖြစ်ရပ်ဆန်းကြယ်၊ လျှို့ဝှက်ဆန်းကြယ်၊ သည်းထိတ် ရင်ဖို စသည်တို့ထက် စိတ်ဝင်စားစရာ ကောင်းသည်။

သူ့ဘဝအတွေ့အကြုံတွင် အနိဋ္ဌာရုံတို့ဖြင့် လွှမ်းခြုံလျက်ရှိသည်။

ဣဋ္ဌာရုံဆိုတာ နှစ်သက် စွဲမက်စရာ ကောင်းသော အာရုံ၊

အနိဋ္ဌာရုံဆိုတာကတော့ မနှစ်သက်စရာ အာရုံ။

အနိဋ္ဌာရုံသည် နှစ်သက်စရာ မကောင်းရုံမျှမက အော်ဂလီဆန်စရာ၊ လူအများ နှာခေါင်းရှုံ့စရာ အတွေ့အကြုံများဖြစ်သည်။

လောသကတိဿ၏ ဘဝတစ်သက်တာတွင် တစ်နပ်သော စတုမဓုရဆွမ်းကိုသာ မှတ်မှတ်ရရ စားသုံးခဲ့ရသည်။ ဒါတောင်မှ အရှင်သာရိပုတ္တရာ ရဟန္တာ မထေရ်မြတ်၏ ကျေးဇူးကြောင့်ဖြစ်သည်။ ဤကိစ္စကို လူတိုင်းနီးပါး ကြားဖူးကြသည်။ ကြားဖူးနားဝ ရှိနေကြသည်။

သူ့ဘဝဇာတ်ကြောင်းက သည်လို ... သည်လို။

### ပင်လယ်ပြာအနီးက ရွာတစ်ရွာ

သူ၏ဇာတိမှာ ပင်လယ်ပြာအနီးမှ တံငါရွာ တစ်ရွာ။

အမှန်စင်စစ် ပင်လယ်ပြာနှင့် တံငါရွာသည် ပနံရသည်။ သဘာဝကျသည်။ ပနံရပြီး သဘာဝကျရုံမျှမက တံငါသည်တို့အဖို့

www.burmeseclassic.com

www.burmeseclassic.com



ငါးအလုပ်မှာ တိုးတက်ဖွယ်ဖြစ်သည်။ ရေလုပ်ငန်းဖြင့် အသက်မွေး ကြသူများဝီဝီ ငါးများ ရရှိရေးသာ အဓိကဖြစ်သည်။

သို့ရာတွင် အိမ်ခြေ တစ်ထောင်ခန့် ရှိသော တံငါရွာမှာ ဖြစ်ရပ်ဆန်းကြယ်များ ကြုံတွေ့ကြရသည်။

ရေတွေရှိလျက် ငါးမမိ၊ ပိုက်ချက်ရှိလျက် ဟင်းစားပင် မရ။ စဉ်းစားကြည့်ပါ။ တံငါသည်ဖြစ်လျက်၊ ငါးဖမ်းလုပ်ငန်းဖြင့် အသက် မွေးဝမ်းကျောင်း ပြုရသည်ဖြစ်ပါလျက် ငါးမရရှိသော် ဘာနှင့်ထမင်း စားမည်နည်း။ သမုဒ္ဒရာနှင့် နှိုင်းထားသော ဝမ်းတစ်ထွာ ကိစ္စကို မည်သို့ ဖြည့်ဆည်းကြမည်နည်း။

ထိုမျှမကသေး ဘူးလေးရာ ဖရုံဆင့် ဆိုသော စကားကဲ့သို့ တံငါရွာမှာ ဆက်တိုက်နီးပါး မီးခုနစ်ကြိမ် လောင်ခဲ့၏။ အစိုးရပြစ်မှု နှင့် မကင်းဟုဆိုကာ မင်းဒဏ် ခုနစ်ခါသင့်ခဲ့၏။ ထောင်တန်းကျသူကျ အချုပ်ခံရသူ ခံရ၊ အဖမ်းခံရသူ အများအပြား ကြုံတွေ့နေရတော့ သည်။

## ရွာနေသူ လူအများ စဉ်းစားကြရလေပြီ

'ငါတို့ရွာမှာ ဘယ်တုန်းကမှ ဒီလို ဆိုးဆိုးရွားရွား မဖြစ်ခဲ့ဖူး ဘူး။ မကြုံစဖူး အဖြစ်ထူးတွေ၊ ဆင်းရဲဒုက္ခတွေနဲ့ ကြုံတွေ့နေရတာ ဟာ ကေန္တ တို့ရွာထဲမှာ သူယုတ်မာ တစ်ယောက်ယောက်တော့ ရှိနေ ပြီ'

'ဒါ ဖြစ်နိုင်တယ်'

'ဒီတော့ကော ... တို့တွေ ဘာလုပ်ကြမလဲ'

'သူယုတ်မာ မဲချရုံပေါ့၊ မဲကျသူကို နှင်ထုတ်ကြမယ်'

ဤကဲ့သို့ ရွာသားများ တိုင်ပင်ဆုံးဖြတ်ကြကာ သူယုတ်မာ မဲ စီမံလေတော့သည်။

စီမံပုံမှာ အိမ်ခြေ တစ်ထောင်ကို တစ်ဝက်ခွဲကာ ငါးရာစီ ခြားလိုက်သည်။ တစ်ပိုင်းမှာ လောသကတိဿ မိသားစု ပါဝင်၏။ လောသကတိဿ မိသားစု ပါဝင်နေသော အပိုင်းမှာ ငါးမရ၊ ကျန်

www.burmeseclassic.com


အပိုင်းကတော့ ငါးဖမ်းရရှိသည်။

ကျန်အပိုင်းကိုထားပြီး လောသကတိဿ ပါဝင်သည့် ငါးရာကို ထပ်မံ၍ တစ်ဝက်ခွဲလိုက်သည်။ သူရှိနေသော (၂၅၀)က ငါးဖမ်းမရ။ ကျန်အပိုင်းက အဆင်ပြေသည်။ ငါးရသည်။

ဤသို့ဖြင့် တစ်ဝက်စီ တစ်ဝက်စီ ခွဲခြမ်း အဖြေရှာကြရာ နောက်ဆုံးတွင် လောသကတိဿကို အဖြေတွေ့သွားသည်။ ထိုအခါ လောသကတို့ မိသားစုကို ရွာအပြင်သို့ မောင်းထုတ်လိုက်ကြလေသတည်း။

**အမိသော်လည်း သားတော်ခဲ-**

လောသကတိဿကို ကိုယ်ဝန် ဆောင်ထားသော မိခင်သည် ဆင်းရဲငြိုငြင်စွာ သားဖွားခဲ့ရ၏။

လောသကတိဿလေး သွားတတ်လာတတ်သော အရွယ်တွင် မိခင်က သူ့ကိုခေါ်ကာ အိမ်တကာလှည့်ပြီး တောင်းရမ်းစားသောက်နေရ၏။ သို့သော် လောသက ပါသွားပါက တောင်းရမ်း၍မရ။ သူ့ကိုထားခဲ့ပြီး တောင်းရမ်း ထွက်ပါက ထမင်း,အဖျော် စသည်ရရှိ၏။ ဆိုးလိုက်တဲ့ လောသကရဲ့ ကံကြမ္မာ။

ကိုယ်မချိလျှင် အမိသော်လည်း သားတော်ခဲဆိုသည့် စကားအတိုင်းပင် နောက်ဆုံးမှာ မိခင်သည် သားဖြစ်သူ လောသကအား ခွက်တစ်လုံး ပေးထားခဲ့ပြီး 'တောင်းရမ်း စားသောက်ပေတော့၊ မရလည်း နင့်ကံအတိုင်းပဲ' ဟုဆိုကာ စွန့်ပစ် ထားခဲ့လေသတည်း။

အထီးကျန် တစ်ကောင်ကြွက် လောသက၏ဘဝကား ကြမ်းတမ်းခက်ထန်လှချည့်။ ရသမျှစား၊ တွေ့တဲ့နေရာအိပ်၊ တစ်အိမ်ဝင် တစ်အိမ်ထွက်၊ တစ်လမ်းဝင် တစ်လမ်းထွက်၊ တစ်ရွာဝင် တစ်ရွာထွက် ခရီးဆက်ကာ ဖြတ်သန်း နေရလေသည်။

ရေလည်းမချိုး၊ ကိုယ်လက် သုတ်သင်မှုလည်း မရှိသဖြင့် တစ်ကိုယ်လုံး နံစော်နေပေသည်။ လောသကကို ကြည့်လျှင် လူတစ်ယောက်နှင့်မတူတော့ဘဲ မြေဖုတ်ဘီလူး တစ်ကောင်နှင့် တူနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အသက် (၇)နှစ်ရှိခဲ့ပြီ။ တစ်ခါတွင် အိမ်တစ်အိမ်မှ ထမင်းအိုးဆေးရေ သွန်ပစ်ထားရာ တွေ့ရှိရသော ထမင်းပုံများကို ကျီးကန်း ပမာ ကောက်စားခဲ့ရလေသည်။

## ကယ်တင်ရှင်ပေါ်ပြီ

တစ်နေ့သ၌ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး ဆွမ်းခံကြွလာရာ လောသကကို တွေ့မြင်သွား၏။

ဆင်းရဲသားလေးများကို ကယ်တင် စောင့်ရှောက်ကာ ရှင်သာမဏေ ပြုပေးလေ့ရှိသော အရှင်မြတ်ကြီးသည်–

'ကောင်လေး ... မင်း ဘယ်ရွာကလဲ၊ မင်းမိဘတွေကရော ဘယ်သူတွေလဲ' ဟု ကရုဏာသက်စွာ မေးတော်မူပါ၏။

'အရှင်ဘုရား ... တပည့်တော်မှာ နေစရာရွာ မရှိပါ။ မိဘတွေလည်း ဘယ်ဝယ် ဘယ်ဆီ ရောက်နေမှန်း မသိပါ။ မိဘတွေဟာ တပည့်တော်ကြောင့် ဒုက္ခရောက်ကာ တပည့်တော်ရဲ့ဒဏ်ကို မခံနိုင်ဘဲ စွန့်ခွာသွားကြပါပြီဘုရား'

'ဒါဖြင့် ရှင်ရဟန်း ပြုမလား'

'ပြုချင်ပါတယ်ဘုရား၊ ဒါပေမယ့် တပည့်တော်လို မိမရှိ၊ ဖမရှိ၊ ဘယ်သူမှန်းမသိ၊ ဘယ်ကမှန်းမသိတဲ့ တစ်ကောင်ကြွက် တစ်မျက်နှာလူကို ဘယ်သူက ရဟန်းပြုပေးမှာလဲ ဘုရား'

'ငါသည် သင့်ကို ရှင်ရဟန်းပြုပေးမည်။ လိုက်ခဲ့တော့'

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် လောသကတိဿကို သာဝတ္ထိပြည်ရှိ ကျောင်းသို့ ခေါ်ဆောင်သွားကာ ကိုယ်တိုင် ရေချိုးပေးပြီး အစားအစာများကျွေးကာ ရှင်ပြု ပေးတော်မူလေသတည်း။

## ပစ္ဆိမ ဘဝိက၏ ဆင်းရဲဒုက္ခ

ရှင်သာမဏေ လောသကတိဿ ဘဝမှ အသက်နှစ်ဆယ် ပြည့်သောအခါဝယ် အရှင်လောသကတိဿ၊ ဦးလောသကတိဿဖြစ်သွားလေပြီ။ ဦးလောသကတိဿ ခမျာ ဘုန်းမရှိ၊ ကံမရှိ။ လာဘ်

www.burmeseclassic.com



လာဘ အလွန်နည်းပါး၏။ သူ့ဘဝတစ်လျှောက်လုံး ဝမ်းဝအောင် တစ်ခါမျှမစားရ။ မမျှမတ အာဟာရဖြင့် မဝတစ်ဝ အသက်ရှင်ရုံမျှ ရပ်တည်နေရလေသည်။

သူမို့လို့ ဆွမ်းခံထွက်ကြသောအခါ ယာဂုလောင်းလှူမည့် ဒကာမများကလည်း ဘာမျှမရှိသည့် သူ့သပိတ်ကို ကြည့်သောအခါ ယာဂုများ သပိတ် ပြည့်လျှံနေသည်ဟု ထင်မှတ်သွားကာ မလောင်း လှူတော့ပေ။ ယာဂုများကို မြေကြီးပေါ်သို့ သွန်ပစ်သွားကြ၏။ အမှန် စင်စစ် လောသကတိဿ၏ သပိတ်ထဲတွင် ဘာမျှမရှိ။ ဘာမျှမရှိမှန်း သိပြီး လှူမည်လုပ်ပြန်တော့လည်း ဒကာ ဒကာမတို့၏ လက်ထဲရှိခွက် တွင် ယာဂုများ ပျောက်ကွယ်သွား၏။ ဆွမ်း၊ ဆွမ်းဟင်းများ ပျောက် ကွယ်သွားလေ၏။ ဆိုးလိုက်သည့်ကံ။

သို့သော် ဦးလောသကတိဿ သာမန်ပုဂ္ဂိုလ်တော့ မဟုတ် ပေ။ ယခု ဘဝမှာပင် နိဗ္ဗာန် စံဝင်မည့် ပစ္ဆိမ ဘဝိကပုဂ္ဂိုလ်၊ နောက်ဆုံး ဘဝပုဂ္ဂိုလ်ပေတည်း။ ဘုန်းကံ လာဘ်လာဘ နည်းပါးခြင်းကမူ သူပြု ခဲ့ဖူးသော သူ၏အတိတ်ကံနှင့်ဆိုင်သည်။ အတိတ် အကုသိုလ်ကံက မကောင်းကျိုး ပေးခြင်းသာလျှင်ဖြစ်သည်။

အတိတ်က အကုသိုလ်ကံဟူသည် ကျောင်းထိုင် ဘုန်းကြီးဖြစ် စဉ်က အာဂန္တု ရဟန္တာတစ်ပါးကို သူ၏ကျောင်းဒကာ၊ ဆွမ်းဒကာ ကြည်ညိုသဖြင့် ဆွမ်းစား ပင့်ထားရာ မခေါ်ဘဲ သူတစ်ပါးတည်း ကြွ သွားခဲ့သည်။ ဆွမ်းဒကာအိမ် ရောက်တော့လည်း အာဂန္တု ရဟန်း အိပ်ရာမှ မထသေးကြောင်း စသော အမနာပ စကားများ ပြောသည်။ ဆွမ်းဒကာက အာဂန္တုကိုယ်တော်အတွက် ဃနာဆွမ်းများ ထည့်လှူ လိုက်သော်လည်း လမ်းတွင် စွန့်ပစ်ထားခဲ့ပြန်သည်။

ဤမကောင်းမှု အကုသိုလ်၊ မနာလိုမှု ဣဿာ၊ သဝန်တိုမှု ခဲ့ဝေ မသုံးစွဲမှု မစ္ဆရိယ တရားတို့ ထားရှိခဲ့လေသောကြောင့် ဤဘဝ တွင် လာဘ်လာဘ နည်းပါးရကြောင်း ဗုဒ္ဓဘုရားရှင်က ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



ဟောကြားတော်မူသည့် အတိတ်ဇာတ်ကြောင်း ရှိသည်။

**တစ်ဘဝမှာ တစ်နပ်သာ ဝအောင်ဘုဉ်းပေးခဲ့ရ**

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် သူ၏တပည့် အရှင်လောကသတိဿ ယနေ့ ပရိနိဗ္ဗာန်ပြုတော်မူလိမ့်မည်ကို ကြိုတင်ဆင်ခြင် သိမြင်တော်မူပါသည်။ လောသက၏ ဘဝ တစ်လျှောက်လုံးတွင် တစ်နေ့မျှ တစ်နပ်မျှ အာဟာရ ဝဝလင်လင် ဘုဉ်းပေးရသောနေ့ဟူ၍ မရှိခဲ့။ ယနေ့တော့ဖြင့် ဝဝလင်လင် ဘုဉ်းပေး သွားစေချင်သောဆန္ဒ အရှင်မြတ်ကြီးတွင် ဖြစ်ပေါ်နေခဲ့သည်။

သို့ဖြင့် မထေရ်မြတ်ကြီးသည် အရှင်လောသကကိုခေါ်၍ သာဝတ္ထိမြို့တွင်းသို့ ဝင်ခဲ့သည်။ ကြွရောက်လေရာ လမ်းခရီးမှာ မည်သူ တစ်ဦးတစ်ယောက်ကမျှ လက်အုပ်ချီမိုး ရှိခိုးခြင်း မပြုကြ။ ဆွမ်း စသည် ရရှိဖို့ရာကား ဝေလာဝေး။ ထိုအခါတွင် မထေရ်မြတ်ကြီးက အရှင်လောသကကို ပြန်လွှတ်လိုက်သည်။ ဆွမ်းစားကျောင်းမှ အသင့် စောင့်နေရန်ကိုသာ မိန့်တော်မူလိုက်၏။

လက်တွေ့ထူးခြားသည့်ဖြစ်ရပ်မှာ အရှင်လောသက ပြန်ကြွ သွားသည်နှင့် တစ်ပြိုင်နက် အရှင်မြတ်ကြီးအား ဒကာ ဒကာမများက ဆွမ်းကပ်ကြကုန်၏။ အရှင်မြတ်ကြီးက ကပ်လှူလာသော ဆွမ်း၊ ဘောဇဉ်ကို အရှင်လောသကတိဿအား သွားရောက်ဆက်ကပ်ကြ ပါ၊ လှူဒါန်းကြပါဟု ခိုင်းစေလိုက်၏။

ဆွမ်းကပ်လှူရန်သွားကြသော ဒကာဒကာမတို့သည် အရှင် လောသကကို မတွေ့မြင်ကြသဖြင့် ယူလာသော စားသောက်ဖွယ်ရာ များကို စားသောက် ပစ်ကြကုန်၏။

ဤအကြောင်းကို သိရှိသော မထေရ်မြတ်ကြီးသည် ကိုယ်တိုင် ကျောင်းသို့ကြွပြီး အရှင်လောသက၏ဖြစ်ရပ်ကို သံဝေဂဖြင့် ရှုကြည့်တော်မူလေသည်။ ထို့နောက် အရှင်မြတ်ကြီးသည် ကောသလ မင်းကြီး၏နန်းတော်သို့ ကြွရောက်၍ မင်းကြီးထံမှ စတုမဓုကို ခံယူ တော်မူ၏။

www.burmeseclassic.com



မင်းကြီးလှူလိုက်သော သပိတ်အပြည့် စတုမဓုမျာ:ကို ယူဆောင်ကာ အရှင်လောသကတိဿအား–

'ငါ့ရှင် ... လာလော့၊ ဤစတုမဓုကို ဘုဉ်ပေးလော့' ဟု ခေါ်လိုက်၏။

အရှင်မြတ်ကြီးသည် စတုမဓု သပိတ်ကို လက်နှင့်ကိုင်ထား ပေးတော်မူ၏။ အကယ်၍ သပိတ်ကို ကိုင်မပေးထားလျှင် စတုမဓုများ ပျောက်ကွယ်သွားပြီး အရှင်လောသက ဘုဉ်းပေးရတော့မည် မဟုတ်သည်ကို မထေရ်မြတ်ကြီးက ကောင်းစွာ သိမြင်တော်မူပါ၏။

စတုမဓု သပိတ်ကလည်း လျှော့၍မသွားဘဲ အရှင်မြတ်ကြီး၏ တန်ခိုးကြောင့် ပြည့်မြဲတိုင်း ပြည့်နေလေ၏။ အရှင်လောသကကလည်း ဝမ်းဗိုက်ပြည့်အောင် အားရပါးရ ဘုဉ်းပေး သုံးဆောင်၏။ အရှင်လောသက၏ ဘဝ တစ်လျှောက်လုံးတွင် ဤတစ်ကြိမ်တည်းသာလျှင် အာဟာရကိစ္စကို မျှတ ဝလင်အောင် ဘုဉ်းပေးရခြင်းလည်း ဖြစ်ပါ၏။

ဤနေ့ရာပင် အရှင်လောသကတိဿ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ် အကြွင်းမရှိဘဲ ပရိနိဗ္ဗာန် ပြုသွားလေသတည်း။

**လောသကတိဿ၏ ဘဝနောက်ကြောင်းဇာတ်လမ်းများ**

အရှင်လောသကတိဿနှင့် ပတ်သက်၍ ဖြစ်ရပ်စုံကို ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဇာတ်ကြောင်းပြန် ဟောကြားချီးမြှင့်တော်မူလိုက်၏။

လောသကတိဿ ရဟန်းသည် ရှေးဘဝ ကျောင်းထိုင်ဘုန်းကြီးဖြစ်စဉ် အာဂန္တု ရဟန္တာကို မနာလိုမှု၊ ဖြူစုမှုကြသာတရားထားရှိခဲ့၏။ မိမိကျောင်းဒကာ ပါသွားမည်ကို သဝန်တိုမှု၊ နှမြောတွန့်တိုမှု မစ္ဆရိယ တရားပွားများခဲ့၏။ ထို့ကြောင့် ရဟန္တာဖြစ်မည့် နောက်ဆုံးဘဝ ပစ္ဆိမ ဘဝိကမှာပင် တစ်နပ်မျှသာ အာဟာရ ဝလင်အောင် ဘုဉ်းပေးရရှာခြင်းဖြစ်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာရေး သုံးပါးဖြင့် ရှုမှတ်ပွားများခဲ့သော ဘာဝနာ ကုသိုလ်

www.burmeseclassic.com



အပုန်ကြောင့်သာ အရိယာ တရား ရရှိသွားခြင်းဖြစ်လေသည်။

* ဤဗုဒ္ဓဂေါတမ မြတ်စွာဘုရား၏ သာသနာတော်၌ မဖြစ်မီ ငရဲသို့ကျခဲ့၏။ နှစ်သိန်းပေါင်းများစွာ ကြာခဲ့၏။

* ဘီလူးဘဝ ငါးရာဖြစ်ခဲ့ကာ ဘီလူးဖြစ်စဉ် တစ်နေ့မျှဝမ်းဝ အောင် မစားခဲ့ရ။ တစ်ကြိမ် တစ်ခါသာလျှင် ကိုယ်ဝန် အညစ်အကြေး ကို စားခဲ့ရသည်။

* ခွေးဘဝ ငါးရာဖြစ်ခဲ့၏။ ခွေးဖြစ်စဉ်ကလည်း အန်ဖတ် ထမင်းကို တစ်ကြိမ်သာ စားခဲ့ရသည်။

* ခွေးဘဝမှကျွတ်လွတ်ကာ လူ့ဘဝသို့ ရောက်လာခဲ့ခြင်း ဖြစ်လေသည်။ မိတ္တဝိန္ဒက အမည်ဖြင့် ဆင်းရဲဒုက္ခအဖုံဖုံ ကြုံခဲ့ရပြန် လေသည်။

မိတ္တဝိန္ဒက ဘဝတွင် အိမ်ထောင်ကျကာ သားနှစ်ယောက် ရရှိခဲ့သည်။ သူနေသော ပစ္စန္တရစ်ရွာတွင် (၇)ကြိမ်မီးလောင်ခဲ့၏။ (၇)ကြိမ် မင်းပြစ်မင်းဒဏ် ကျရောက်ခဲ့၏။ (၇)ကြိမ် တစ်ဖက်ဆည် ကန်ပေါက်ခဲ့၏။ ထို့ကြောင့် ရွာသားတို့က မိတ္တဝိန္ဒကကို နှင်ထုတ် လိုက်ကြသည်။

ခြေဦးတည့်ရာ ထွက်ခွာလာကြရာ ဘီလူးမ အုပ်စိုးသော တောအုပ် တစ်ခုသို့ အရောက်တွင် မယားနှင့်သားနှစ်ယောက်တို့ကို ဘီလူးများက ဖမ်းယူ သတ်စားကြလေသည်။ အပြေးကောင်းသော မိတ္တဝိန္ဒကကား လွတ်မြောက်သွားခဲ့သည်။ ထိုမှ ဂမ္ဘီရ အမည်ရသော သင်္ဘောဆိပ်သို့ ရောက်ရှိသွားကာ ကျန်သင်္ဘော တစ်စီးကို တက်စီးပြီး လိုက်ပါသွားပြန်၏။

ကံဆိုးမ သွားရာ မိုးလိုက်လို့ရွာဟူသော စကားရှိသည်။

ယခုတော့ ကံဆိုးမောင်ရောက်တဲ့ ဘယ်အရပ် မရှောင် မီးလိုက်လို့လောင်လို့ ပြောရ မလိုဖြစ်နေသည်။ မီးလောင်ခဲ့သည်ချည်း မဟုတ်လော။

ယခုတော့ တစ်မျိုးတစ်ဘာသာ။ မိတ္တဝိန္ဒက စီးနင်းလိုက်ပါ လာသော သင်္ဘောမှာ ခုနစ်ရက်မြောက်နေ့တွင် သမုဒ္ဒရာ ရေလယ်

www.burmeseclassic.com

www.burmeseclassic.com



ခေါင် ဘာသောင်မှမရှိဘဲ သင်္ဘော တင်နေလေတော့သည်။ ထုံးစံအတိုင်း သင်္ဘောသားတွေက သင်္ဘောပေါ်မှ ပါလာတဲ့လူတွေကို သူယုတ်မာ စာရေးတံ မဲချလေရာ မိတ္တဝိန္ဒကကိုသာ (၇)ကြိမ်တိုင်တိုင် မဲကျလေ၏။ ထို့ကြောင့် သင်္ဘောသားတို့က မိတ္တဝိန္ဒကကို ဝါးစည်းတစ်စည်းနှင့်အတူ သမုဒ္ဒရာထဲသို့ ပစ်ချလိုက်ကြလေသတည်း။ ထိုအခါကျမှ သင်္ဘောက ရှောရှောရှူရှူ ထွက်ခွာနိုင်ခဲ့ပါသတည်း။ ဆန်းကြယ်လိုက်သည့် ဖြစ်ရပ်တစ်ခု။

* မိတ္တဝိန္ဒက ဘာတွေ ဆက်ဖြစ်ကာ ဘာတွေတွေ့ကြုံရဦးမည်ကို ဆက်ဖတ်ပါဦး။

ကဿပ ဘုရားရှင် လက်ထက်တုန်းက သီလစောင့်ထိန်းခဲ့သော ကုသိုလ်ကြောင့် မိတ္တဝိန္ဒက ခမျာ ကံကောင်းထောက်မစွာ သမုဒ္ဒရာထဲမှာ ဖန်ဗိမာန်နှင့်နေသော နတ်သမီး လေးယောက် (ပြိတ္တာနတ်သမီးများဖြစ်သည်) တို့နှင့် တွေ့ဆုံကာ ခံစားရလေသည်။ သို့သော် (၇)ရက် ချမ်းသာသုခကို ခံစားရပြီး (၇)ရက်မှာ ဆင်းရဲဒုက္ခများကိုသာ ခံစားရရှာ၏။ ချမ်းသာ တစ်ခါ ဆင်းရဲ တစ်လှည့် ခံစားကြရသော နတ်သမီးများက မိတ္တဝိန္ဒကကို စွန့်ခွာသွားကြသည်။

သို့ဖြင့် ငွေဗိမာန်၌နေကြသော နတ်သမီး ရှစ်ယောက်၊ ထို့နောက် ပတ္တမြားဗိမာန်နှင့်နေကြသော နတ်သမီး (၁၆)ယောက်၊ ထို့နောက် ရွှေဗိမာန်နှင့်နေကြသော နတ်သမီး (၃၂)ယောက်တို့နှင့်လည်း မိတ္တဝိန္ဒက တွေ့ဆုံခဲ့ရသည်။ ကာလကြာရှည်စွာတော့ မဟုတ်၊ ခဏတစ်ဖြုတ် ရက်တရက် အိပ်မက်,မက်သလိုမျှသာ။ သို့သော်လည်း မိတ္တိဝိန္ဒက သာယာခဲ့ပါ၏။

တစ်ဖန် သမုဒ္ဒရာ ရေလယ်ခေါင်မှာ ဘီလူးမ အုပ်စိုးသော ကျွန်းတစ်ကျွန်းပေါ်သို့ ရောက်ရှိသွားပြန်လေ၏။ ထိုကျွန်း၌လည်း ဆန်းကြယ်သော ဖြစ်ရပ်ကို တွေ့ကြုံရပြန်လေသည်။ ဖြစ်ပုံမှာ ဘီလူးမ တစ်ယောက်သည် ဆိတ်မ တစ်ကောင်အသွင်ဖြင့် ကျွန်းပေါ်တွင် လှည့်ပတ်သွားလာနေရာ မိတ္တဝိန္ဒက မြင်ပြီး ဆိတ်သား စားချင်လာသဖြင့် ဆိတ်မ၏ခြေထောက်ကို ဖမ်းဆွဲလိုက်သည်။ သို့ရာတွင်

www.burmeseclassic.com

www.burmeseclassic.com



အားချင်းမမျှဘဲ ဘီလူးမ၏ခွန်အားက သာလွန်ပြီး သူ့ကိုခါထုတ်လိုက်ရာ သမုဒ္ဒရာ တစ်ဖက်ကမ်း၏ ဟိုဘက်မှာရှိသော ဗာရာဏသီမြို့ပြင် တစ်နေရာ ဆူးချုံထက်သို့ ကျရောက်သွားလေသတည်း။

မိတ္တဝိန္ဒကက ဆက်လက်ကြုံတွေ့ရပြန်သည်မှာ ဆူးချုံအနီးရှိ စားကျက်၌ ကျက်စားနေကြသော မင်း၏ ဆိတ်များကို ခိုးသူများက ဖမ်းယူ သတ်စားခြင်းနှင့် ကြုံရလေ၏။ ဆိတ်သူခိုး ဖမ်းရန် စောင့်ဆိုင်းနေကြသည်။

မိတ္တဝိန္ဒကကလည်း သူ့အတွေးနှင့်သူ ဟုတ်နေသည်။ ဆိတ်မများကို တွေ့ပြန်ရာ ဒီတစ်ခါ ဆိတ်မ ခြေထောက်ကို ကိုင်လိုက်လျှင် ဆိတ်မက ကန်လွှတ်လိုက်သော် ဟိုသမုဒ္ဒရာ အလယ်က ဗိမာန်ရှင် နတ်သမီးထံသို့ ပြန်ရောက်သွားပေလိမ့်မည်ဟူသော အတွေးဖြစ်၏။ သို့သော်အတွေးဟူသည် အတွေးမျှသာဖြစ်၏။ အတွေးအဖြစ်ဖြင့် သာ ပျောက်ကွယ်သွားတတ်သည် မဟုတ်လော။

ဆန်ခိုး မမိ၊ ဖွဲခိုးမိဟူသော စကားရှိသည်။ ဆိတ်သူခိုးကို ဖမ်းရန် စောင့်နေကြသူတို့က မိတ္တဝိန္ဒကကို ဆိတ်သူခိုးဟု စွပ်စွဲကာ ဖမ်းဆီး ကြလေပြီ။ သူ့ကို ထုထောင်း ရိုက်ပုတ်ကြကာ မင်းထံ အပ်ကြကုန်၏။

သို့ရာတွင် ကံကောင်းခြင်း လက်ဆောင်သည် မိတ္တဝိန္ဒက ဘက်တွင် ရှိနေခဲ့ပြန်သည်။ အဘယ်ကြောင့်ဆိုသော် ဆရာဖြစ်ခဲ့ဖူးသော ဒိသာပါမောက္ခ ဆရာကြီး ကယ်တင်လိုက်သဖြင့် မိတ္တဝိန္ဒက မင်းပြစ်မင်းဒဏ်မှ လွတ်ကင်းခဲ့ရ ပြန်လေသည်။

* ဤသည်တို့ကား ဗုဒ္ဓဘုရားရှင် ဇာတ်ကြောင်းပြန် ဟောကြားတော်မူသော လောသကတိဿ (သို့မဟုတ်) မိတ္တဝိန္ဒက၏ ထူးထွေဆန်းပြား ဂမ္ဘီရဆန်လှသော ဇာတ်လမ်းများပေတည်း။ ဘဝ သံသရာကြီးထဲမှ လွတ်မြောက်ကြပါစေ။

*(ဇာတက အဋ္ဌကထာ၊ ဧကနိပါတ်၊ အတ္ထကာမဝဂ်၊ လောသကဇာတ်ကို ကိုးကား ခြယ်မှုန်းပါသည်။)*

www.burmeseclassic.com

www.burmeseclassic.com



## ကြောင်ရှင်တာ ဆေးကျွန်ကို ဆေးကုဆေးပေးခြင်း

(က)

လက်ာဒီပကျွန်းတွင် မဟောလ အမည်ရသော မြို့စားတစ်ယောက် အထင်အရှားရှိခဲ့သည်။ မျိုးရိုးကလည်း သူကြွယ်မျိုး၊ ဂုဏ်ဒြပ်ကလည်း မြို့စား ဖြစ်ရုံမျှမက ကြွယ်ဝချမ်းသာသော စည်းစိမ်ဥစ္စာကလည်း သူ့တစ်သက် သုံး၍ ကုန်ဆုံးနိုင်ဖွယ် မရှိ။ ကျေးကျွန်၊ ခြွေရံသင်းပင်းကလည်း များစွာရှိ၏။ မြို့စားသည် ဘာသာ တရားကိုင်းရှိုင်းပြီး သဒ္ဓါတရား အားကောင်းသူပီပီ လှူရေး တန်းရေး၌လည်း ရက်ရောသူ ဖြစ်၏။

မြို့စားသာ သဒ္ဓါတရား ကောင်းသည် မဟုတ်သေး၊ ဇနီးဖြစ်သူ မြို့စားကတော်ကလည်း ရတနာသုံးပါးကို ကြည်ညို၏။ လှူရေးတန်းရေး ဝါသနာပါ၏။ ဘုရားသွား ကျောင်းတက် ခြေလက်ညီသော ဇနီးမောင်နှံဖြစ်၏။

အင်္ဂလိပ်တို့၏ ဒေသနာတော်လာ ဇနီးမောင်နှံ လေးမျိုးတွင် လင်နတ်သား၊ မယားနတ်သမီး အမျိုးအစားဖြစ်၏။ သာမန် ဇနီးမောင်နှံမျိုး မဟုတ်၊ နတ်ဇနီး မောင်နှံဟု ဆိုလို၏။ လူမဖက် နတ်ဖက်သည့် စုံတွဲမျိုးဖြစ်သည်။

(ခ)

တစ်နေ့သ၌ မဟောလမြို့စား နေအိမ်တွင် လယ်ထွန်ပွဲ၊ ကောက်စိုက်သမပွဲ မင်္ဂလာ ပြုလုပ်ရန် စီစဉ်ထားသည်။

ရှေ့ပွဲလာ ပရိသတ်တို့သည် ထွန်များ၊ နွားများဖြင့် လာရောက် ဆင်နွှဲကြ၏။ နွားဖြူများကို နနွင်းများဖြင့် လိမ်းကျံပြီး နွား၏လည်ပင်းတွင် ခရုပန်းကုံးများ စွပ်ထားကြသည်။ နွား၏ဦးချိုများကို ရွှေ ငွေ၊ ရတနာ တန်ဆာများ ဆင်မြန်းကြသည်။ သူတို့သည် မဟောလ မြို့စားကြီး တည်ခင်း ဧည့်ခံသော စားသောက်ဖွယ်ရာများကို သုံးဆောင်ကြပြီး တန်ဆာ ဆင်ထားသော နွားများကို ထွန်တင် တပ်ကာ လယ်ထွန် မင်္ဂလာပွဲ ဆင်နွှဲကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



မဟောလမြို့သူ လှပျိုဖြူတို့ကလည်း ဝတ်ကောင်း စားလှများ ဆင်မြန်းကာ ကျော့ကျော့မော့မော့ကိုယ်ဟန်ဖြင့် မျိုးစပါးများကို ပြာတီးနေကြ၏။ တချို့က စပါးလှေ့နေကြလေ၏။

(၈)

သူတစ်ပါး အလှူဒါနပြုရာတွင် ကြည်ဖြူစွာ ဝမ်းမြောက်နုမော် သာဓုခေါ်သူ ရှိသကဲ့သို့ မကြည်မဖြူ မလိုမလား ဣဿာမစ္ဆရိယ ပွားနေသူလည်း ရှိတတ်ပေသည်။ သာဝတ္ထိပြည်တွင် ဘုရင်ကောသလနှင့် ပြည်သူပြည်သားတို့ သူနိုင်ငါနိုင် အပြိုင်ကျဲ၍ ဆင်နွှဲကြသော မဟာအသဒိသ အလှူပွဲကြီးကို နံဘေးမှထိုင်ကြည့်ကာ မနာလိုဝန်တို ဣဿာမစ္ဆရိယ ပွားနေသော ကာဠဆိုသည့် အမတ်တစ်ဦးလည်း ရှိခဲ့ဖူးသည်ပင်။ (၁၄)ကုဋေမျှ အကုန်အကျခံကာ လှူဒါန်းပါသော အလှူဒါနပွဲကို ဝမ်းမြောက်ဝမ်းသာ မုဒိတာ မပွားနိုင်ခဲ့ပေ။ သာဓု မခေါ်နိုင်ရှာခဲ့ပေ။

အလှူပွဲကြီး ရေစက်ချ အခမ်းအနား၌ ဗုဒ္ဓဘုရားရှင်သည် သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ရှုကြည့်တော်မူရာ ကာဠ အမတ်၏ စိတ်အကြံကို သိရှိတော်မူသော ပရိသတ် မစင်ကြယ်သောကြောင့် တရား တိုတိုလေး ဟောကြား ချီးမြှင့်တော်မူခဲ့၏။ အကယ်၍သာ ရှည်လျားသော ဓမ္မတရား အနုမောဒနာကို ဟောကြားတော်မူပါက ကာဠ အမတ်၏ဦးခေါင်းပြတ်၍ သေပွဲဝင်ရမည်ကို မြင်တော်မူသောကြောင့်တည်း။

ဤကိစ္စနှင့် ပတ်သက်၍ ကောသလမင်းကြီးသည် ဗုဒ္ဓဘုရားရှင်ထံမှ သိရှိရသဖြင့် ကာဠ အမတ်ကို ဒဏ်ခတ်သောအားဖြင့် ရာထူးမှ ချကာ ပြည်နှင်ဒဏ် ပေးခဲ့ဖူးလေသည်။ ဝမ်းမြောက်နုမော် သာဓုခေါ်ကာ အနုမောဒနာ ပွားသော ဇုဏှ အမတ်ကိုမူ ရာထူးတိုးမြှင့်ပေးကာ အလှူဒါနကြီးကိုပင် ပြုခွင့် ပေးခဲ့ဖူးလေသည်။

ယခုလည်းကြည့် ... မဟောလမြို့စား၏ လယ်ထွန် မင်္ဂလာပြု အလှူဒါနပွဲကို မနှစ်မြို့။ မကြည်ဖြူသူ တစ်ယောက်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည်ပင် မြို့စား၏ကြွေးမြီနှင့် ကင်းရှင်းသူ မဟုတ်။ သူ၏အကြံ အစည်ကား–

'မြို့စား လင်မယားသည် သဒ္ဓါတရား အားကောင်းကြသူ များ ဖြစ်သည်။ အလှူရေစက် လက်နှင့်မကွာ ပြုနေသူများဖြစ်ရာ မြို့စားက အပင့်လွှတ်သူ အနေအားဖြင့် သံဃာတော်များ သွားပင့် မည်၊ သံဃာတော်များ ကြွလာလျှင် ဆွမ်းကွမ်း ကပ်လှူရေး ကိစ္စများ ပြုလုပ် ကြမည်။ ထိုအခါ လယ်ထွန်မင်္ဂလာ ဆင်ယင်ကျင်းပရေး နှောင့်နှေးသွားမည်။ ဟုတ်ပြီ ဒီအကြံအစည်အတိုင်း ငါလုပ်ဆောင် မည်' ဟူ၍ ဖြစ်ပါသတည်း။

(ဃ)

ရဟန်းသံဃာကို အလွန်ကြည်ညိုသော လင်းမယားဖြစ်၍ ရဟန်းသံဃာများ ကြွလာပါက ဆွမ်းကိစ္စတွေကို မလွှဲမသွေ ပြုစု လုပ်ကျွေးမည်ဖြစ်ရာ လယ်ထွန် မင်္ဂလာ လစ်ဟင်း ပျက်ကွက်ရန် ရည် ရွယ်ခြင်းဖြစ်သည်။

ယနေ့ခေတ်တွင်လည်း ရဟန်းသံဃာများအား လှည့်စားကာ လိမ်ညာ၍ ဆွမ်းပင့်ကြပုံများ၊ နောက်တစ်နေ့ ကြွသွားသောအခါ ဆွမ်း,ကွမ်းကိစ္စ တကယ်မရှိ၊ ကျောင်းထိုင် ဆရာတော်၏ ရင်းနှီးသော ဒကာ,ဒကာမ၏အမည်ကို အသုံးချကာ လိမ်ညာ ပင့်လျှောက်ကြခြင်း ဖြစ်သည်။ ပို၍ ဆိုးရွားသည်ကား အိုးခွက် ပန်းကန် ခွက်ယောက်၊ ပရိဘောဂ ပစ္စည်းများကို လိမ်ညာ ယူသွားခြင်းဖြစ်၏။ ပရိက္ခရာများ လည်း ပါသွား၏။ သတိထားကြစရာပင်။

သဘောထား ဖောက်ပြန် မမှန်ကန်သော ယောကျ်ားသည် ကျောင်းသို့သွား၍ ဆရာတော် တိဿ မထေရ်ကြီးအား နောက်ပါ ရဟန်း သံဃာ ငါးရာနှင့်တကွ မနက်ဖြန် မဟေလမြို့စား အိမ်သို့ ဆွမ်းဘုဉ်းပေးကြွရန် မဟုတ် မမှန်လုပ်ကြံ လျှောက်ထားလေ သတည်း။

www.burmeseclassic.com

www.burmeseclassic.com



(၄)

နောက်တစ်နေ့ ...

မဟေလမြို့စားသည် လယ်ထွန် မင်္ဂလာ ကျင်းပရန် လယ်ကွင်းဘက်ဆီသို့ ထွက်ခွာသွားလေပြီ။ အခြွေအရံ၊ ထွန်၊ နွားများ ပါသွားလေ၏။ အိမ်တွင် မြို့စား ကတော်သာလျှင် ကျန်ခဲ့သည်။ ထိုအချိန်မှာပင် မဟာတိဿဒတ္တ မထေရ်မြတ်ကြီး အမှူးပြုသော ရဟန်းသံဃာ ငါးရာတို့ ကြွလာကြလေသည်။ မြို့စားမင်းကား ရဟန်းသံဃာများ ကြွလာသည်ကို မသိပေ။

မြို့စား ကတော်သည် ရတနာသုံးပါးကို ကိုင်းရှိုင်းကာ သဒ္ဓါတရား အားကောင်းသူပီပီ အစီအစဉ် ကြိုတင် မထားသော ဆွမ်းကျွေးကိစ္စကို အရေးတကြီး စီစဉ်ရလေတော့၏။ အလုပ်သမားများအား ကျွေးရန်ထားသော ဘောဇဉ်များကိုသာ ပျားရည်၊ နို့မ်းတို့ဖြင့် ရောစပ်ကာ သပိတ်များထဲသို့ ရှေးဦးစွာ လောင်းလှူလိုက်၏။ ရဟန်း သံဃာများလည်း ပြန်ကြွရန် ပြင်ဆင်ကြလေသည်။

မြို့စား ကတော်က 'အရှင်ဘုရားများ ... ပြန်ကြွတော် မမူပါလင့်။ ဆွမ်းကပ်လှူရန် စီမံနေကြဆဲဖြစ်၍ ခေတ္တခဏ ဆိုင်းငံ့တော်မူကြပါဘုရား' ဟု လျှောက်ထားလိုက်လေသည်။ ဆွမ်းမဘုဉ်းပေးမီ ဘုဉ်းပေးရန် ပျားရည်၊ နို့မ်းများကို ကြိုတင် ဆက်ကပ်ထားခြင်းသာ ဖြစ်သည်။

ထိုအခိုက် မြို့စားမင်းသည် အကြောင်းတစ်ခုဖြင့် အိမ်သို့ပြန်လာလေ၏။ အိမ်တွင် အရှင်တိဿဒတ္တ အမှူးပြုသော ရဟန်းသံဃာများကို ဖူးမြင်ရသဖြင့် အလွန် ဝမ်းသာနေလေသည်။ မထေရ်ကြီးသည် မြို့စားမင်းအိမ်တွင် ဆွမ်းကပ်လှူရန် ကြိုတင် စီစဉ်မှု မရှိကြောင်း ရိပ်မိ သိရှိသွားလေသည်။

'ဒါယကာ ... သင့်အိမ်၌ ယနေ့ လယ်ထွန် မင်္ဂလာပွဲရှိကြောင်း ငါတို့မသိ။ သိလျှင် လာကြမည် မဟုတ်ကုန်။ သင်က နိုင်းစေလိုက်သည် ဆိုသော အစေအပါး ဒကာတစ်ယောက်က လာရောက်ပင့်ဖိတ် ခြင်းကြောင့်သာ ငါတို့ကြွလာခြင်းဖြစ်သည်' ဟု

www.burmeseclassic.com



မိန့်တော်မူ၏။

မြို့စားမင်းသည် ပထမ ကြောင်စီစီ ဖြစ်သွား၏။ ငါမခိုင်းပါဘဲလျက် အဘယ်သူ ပင့်လျှောက်လာသနည်း။ အကြောင်းတော့ ရှိရမည်ဟု စဉ်းစားနေလေ၏။

(၈)

မြို့စားမင်း သိသွားပါပြီ။

သူ့ထံမှ ကြွေးယူထားသူ အစေအပါး တစ်ယောက်။

သူသည် ငါ့အကျိုးပျက်အောင်၊ စိတ်အနှောင့်အယှက်ဖြစ်အောင်၊ ငါ၏ လယ်ထွန် မင်္ဂလာပွဲ ပျက်စီးအောင် ဘာကြောင့်ကြံဆောင်ရသနည်း။

အစဦ အစေအပါး အမောင်ယောကျာ်းအား ဒေါသ ဖြစ်မိသလိုရှိသော်လည်း အသေအချာ စဉ်းစားလိုက်သောအခါ သူ့ကိုပင်ကျေးဇူးတင်မိလေတော့သည်။ အဘယ်ကြောင့်ဆိုသော် သူ၏ လိမ်လည် လျှောက်ထား ပင့်ဖိတ်မှုကြောင့် မဟာတိဿဒတ္တ မထေရ်အမှူးရှိသော ရဟန်းသံဃာ ငါးရာတို့အား ဆွမ်းကပ်လှူရသောကြောင့်တည်း။ ဤအကြောင်းအရာနှင့် ပတ်သက်၍ ဆွမ်းဒါယကာမြို့စားမင်းသည် မထေရ်ကြီးအား ဤသို့လျှောက်ထားလိုက်လေ၏။

'အရှင်ဘုရား ... အရှင်မြတ်ကြီးအား လိမ်လည်လျှောက်ထားသူဟာ တပည့်တော်၏ အကျိုးဆုတ်ယုတ်မှု၊ စိတ်အနှောင့်အယှက်ဖြစ်မှုတို့ကို လိုလားသူပါဘုရား။ တပည့်တော်၏ အစေအပါး တစ်ယောက်ပါဘုရား။

သို့သော် ယခုအခါမှာ သူသည် တပည့်တော်၏ကျေးဇူးရှင်ဖြစ်သွားပါပြီ။ သူပင့်လျှောက်ပေးသောကြောင့် သူ့ကို အကြောင်းပြုပြီး သီလဝန္တ(သီလနှင့်ပြည့်စုံသူ)၊ သိက္ခာကာမ(သိက္ခာကို လိုလားသူ)၊ ဝိနယာဂရုက(ဝိနည်းကို လေးစားသူ) အရှင်ဘုရားများအား မင်္ဂလာရှိစွာ ဖူးမြော်ရခြင်း၊ ကိုယ်တိုင်ကိုယ်ကျ သာဟတ္ထိကမြောက် ဆွမ်းလောင်းကပ်ရခြင်းတို့ကို ပြုရခြင်းဖြစ်ပေသည်။ သူသည် တပည့်တော်၏

www.burmeseclassic.com



ကလျာဏမိတ္တ–မိတ်ကောင်း ဆွေကောင်း ဖြစ်သွားပါပြီဘုရား'

(ဆ)

မဟောလမြို့ကို အပိုင်းစား ရရှိသဖြင့် မဟောလမြို့စားဟုလည်းကောင်း၊ မူလနာမည် ဣဿရ မဟာတိဿဟုလည်းကောင်း ထင်ရှားသော မြို့စားမင်းနှင့် မြို့စား ကတော်တို့သည် အရှင်တိဿဒတ္တ ဆရာတော်ကြီးနှင့် နောက်ပါ သံဃာ ရဟန်းငါးရာတို့အား ဆွမ်းလှူဒါန်းခြင်းနှင့် တကွ သင်္ကန်း ပရိက္ခရာများကိုပါ ကိုယ်တိုင်ဆက်ကပ်လှူဒါန်းကြရသဖြင့် ဝမ်းမြောက်ကြီး ဝမ်းမြောက်နေလေသည်။

ကလျာဏမိတ္တအဖြစ် သတ်မှတ်လိုက်သော ကြွေးမြီရှင် အမောင်ယောကျ်ားကိုလည်း ကျေးဇူးတင်သောအားဖြင့် ပေးရန်ရှိသော ကြွေးများကို ပ,လပ်လိုက်လေသည်။ ထို့ပြင်မက မိမိအပိုင်စား ရရှိထားသော မဟောလမြို့ကိုလည်း ထက်ဝက်ခွဲပေးကာ မိမိအပါးမှာ ပင် နေခွင့်ပြုလိုက်လေသတည်း။

*(လက်ာဒီပ ဝတ္ထုကျမ်းမှ ဒုဗ္ဗဋ္ဌိက မဟာတိဿ ဝတ္ထုကိုခြယ်မှုန်းပါသည်။)*

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## နက္ခတ်အစွမ်း တစ်ဖက်ကမ်းခပ် ကျွမ်းကျင်သူ

(က)

တိုင်းပြည်အုပ်ချုပ် မင်းလုပ်သော ပုဂ္ဂိုလ်တို့သည် မိမိတိုင်းပြည်၏ ဖြစ်ရပ်အထွေထွေ အခြေအနေ အရပ်ရပ်တို့ကို သိထားကြရသည်။ ကောင်းစွာသိရှိအောင် အားထုတ်ကြရသည်။ ရှေးက ဘုရင်တို့သည် ရုပ်ဖျက်၍ သူဆင်းရဲ ဟန်ဆောင်ကာ တိုင်းပြည်နယ် အရပ်ဒေသ အသီးသီးသို့ စနည်းနာ ခရီးထွက်ကြလေ့ ရှိကြသည်။

စနည်းနာ ခရီးထွက်ရင်း ချောမောလှပသော မိန်းမပျိုများနှင့် တွေ့ဆုံပြီး ချစ်ခင်စုံမက်တော်မူသဖြင့် တော်ကောက်ကာ မိဖုရားတင်မြှောက်လေ့ရှိကြ၏။ ဤကဲ့သို့သော ဇာတ်လမ်းများသည် သမိုင်းတင် ရာဇဝင်တို့တွင် မြောက်မြားစွာတွေ့ရ၏။ တချို့ဇာတ်လမ်းများမှာ ရှင်ဘုရင်က အကြောင်းအမျိုးမျိုးကြောင့် ရွှေနန်းတော်မှ ဆင်းသက်ပြီး ကျေးရွာ ဇနပုဒ်တွင် ဇာတ်မြုပ်နေထိုင်ရင်း ကျေးလက်သူ ပျိုမြူချောနှင့် နဖူးစာရွာလည်ကာ ပေါင်းသင်းဆက်ဆံ နေထိုင်ခဲ့ကြသည်။

အခြေအနေကောင်း၍ နန်းရင်ပြင်သို့ ပြန်သွားသောအခါ ဘုရင်သည် လက်ဝတ် ရတနာ တစ်ခုခုကို ချွတ်ထားပေးခဲ့ပြီး သားယောကျ်ားလေး ဖွားမြင်ပါက ဤလက်ဝတ် ရတနာကို ယူဆောင်ကာ နန်းတော်သို့လာခဲ့ပါ။ အကယ်၍ သမီးမိန်းကလေး မွေးဖွားခဲ့ရင်ဖြင့် ဤလက်ဝတ် ရတနာကို ထုခွဲရောင်းချပြီး သမီးလေးကို မွေးမြူစောင့်ရှောက်ပါလို့ မှာခြေစကား ပါးထားခဲ့လေ့ရှိကြလေသည်။ ဤကဲ့သို့သော ဆင်တူရိုးမှား ဇာတ်လမ်းများ သမိုင်း ရာဇဝင်တို့တွင် အထင်အရှား ရှိခဲ့၏။

(ခ)

ရှေးယခင် သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလသည်ပင် မြင်းစီး လှည့်လည်ရင်း တစ်နေရာ၌ သူစီးလာသောမြင်း၏ ဇက်ကြိုး

www.burmeseclassic.com



ကိုလှမ်းဆွဲကာ မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲရဲတင်းတင်း ရင်ဆိုင်လာသော အမျိုးသမီးငယ်ကို သဘောတော်ကျ စုံမက်နှစ်သက်ကာ နန်းတော်သို့ ခေါ်သွားပြီး မိဖုရား မြှောက်တင်ခဲ့ဖူးလေသည်။ သူမသည်ကား တခြားမဟုတ်၊ နောင်အခါတွင် မလ္လိကာ မိဖုရားကြီးဟု အထင်အရှား ဖြစ်လာသူပေတည်း။

မလ္လိကာ မိဖုရားသည် သတ္တိရှိရုံမျှမက စီစဉ်ညွှန်ကြားမှုတွင်လည်း အံ့မခန်းလောက်အောင် ကျွမ်းကျင်သူဖြစ်၏။ ကြည့်လေ၊ ဘုရင်ကောသလနှင့် တိုင်းသူပြည်သားများ သူနိုင်,ငါနိုင် အပြိုင်ကျဲ၍ လှူဒါန်းကြသော ဘုရားတစ်ဆူ ပွင့်တော်မူခါ တစ်ကြိမ် တစ်ခါသာ လှူဒါန်းခွင့်ရရှိသော မဟာအသဒိသဒါန အလှူပွဲကြီးတွင် ကောသလ ဘုရင်ကြီး ရှုံးတော့မည့် အခြေအနေသို့ ကျရောက်နေလေသည်။ ဘုရင်ကြီးမှာလည်း နိုင်ပွဲမရ၊ ရှုံးပွဲနှင့် ရင်ဆိုင်ကြုံရတော့မည့် အနေအထားရောက်နေတော့သဖြင့် ကြံရာ မရဖြစ်ကာ ငေးမှိုင်နေလေသည်။

ထိုအခါ ဉာဏ်ပညာရှိသော မိဖုရား အလိမ္မာ မလ္လိကာသည် ဘုရင်ကြီး၏ ကြံမှိုင်ပုံအကြောင်းကို သိသွားပြီး အလှူကြီးကို စီမံကွပ်ကဲလေတော့သည်။ သူမ စီမံပုံမှာ တိုင်းသူပြည်သားများတွင် မရှိသော ဆင်ဖြူ ငါးရာ၊ အပျိုတော် ငါးရာ၊ ထီးဖြူ ငါးရာ၊ ရွှေယပ် ငါးရာ၊ ရွှေအိုးရောင် လောင်းလှေကြီးများကို စုဆောင်းခိုင်းလေသည်။

ပြီးလျှင် ဘုရားအမှူးပြုသော ရဟန်းသံဃာ ငါးရာတို့ကို ကြီးကျယ်ခမ်းနား လှပသော မဏ္ဍပ်ကြီးအတွင်းသို့ ကြွစေပြီး ဆင်ဖြူငါးရာတို့က ထီးဖြူတော် ငါးရာတို့ကို နှာမောင်းဖြင့်ကိုင်ဆောင်ကာ ရဟန်း တစ်ပါးတစ်ပါး၏ရှေ့တွင် ဒူးတုပ် ထိုင်စေလျက် ထီးဖြူများဖြင့် မိုးပေးကြ၏။ အပျိုတော် ငါးရာအနက် နှစ်ရာ့ငါးဆယ်တို့က ရဟန်းများအား ယပ်လေ ခပ်ပေးကြ၏။ ကျန်အပျိုတော် နှစ်ရာ့ငါးဆယ်က နံ့သာများကို သွေးကာ မွှေးကြိုင်နေအောင် ဆောင်ရွက်ကြ၏။

အခြားမောင်းမ မိသံများက မဏ္ဍပ်အလယ်တွင်ချထားသော ရွှေအိုးရောင် လှေကြီးတွေထဲမှာ နံ့သာရည်များထည့်ပြီး သပြေခက်ဖြင့် ဖျန်းပက် ပေးလျက်ရှိကြသည်။ အလှူတော် ခံလာမဏ္ဍပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံး မွှေးကြိုင်လှိုင် ပျံ့နေလေတော့၏။ ဤသို့သော စီမံမှုများကြောင့် ဘုရင်ကြီးက အနိုင်ရရှိကာ မဟာအသိဒိသ အလှူဒါနပွဲကြီးကို ပိုင်ဆိုင် ရရှိခဲ့ပါလေသတည်း။

(ဂ)

ဤသို့ဖြင့် နိဒါန်းချီကာ တင်ပြရခြင်းကား သတ္တိရှိသူ ဉာဏ်ကောင်းသူတို့သည် ဂန္ထဝင် စာပေတို့တွင်လည်း အထင်အရှားရှိကြောင်း သိစေချင်၍ ဖြစ်ပါသည်။ ယခု အဓိက ရေးသားတင်ပြတော့မည်မှာ နက္ခတ်ပညာ အရာမှာ ကျွမ်းကျင်လိမ္မာသော ပုရောဟိတ် တစ်ဦး အကြောင်း ဖြစ်ပါသည်။

ရှေးယခင် ဘုရင်များသည် တိုင်းခန်းလှည့်လည် စနည်းနာ လေ့ရှိကြောင်း (လေ့လာရေး ထွက်လေ့ရှိကြောင်း) ဆိုခဲ့ပါပြီ။ ယခု ဇာတ်လမ်းမှာကား ဗာရာဏသီပြည်က ဗြဟ္မဒတ်မင်းကြီး ဖြစ်သည်။ မင်းကြီးသည် ပြည်သူများ၏ သဘောထား၊ ပြည်သူများ၏ စားဝတ်နေရေး အခြေအနေကို သိရှိလို၍ သာမန် အရပ်သား ဆင်းရဲသား ပုံစံဖြင့် တိုင်းပြည်တွင်းသို့ ဝင်လေသည်။

မင်းကြီးခမျာ ကံဆိုးချင်တော့ မြို့၏လမ်းပေါ် တစ်နေရာတွင် ခိုးမှုကျူးလွန် ပြီးခါစ လူဆိုး တစ်သိုက်နှင့် ပက်ပင်း တိုးလေတော့သည်။ လူဆိုးများက ရုပ်ဖျက်ထားသော မင်းကြီးကို ဖမ်းဆီးလိုက်ကြပြီး မင်းကြီး၏ အပေါ်ရုံ ပုဆိုးကို ချွတ်ယူကြသည်။ ထိုမျှနှင့်မပြီးသေး။ လူဆိုးတို့သည် မင်းကြီးကို သေရည်အိုးများ ထမ်းပြီး အပို့ခိုင်းလေတော့သည်။

(ဃ)

တိုက်တိုက်ဆိုင်ဆိုင်ပင်။

မင်းကြီးက ရာထူးမှ ဖယ်ချထားသော ပုရောဟိတ် အမတ်ဟောင်းသည် လမ်းမပေါ်သို့ထွက်လာပြီး ကောင်းကင်မှ နက္ခတ် တာရာများ ကိုကြည့်လေ၏။ နက္ခတ်တာရာ အသွားအလာ မကောင်းပေ။

www.burmeseclassic.com

www.burmeseclassic.com



ဤအတိုင်းဆိုချေလျှင် နိုင်ငံခေါင်းဆောင် ဘုရင်မင်းမြတ်၊ အကြီးအကဲများ ဆင်းရဲဒုက္ခကြုံကိန်း ကျနေလေသည်။ အတိအကျ ဟောဆိုရသော် ပြည်ပိုင်မင်းသည် ရန်သူ့လက်တွင်းသို့ ကျကိန်း ဖြစ်နေလေ၏။ ဤကိစ္စ နှင့် ပတ်သက်၍ ပုရောဟိတ် အမတ်ဟောင်း သူ၏နက္ခတ်ကြည့်ပညာ ကျွမ်းကျင်မှုကို လက်တွေ့ပြလို၏။

ဇနီးဖြစ်သူ ပုဏ္ဏေးမအား ဤသို့ပြောလိုက်၏။

'ရှင်မရေ ... ငါတို့ သခင် ဘုရင်မင်းမြတ်ဟာ ရန်သူရဲ့လက်တွင်းသို့ သက်ဆင်း ကျရောက်နေရှာပြီကွယ့်'

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ လူဆိုးများနှင့်အတူ လမ်းပေါ်မှာ လျှောက်သွားရင်း မင်းကြီးက ထိုစကားကို ကြားလိုက်သည်။ သူ၏ ရာထူးကျ ပုရောဟိတ် အမတ်ကြီး ဖြစ်ကြောင်း သိလိုက်၏။ ဘုရင်ကြီး ကံကောင်းပါသည်။

အဘယ့်ကြောင့်ဆိုသော် မင်းကြီးသည် သူသည် လူကောင်း သူကောင်း ဖြစ်ကြောင်း တောင်းပန် ပြောပြီးသောအခါ လူဆိုးများက သူ့ကို ပြန်လွှတ်ပေးလိုက်သောကြောင့်ပေတည်း။

(င)

လူဆိုးများလက်မှ လွတ်မြောက်လာသော (ရပ်ဖျက်ထားသည့်) ဗြဟ္မဒတ်မင်းကြီးသည် လာလမ်းအတိုင်း ပြန်လာခဲ့၏။ ပုရောဟိတ် အမတ်ဟောင်း အိမ်ရှေ့သို့ ရောက်သောအခါ အမတ်၏ နက္ခတ်ကြည့်ချိန်နှင့်ပင် တိုက်ဆိုင်နေပြန်ပါသည်။ အမတ်ဟောင်းသည် နက္ခတ် တာရာများကို ဆက်လက် တွက်ချက်ကြည့်ပြန်သောအခါ ဤအချိန်အခါတွင်မူ နက္ခတ် အသွားအလာ ပြောင်းလဲသွားပြီဖြစ်၍ ဤသို့ ဟောချက် ထွက်လေသည်။

ဤအချိန်တွင် ပြည်ပိုင် မင်းစိုးရာဇာသည် ရန်သူ့စက်ကွင်းမှ လွတ်ကင်းသွားပြီတည်း။ ဤအကြောင်းကို ဇနီးဖြစ်သူ ပုဏ္ဏေးမအား ပြောပြလိုက်၏။

'ရှင်မရေ ... ဝမ်းသာစရာပဲ၊ ငါတို့အရှင်သခင် မင်းကြီးဟာ

www.burmeseclassic.com

www.burmeseclassic.com



ရန်သူ့လက်မှ လွတ်မြောက် ချမ်းသာသွားပြီကွ။ သိလား'

တိုင်းပြည်ကို စနည်းနာ ထွက်လာခဲ့သော ရုပ်ဖျက်ထားသည့် မင်းကြီးသည် ပုရောဟိတ် အမတ်လောင်း၏အိမ်ကို သေချာစွာမှတ်သားပြီး နန်းတော်သို့ ပြန်ရောက်သွားခဲ့ပြီ။

(၈)

နံနက်မိုးလင်း သွားချေပြီ။

မင်းကြီးသည် သူ ညက စနည်းနာထွက်ခဲ့စဉ် ကြုံရဆုံရပုံများကို ပြည်လည် စဉ်းစားနေလေ၏။ ကံကောင်းလို့ ဘေးမသီ ရန်မခဘဲ နန်းတော်သို့ ပြန်ရောက်ခဲ့ရသည်။ ဤတွင် နက္ခတ်ပညာအရာ ကျွမ်းကျင်လှပစွာသော ပုရောဟိတ် အမတ်ဟောင်း၏ ဟောဆိုချက်များကို ငါ ကြားခဲ့ရသည်။ ဤကဲ့သို့သော ကျွမ်းကျင်ပညာရှင်ကို အထင်လွဲကာ ရာထူးမှ ဖြုတ်ချခဲ့ခြင်းသည် ငါ၏အမှားဖြစ်သည်။ ငါ မှားခဲ့လေပြီ။

သူ၏ပညာစွမ်းအား မြင့်မား ကျွမ်းကျင်မှုကို ထင်ရှားစေရန် ငါဘုရင် အစီအစဉ် တစ်ခုပြုမှ သင့်လျော်မည်။

မင်းကြီး၏ အစီအစဉ်ကား–

နန်းတော်တွင်းသို့ ပုဏ္ဏားများကို ခေါ်လိုက်သည်။ ပုဏ္ဏားများ စုံညီစွာ ရောက်လာသောအခါ မင်းကြီးက ဤသို့ မေးခွန်းထုတ်လိုက်လေ၏။

'ပုဏ္ဏားများ ... ယမန်နေ့ညက နက္ခတ်တာရာ အသွားအလာကောင်း,မကောင်း ငါကိုယ်တော် သိချင်သည်။ ဘေးအန္တရာယ် တစ်စုံတစ်ရာ ရှိ,မရှိကိုလည်း ငါမင်းကြီး အသေအချာ၊ အတိအကျ သိချင်သည်။ တွက်ချက်တွေ့ရှိသမျှကို ငါ့အား လျှောက်တင်ကြစမ်း'

ပုဏ္ဏားများထဲတွင် ပုရောဟိတ် အမတ်ဟောင်းကိုလည်း မင်းကြီးအမိန့်ဖြင့် ခေါ်ထားခဲ့ပြီးဖြစ်သည်။

ပုဏ္ဏားများ အားလုံးက–

'ဘဝရှင် မင်းတရားကြီး ဘုန်းတော်ကြောင့် နက္ခတ်တာရာ

www.burmeseclassic.com

www.burmeseclassic.com



များ အသွားအလာ၊ အနေအထားများ အားလုံး ကောင်းမွန်ပါသည်။ ဘေးအန္တရာယ်ကျရောက်မှု တစ်စုံတစ်ရာကိုလည်း စိုးစဉ်းမျှ မတွေ့ရှိရ ကြောင်းပါ မင်းကြီးဘုရား’ ဟု တစ်ပြိုင်နက် လျှောက်တင်ကြလေ သည်။

မင်းအလိုလိုက်ကာ မင်းအကြိုက်ကိုသာ ဆောင်နေကြသော ပုဏ္ဏားများပီပီ နက္ခတ်ပညာကို သေချာစွာတွက်ချက်မှု မရှိဘဲ၊ ကျွမ်း ကျင်မှု မရှိဘဲ မှန်းရမ်းကာ လျှောက်တင်ခြင်းဖြစ်ကြောင်း ထင်ရှားလေ သည်။

အဖြေကား ပေါ်လေပြီ။

ထိုအခါ မင်းကြီးသည် ပုဏ္ဏားများ၏ ရှေ့နားတော်သွင်း လျှောက်တင်ခြင်းကို နှစ်သက်ခြင်း မရှိချေ။ သူ့အကြိုက်ကို ဆောင်ကာ လျှောက်တင်ပြီး ရာထူးကနေ ခိုင်မြဲရေးကိုသာ အဓိကဖြစ်ကြောင်း ထင်ရှားလေသည်။

သို့ဖြင့် အသင့်ရောက်ရှိနေသော ပုရောဟိတ် အမတ်ဟောင်း ကို မင်းကြီးက မေးလိုက်သည်။

‘ပုရောဟိတ်အမတ် ... သင်သည် ညက ဖြစ်ပေါ်လာသော နက္ခတ်တာရာ အသွားအလာနှင့်ပတ်သက်၍ ကောင်းကျိုး ဆိုးပြစ်ကို တစ်စ မကျန် မခြွင်းမချန်ဘဲ ငါ့ကို လျှောက်တင်စမ်းလော့’

‘မှန်လှပါ တိုင်းကြီးသခင် ပြည့်ရှင် ဘုရင်မင်းတရားကြီး ဘုရား ကျွန်တော်မျိုး တွက်ချက်ကြည့်ရှုရသဖြင့် တွေ့ရသည်များကို တစ်စ မချန်ထားဘဲ လျှောက်ထား ပန်ကြားပါမည်ဘုရား။ ယမန်ညက နက္ခတ် တာရာ အသွားအလာများ မကောင်းခဲ့ပါ။ မင်းကြီးသည် ရန်သူ့လက်တွင်းသို့ သက်ဆင်း ကျရောက်ခဲ့ပါသည်။ သို့သော် များမကြာမီပင် နက္ခတ်ပြောင်းလဲ သွားသဖြင့် ရန်သူ့လက်မှ ပြန်လွတ် ခဲ့ကြောင်း တွေ့ရှိပါသည်ဘုရား’

(ဆ)

နောက်ဆုံး၌ကား ပညာတတ်များ နေရာမှန် ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



ရတတ်သော သဘောတရားအတိုင်း မင်းကြီးသည် မမှန်မကန် ဟောကြားသော ပုဏ္ဏားများကို ရာထူးမှချပြီး နန်းတော်တွင်းမှ နှင်ထုတ်လိုက်၏။ အမှန်အကန် ဟောကြားသော ပုရောဟိတ်အား လိုရာဆုများကို ပေးသနားချီးမြှင့်ပြီး မူလ အမတ် ရာထူးနေရာကို ပြန်လည်ခန့်အပ် လိုက်လေသတည်း။

ကျွမ်းကျင်ပညာ တတ်မြောက်ပါက နေရာဌာန ကောင်းစွာရ၏။

*(ဇာတက၊ တိကနိပါတ်၊ နာနာဆန္ဒဇာတ်ကို ခြယ်မှုန်းပါသည်။)*

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## နတ်ဆွမ်းဘုဉ်းပေးရသောရဟာန်း

### ထော်မွှတ်ဆာလောင်နေတဲ့ခွေးမလေး

သူ့အမည်မှာ ဦးဒေဝ ...။

ဦးဒေဝသည် မင်းမှုထမ်း အမတ်တစ်ဦးဖြစ်၏။ ဦးဒေဝဟု ရာထူး ဂုဏ်သိန်အရ ခေါ်ကြသော်လည်း အသက် မကြီးသေး။ သုံးဆယ်ကျော် လေးဆယ် အတွင်းသာ ရှိသေးသည်။ သူ၏ နေ့စဉ်အလုပ်မှာ သူပိုင်ဆိုင်သော ရွာမှ ရပ်ရေးရွာရေး၊ မင်းရေးစိုးရေး ကိစ္စများကို စီရင် ဆောင်ရွက်ရ၏။

တစ်နေ့သော် ...

ဦးဒေဝသည် ခရီးသွားမှ အပြန် ထမင်းဆာလာ၏။ အိမ်ရောက်သောအခါ လက်ပါးစေအား ထမင်းပွဲပြင်ခိုင်းကာ အိမ်ရှေ့ရှိ ကွပ်ပစ်ပေါ်တွင် မောမောပန်းပန်း ထိုင်လိုက်၏။ လက်ပါးစေတို့က သူရှိရာ ကွပ်ပစ်ပေါ်သို့ ထမင်းပွဲ ပြင်ပေးကြသည်။ ဦးဒေဝ ထမင်းဆာဆာနှင့် စားမည်အလုပ်မှာ ခွေးပိန်မလေး တစ်ကောင် ရောက်လာပြီး ဆာလောင် မွတ်သိပ်လှသဖြင့် 'တဂိန်ဂိန်' မြည်ကာ တောင်းလေသည်။ ပါးစပ်လေး ဟကာဟကာ လျှာကလေး တစ်လစ် တစ်လစ်ဖြင့် အမြီးလေးနန့်ကာ အစားတောင်းနေသော ခွေးပိန်မလေးကို ဦးဒေဝ သနားသွားပါသည်။ လက်ပါးစေတွေက အမတ်ကြီး ဦးဒေဝ ထမင်းစားစဉ် ရောက်လာသော ခွေးပိန်မလေးကို ရိုက်ပုတ် မောင်းထုတ်ကြသည်။

'ဟဲ့ ဟဲ့ ခွေးပိန်မလေးကို မောင်းမထုတ်ကြပါနဲ့။ သူ့ခမျာ ဆာရှာလွန်းလို့ လာတောင်းနေတာပ။ လာပါစေကွယ်'

ခွေးပိန်မလေးသည် ဝမ်းတစ်ထွာ အရေးကြောင့် ကြောက်ရွံ့သော်လည်း ရဲဆေးတင်ကာ ရှေ့သို့တိုးလာ၏။ ထိုအခါ ဦးဒေဝသည်

www.burmeseclassic.com

www.burmeseclassic.com



သူစားတော့မည့် ထမင်းလုတ်ကို မစားဘဲ ဟင်းလျာဖြင့် ဆုပ်နယ်ကာ ခွေးပိန်မလေးအား ပစ်၍ ကျွေးလိုက်၏။ ဦးဒေဝ ပစ်ကျွေးလိုက်သော ထမင်းဆုပ်ကို ခွေးပိန်မလေးက အငမ်းမရ စားလေ၏။ သနားစရာ မြင်ကွင်း။

◆

## ကျွေးမွေးရတဲ့ ပီတိ

ဦးဒေဝသည် အစာ ဆာရှာလွန်းသဖြင့် အငမ်းမရ စားနေသော ခွေးပိန်မလေးကိုကြည့်ကာ ဝမ်းသာပီတိ ဖြစ်နေပါ၏။ 'ဝပါစေ ချမ်းသာပါစေ' ဟု စိတ်ထဲမှ အခါခါ ဆုတောင်းနေမိ၏။ အလှူခံ တစ်ကျိပ်မှာ ခွေးလည်းပါတယ် ဆိုစကားအတိုင်း တိရစ္ဆာန်ဖြစ်သော ခွေးကို ကျွေးမွေးရသည့် အလှူဒါန၏ အကျိုးတရားမှာလည်း မသေးငယ်လှပေ။ ရယူရတဲ့ပီတိထက် ပေးရကျွေးရသော ပီတိက ပို၍ အရသာ ရှိလှပါဘိ။

နှစ်တွေ ကြာညောင်းလာသော် ဦးဒေဝ သေဆုံးကာ ဘဝ ပြောင်းသွားလေပြီ။ ဦးဒေဝ ဘဝပြောင်းရာ ဂတိကား ဝေးဝေးလံလံ မဟုတ်။ ဦးဒေဝ အပိုင်စားရသော ရွာမှာပင် လူပြန်ဖြစ်လေသတည်း။

◆

## လင်္ကာဒီပ၏ ဘေးဒုက္ခ

ဦးဒေဝ ဘဝပြောင်း လူသားလေးသည် အရွယ်ရောက်ကာ လူလားမြောက်သော် အိမ်ထောင်ရက်သား ကျလေသည်။ သို့သော် လူ့ဘဝမှာ ကြာရှည်စွာ မနေဘဲ အိမ်ထောက်သက်မွေး ခြနှယ်မြေး သော ဃရာဝါသ လူတို့ဘောင်ကို ခွာရှောင်ကာ ရဟန်းပြုသော သာ သနာ့ဘောင်သို့ ဝင်ရောက်ခဲ့လေသည်။

ရဟန်းပြုသော ကျောင်းတိုက်ကား လင်္ကာဒီပကျွန်း(သီဟိုဠ် ကျွန်း) ပုပ္ဖဝါသီကျောင်းတိုက်။ ဘွဲ့တော်ကား အဘယ မထေရ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသတည်း။ အဘယ မထေရ်သည် ပါရမီဓာတ်ခံရှိသည့် အလျောက် စာပေ ပရိယတ္တိများကို သင်ယူ တတ်မြောက်သော စာတတ် ပေတတ် ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာသည်။

ထိုအချိန်တွင် လင်္ကာဒီပကျွန်းမှာ တိုင်းရေးပြည်ရာ မငြိမ်မသက်ဖြစ်လာ၏။ ဗြဟ္မတိဿဆိုသူက ထီးနန်းလုယူရန် သူပုန်ထလေရာ လင်္ကာဒီပကျွန်းအလုံး ကြိမ်မီးအုံး သကဲ့သို့ ရှိလေသည်။ သူပုန်ဘေးရန်ကြောင့် ပြည်သူလူထုတွေမှာ အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရ ဆင်းရဲဒုက္ခ ကပ်ဘေးကြီး ဆိုက်ရောက်နေလေသည်။

'ဘူးလေးရာ ဖရုံဆင့်' ဆိုသကဲ့သို့ သူပုန်ဘေး ငတ်မွတ်ဘေးတို့အပြင် မိုးကလည်း ၁၂ နှစ်လုံးလုံး ခေါင်လေတော့သည်။ နိုင်ငံအတွင်းရှိ အင်း၊ အိုင်၊ ချောင်း၊ မြောင်း၊ ရေတွင်း၊ ရေကန်မှန်သမျှ ခန်းခြောက်ကာ ဒုဗ္ဘိက္ခန္တရကပ်ကြီးနှင့် ရင်ဆိုင်ရပြန်လေ၏။

◆

### ဆွမ်းအလှူရှင် သင်းဝင်ပင်မှ နတ်ဧနီးမောင်နံ

ငတ်မွတ်သော ကပ်ဘေးကြောင့် လူအားလုံးတို့သည် ရေကြည်ရာ မြက်နုရာ အရပ်သို့ ထွက်ပြေး တိမ်းရှောင်ကုန်ကြလေပြီ။ အရှင် အဘယ မထေရ်သည်ကား တခြား ဘယ်အရပ်ဒေသသို့မျှ မကြွချေ။ ဗုဒ္ဓဘုရားရှင်၏ သရီရဓာတ်တော်များရှိရာ စေတီတော်၊ မဟာဗောဓိပင်များကို ပစ်ခွာရှောင်ရှားပြီး အရပ်တစ်ပါးသို့ ကြွမသွားလိုပေ။ သူ့ကို ကြည်ညိုကြသော ဒါယကာ၊ ဒါယိကာမတွေက သူ့အသက်ဘေးကို စိုးရိမ်သဖြင့် တခြားအရပ်သို့ ပြောင်းကြွရန် တောင်းပန်ကြသော်လည်း လက်မခံပေ။

အခြေအနေသည်ကား မကောင်းတော့ပေ။ အဘယ မထေရ်သည် ဆွမ်းမဘုဉ်းပေးရသော်လည်း စေတီတော်ရင်ပြင်မှာ လှည်းမြက် စည်းလှည်းခြင်း၊ ရေချမ်း ပန်းကပ်လှူခြင်း စသော ဝေယျာဝစ္စ အမှုပြု

www.burmeseclassic.com



ခြင်းကို မပျက်မကွက် ပြုလုပ်ပေသည်။ တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ လေးရက်များ ကြာလာသောအခါ အဘယ မထေရ်၏ ခန္ဓာကိုယ်မှာ အင်အားချည့်နဲ့လာလေပြီ။ လောင်စာဆီ ကုန်ခန်းသော စက်တစ်ခုပမာ အဘယ မထေရ်၏ ခန္ဓာသည် နွမ်းဖတ် ဖျော့တော့လာလေပြီ။ ခန္ဓာကိုယ် ဒယီးဒယိုင်ဖြင့် တံမြက်စည်းကိုပင် မြဲအောင် မကိုင်နိုင်တော့ပေ။ မထေရ်သည် မောပန်းလှသဖြင့် စေတီတော် အနီးရှိ ဇရပ်ကလေးပေါ်တွင် ထိုင်ကာ အပန်းဖြေ နားနေခိုက် စေတီတော်အနီးရှိ သင်းဝင်ပင်၌ နေကြသော ရုက္ခစိုး မောင်နှံတို့သည် လူယောင် ဖန်ဆင်းကာ ရောက်ရှိလာကြသည်။ မထေရ်အား ရှိခိုးဦးချလျက် လျှောက်ထားလိုက်လေသည်။

'အရှင်ဘုရား ယနေ့မှစပြီး အသက်ထက်ဆုံး ဘုရားတပည့်တော်တို့ကို ဆွမ်းဒါယကာဟူ၍ မှတ်တော်မူပါ။ ဤနေရာသို့ နေ့စဉ် ဆွမ်းအလှူခံ ကြွတော်မူပါဘုရား'

◆

**နတ်သုဓာဆွမ်း ဘုဉ်းပေးခြင်း**

လက်ာဒီပတွင် လူအားလုံး အငတ်ဘေးကြီး၊ စစ်ဘေးကြီး ကပ်ဆိုက်နေသော်လည်း အဘယ မထေရ်ကမူ သင်းဝင်ပင် ရုက္ခစိုး လင်မယားတို့ ဆက်ကပ်သော နတ်သုဓာဆွမ်းကို နေ့စဉ် ဘုဉ်းပေးနေရလေသည်။ သေသူသေ၊ ပျောက်သူပျောက်၊ ပြေးသူပြေး ကပ်ဘေးကြီးဆိုက်နေချိန်တွင် 'ကမ္ဘာမီးလောင် သားကောင်ချနင်း'ဆိုသကဲ့သို့ လူသားကိုပင် စားကြသည့် အခြေ ဆိုက်နေလေသည်။

အဘယ မထေရ်သည် သူ၏ ဆွမ်းဒါယကာများကို လူသားဟု ပင်ထင်နေ၏။ ဘုဉ်းပေးရသော ဆွမ်းကား နတ်သုဓာဘောဇဉ်များဖြစ်၍ ကောင်းမွန်မြိန်မြိုက်လှ၏။ အသားအရေ စိုပြည် ဝဖြိုးနေသော မထေရ်အတွက် အသက်အန္တရာယ်ရှိ၏။ လူလူချင်း စားနေသော

www.burmeseclassic.com



လူသားစားအဖွဲ့က မထေရ်ကို မျက်စိကျလျက်ရှိသည်။

ဤသို့ နတ်သုဓာဆွမ်း ဘုဉ်းပေးရခြင်းမှာ အမတ် ဦးဒေဝဖြစ်စဉ်က ခွေးပိန်မလေးအား သူစားသည့် ထမင်းကို ကျွေးခဲ့သော ကုသိုလ်၏ အကျိုးပေးတည်း။

◆

**ရန်သူများ မမြင်ခြင်းအကြောင်းအရင်း**

တစ်နေ့သ၌ ...

လူသားစား လူငယ် တစ်သိုက်သည် အဘယ မထေရ်ကို သတ်စားရန် တိုင်ပင်ကြပြီး ပုပ္ဖဝါသီကျောင်းကို ဝိုင်းထားလိုက်ကြ ပြီ။

ထိုအချိန်၌ မထေရ်သည် ကျောင်းရှေ့တွင် တံမြက်စည်း လှည်းကျင်းလျက်ရှိ၏။

'ဝိုင်းဟေ့ ... ဝိုင်းကြဟေ့၊ ဝိုင်းဟ' ဟူသော အသံများသည် ပုပ္ဖဝါသီကျောင်း တစ်ဝိုင်းလုံး ဆူညံလျက်ရှိသည်။ သို့သော် ထိုအသံများကို အဘယ မထေရ် မကြားပေ။ တံမြက်စည်းလှည်းမြဲသာ လှည်းနေချေ၏။

လူသတ်သမားများသည် ဓားလွတ်ကိုယ်စီ ကိုင်လျက် ကျောင်းထဲသို့ ဝင်ရောက်လာလေပြီ။ သို့သော် ကျောင်းနေရာအနှံ့ အပြား ရှာဖွေကြ ပြားသော်လည်း တံမြက်စည်း လှည်းနေသော မထေရ်ကို မည်သူ တစ်စုံတစ်ယောက်ကမျှ မမြင်ကြချေ။

'ဒီရဟန်း ... ဘယ်များရောက်သွားပါလိမ့်။ ကျောင်းရဲ့လေး ဖက် လေးတန် ဝိုင်းပတ် ပိတ်ထားပါလျက် ဘယ်နေရာက ထွက်ပြေး သွားပါလိမ့်'

အမှန်မှာ အဘယ မထေရ်သည် ဘယ်မှထွက်မပြေးပါ၊ ဣန္ဒြေရစွာ တံမြက်စည်းလှည်းလျက်သာ ရှိပါသည်။ ဤသို့ ရန်သူများ သူ့အား မမြင်မတွေ့ရခြင်း အကြောင်းမှာ အမတ် ဦးဒေဝဘဝက

www.burmeseclassic.com

www.burmeseclassic.com



ခွေးပိန်မလေးအား လက်ပါးစေများ ဝိုင်းဝန်းရိုက်နှက်သည်ကို ဟန့်တားကာ အကာအကွယ် ပေးခဲ့သောကြောင့်ပေတည်း။ မိမိပြုသောကံ၊ မိမိထံပြန်လာသည်ဆိုတာ မှန်လှပေစွ။ စေတနာမှန်သောကံတရားသည် အကျိုးပေး ထက်သန်ပါ၏။

◆

**လူသတ်သမားများ ထွက်ပြေး**

ကျောင်းရှေ့တွင် တံမြက်စည်း လှည်းနေသည်ကို ထင်ထင်ရှားရှား တွေ့မြင်ရပါလျက် ပျောက်ချင်းမလှ ပျောက်ကွယ်သွားရခြင်းကိစ္စကို လူသတ်သမားများ အံ့သြနေကြသည်။ အံ့သြရုံမျှမက ဤရဟန်းသည် သာမန်ပုဂ္ဂိုလ် မဟုတ်၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များက ပယ်ဖျောက်ပေးထားခြင်းဖြစ်ပေသည်။ နတ်တွေ မကြိုက်တာ လုပ်မိပါက နတ်တွေက ငါတို့အား ဒဏ်ရိုက်ကြလိမ့်မည်ဟု တွေးကာ ကြောက်လန့် တုန်လှုပ်စွာ တပ်ခေါက်၍ ပြန်ပြေးကြလေသတည်း။

ဤသို့ဖြင့်ပင် အရှင်အဘယ မထေရ်ကြီးသည် သင်းဝင်ပင်စောင့် နတ်ဇနီးမောင်နှံတို့ နေ့စဉ် လှူဒါန်းသော နတ်သုဓာဆွမ်းကို ၁၂ နှစ်ကြာအောင် ဘုဉ်းပေးလျက် ရဟန်း တရားများကို အားထုတ်ခဲ့လေသည်။

ရဟန္တာဖြစ်ပြီး နောက်တွင်လည်း ၁၂ နှစ်တိုင်တိုင် နတ်ဆွမ်းများဘုဉ်းပေးကာ ပုပ္ဖဝါသီကျောင်းတိုက်မှာပင် ရုပ်ခန္ဓာ ဇာတ်သိမ်းချုပ်ငြိမ်းပြီး ပရိနိဗ္ဗာန် စံဝင်သွားလေသည်။

*(လင်္ကာဒီပ ဝတ္ထုကျမ်းမှ အဘယ မထေရ်ဝတ္ထုကို ခြယ်မှုန်းပါသည်။)*

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



## ဟာတ်ချိုးဆိုတဲ့အသံ

(က)

လူအများဟာ ချေဆတ်တတ်ပါတယ်။ မိမိဟာလည်း မကြာခဏ ချေဆတ်တတ်ပါတယ်။ အထူးသဖြင့် နံနက်အိပ်ရာ ထချိန်မှာ 'ဟပ်ချိုး ... ဟပ်ချိုး' လို့ ချေဆတ်လေ့ရှိပါတယ်။ ချေဆတ်ခြင်းဟာ ဆေးကျမ်းတွေမှာ ရောဂါ တစ်မျိုးလို့ ဆိုပါတယ်။ ဝမ်းတွင်းရှိ တေဇော၊ ဝါယောဆိုတဲ့ အပူအအေးဓာတ်၊ လှုပ်ရှားဓာတ်များ ဖောက်ပြန်လို့ ချေဆတ်တာလို့ဆိုပါတယ်။ ကြားဖူးကြမှာပါ။ ဗုဒ္ဓဘုရားလက်ထက်မှာ အရှင်ဗာကုလ(ရှင်ပါကူ မဟုတ်ပါ) မထေရ်မြတ်ကြီးဟာဆိုရင် ကျန်းမာရေး ကောင်းတဲ့နေရာ 'ဟပ်ချိုး'လို့တောင် မချေဆတ်ပါဘူးတဲ့။ ကုသိုလ်အကျိုးပေး ကောင်းလိုက်တာ။

ဒါကြောင့်မို့လည်း အရှင်ဗာကုလ ရဟန္တာ မထေရ်မြတ်ကြီးဟာ အနာရောဂါကင်းရှင်းတဲ့ ပုဂ္ဂိုလ်တွေထဲမှာ 'အပ္ပါဗာဓ' ဧတဒဂ်ဘွဲ့ ရရှိတော်မူပါတယ်။ အသက် ၈၀ အရွယ်ကျမှ ရဟန်းပြုတယ်။ သက်တော် ၈၀ တိုင်တိုင် ရဟန်းဘဝနဲ့ နေထိုင်ခဲ့လို့ သက်တော် ၁၆၀ အထိ ရှည်ပါတယ်။ သာသနာ့သမိုင်းမှာ အသက်တော် အရှည်ဆုံးနဲ့ ကျန်းမာရေးအကောင်းဆုံး ရဟန္တာကြီးပါပဲ။

'ဗာကုလ' လို့ ဘွဲ့အမည်ရခြင်း အကြောင်းကတော့ မိဘနှစ်ဦးတို့က ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့သူ ဖြစ်လို့ပါပဲ။ ဗာ– ဆိုတာ နှစ်ခုဆိုတဲ့ သင်္ချာဟောပါတယ်၊ ကုလ–ဆိုတာ အမျိုးအနွယ်၊ ဗာကုလ ဆွေမျိုးနှစ်စုတို့ရဲ့ ပြုစုစောင့်ရှောက်ခြင်း ခံရသူလို့ အဓိပ္ပါယ်ရပါ တယ်။

ဗာကုလ ကလေးအရွယ်မှာ အထိန်းတော်များနဲ့ မြစ်ဆိပ်ကမ်း သွားပြီး ရေချိုးရင်း ကျောက်ကမူလေးပေါ် ထိုင်နေစဉ် ငါးကြီးက အစာမှတ်ပြီးဟပ်သွားပါတယ်။ ယမုံနာမြစ်ဆိပ်မှာပေါ့။ သူတို့နေတဲ့ ကောသမ္ဗီမြို့ကနေ ရေကြောင်းအတိုင်း ငါးကြီးက သွားလာရင်း

www.burmeseclassic.com



ဗာရာဏသီပြည်က သူဌေးက တံငါသည်များထံမှ အဲဒီငါးကြီးကို ဝယ်ယူ ဗိုက်ခွဲလိုက်တဲ့အခါ ရွှေတုံး ရွှေခဲကြီးနဲ့တူတဲ့ ကလေးငယ်ကိုတွေ့ရှိပြီး သားအဖြစ် မွေးစားခဲ့တယ်။ 'မွေးမိဘ' များဖြစ်တဲ့ ကောသမ္ဗီက သူဌေးကြီးက စုံစမ်းပြီး လိုက်လာတဲ့အခါ 'ကျွေးမိဘ' ဖြစ်တဲ့ ဗာရာဏသီ သူဌေး လင်မယားကလည်း ပြန်မပေးချင်။ တရားတဘောင် ကိစ္စတွေ ဖြစ်ခဲ့ရပါသေးတယ်။

နောက်ဆုံးမှာ မိဘနှစ်ဦးက သားငယ်ကို အလှည့်ကျ တစ်လှည့်စီ မွေးမြူစေလို့ ဆုံးဖြတ်ပြီး ကျွေးမွေးစောင့်ရှောက် ကြီးပြင်းခဲ့တာကြောင့် 'ဗာကုလ' (မိဘနှစ်မျိုးက စောင့်ရှောက်သူ) လို့ ကျော်ကြားခဲ့တာပါ။

အရှင်ဗာကုလ ကျန်းမာရေး ကောင်းတာ အနောမဒဿီ ဘုရားရှင် လက်ထက်တုန်းက ဆေးတွေ လှူဒါန်းခဲ့လို့ပါ။ ပဒုမုတ္တရာ ဘုရားလက်ထက်မှာ 'ကျောင်း' ဆောက်လုပ် လှူဒါန်းခဲ့တယ်။ ဆေးအလှူ ကျောင်းအလှူတွေ(ပစ္စည်းလေးပါး အလှူတွေ) ပြုခဲ့တာကြောင့် အသက်ရှည်ပြီး ကျန်းမာခြင်းနဲ့ ပြည့်စုံသူ ဖြစ်လာရကြောင်း အထူးမှတ်သားအပ်ပါတယ်။

(ခ)

တစ်ရံရောအခါ ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင်ပင် တရားဓမ္မ ဟောကြားတော်မူရင်း 'ဟပ်ချိုး'လို့ ချေဆတ်တော်မူပါတယ်။ ဒီအခါ တရားနာယူကြတဲ့ ရဟန်းတွေက 'ဇီဝတု ဘန္တေ ဘဂဝါ' ဘုန်းတော်ကြီးမားတော်မူသော မြတ်စွာဘုရား သက်တော်ရှည်ပါစေ၊ 'ဇီဝတု ဘန္တေ သုဂတာ' ကောင်းသော စကားကိုသာ ဟောကြားတော်မူသော မြတ်စွာဘုရား သက်တော်ရှည်ပါစေလို့ တစ်ခဲနက် ဆုတောင်း ပတ္တနာ ပြုကြပါတယ် 'တိလောက အတုလ သုဂတ မြတ်စွာဘုရား သုံးလောကမှာ အတုမရှိ၊ လာခြင်း ကောင်းတော်မူသော မြတ်စွာဘုရား စသဖြင့် အသီးသီး ကောင်းချီးနုမော် ပြုတော်မူကြပေတယ်။

ဒါကြောင့်မို့ လူတွေဟာလည်း မိမိတို့ရဲ့ သားငယ်၊ သမီးငယ်

www.burmeseclassic.com

www.burmeseclassic.com



များ 'ဟပ်ချိုး'လို့ ချေဆတ်တဲ့အခါ 'ဆိတ်ဖွား ... ဆိတ်ဖွား'လို့ ပြောလေ့ရှိကြတာပေါ့။ 'ဆိတ်ဖွား' ဆိုတာကတော့ အသံပြောင်းလဲလာတာပါ။ အမှန်က မူလ ပထမ 'ဇီဝ' ပါပဲ။ ဇီဝဆိုတာ ပါဠိဝေါဟာရ အသက် အသက်ရှင်ခြင်း၊ အသက်ရှည်ခြင်းလို့ အနက်အဓိပ္ပာယ်ထွက်ပါတယ်။ 'ဇီဝ' ကို အိန္ဒိယ သီဟိုဠ်သံနဲ့ 'ဂျီဝ'လို့ ပြောကြပါတယ်။ မြန်မာတို့က ဂျီဝ၊ ဇီဝ၊ ဆိတ်ဖွကနေ ဆိတ်ဖွားဖြစ်သွားတာပါ။

ဇာတ်လမ်းကို ဆက်ရအောင်။ ဗုဒ္ဓဘုရား ချေဆတ်ရာမှာ ရဟန်းသံဃာတော်များက ဆုတောင်း ရွတ်ဆိုလိုက်ကြတဲ့ အသံကို ဗုဒ္ဓဘုရား ကြားတော်မူခဲ့အခါ တရားဟောခြင်းကို ရပ်တန့်လိုက်ပါတယ်။

'ရဟန်းတို့ ငါဘုရားရဲ့ ချေဆတ်ခြင်းနဲ့ ပတ်သက်ပြီး သင်တို့ ဆုတောင်းပတ္ထနာ ပြုကြတယ်။ သင်တို့ ဆုတောင်းခြင်းကြောင့် ငါဘုရားမှာ အသက်ရှည်သွားသလော သို့မဟုတ် အသက် မရှည်ဘဲ သေသွားနိုင်သလော' လို့မေးတော်မူလိုက်ပါတယ်။

'အဲဒီလိုလည်း မဟုတ်ကြောင်းပါ ဘုရား'

လို့ ရဟန်းတွေက ပြန်လည် လျှောက်ထားကြတယ်။ အဲဒီအခါမှာ ဗုဒ္ဓမြတ်စွာဟာ အောက်ပါ ပညတ်တော်ကို မိန့်တော်မူပါတယ်။

'န ဘိက္ခဝေ ခိပိတေ ဇီဝါတိ ဝတ္တဗ္ဗော ယောဝဒေယျ အာပတ္တိ ဒုက္ကဋဿ' ရဟန်းတို့ ချေဆတ်သည်ရှိသော် 'ဇီဝ'လို့ မဆိုအပ်၊ မဆိုရ။ 'ဇီဝ' ဆိုသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်စေလို့ ပညတ်တော်မူလိုက်ပါတယ်။

ဗုဒ္ဓဘုရားက ရဟန်းများအား ချေဆတ်ခြင်းနဲ့ ပတ်သက်လို့ ဇီဝလို့ မရွတ်ဆိုကြရန် ပညတ်တော်မူပြီးတဲ့ နောက်ပိုင်းမှာ လူတွေကတော့ 'ဇီဝတ ဘန္တေ– ဇီဝတ ဘန္တေ' သက်တော်ရာကျော် ရှည်ပါစေ၊ အသက်ရှည်ပါစေဆိုတဲ့ ဆုတောင်းကို လောကရိုးရာ အတိုင်း ဆက်ရွတ်ဆိုလာကြရာ ယနေ့ကာလ ထိအောင်ပါပဲ။ ယနေ့ခေတ်မှာတော့ 'ဆိတ်ဖွား ... ဆိတ်ဖွား' ဖြစ်နေပါတော့တယ်။

ဗုဒ္ဓဘုရားရဲ့ ပညတ်တော်မူချက်ကြောင့် ရဟန်းများက

www.burmeseclassic.com

www.burmeseclassic.com



ဆုမတောင်းကြတော့ပါ။ ဒါပေမယ့် လူ့ဒကာ၊ ဒကာမတွေက မကျေနပ်ကြပါဘူး။ ဒို့တွေကတောင် ဇီဝတာဘန္တေ– အသက်ရှည်ပါစေဘုရား လို့ ဆုတောင်းပေးကြပါလျက် ရဟန်းတွေက 'ဇီဝ အာဝုသော–ဒကာတော် သက်တော်ရာကျော် ရှည်ပါစေ' ဆိုတဲ့ စကားလေးကို တုံ့ပြန်မှု မပြုချင်ကြတဲ့ ကိုယ်တော်တွေပဲ။ လူမှုရေး၊ နားလည်မှု ခေါင်းပါးတဲ့ ကိုယ်တော်တွေပဲ။ လူတွေအပေါ် အကြင်နာ စကားလေးတောင် မပြောချင်ကြဘူး' လို ကဲ့ရဲ့ အပြစ်တင်ကြပါတယ်။

ဒီအကြောင်း ဗုဒ္ဓဘုရားအား လျှောက်ထားကြတယ်။ ထိုအခါ ဗုဒ္ဓဘုရားက ယခင်ပညတ်ချက်ကို ရုပ်သိမ်းပြီး ခွင့်ပြုချက် တစ်ခုကို ထပ်မံ ညွှန်ကြားတော်မူပါတယ်။ အဲဒီ ညွှန်ကြားချက်ကတော့ ...

'အနုဇာနာမိ ဘိက္ခဝေ ဂိဟီနံ ဇီဝတ ဘန္တေတိ ဝုစ္စမာနေန စိရံ ဇီဝါတိ ဝတ္တုံ– ရဟန်းတို့ ... လူတို့က ဇီဝတာဘန္တေ– အသက်ရှည်ပါစေဘုရားဆိုတဲ့ အခါ သင်တို့ကလည်း 'စိရံ ဇီဝ–ကြာမြင့်စွာ အသက်ရှည်ပါစေ' ဟု တုံ့ပြန်ပြောဆိုခြင်းငှာ ငါဘုရားခွင့်ပြုတော်မူ၏'

လို့ ညွှန်ကြား ပညတ်တော်မူလိုက်ရပြန်တယ်။

(ဂ)

ဒီလို တစ်ဦးက 'အသက်ရှည်ပါစေ၊ ကျန်းမာပါစေ' လို့ပြောလိုက်တဲ့အခါ တစ်ယောက်ကလည်း ... 'ကျန်းမာပါစေ၊ ချမ်းသာပါစေ အသက်ရှည်ပါစေ' စသဖြင့် ပြန်လည်တုံ့ပြန်စကား ပြောကြားသင့်ပါတယ်။ ယနေ့ခေတ်မှာလည်း အသိမိတ်ဆွေ အချင်းချင်း ဆုံတွေ့ကြတဲ့အခါ 'နေကောင်းရဲ့လား' လို့မေးမြန်းတတ်ကြပါတယ်။ ဒါဟာလည်း မြန်မာ့ယဉ်ကျေးမှု ဟိုးရှေးအစဉ်အလာထဲက ဖြစ်ပေါ်လာခဲ့တဲ့ ကောင်းမွန်းတဲ့ ဓလေ့ထုံးစံပါ။ ဒီလိုပဲ ယဉ်ကျေးမှု၊ လူမှုရေးကို ထိန်းသိမ်းစောင့်ရှောက်တဲ့အနေနဲ့ နှုတ်ဆက် စကား ပြောကြားသင့်ကြပေတယ်။

ဟို ရှေးအတိတ်ကာလ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်က ဘုရားလောင်းဟာ ကာသိတိုင်းသား 'ဘဂ္ဂ' အမည်ရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားကြီး၏သား ဖြစ်နေတယ်။ သူ ၁၆ နှစ်သားအရွယ် ရောက်တဲ့အခါ ဖခင်ပုဏ္ဏားကြီးနဲ့အတူ ကုန်ရောင်း ကုန်ဝယ်သွားတိုင်း လိုက်ပါရတယ်။ ဗာရာဏသီမြို့သို့ ကုန်ရောင်းရင်း ရောက်သွားတဲ့အခါ မြို့တွင်းမှာ တည်းခိုစရာ နေရာ မရှိတာကြောင့် မြို့ပြင်ရှိ ဇရပ်တစ်ဆောင်မှာ ညအိပ် တည်းရတော့တယ်။

သူတို့သားအဖ အိပ်ပျော်နေစဉ် ဇရပ်ကို အပိုင်စား ရထားတဲ့ ဘီလူးက ပေါင်ဒါမှုန့်လို အမှုန့်တွေကို ခေါင်းမိုးကနေပြီး ကြဲချလိုက်တယ်။ အဲဒီအမှုန့်တွေကို ရှူရှိုက်မိသွားတဲ့ ပုဏ္ဏားကြီးဟာ 'ဟပ်ချိုး ... ဟပ်ချိုး' နဲ့ အဆက်မပြတ် ချေဆတ်တော့တာပဲ။ ဖခင်ရဲ့ ချေဆတ်သံကြောင့် သားက နိုးလာပြီး 'အဖေ ... အသက်ရှည်ပါစေ၊ အဖေအသက်ရှည်ပါစေ (ဇီဝ တာတ ... ဇီဝ တာတ ... )ရွတ်ဆိုလိုက်တယ်။

ဘာမျှ ပြန်မရွတ်ဆိုတဲ့ ဖခင်ပုဏ္ဏားကြီးကို ဘီလူးက စိတ်ဆိုးပြီး ဇရပ်ခေါင် လျှောက်တန်းပေါ်က ဆင်းလာခဲ့တယ်။ စားမယ်၊ ဝါးမယ်ပေါ့လေ။ ဘီလူး ဆင်းလာတာကို ပုဏ္ဏားကြီးက မြင်တဲ့အခါ ...

'ဧကန္တ ... ဒီဘီလူးဟာ ဘာမျှ ပြန်မရွတ်ဆိုတဲ့ ငါ့ကို စားရန် ဆင်းလာတာဖြစ်မယ်'

လို့ တပ်အပ် တွေးလိုက်တယ်။ ချက်ချင်း သတိရပြီး ...

'ငါ၏ ချစ်လှစွာသော သား ... သင်သည်လည်း အသက်ရှည်ပါစေ'

လို့ တုံ့ပြန် ရွတ်ဆိုလိုက်ပါတော့တယ်။

ဒီတော့မှ ဘီလူးကြီးဟာ ရန်မမူတော့ဘဲ သူ့ရဲ့နေရာကို ပြန်တက်သွားပါတော့တယ်။

*(ဇာတက၊ ဒုကနိပါတ်၊ ဘဂ္ဂဇာတ်)*

အဲဒီက စခဲ့တဲ့ 'ဇီဝ–ဂျီဝ–ဂျီဝ–ဆိတ်ဖွ–ဆိတ်ဖွား အသက်ရှည်ပါစေ' လို့ ဆုပေးတဲ့စကားဟာ စတင်ဖြစ်ပေါ်ခဲ့ကြောင်း မှတ်သား

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိရပါတယ်။

ဟပ်ချိုး ... ဟပ်ချိုးလို့ ချေဆတ်တဲ့ အသံကြားတိုင်း ဒီဆောင်းပါးကို သတိရလိုက်ပါ။ ဒီစာဖတ်သူတိုင်း အနာမဲ့သူ အရှင်ဗာကုလကဲ့သို့ ဟပ်ချိုးလို့တောင် မချေဆတ်တဲ့ အနာရောဂါ ကင်းရှင်းချမ်းသာသူတွေ ဖြစ်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ။

<u>ကျမ်းကိုး</u>

အပါဒါန် ပါဠိတော်

မဟာသုတ ဒီပနီကျမ်း (တတိယတွဲ)

ဇာတက အဋ္ဌကထာ

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## အဖန်ငါးရာသေခြင်း

(က)

လူသည် တစ်ခါတစ်ရံ၌ သေချင်လောက်အောင် ခံစားရသော အချိန်မျိုး ကြုံတတ်သည်။ ပြင်းထန်သော ဒုက္ခ ဆင်းရဲခြင်း ခံစားမှု ဝေဒနာသည် သူ့ကို လူ့ဘဝတွင် မနေချင်လောက်အောင် တွန်းပို့လျက် ရှိသည်။ ထိုအခါ လူသည် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတတ်၏။ ထို့ကြောင့် အဆိပ်သောက်၍ သေခြင်း၊ မြင့်မားသော တိုက်ပေါ်မှ ခုန်ချ၍ သေခြင်း စသော သေကြောင်းကြံခြင်းများကို ပြုလေ့ရှိကြသည်။

ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခြင်း၊ သတ်သေခြင်း (Suicide) သည် ကြီးမားသော အကုသိုလ်ကံဖြစ်ကာ 'အဖန်ငါးရာ ငါးကမ္ဘာ ခံစားရတတ်သည်'ဟု ပြောလေ့ရှိကြလေသည်။ စဉ်းစားရန် ရှိသည်မှာ မိမိကိုယ်ကို သတ်သေခြင်းသည်ပင် အဖန်ငါးရာ ငါးကမ္ဘာ ခံရမည်ဆိုလျှင် သူတစ်ပါး၏အသက်ကို သတ်ခြင်းကား ပို၍ အပြစ်ကြီးလေးဖွယ်ရှိပေသည်။

သို့ရာတွင် မိမိကိုယ်ကို သတ်သေခြင်းကိုသာလျှင် ကြီးလေးသော အပြစ်ကြီးသဖွယ် ထင်မှတ်ကြလေသည်။ သေခြင်းတရားကို မချီးမွမ်းကောင်းသော်လည်း၊ လူ့ပြည်တွင် မနေချင်တော့ဘဲ သေချင်နေသူကို "မင်း သေလိုက်ပါလား"၊ "နင့်လိုသာ ခံစားနေရရင် ငါသာဆိုရင်တော့ သတ်သေ ပစ်လိုက်မှာပဲ"၊ "နင့် ဘဝကြီးကတော့ နေဖို့ မကောင်းတော့ပါဘူး" စသည်ဖြင့် မတိုက်တွန်းကောင်းသော်လည်း၊ လူတချို့မှာ သေချင်သူကို အားပေး အားမြှောက် ပြုလေ့ရှိကြသေးသည်။ သေချင်လျှင် ကိုယ့်ဘာသာ သေပေ့ါ၊ သူတစ်ပါးကိုတော့ တွန်းပို့ မပေးသင့်ပေ။ မြှောက်ထိုးပင့်ကော် မလုပ်သင့်ပေ။

"ကိုယ်တိုင်–တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ၊ ပွားပြန်မှု၊ မှတ်ရှု လေးဆယ်ကံ"

(လယ်တီပရမတ္ထသံခိပ်ကျမ်း)

www.burmeseclassic.com

www.burmeseclassic.com



လူတို့ပြုလုပ်သော အကုသိုလ်ကံသည် ကိုယ်ဖြင့်ပြုလုပ်သော ကာယကံ၊ နှုတ်ဖြင့်ပြုလုပ်သော ဝစီကံ၊ စိတ်ဖြင့် ကြံစည်သော မနောကံဟူ၍ အကျဉ်းအားဖြင့် သုံးပါးသာ ရှိသည်။ ဤတွင် ကိုယ်ဖြင့် ပြုလုပ် ကျူးလွန်သော ကာယကံ သုံးပါးရှိသည်။ ယင်းတို့မှာ ၁။ သူ့အသက် သတ်ခြင်း၊ ပါဏာတိပါတကံ၊ ၂။ သူတစ်ပါး ဥစ္စာကို ခိုးယူသိမ်းပိုက်ခြင်း၊ အဒိန္နာဒါနကံနှင့်၊ ၃၊ သူတစ်ပါး သားမယား၊ ဇနီးခင်ပွန်း၊ အုပ်ထိန်းသူရှိသော အမျိုးသမီးများကို စော်ကား ကျူးလွန်ခြင်း၊ ကာမေသုမိစ္ဆာစာရကံတို့ဖြစ်သည်။

နှုတ်ဖြင့် ကျူးလွန်သော ဝစီကံ လေးပါးရှိသည်။ ယင်းတို့မှာ ၁။ မဟုတ်မမှန် လုပ်ကြံပြောဆိုခြင်း၊ မုသာဝါဒကံ၊ ၂။ ချစ်ခင်နေသူနှစ်ယောက်ကို စိတ်ဝမ်း ကွဲပြားသွားအောင် ကုန်းတိုက်ခြင်း၊ ချွန်တွန်းလုပ်ခြင်း၊ ပိသုဏဝါစာကံ၊ ၃။ ကြမ်းတမ်းသော စကားများ ဆဲရေးတိုင်းထွာခြင်းများကို ပြောဆိုခြင်း၊ ဖရုသဝါစာကံနှင့်၊ ၄။ အကျိုးမရှိသော အတင်းအဖျင်းစကားများကို ပြောဆိုခြင်း၊ သမ္ဖပ္ပလာပကံတို့ဖြစ်သည်။

စိတ်ဖြင့် ကျူးလွန်သော မနောကံ သုံးပါး ရှိပြန်သည်။ ယင်းတို့မှာ ၁။ သူတစ်ပါး ကြီးပွားချမ်းသာ၊ နာမည်ကျော်ကြားသည်ကို မနာလိုခြင်း၊ ကိုယ်သာဖြစ်လိုခြင်း၊ အဘိဇ္ဈာကံ၊ ၂။ သူတစ်ပါး ချမ်းသာကြွယ်ဝမှု၊ နာမည်ဂုဏ်သတင်း ကျော်ကြားမှုတို့ကို ဖျက်ဆီးလိုခြင်း၊ ဗျာပါဒနှင့်၊ ၃။ မှားသော အယူဝါဒများကို လက်ခံခြင်း၊ မိစ္ဆာဒိဋ္ဌိကံတို့ဖြစ်လေသည်။

အားလုံးပေါင်းသော် ကာယကံ သုံးပါး + ဝစီကံ လေးပါး + မနောကံ သုံးပါး၊ အကုသိုလ်(၁၀)ပါး ဖြစ်သည်။ ဒုစရိုက်(၁၀)ပါးဟုလည်း ခေါ်သည်။ အကုသလ ကမ္မပထ တရား (၁၀)ပါး ဟူ၍လည်း ခေါ်သည်။ (ရှောင်ကြဉ်ပါက အပြန်အားဖြင့် သုစရိုက်ဆယ်ပါးဖြစ်သည်။ ကုသလ ကမ္မပထ တရား ဆယ်ပါးဖြစ်သည်)

www.burmeseclassic.com

www.burmeseclassic.com



ယင်းသည် ဒုစရိုက် ဆယ်ပါးကို ကိုယ်တိုင်ပြုလုပ်ခြင်း ဆယ်ပါး + သူတစ်ပါးအား တစ်ဆင့်ခိုင်း၍ ကျူးလွန်ရန် တိုက်တွန်းခြင်း ဆယ်ပါး + သူတစ်ပါး မကောင်းမှု ဒုစရိုက်များ ပြုလုပ်ကျူးလွန်ခြင်းကို ချီးမွမ်းမိခြင်း ဆယ်ပါး + သူများ ဒုစရိုက်မှုတွေ ပြုနေသည်ကို သဘောတူခြင်း ဆယ်ပါး + ပွားလိုက်ပါက အကုသိုလ် ဒုစရိုက်ပေါင်း (၄၀)အထိ ရှိလေ၏။ သတိထား၍ ရှောင်ကြဉ်ရာ၏။ (ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ၊ ပွားပြန်မှု မှတ်ယူ လေးဆယ်ကံ ဟူ၏)

(ခ)

အဖန်ငါးရာ ငါးကမ္ဘာ မဟုတ်သော်လည်း မိမိ ပြုခဲ့မိသော အကုသိုလ်ကံ၏ ဆိုးကျိုး အကျိုးဆက်ကို 'ဘဝငါးရာ' ပြည့်အောင် ခံရသော ဇာတ်လမ်း တစ်ခုကို တင်ပြချင်ပါသည်။ မိမိကိုယ်ကို သတ်ခြင်းတော့ မဟုတ်ပေ။ သူတစ်ပါးကို သတ်ဖြတ်ခဲ့မိခြင်းကြောင့် ဘဝငါးရာအထိ ခံစားရပုံ ဖြစ်သည်။ ဘဝငါးရာနှင့်ပတ်သက်သော အနီးစပ်ဆုံးဖြစ်ရပ် ဖြစ်သည်။

**မှတ်ချက်။ (မိမိကိုယ်ကို သတ်သေခြင်းကြောင့် အဖန်ငါးရာ၊ ငါးကမ္ဘာ ခံရကြောင်းကိုမူ စာပေတွင် မတွေ့ရှိရသေးပေ။ တွေ့ရှိပါက ဖော်ပြရေးသားကြပါရန်)**

သေသူများကို ရည်မှန်း လှူဒါန်းကြသော ဆွမ်းကို 'မတကဘတ္တ'ဟု ခေါ်သည်။ ဤသို့ သေသူကို ရည်မှန်း၍ လှူဒါန်းကြရာတွင် ဝက်သား၊ ကြက်သား၊ ဆိတ်သား၊ ငါး ... စသော သတ္တဝါတို့၏ အသားဟင်းများဖြင့် ဆက်ကပ်လှူဒါန်းလေ့ ရှိကြပေသည်။ ဤကိစ္စနှင့်ပတ်သက်၍ ရဟန်းများက ဗုဒ္ဓဘုရားရှင်အား-

"ဝက်၊ ကြက်၊ ဆိတ်၊ သိုး၊ နွား စသည်များကို သတ်၍ သေသူအား ရည်မှန်းပြီး ဆွမ်းဆက်ကပ်လေ့ရှိကြပါသည်ဘုရား။ ဤသို့ ပြုလုပ်ခြင်းကြောင့် အကျိုးစီးပွား ဖြစ်-မဖြစ် (အပြစ်ရှိ-မရှိ) ဟော

www.burmeseclassic.com



ကြားတော်မူပါဘုရား” ဟူ၍ လျှောက်ထားကြလေသည်။ ထိုအခါ ဗုဒ္ဓဘုရားရှင်က ဤမတက ဘတ္တဇာတ်တော်ကို ဟောကြားတော်မူပါ၏။

(ဂ)

ဗာရာဏသီမှ ဒိသာပါမောက္ခ ဆရာကြီး တစ်ဦးသည် သိုးတစ်ကောင်ကို သတ်၍ မတကဘတ် ပေးလှူရန် စီစဉ်လေ၏။ သတ်မည့်သိုးကို သန့်ရှင်းစေရန် သူ၏တပည့်များအား မြစ်ဆိပ်သို့သွား၍ ရေချိုးသန့်စင်ပေးရန် စေခိုင်းလိုက်လေသည်။

တပည့်များသည် သိုးကို ရေချိုးပေးပြီးနောက် မြစ်ဆိပ်တွင် ခေတ္တချည်နှောင်ထားကြ၏။ ဤတွင် သိုး၏ထူးဆန်းသော အပြုအမူကို တွေ့ရ၏။ သိုးသည် ပထမ ဟက်ဟက်ပက်ပက် ရယ်မော၏။ ဒုတိယ သည်းထန်စွာ ချုံးပွဲချငိုကြွေးလေ၏။

တပည့်များက ထူးဆန်းသော သိုးကို မေးမြန်းကြရာ၊ သိုးက

“ဒီကိစ္စကို သင်တို့ဆရာကြီးထံရောက်မှ မေးကြပါ။ အဲဒီအခါကျမှ ငါဖြေပါမည်”ဟု ပြန်ပြော၏။

တပည့်များသည် သိုးကိုယူလာပြီး ဆရာကြီးထံရောက်သောအခါ သိုး၏ထူးဆန်းသော အပြုအမူဖြစ်သည့် ‘ရယ်ခြင်း–ငိုခြင်း’ အကြောင်းကို ပြောပြကြလေသည်။ ဤအခါ ဆရာကြီးက သိုးကိုမေးလိုက်သည်။

“သင်သည် ဟက်ဟက်ပက်ပက် ရယ်မောခဲ့သည်။ ပြီးတော့ ချုံးပွဲချ ငိုကြွေးပြန်သည်။ ဘာကြောင့် ရယ်ပြီး၊ ဘာကြောင့် ငိုရတယ်ဆိုတာ ပြောစမ်း”

သိုးကား တိရစ္ဆာန်ဖြစ်သော်လည်း ခေသူ မဟုတ်ပေ။ (ဇာတိသဿရဉာဏ်ဟူသည် ရှေးဘဝဖြစ်စဉ်ကို သိသောဉာဏ်ဖြစ်သည်) သိုးက ဒိသာပါမောက္ခဆရာကြီးအား ပြန်ပြောပြသည်။

“ဆရာကြီး ရှေးအခါက ငါသည် သင်ကဲ့သို့ သိုးတစ်ကောင်ကို သတ်၍ မတကဘတ် လှူခဲ့ဖူးပါသည်။ ထိုပါဏာတိပါတကံကြောင့် လေးရာကိုးဆယ့်ကိုးဘဝ(၄၉၉)လုံး ခေါင်းဖြတ် အသတ်ခံခဲ့ရပြီးပြီ။

www.burmeseclassic.com

www.burmeseclassic.com



ယခု ဘဝသည်ကား နောက်ဆုံးဘဝ ငါးရာမြောက် အသတ်ခံရတော့မည့်ဘဝတည်း။ ယနေ့ ထိုဝဋ်မှ ကျွတ်လွတ်တော့မည်ဖြစ်၍ ဝမ်းသာပြီး ရယ်မိခြင်းဖြစ်သည်။ ငိုရခြင်း၏အကြောင်းကား သင်ဆရာကြီးသည် ငါ့ကိုသတ်၍ ငါကဲ့သို့ပင် ဘဝငါးရာတိုင်တိုင် အသတ်ခံရပေဦးတော့မည်ဖြစ်ရာ သင့်အား သနားမိခြင်းကြောင့်ပေတည်း"

ထိုအခါ ဒိသာ ပါမောက္ခဆရာကြီးသည် ဘဝငါးရာ အသတ်ခံရမည်ကို ကြောက်လန့်သွားပြီး–

"အချင်း သိုး၊ မကြောက်လင့်၊ သင့်ကို ငါမသတ်တော့"ဟု ဆိုလေသည်။

"သင် မသတ်ပေမယ့်၊ ယနေ့ ငါသေရမည် မုချဖြစ်သည်"ဟု သိုးက ပြန်ပြော၏။

(ဃ)

မတကဘတ်လှူရန် သိုးကို သတ်မည့်ဆဲဆဲတွင် သိုး၏ပြောစကားကြောင့် ဆရာကြီးက ၎င်းကို မသတ်တော့ဘဲ လွှတ်ပေးလိုက်၏။

သိုးသည် ကျောက်ဖျာများကြားတွင် ကပ်၍ပေါက်နေသော ချုံပုတ်မှ သစ်ရွက်များကို စားရန် လည်ပင်းကို ဆန့်ပြီးလှမ်းဆွဲလိုက်သည်။ ဤအချိန်တွင်ပင် မိုးကြိုးသည် ထစ်ချုန်းခြင်း မရှိဘဲ ပစ်ချလိုက်၏။ မိုးကြိုးသည် ကျောက်ဖျာကြီးကို ထိမှန်ကာ ကျောက်ဖျာကြီး အစိတ်စိတ်အမွှာမွှာ ကွဲသွား၏။ ဤတွင် ကျောက်လွှာ အပဲ့အစ တစ်ခုသည် အရှိန်အဟုန်ပြင်းစွာ လွင့်ပျံလာပြီး သစ်ရွက်လှမ်းစားရန် ဆန့်တန်းနေသော သိုး၏လည်ပင်းကို တည့်တည့်မတ်မတ် ထိမှန်လေတော့သတည်း။ သိုး၏လည်ပင်း ပြတ်သွားလေသည်။

ထူးခြားဆန်းကြယ်လှသော ဤဖြစ်ရပ်ကို အံ့သြစွာ လာရောက်ကြည့်ရှုကြသော လူများအား "သူတစ်ပါးအသက်ကို သတ်ခြင်း၏ အပြစ်များ၊ သူတစ်ပါးကို သတ်လျှင် မိမိလည်း ပြန်လည်အသတ်ခံရပုံများ"ကို တရားဟောလေ၏။ လူတို့သည် ရုက္ခစိုး နတ်မင်း တရား

www.burmeseclassic.com



ကို ရှိသေစွာ နာကြားကြရုံမျှမက သူတစ်ပါးအသက်ကို သတ်ခြင်းမှ အသက်ထက်ဆုံး ရှောင်ကြဉ်ကြလေသတည်း။

(ဇာတက၊ ဧကနိပါတ်၊ မတကဘတ္တဇာတ်)

သတ်လျှင် အပြစ်– ရှောင်လျှင် အကျိုး

"ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့တဲ့အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊ လျှင်ခြင်းလည်း ဝေး၊ ဘေးကိုကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခြွေရံပျက်၍၊ အသက်တိုလျ၊ ပြစ်များစွသည်၊ ရှောင်က အပြန်အကျိုးတည်း"

**သူတစ်ပါးအသက်ကို သတ်ခြင်းမှ**

**ရှောင်ကြဉ်နိုင်ကြပါစေ။**

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



# လူမဖက် နတ်ဖက်ပေးတဲ့ မောင်နဲ့

## သော်ကပင်ပေါ်က နတ်မိမယ်

သာလိကုမာရ မင်းသားသည် လက်ာဒီပပြည့်ရှင် ဘုရင် ဒုဋ္ဌဂါမဏိမင်းကြီး၏ သားတော်ဖြစ်၏။ တစ်နေ့သ၌ မင်းသားသည် နန်းတော်တွင်းမှာသာ စံမြန်းနေရသည်ကို ငြီးငွေ့သဖြင့် တောတောင် ရေမြေ သဘာဝ ပန်းမန်တို့၏ အလှအပကို ကြည့်ရှုခံစားရန် ဥယျာဉ် တော်သို့ ထွက်ခဲ့၏။ ထိုအခါ နတ်တို့ဖန် ရေကန်အသင့် ကြာအသင့် ဟူသော စကားကဲ့သို့ မင်းသားနှင့် ဖူးစာဖက်ရန် ခေါ်ဆောင်ထားလေ သလားမသိ၊ ရဂုံမှာပေါက်သော်လည်း လှဂုဏ်မြောက်လှသော တော၏ သမီးပျိုလေးတစ်ဦး ဥယျာဉ်ထဲတွင် ရောက်ရှိနေလေသည်။ သူမနာမည် ဒေဝီ။

ကောင်းခြင်းငါးဖြာ လက္ခဏာကြွန်အင် စုံလင်ပြည့်ဝလှသည့် အလှကေရီ မဒေဝီ။ လူမက နတ်တမျှ လှပလွန်းသူလေးဖြစ်၍ ဒေဝီ ဟူသောအမည်နှင့် လိုက်ဖက်ညီသည်။ ဒေဝီသည် ပန်းကြိုက်မလေး ဖြစ်ရာ ဖူးပွင့်ဝေဆာနေသော သော်ကပန်းပင်ပေါ်သို့တက်၍ ပန်းခူး နေ၏။

မင်းသားသည် ရေကန်အနီးရှိ သော်က ပင်ပေါ်တွင် ရုတ်တ ရက် တွေ့မြင်လိုက်ရသော နတ်မိမယ်လေးကို မှင်တက်မိစွာ ကြည့်ရှု မိလေသည်။ သူ၏မျက်လုံးများကိုပင် မယုံချင်လောက်အောင် ဖြစ် သွားပြီး မျက်စိကို အခါခါပွတ်ကြည့်မိ၏။ ကြည့်ရှုံမျှမက နှုတ်မှလည်း

'ဟယ် လူမက နတ်တမျှ ချောမောလှပသူလေးပါကလား'ဟု တီးတိုး ဆိုမိလေသည်။

ချဖူးသော ရေစက်၊ ပန္နက်ဖူးသော သစ္စာပင်ဖြစ်သည်။ မြင် မြင်ချင်း ချစ်ခင်ခြင်းမှာ တစ်နည်းအားဖြင့် ပုဗ္ဗေဝသန္နိဝါသေန–ရှေး ဘဝတွေက ရင်းရင်းနှီးနှီး၊ ချစ်ချစ်ခင်ခင် အတူတကွ နေခဲ့ဖူးသော ကြောင့်လည်းဖြစ်မည်။ မင်းသားသည် မိန်းကလေးအား အချစ်နတ်က ရစ်ပတ်နှောင်ဖွဲ့ တိုက်တွန်းလေသောကြောင့် နှုတ်ခွန်းဆက်သ လိုက် လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အလှမျက်ခြယ် လှမျိုးကြွယ် သင်သည် အဘယ်အရပ်က ဤဥယျာဉ်ထဲသို့ လာခဲ့ပါသနည်း။ ဘယ်အမျိုး၊ ဘယ်အနွယ်က ဖြစ်ပါသနည်း။ ဘုံကြိုးပြတ်ကာ ကျလာသည့် ဒေဝစ္ဆရာ နတ်ကညာလေလော ခွဲခြားသိလိုလှပါဘိ။ သင့်လောက်လှတဲ့သူ ငါမမြင်ဘူးသေးပါ။

ဒေဝကညာ ချောကလျာ သင်နှမရဲ့ ခြေဖဝါးတော်နုနုတို့ဟာ ပဒုမ္မာကြာပန်းလို နီထွေးလှပ နူးညံ့လှပါဘိ။ ဝါရောင်ရွှေမှုန်း ခြေသလုံးသားကလေးများကလည်း စုံနံ့သာမြိုင် ဂနိုင်ပျော်အောင်း ရွှေဥဒေါင်းရဲ့ လည်ဆံမွေးလို ရှုချင်တိုင်းရှု စက္ခုနှစ်လွှာ အရသာရှိလှပေသည်တကား။

လှလွန်းတတ်ပေ မိုးနတ်ဆွေ သင်နှမရဲ့ အရင်းက ကြီးထွားအဖျားက သွယ်ရှူးသွားတဲ့ ရွှေလိုဝင်း အဆင်းလှတဲ့ ပေါင်တံတို့ကလည်း ရွှေပွတ်လုံးတိုင်အလား သားနားတင့်တယ်လှဘိ။ သင်နှမရဲ့ ခါးအလှကလည်း လက်နဲ့ဆုပ်ကိုင်ထားသလို သေးသွယ်နွဲ့နှောင်း ပျော့ပျောင်း လှပေသည်တကား။

ဒေဝစ္ဆရာ ကညာပျိုလှ ချစ်နှမ သင်ချစ်နှမရဲ့ ဖော့ဖယောင်းပမာ ပျော့ပျောင်းစွာသော လက်ချောင်းများ၊ ညီညာပြည့်အိသော လက်ဖဝါးများ၊ ရွှေကွန်ရက် ဖြန့်ကျက်ထားသကဲ့သို့ ပြည့်ဖြိုးသွယ်ဆင်းလာသော လက်မောင်းသားတို့မှာ ကြည့်မိရင် မျက်နှာ လွှဲမဖယ်ချင်လောက်အောင် တင့်တယ်လှပေတကား။

အလှထွတ်တင် ဆင်းရွှေစင်ငှဲ့ သင်နှမရဲ့ ဝဲ,ယာ ဝန်းယှက်နှစ်ဖက်သော မျက်မှောင်တို့သည် ရွှေတိုင်ရွှေရိုးမှာ တပ်ဆင်တဲ့မှန်ကင်းကဲ့သို့ ကာမဂုဏ်ရမ္မက် စွဲမက်သူတွေကို လာပါ၊ ရှုပါ၊ လှမ်းခဲ့ပါလို့ ဖိတ်မန္တက ပြုနေသကဲ့သို့ ရွှန်းလဲ့တောက်စို အလှပိုလွန်းလှပေတကား။

ညိုမည်းသော သားလိုးခေးပမာ၊ ကော့ညွတ်သွယ်ပျောင်းသော ကျီးတောင်ပမာ မည်းနက်စွာသော ဆံကေသာထက်မှာ ပန်းကုံးကို ပန်ဆင်ထားသဖြင့် အလှတွင် အယဉ်ဆင့် ဆိုသကဲ့သို့ အသွင်တင့်တယ် ချစ်စဖွယ် ကောင်းလှပေတကား။

www.burmeseclassic.com

www.burmeseclassic.com



သော်ကပင် ထက်က လတစ်စင်းထွက်ပေါ်လာသလို တင့်တယ်လှစွာသော နှမပျို သင်နှမရဲ့အမည်နာမကို ငါမင်းသား သိလိုလှပါဘိ။ သင်ချစ်နှမမှာ သက်ထားအိမ်ရှင် ခင်ပွန်းလင် ရှိပါသလား။ အိမ်ထောင်မကျ ဘဝသစ်လွင် အပျိုစင်ပင် ဖြစ်ပါသလား။ ငါ ခွဲခြားသိချင်ပါဘိ။ သင်ချစ်နှမ၏ မိဘနှစ်ပါးကိုလည်း ငါသိလို၏။ ပြောကြားပါလော့'

**ဘယ်မျိုးဘယ်နွယ် သိချင်လှတယ်**

သာလိကုမာရမင်းသားက အမှတ်မထင် ရုတ်ခြည်းမြင်မိသော သော်ကပင်ပေါ်မှ သော်ကပန်းများနဲ့အပြိုင် အလှချင်းဆိုင်နေသည့် နတ်မိမယ်အလား ယုံမှားရသူလေးအား သူသိချင်တဲ့မေးခွန်းတွေကို တရစပ် မေးမြန်းလိုက်ပါတော့တယ်။ ကျေးလက်မျိုးနွယ် ဒေဝီမယ်ကလည်း တောသူပင်ဖြစ်သော်လည်း ကြောက်ရွံ့ခြင်းကင်းရဲတင်းစွာ မင်းသားရဲ့အမေးကို သော်ကပင်ပေါ်မှ ဖြေကြားလိုက်လေတယ်။

'ကျွန်မဟာ ဟလ္လောလရွာက ရွာသူကြီးရဲ့သမီးပါ။ ဖခင်က ပန်းပဲလုပ်ငန်းလုပ်လို့ ပန်းပဲသမီး ပန်းပဲသမီးလို့ ခေါ်ကြပါတယ်။ အောက်တန်းကျတဲ့ စဏ္ဍာလမျိုးနွယ်လို့ သိထားကြပါတယ် အရှင်မင်းသား။

ခုမှတွေ့ဖူး မေးပုံထူးတဲ့ ကွန့်မြူးသမ္ဘာ နန်းပွင့်လျာ ကျွန်မမှာ သက်ထားချစ်ကြင် ခင်ပွန်းလင် မရှိသေးပါ။ ကျွန်မနာမည် ဒေဝီလို့ခေါ်ပါတယ်"

မကွယ်မဝှက် မရှက်မရွံ့ဘဲ ရိုးသားစွာပြောကြားလေတဲ့ ဒေဝီလို့ခေါ်တဲ့ လှယဉ်ကျေးလေးရယ်။ အမျိုးအနွယ်အားဖြင့် ဘယ်လိုပင် အောက်တန်းစား ဖြစ်ပေမယ့် သင်ချစ်နှမရဲ့ ရူပလက္ခဏာ တင့်တယ်စွာသော ရုပ်ရည်အဆင်းကတော့ မောင်တော် သာလိကုမာရရဲ့ အိပ်ပျော်နေတဲ့ ချစ်နှလုံးသားကို လှုပ်ရှား နိုးထစေခဲ့ပါပြီ။

ဒေဝီကညာ လှကလျာမှာ တောရက်ပေါက်ပင် ဖြစ်သော်လည်း လှဂုဏ်မြောက်သူလေး ဖြစ်လေသဖြင့် ဘွေသဖန်းပုံလွင် အတူ

www.burmeseclassic.com



တကွ ရေဖျန်းခံထိုက်သူလေးဖြစ်ကြောင်း မင်းသား ကောင်းစွာ သိရပါပြီ။ သူမမှာ ပြောစရာ ရှိလာတာက ဒွန်းစဏ္ဍာမျိုးဖြစ်နေခြင်းပင်။ မင်းသားသည် ဒေဝီအပေါ်မှာ မေတ္တာဂဟေ ချစ်ကြိုး ခွေမိလေပြီ။ ထီးနန်းနဲ့ ဒွန်းစဏ္ဍား လျော်ကန်မှ လျော်ကန်ပါလေမည်လား မတွေးအားပါ။ အဖိုးတန် ရတနာဖြစ်က မစင်တွင်းမှပင် ဆယ်ယူသင့်ကြောင်း ရှေးသူဟောင်းတို့စကား အရှိသား မဟုတ်လား။

**ဝစီဗေဒ ထိတိုင်းရှတတ်တယ်**

သာလိကုမာရမင်းသားဟာ ချဖူးသော ရေစက်၊ ပန္နက်ဖူးသော သစ္စာ အဟုန်ကြောင့် လှဒေဝီလေးကို တွေ့ကြုံမြင်ရုံနှင့်ပင် ချစ်ကြင် နှစ်သက် မေတ္တာဂဟေ ဆက်မိပါတော့တယ်။

'ချစ်နှမ သော်ကပင်ပေါက ဆင်းပြီး မောင်တော့်ထံ လာပါလော့'

ဒေဝီကညာ ချောကလျာလေးဟာ သော်ကပင်ပေါက ဆင်းလာပါတယ်။ မင်းသားဟာ ဒေဝီလေးကို အမျိုးဇာတ် ယုတ်ညံ့သဖြင့် လူသူလေးပါး မြင်ကွင်းမှာ ခေါ်ဆောင်လို့မရ၊ လျှို့ဝှက်စွာခေါ်ဆောင်သွားကာ နန်းဆောင်တွင်းမှာ ပြည့်စုံစွာ ထားပါလေသတည်း။ သော်ကပင်ပေါက ရရှိလာသူလေးဖြစ်လို့ သူမကို သော်က မာလာဒေဝီလို့ ခေါ်ကြပါတယ်။

ဒွန်းစဏ္ဍားမျိုးမှာဖြစ်ရတဲ့ သော်ကဒေဝီရဲ့ ရှေးအတိတ်ဘဝဇာတ်ကြောင်းမှာ လက်ာဒီပကျွန်း တောရွာ တစ်ရွာမှာ တောသူမကြီးရဲ့ သမီးတစ်ယောက်ဖြစ်ပြီး မိခင်နဲ့အတူ ဘုရားဖူးသွားရင်း ရေသပ္ပာယ်ရန် ရေခပ်ဆင်းကြပါတယ်။ ရေခပ် မသွားခင် ဗောဓိရင်ပြင်မှာ တံမြက်လှည်း၊ အမှိုက်ရှင်း ပြုရလေတဲ့အတွက် ထမင်းအလွန်ဆာတာကြောင့် မိခင်နဲ့အတူ ရေခပ် မလိုက်တော့ဘဲ သမီးက အိမ်ပြန်ပြေးပြီး ရှိတဲ့ထမင်းဟင်းကို ခူးခပ်ကာ အငမ်းမရ စားနေပါတော့တယ်။ မိခင်ကြီးကတော့ နောက်မှာ သမီးပါတယ်ထင်ပြီး ရေခပ်ဆင်း၊ ဘုရားကို ရေသပ္ပာယ်ပြီးမှ အိမ်သို့ပြန်ခဲ့ပါတယ်။

သမီးဖြစ်သူဟာ ဗိုက်ဆာဆာနဲ့ ကပျာကယာ ခူးခပ်စားတာ

www.burmeseclassic.com



ကြောင့် ထမင်းလုံးတွေ၊ ဟင်းစ ဟင်းနတွေ ဖိတ်စင်ကျနေပါတယ်။ မိခင်ကြီး ပြန်လာတော့ ရှုမြင်မကောင်းအောင် ထမင်းလုံးတွေ ဖိတ်စင်နေတာကို တွေ့တဲ့အတွက် အသိမပေးဘဲ အိမ်ပြန်ပြေးတာက တစ်ချက် ဒေါသထွက်ကာ–

'ဟဲ့ စဏ္ဍာလ အယုတ်တမာမ၊ ထမင်းလုံးတွေ ဒီလောက်တောင် မြင်မကောင်းအောင် ကြမ်းပြင်ပေါ်မှာ ပေကျံအောင် စားရသလား။ ဒွန်းစဏ္ဍားမရဲ့'လို့ ဒေါသထွက်ထွက်နဲ့ မြည်တွန်တောက်တီးလိုက်တယ်။

သမီးဖြစ်သူဟာ ဆာဆာနဲ့ အငမ်းမရ စားနေရင်း ကျိန်ဆဲသံကို မကြားစဖူး အကြားထူးရတဲ့အခါ သူလည်း ငယ်ရွယ်သူအလျောက် စိတ်ပေါက်ပေါက်နဲ့ ပြန်ပြောပုံက–

"အမေသာ စဏ္ဍာလ၊ အမေသာ ဒွန်းစဏ္ဍားမကြီး'လို့ ပြန်ပြောခဲ့ပါသတဲ့။

အဲဒီဝစီကံ အကုသိုလ်ကြောင့် ဒေဝီသခင်မ သော်ကမာလာ ဖြစ်ရတဲ့ဘဝမှာ အမျိုးယုတ်ညံ့တဲ့ ဒွန်းစဏ္ဍားဇာတ်အနွယ်မှာ ဖြစ်ရရှာပါတယ်။ ဝစီဗေဒ ထိတိုင်းရှဖြစ်လို့ အထူးသတိပြုကြဖို့ ကောင်းလှပါတယ်။

သို့ပေမယ့် ဗောဓိပင် ရင်ပြင်ကို သန့်စင် ရှင်းလင်းခဲ့တဲ့ ကုသိုလ် ကြောင့် သူမတူအောင် အလှထူးသူလေး ဖြစ်လာရပေတယ်။

## ရှေးရေစက်ကြောင့် ပေါင်းဖက်ဆုံလာ

ယခုဘဝမှာ ဖူးစာနှစ်ခိုင် အပြိုင်စွင့်ကာ ပွင့်နေကြတဲ့ သာလိကုမာရ ဘုရင့်သားနဲ့ ကျေးလက်ပျိုဖြူ သော်ကမာလာတို့ရဲ့ ရှေးဘဝ အတိတ်ဘဝဇာတ်ကြောင်းကလည်း စိတ်ဝင်စားစရာ အလွန်ကောင်းပါတယ်။

လက်ာဒီပကျွန်း၊ မဏ္ဍာလဆိုတဲ့ရွာမှာ သာလိကုမာရမင်းသား တိဿဆိုတဲ့အမည်နဲ့ လူဖြစ်ခဲ့ပြီး ပန်းပဲလုပ်ငန်းနဲ့ အသက်မွေးခဲ့တယ်။ သော်ကမာလာ (ခေါ်) မယ်ဒေဝီလေးကတော့ သုမနဆို

www.burmeseclassic.com

www.burmeseclassic.com



တဲ့အမည်နဲ့ တိဿရဲ့ ဇနီးမယား ဖြစ်ခဲ့တယ်လေ။ သဒ္ဒါတရားကောင်း သူများပီပီ တစ်နေ့မှာ သူတို့ဟာ ရဟန္တာ အရှင်သူမြတ် ရှစ်ပါးတို့အား ပုံ့သကူရတဲ့ ဝက်ပျို့သားနဲ့ သလေးဆွမ်းကို သဒ္ဒါကြည်ဖြူ ဆက်ကပ် လှူဒါန်းခဲ့ကြတယ်။

အဲဒီကုသိုလ်ဒါနက အကျိုးပေးတဲ့အတွက် ကိုတိဿဟာ သေပြီးတဲ့နောက်ဘဝမှာ ဒုဋ္ဌဂါမဏိမင်းကြီးရဲ့သားတော် အိမ်ရှေ့မင်း သား ဖြစ်သွားတယ်။ ဇနီးဖြစ်တဲ့ မယ်သုမနကတော့ အတူတကွ ဆွမ်း ကပ်လှူခဲ့တဲ့ ကုသိုလ်ဒါန၊ ဇနီးမောင်နှံဖြစ်ဖူးတဲ့အတွက်ကြောင့် ယခု ဘဝမှာလည်း ဇနီးလာဖြစ်ပါတယ်။ အဲ ဒွန်းစဏ္ဍားမျိုးနွယ် စဏ္ဍာလ ဖြစ်ရတာကတော့ မိခင်ကြီးကို ဒွန်းစဏ္ဍားမကြီးလို့ ရင့်ရင့်သီးသီး ကျိန် ဆဲခဲ့တဲ့ ဝစီကံ အကုသိုလ်ရဲ့အပြစ်ပါ။ အဲဒါကြောင့် ကုသိုလ်ဒါနဆိုတာ နည်းတယ်၊ များတယ် ပမာဏ မဟုတ်ပါဘူး။ အဓိက,ကတော့ လှူကြ တန်းကြတဲ့အခါမှာ စေတနာပါပါ သဒ္ဒါစင်ကြယ်စွာနဲ့ အမှန်တကယ် လှူဒါန်း ကုသိုလ်ဒါန ပြုကြဖို့ လိုပါတယ်။

သာလိကုမာရရဲ့ အကျိုးပေးထူးခြားပုံကလည်း အံ့သြဘနန်း ချီးမွမ်းလောက်ပါပေတယ်။

သာလိကုမာရမင်းသား အိမ်ရှေ့မင်းသားဖြစ်ခဲ့ပြီးနောက် အရပ်ဒေသနယ်ပယ် အလိုက် ခွဲခြားကောက်ခံပေမယ့် အခွန်တော်ငွေ တွေဟာ မင်းသားထံကိုပဲ ရောက်လာကြပါသတဲ့။ တစ်ခါမှာ မလ ယ ဇနပုဒ်သားတွေဟာ လက်ဆောင်ပဏ္ဏာ ဥစ္စာပစ္စည်းတွေကို လှည်း အစီးပေါင်း တစ်ရာနဲ့တင်ဆောင်ကာ ဒုဋ္ဌဂါမဏိမင်းကြီးအား ဆက်သ, ဖို့ လာကြသော်လည်း ညောင်ညိုရိပ်မှာ ပုတီးစိပ်နေတဲ့ မင်းသားအနီး ရောက်တဲ့အခါ နွားတွေဟာ ရှေ့ဆက် မသွားတော့ဘဲ အားလုံး ရပ်တန့်ကြတယ်။ ဘယ်လို ဆက်မောင်းလို့မှ မရတော့ဘူး။ အဲဒါနဲ့ ခမည်းတော်ထံ ပဏ္ဏာဆက်ရန် လာကြတဲ့ မလယ ဇနပုဒ်သားတွေ ဟာ အိမ်ရှေ့မင်းသားကိုပဲ ဆက်သ,ခဲ့ရဖူးပါသတဲ့။ ဘုန်းသမ္ဘာရှင်များ ရဲ့ စွမ်းပကားကို ဘယ်သူမျှ၊ ဘယ်လိုမျှ တားဆီးလို့ မရနိုင်ပါဘူး။ ရရှိလာတဲ့ပစ္စည်းတွေကိုလည်း မင်းသားက သံဃာတော်များအား

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးအတွက် လှူဒါန်း လိုက်တာချည်းပါပဲ။

## ဘုန်းကံသမ္ဘာ ပါရမီရှင်လေး

လူတို့သဘောကား မသိစေချင်တာကို သိချင်ကြတယ်၊ မကြားစေချင်တာကို ကြားချင်ကြပြီး မမြင်စေချင်တာကို မြင်ချင်ကြတာ သဘာဝပဲ မဟုတ်လား။ ယခုလည်းကြည့်။ သာလိကုမာရ အိမ်ရှေ့ မင်းသားဟာ သော်ကမာလာကို လူသူ မသိအောင် ခေါ်ဆောင်ခဲ့ပြီး နန်းဆောင်တွင်းမှာ ထားတဲ့ကိစ္စဟာ လူသူလေးပါးထံ ပေါက်ကြားသွားပါပြီ။

မင်းနား တစ်ထောင်ဆိုတဲ့အတိုင်း တစ်ယောက် စကား တစ်ယောက်နားမှ တစ်ဆင့် ခမည်းတော်မင်းကြီး သိသွားတဲ့အခါ ခမည်းတော်မင်းကြီးမှာ စိတ်နှလုံး မချမ်းမသာ ဖြစ်သွားပါတယ်။ တောသူမ ဒွန်းစဏ္ဍားကိုမှ နှစ်သက်မိလေခြင်းရယ်ပေါ့။ သူ့အရှက်ကို ခွဲတယ်ပေါ့။

သို့သော်လည်း မင်းကြီးဟာ နှလုံးသည်းပွတ်ကို ကျွဲခတ်ခံရသလို အခံရခက်ကာ စိတ်ခတ်နှလုံး မရွှင်ပြုံးနိုင်သော်လည်း မင်းတို့ အမျက် အပြင်မထွက်စေရဘဲ အသိဉာဏ်နဲ့ ထိန်းချုပ်နိုင်ခဲ့တယ်။ ရာဇ ပရိယာယ် ဆင်ကာ မောင်းမ တစ်ယောက်ကို မင်းသားထံ စေလွှတ်လိုက်တယ်။

'ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ရဲ့ ထီးစဉ်နန်းဆက် အစဉ်အလာမှာ တောတွင်းသူ၊ အမျိုးညံ့သူများ မရှိပါ။ သားတော် နှစ်သက်ရာ မင်းမျိုးမင်းနွယ်ထဲက မင်းသမီးကိုသာ ရွေးချယ်ပါ။ တောတွင်းသူကိုတော့ စွန့်လွှတ်ပါ' စသဖြင့်ပေါ့။

သို့သော် မင်းသားက လက်မခံခဲ့ပါ။ မင်းကြီးကတော့ သူ့ရဲ့ ဆန္ဒ မပြည့်ဝသဖြင့် စိတ်ချမ်းမြေ့မှုမရှိပေ။

သို့ရာတွင် ဘုန်းသမ္ဘာရှင် သော်ကမယ်ဒေဝီရဲ့ ကောင်းခြင်း သတင်းစကားကလည်း ပျံ့နှံ့လျက်ရှိပေမယ်။ သူမလောက် လှသူ တစ်ပြည်လုံးမှာမရှိ။ လိမ္မာရေးရာ ယဉ်ကျေးမှုရာတို့မှာလည်း သူမထက်

www.burmeseclassic.com

www.burmeseclassic.com



သာလွန်သူ မရှိ။ ဒီသတင်း စကားကလည်း မင်းကြီးနား ရောက်သွားပါပြီ။

'ဘုန်းကံသမ္ဘာ ပါရမီထူးရှိတဲ့ မိန်းမတဲ့လားကွယ်"

## ဇာတ်ရည်လည်တဲ့အခါ

ဒီလိုနဲ့ ဒုဋ္ဌဂါမဏိမင်းကြီးဟာ သော်ကမယ်ဒေဝီရဲ့အကြောင်းခြင်းရာကို စုံစမ်းရန် မပောဟ်ပဏ္ဍိတ်များကို စေလွှတ်လိုက်တယ်။ ပဏ္ဍိတ်တွေဟာ ဒေဝီရဲ့ ရုပ်လက္ခဏာ ကြန်အင်များကို မြင်တွေ့သွားပြီး မင်းကြီးကို အမှန်အရှိအတိုင်း လျှောက်တင်ကြတယ်။

'ညစ်ကြေးမတင် အပြစ်ကင်းစင်သူ၊ ဝါဝါရွှေရွှေ ကျက်သရေလျှံဝင်း ရွှေဆင်းရှိသူ၊ ကြည်လင်တောက်ပ မဟူရာတစ်နှုန်း သမင်မမျက်လုံးကဲ့သို့ ကျယ်ပြန့်တဲ့မျက်လုံးရှိသူ၊ ပြည့်ပြည့်ဖြိုးဖြိုး ရှုလို့ မရိုးနိုင်တဲ့ ကိုယ်လုံးရှိသူ၊ ခါးသေးရင်ချီ ရှုအီလုံးကျစ် မျှစ်စို့ပေါက်နဲ့တူတဲ့ လက်ချောင်းလက်မောင်းရှိသူ၊ ကျစ်လျစ်ဖွံ့ထွား လုံးဝန်းသော သားမြတ်ရှိသူ၊ မများလွန်း၊ မရှည်လွန်းတဲ့ အမွေးရှိသူလေးပါ မင်းကြီးဘုရား' တဲ့။

အရှင်မင်းကြီး မင်းကြီးရဲ့ ချွေးမတော်ကား ဘုန်းကံသမ္ဘာ လက္ခဏာနဲ့ပြည့်စုံပြီး စကြဝတေးမင်းများနဲ့သာ ထိုက်တန်တဲ့ မိန်းမဥက္ကဋ္ဌ၊ မိန်းမထူး၊မိန်းမမြတ် ဖြစ်ပါကြောင်း လျှောက်တင်ကြတဲ့အခါ မင်းကြီးဟာ ပီတိဖုံးတဲ့ နှလုံးသားနဲ့ တပြုံးပြုံးဖြစ်သွားပါတော့တယ်။

မင်းကြီးဟာ ပဏ္ဍိတ်များ လျှောက်တင်ကာ ဟုတ်,မဟုတ် ကိုယ်တော်တိုင် ချွေးမတော်ထံ ကြွသွားပါတော့တယ်။ မင်းသားကလည်း မယုံတစ်ဝက် ယုံတစ်ဝက်နဲ့သာ ခမည်းတော်မင်းကြီးနဲ့ အတွေ့ခံပါတယ်။ မင်းကြီးဟာ သော်က မာလာကို ကိုယ်တွေ့မျက်မြင် တွေ့မြင်ရတဲ့အခါ ချွေးမတော်ရဲ့ စားမြိန်စာ ဆက်သမှု၊ အာခံတွင်းက ကြာရနံ့သင်းမှုများကိုပါ ခံယူရလေတော့ သားတော်နဲ့ချွေးမတော်တို့ကို ဘိသိက်သွန်းကာ လက်ဆက် ပေးတော်မူလိုက်ပါလေသတည်း။

အမျိုးဇာတ်ကိုသာ ပမာန မပြုသင့်။ အမျိုးဇာတ်ဟာ အကျိုးအမြတ် မရှိတတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သာလိကုမာရမင်းသားရဲ့ ဘုန်းကံကား လာဘ်ရွှင်တယ်၊ အလှူရေစက် လက်နဲ့မကွာ ပြုလေ့ရှိတယ်။ လူတို့ကသာမက နတ်ဒေဝတာများကပင် ရွှေ ငွေ၊ ရတနာများ ပေးဆက်ကြတယ်။ ပေးလို့မကုန် လှူလို့မခန်းပါ။

သော်ကမာလာ ဒေဝီကလည်း သူမရဲ့လက်နဲ့ ထိကိုင်လိုက်တဲ့ ထမင်းဟင်း၊ စားသောက်ဖွယ်များဟာ နေ့ရက်ရှည်ကြာ ထားသော်လည်း ပုပ်သိုးသွားခြင်း အလျှင်းမရှိ။ သူမရဲ့ခံတွင်းမှလည်း စကားပြောလိုက်တိုင်း ကြာညိုပန်းရနံ့ သင်းနေပါတယ်။ ပေးလို့မကုန် လှူလို့မခန်းနိုင်တဲ့ ယာဂုဆွမ်းအိုးပိုင်ရှင်လည်း ဖြစ်ပေတယ်။

လူမဖက် နတ်ဖက်ပေးတဲ့ ဇနီးမောင်နှံတို့ ဖြစ်ပေတကား။

အကိုးအကား
လက်ဘဒီပဝတ္ထုကျမ်း၊ ပထမတွဲ
ဒုဋ္ဌဂါမဏိမင်းသားတော် သာလိကုမာရ
မင်းသားဝတ္ထု

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



# သတ္တဝါ တစ်ခု ကံ နှစ်ခု

## (က)

လူသည် ဘဝတစ်လျှောက်လုံး ကောင်းခဲ့သည်။ လူ့ဘဝ ခဏတာ ဘာမျှ မကြာသော သက်တမ်းကာလ အတွင်းမှာ စင်းလုံးချော ချမ်းသာသုခတွေနှင့်သာ ကြုံရခဲ့သည်။ ငယ်ဘဝ ချမ်းသာပြီး ကြီးသောအခါ ဆင်းရဲသွားသူ၊ ငယ်ဘဝ ရုန်းကန်လှုပ်ရှား ဆင်းရဲခြင်းများနှင့် ကြုံဆုံရပြီး အသက်အရွယ် ရလာသောအခါ ကောင်းစားသွားသူ၊ ငယ်ဘဝ ကြီးဘဝ ဆင်းရဲဒုက္ခများနှင့်သာ နပမ်းလုံးနေရသူ၊ ငယ်စဉ်က ရွှေထီးဆောင်း ကြီးတော့ ထီးဖြူဆောင်း ဆိုသကဲ့သို့ ဘဝတစ်လျှောက်လုံး မပင်မပန်း၊ မချို့မငဲ့ နေသွားသူ ဟူ၍ရှိပေသည်။ သို့သော် လူ့ဘဝတစ်သက်တာ နေရသမျှ ကာလပတ်လုံး ချမ်းသာသုခ ပြည့်စုံမှုတွေနှင့်သာ ကြုံသွားရသူကား ရှားပါးလှပေသည်။

သို့ကြောင့်ပင် ခေါက်ရှာငှက် ပျံသလို လူ့ဘဝဟာ နိမ့်ချည်တစ်ခါ၊ မြင့်ချည်တစ်လှည့်ဟု ပြောကြခြင်းဖြစ်သည်။ မည်သို့ဖြစ်စေ လူတို့သည် မိမိတို့ကျရာ ဘဝမှာ ပျော်မွေ့လေ့ရှိပေသည်။ ဆင်းရဲနွမ်းပါး သူတို့၏ ဘဝနုံချာမှုကို ပတ်ဝန်းကျင် အခြားလူများက ကြည့်လျှင် ဘဝ အရသာ ဘာမျှမရှိ ဆင်းရဲလှပါဘိဟု အထင်ရှိကြသော်လည်း သူတို့ဘဝမှာ သူတို့နှစ်သက် ပျော်ရွှင်ကြသည်သာ ဖြစ်ပါသည်။ စာပေအရဆိုရသော် ပုထုဇဉ် လူသားပီပီ ဘဝ တဏှာကို မဖြတ်တောက်နိုင်သရွေ့ ပျော်မွေ့နေကြခြင်း ဖြစ်ပေသည်။

ရောက်တဲ့အရပ်မှာ ပျော်အောင်နေ၊ တွေ့တဲ့သူနှင့်တည့်အောင်ပေါင်း၊ ရတာလေးနဲ့ ဝအောင်စား၊ ရှိတာလေးနှင့်လှအောင်ဝတ် ဟူသော စကားရပ်များသည် ကျရာဘဝတွင် ပျော်မွေ့စေဖို့အတွက် ဖြစ်သည်။ ဗုဒ္ဓဘုရား ဟောကြား ထားတော်မူသည့် မြတ်မင်္ဂလာတရားတို့ကို အခြေခံ၍ တည်ဆောက်ထားသော မြန်မာ့ယဉ်ကျေးမှု ဖြစ်ရာ ရောင့်ရဲမှု 'သန္တုဋ္ဌိမင်္ဂလာ'ကို လက်ကိုင်ထားခြင်းဟု ဆိုနိုင်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



တင်းတိမ်ရောင့်ရဲရမယ်၊
ရှိတာလေးနှင့်
ကျေနပ်ရမယ် ဟောထားသည်။
ဘာမျှ မလုပ်ဘဲ၊
ကြိုးစားအားထုတ်မှု မပြုဘဲ
နေရန် မဟုတ်ပေ။

ဤတွင် ရောင့်ရဲတင်းတိမ်ခြင်း၊ သန္တုဋ္ဌိမင်္ဂလာကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာ၌ မှန်ကန်မှု လိုအပ်ပေ၏။ ဗုဒ္ဓဘုရားက တင်းတိမ်ရောင့်ရဲရမယ်၊ ရှိတာလေးနှင့် ကျေနပ်ရမယ် ဟောထားသည်။ ဘာမျှမလုပ်ဘဲ၊ ကြိုးစားအားထုတ်မှု မပြုဘဲနေရန် မဟုတ်ပေ။ ဝီရိယ၊ သတိ၊ ပညာ ရှိရပေမည်။ ဝီရိယကို အရင်းတည် ဥာဏ်ကို ရှေ့သွားပြု ကြိုးစားအားထုတ်မှု ပြုကြရမည်ဖြစ်၏။ ထိုင်နေလို့တော့ ဘာမျှဖြစ်လာမည် မဟုတ်ပေ။ ကံကိုသာ ပုံချ ယုံပြပြီး ဆုံးပုံနင်းလျှင်ကား ဆုံးရှုံးခံရမည်သာဖြစ်သည်။ ဆိုလိုသည်မှာ အတိတ်က ပါလာသော ကံကိုသာ ယုံပြ ပုံချနေရမည် မဟုတ်ပေ။ ကံ(ကမ္မ)ဟူသည် အလုပ်ဖြစ်ရာ ပစ္စုပ္ပန်ဘဝ လုပပြည့်စုံအောင် ဥာဏ်ဦးစီးသော ကံတွေကို ပြုလုပ်အားထုတ်ကြရပေလိမ့်မည်။

ကံကို အလုပ်ဟုဆိုသော်လည်း ပြုလုပ်ခြင်းသာ မဟုတ်။ ပြောဆိုခြင်း၊ ကြံစည်စိတ်ကူးခြင်း၊ တွေးခေါ်မြော်မြင်ခြင်း တို့သည်လည်း ကံပင်ဖြစ်ကြောင်း သတိပြုပါ။ ကာယကံ၊ ဝစီကံ၊ မနောကံဟူ၍ ကံသုံးပါးရှိနေသည် မဟုတ်လော။

(၁)

လူတိုင်းတွင် ကုသိုလ်ကံနှင့် အကုသိုလ်ကံဟူ၍ နှစ်မျိုးရှိသည်။ ကုသိုလ်ကံကိုလည်း ပြုမည်။ အကုသိုလ်ကံကိုလည်း လုပ်မည်သာဖြစ်သည်။ ထိုလုပ်သော ကံတို့သည် လူ၏၊ 'သတ္တဝါတိုင်း၏' ကိုယ်ပိုင်ဥစ္စာများသာ ဖြစ်ကြသည်။ ကုသိုလ်ကံ၏ ကောင်းမွေကို ခံစားခွင့်ရှိသလို အကုသိုလ်ကံ၏ ဆိုးမွေကိုလည်း ခံယူကြရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာတွေ လာစေ၊ မကောင်းတာတွေ မလာစေနဲ့ လုပ်၍ မရချေ။ ကမ္ဘာ့ သတ္တဝါ ဝိဘာဇ္ဇတိ– ကံသည် လူအပါအဝင် သတ္တဝါ တွေကို စီမံနေသည် မဟုတ်လော။

အရှင်အနုရုဒ္ဓါ၏ နှမဖြစ်သူ ရောဟိဏီသည် မိန်းမချော တစ် ယောက်ဖြစ်ပါ၏။ ရုပ်ချောသော်လည်း ပြောစရာရှိသည်ကား သူမ တွင် စွဲကပ်နေသော ကိုယ်ရေပြား ရောဂါ။ သူမ ကိုယ်ခန္ဓာ အနှံ့အပြား တွင် အနီကွက်၊ အဖြူကွက်များသာမက အမည်းကွက်များလည်း ပြည့်နှက်နေသည်။ သူမသည် ဤရောဂါကြောင့် အရှက်ရပြီး လူတော မတိုးဝံ့ရှာပေ။ ပွဲလမ်းသဘင်နှင့် လူစည်ကားရာနေရာများသို့ မသွား ရဲ၊ မလာရဲ၊ အိမ်ထဲမှာသာ အိမ်တွင်းပုန်း လုပ်နေရရှာ၏။

လုပ်သော ကံတို့သည်
လူ၏၊ သတ္တဝါတိုင်း၏
ကိုယ်ပိုင်ဥစ္စာများသာ ဖြစ်ကြသည်။
ကုသိုလ်ကံ၏
ကောင်းမွေကို ခံစားခွင့်ရှိသလို
အကုသိုလ်ကံ၏
ဆိုးမွေးကိုလည်း ခံယူကြရပေလိမ့်မည်။
ကောင်းတာတွေ လာစေ၊
မကောင်းတာတွေ မလာစေနဲ့
လုပ်၍မရချေ။

ဤအကြောင်းကို ကပိလဝတ်သို့ ရောက်နေသော အစ်ကို အနုရုဒ္ဓါအရှင်မြတ်က သိရှိသွားပြီး နှမတော်ကို ကယ်တင်ရန် အစီအစဉ် တစ်ခု ပြုပေးတော်မူ၏။

တစ်နေ့ အရှင်အနုရုဒ္ဓါသည် ရောဟိဏီကို ကျောင်းသို့ခေါ် လိုက်၏။

"နှမ…သင့်တွင် စွဲကပ်နေသော အနာရောဂါ ပျောက်ချင် သလား"

"ပျောက်ချင်တာပေါ့ဘုရား"

www.burmeseclassic.com



"ဒါဖြင့်ရင် ငါပြောတဲ့အတိုင်း လုပ်နိုင်မလား"

"တပည့်တော်မ စွမ်းနိုင်သမျှ လုပ်ပါ့မယ် အစ်ကိုတော်ဘုရား"

"ဒီလိုဆိုရင် နှမတွင် ဝတ်ဆင်ထားသော လက်ဝတ် ရတနာကို ရောင်းချပြီး ဆွမ်းစားကျောင်း ဆောက်လှူပါ"

(ဂ)

နှမတော် ရောဟိဏီသည် အစ်ကိုတော် အနုရုဒ္ဓါ စီမံပေးသည့်အတိုင်း လက်ကောက်နှင့်နားတောင်းကို ရောင်းလိုက်ရာ အသပြာငွေ တစ်သောင်း ရရှိလေသည်။ ရရှိသော ငွေကြေးဖြင့် သစ်၊ ဝါး စသော ပစ္စည်းများကို ဝယ်ယူလိုက်၏။ အရှင်အနုရုဒ္ဓါကပင် ကျောင်းပြီးစီးသည်အထိ စီမံကွပ်ကဲပေးသည်။ နှစ်ထပ် ဆွမ်းစားကျောင်းဖြစ်သည်။

ကျောင်းအခင်း ခင်းပြီးချိန်တွင် အရှင်မြတ်က နှမ ရောဟိဏီအား တံမြက်စည်း လှည်းခိုင်း၏။ နေရာထိုင်ခင်းများ ခင်းခိုင်း၏။ သောက်ရေ သုံးရေများကိုလည်း ခပ်စေ၏။ သေနာသနကိစ္စ ဝေယျာဝစ္စ ကုသိုလ်များရအောင် ဆောင်ရွက်စေခြင်း ဖြစ်ပါ၏။ ရောဟိဏီကလည်း အစ်ကိုတော် ရဟန်းက ခိုင်းတိုင်းလုပ်၏။

ရောဟိဏီ လှည်းကျင်းပေးသော ဆွမ်းစားကျောင်းပေါ်တွင် ရဟန်းသံဃာများ ဆွမ်းစား ဘုဉ်းပေးကြ၏။ နားနေကြ၏။ ကျောင်းဆောက်လုပ်ရေး ကိစ္စများ ပြီးစီးသွားသောအခါ နိဂြောဓာရုံကျောင်းတွင် ရောက်ရှိ သီတင်းသုံး နေတော်မူသော ဘုရားရှင်နှင့်ရဟန်းသံဃာများကို ပင့်ဖိတ်ကာ ဆွမ်းကပ်၊ ကျောင်းရေစက်ချပွဲ ပြုလုပ်၏။ ကိစ္စများကို အရှင်အနုရုဒ္ဓါ မထေရ်မြတ်က စီစဉ်ပေးခြင်းဖြစ်၏။

(ဃ)

ဘုရားရှင် အမှူးပြုသော သံဃာတော် အရှင်မြတ်များ ဆွမ်းကပ်လှူပွဲ၊ ဆွမ်းစားကျောင်း ရေစက်ချပွဲ အခမ်းအနားကို ကျောင်းဒါ

www.burmeseclassic.com



ယိကာမ ရောဟိဏီ မတက်ရောက်ပါ။ သူမ၏ ကိုယ်ရေပြား ရောဂါကြောင့် ရှက်နိုး၍ လူတော မတိုးဘဲ ဖြစ်နေသည်။ ဗုဒ္ဓဘုရားသည် ရောဟိဏီကို ရှေ့တော်မှောက်သို့ အရောက် ခေါ်စေလိုက်၏။

"ရောဟိဏီ ... သင်သည် ဤကဲ့သို့ လူတော မတိုးဝင်နိုင်အောင် အနာရောဂါ ဖြစ်ခြင်းသည် ယခုဘဝ၏ မကောင်းမှုကြောင့် မဟုတ်။ ရှေးအတိတ် ဘဝက ပါလာသော အကုသိုလ်ကံ၏ ဆိုးကျိုးကို ခံရခြင်းဖြစ်သည်။ သင်သည် ရှေးဘဝက မိဖုရားကြီး ဖြစ်ခဲ့၏။ ဘုရင်ကြီးက မိမိထက် ကချေသည်မကို ပို၍မြတ်နိုး အလေးထားနေ၍ သင်က မနာလို ဝန်တိုစိတ်တွေ ဖြစ်ခဲ့သည်။ မနာလို ဝန်တိုခြင်းကို စိတ်ထဲမှသာ ဖြစ်ခဲ့ရုံမျှမက ကိုယ်ထိလက်ရောက် ကာယကံမြောက်အောင် ပြုလုပ်ခဲ့သည်။

ပြုလုပ်ပုံမှာ သင်သည် ကချေသည်မ၏ အဝတ်အစား၊ အသုံးအဆောင်၊ အိပ်ရာနေရာတို့မှာ ယားယံစေသော ခွေးလှေးယားသီးမှုန့်များ ကြဲချခဲ့သည်။ ထိုမျှမကသေး ကချေသည်မ၏ ခန္ဓာကိုယ်ပေါ်သို့လည်း ပြက်ရယ်ပြုသလို ခွေးလှေးယားသီးမှုန့်များ ကြဲချခဲ့သည်။ ကချေသည်မ ခမျာ အလွန်တရာ ယားယံသော ဒဏ်ကို ချက်ချင်း ခံစားရရှာသည်။ ယားယံ၍ လက်ဖြင့် ကုတ်ဖွဲ့မှုကြောင့် သူမ၏ ခန္ဓာကိုယ်ပေါ်တွင် ယားယံ အဖုအပိမ့်များ ထွက်ခဲ့သည်။ အိပ်ရာပေါ် အိပ်ပြန်တော့လည်း ကြဲချထားသော ခွေးလှေးယားသီးမှုန့်များကြောင့် အိပ်မရနိုင်ဘဲ ပြင်းပြသော ဝေဒနာကို ခံစားခဲ့ရရှာလေသည်။

ဤသို့ အမျက်ဒေါသဖြင့် ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့သော သင်၏ အကုသိုလ်ကံကြောင့် ယခုဘဝမှာ ရုပ်ရည် ချောမောလှပသော်လည်း အရေပြားရောဂါ စွဲကပ်ကာ မရှုမလှ၊ လူတော မတိုးဝံ့သူ ဖြစ်ရခြင်းဖြစ်၏" ထို့ကြောင့် ဒေါသနှင့် မာနကို ထိန်းချုပ်သင့်ပုံ၊ သံ ယောဇဉ်တရားများကို ကျော်လွန်သင့်ပုံ၊ ရုပ်တရားတို့အပေါ်၌ မတွယ်တာသင့်ပုံ တရားတော်တို့ကို ဟောကြား ချီးမြှင့်တော်မူ၏။

အမျက်ဒေါသနှင့်မာနကို စွန့်ပယ်ပါ။ သံယောဇဉ်တရားတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို ကျော်လွှားပါ။ ရုပ်နာမ် တရားအပေါ်မှာ တွယ်တာမှု၊ ငြိကပ်မှု မပြုနှင့်။ ဤသို့ မတွယ်တာ၊ မကပ်ငြိသူတို့ထံ ဆင်းရဲဒုက္ခများ မကျရောက်နိုင်။

(ဓမ္မပဒ၊ ဂါထာ ၂၂၁)

ဗုဒ္ဓဘုရား၏ မြတ်တရားကို နာကြားရသောအခါ ကျောင်းဒါယိကာမ ရောဟိဏီ မင်းသမီး၏ ခန္ဓာကိုယ်တွင် စွဲကပ်နေသော ရောဂါများမှာ ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ကင်းစင်လွင့်ပျောက်သွား၏။ ထို့ပြင် ရောဟိဏီ၏ ခန္ဓာကိုယ်သည် ရွှေအဆင်းကဲ့သို့ ဝင်းဝါ စိုပြည် ကျက်သရေ အပေါင်းနှင့် ပြည့်စုံသွားလေ၏။ ထို့မျှမကသေး သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ပေါက်ကာ သောတာပန်ပုဂ္ဂိုလ် အဖြစ်သို့ ရောက်ရှိသွားလေသတည်း။

(င)

ရောဟိဏီသည် ဘဝတွင် သက်တမ်းစေ့ ရှင်လန်းချမ်းမြေ့စွာ ကုသိုလ်ကောင်းမှုပြုကာ နေထိုင်ပြီးနောက် သေလွန်သောအခါ တာဝတိံသာ နတ်ပြည်သို့ ရောက်ရှိသွားလေသည်။ ဤတွင် ဘယ်ကုသိုလ်ကံ ဖန်လေသည်မသိ။ ရောဟိဏီ နတ်သမီး၏ ဘုံဗိမာန်သည် နတ်သား လေးပါးတို့၏ အလယ်တွင် သွား၍ ပေါက်နေလေသည်။ ဤတွင် နတ်သားလေးပါးတို့သည် နတ်သမီး ရောဟိဏီကို သူပိုင်ကိုယ်ပိုင် အငြင်းပွားကြလေတော့သည်။

ဤကိစ္စနှင့်ပတ်သက်၍ အဆုံးအဖြတ် ပေးပါရန် သိကြားမင်းကြီးထံ လျှောက်ပန်ကြရလေသည်။ သိကြားမင်း၏ ခုံရုံးတွင် နတ်သား လေးယောက်တို့ ရောဟိဏီ နတ်သမီးကို မူပိုင်သိမ်းပိုက်ရရှိရေးအတွက် တရားရင်ဆိုင် ယှဉ်ပြိုင်ရလေ၏။ သိကြားမင်းကြီးက ပထမ နတ်သား တစ်ယောက်ကို မေးမြန်း စစ်ဆေးလိုက်သည်။

"သင်တို့ နတ်သား လေးယောက်တို့သည် ဤရောဟိဏီ နတ်သမီးကို ပိုင်ဆိုင်ရရှိရေး အငြင်းပွားနေကြရာ သင်တို့အား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ချင်း ငါစစ်ဆေးမေးမြန်းမည်။ မေးမြန်းမှာကတော့ သင်တို့သည် ဤ နတ်သမီးကို မည်မျှ ချစ်ခင်မြတ်နိုးကြောင်း သက်သေပြ ပြောဆိုရမည်။

"အဲဒီတော့ သင်နတ်သားက ရှေးဦးစွာ ပြောဆိုလော့"

ပထမ နတ်သားသည် ဤသို့ပြောဆိုလေ၏။

"အကျွန်ုပ်သည် ဤနတ်သမီးလေးကို မြင်တွေ့သည့်နေ့မှ စ၍ ကျွန်ုပ်၏စိတ်တွေဟာ တောင်ထိပ်မှာ လွင့်ထူထားတဲ့ အလံတံခွန် လို တဖျပ်ဖျပ်လူးလွန့်ကာ တည်ငြိမ်မှု မရှိတော့ပါဘူး။ အဲဒီလောက် နတ်သမီးလေးကို မြတ်နိုးပါ၏"

သိကြားမင်းသည် ပထမ နတ်သား၏ လျှောက်ကြားချက်ကို ကြားနာပြီးနောက်–ဒုတိယနတ်သား၏ ခံစားချက်ကို ဆက်၍မေးမြန်း လိုက်၏။ ဒုတိယ နတ်သားက–

"ဘိုးတော်သိကြားမင်း၊ ကျွန်ုပ်သည် ဤရောဟိဏီ နတ်သမီးလေးကို မြင်သည့်အချိန်မှစ၍ ကျွန်ုပ်၏ရင်မှာ စည်ကြီးပမာ ချစ်မေတ္တာများနှင့် ပြည့်သိပ်နေပါတော့သည်။ သို့အတွက်ကြောင့် ဤနတ်သမီးကို ကျွန်ုပ်အား ပိုင်ဆိုင်ခွင့်ပေးပါရန်" ဟု လျှောက်ထား လေ၏။

ထို့အတူ တတိယ နတ်သားကို မေးပြန်ရာ–

"ကျွန်ုပ်သည် ဤနတ်သမီးလေးကို မြင်တွေ့သည့်နေ့မှစပြီး သူ့အပေါ် ထားရှိတဲ့ ကျွန်ုပ်၏ မေတ္တာတွေဟာ မြင့်မားတဲ့တောင် ကမ္ဘားယံပေါ်က အဆက်မပြတ် ကျစီးနေတဲ့ ရေတံခွန်ကြီးပမာ ဖြစ် နေပါလေပြီ"ဟု ရင်ဖွင့် တင်ပြပြန်လေသည်။

နောက်ဆုံး စတုတ္ထနတ်သား၏ တင်ပြချက်ကား–

"သိကြားမင်း၊ ကျွန်ုပ်သည် ဤရောဟိဏီ နတ်သမီး ဗိမာန် နှင့်တကွ ပေါ်ပေါက်လာတဲ့ အချိန်ကစပြီး သူ့ကို အရိပ်တကြည့်ကြည့် နဲ့ မျက်တောင်ပင် မခတ်မိအောင် စိုက်ပြီးကြည့်နေရလို့ ကျွန်ုပ်၏ မျက်စိ နှစ်လုံးဟာ ပုစွန် မျက်လုံးကဲ့သို့ ပြူးကျယ်ပြီး အပြင်ဘက်သို့ ထွက်နေပါပြီ။ နတ်သမီးအပေါ် ထားရှိမိတဲ့ ကျွန်ုပ်ရဲ့ချစ်မေတ္တာကို

www.burmeseclassic.com

www.burmeseclassic.com



အရှင်မင်း သိလောက်ပါပြီ။ သို့အတွက်ကြောင့် ဤရောဟိဏီ နတ်သမီးကို ကျွန်ုပ်ကိုသာ ပိုင်ဆိုင်ခွင့် ပေးတော်မူပါ သိကြားမင်း" ဟူ၍ ဖြစ်ပါ၏။

(၈)

သိကြားမင်းသည် နတ်သား လေးယောက်တို့၏ လျှောက်ထားတင်ပြချက်များကို ကြားနာ စစ်ဆေးပြီးနောက် အတန်ငယ် စဉ်းစားကာ ဤသို့ပြတ်သားစွာ ဆုံးဖြတ်ချက် ချလိုက်လေသတည်း။

"သူပိုင် ငါပိုင် အပြိုင်အဆိုင် အငြင်းပွားနေကြသော ဤရောဟိဏီ နတ်သမီးနှင့်ပတ်သက်၍ ငါစီရင်ချက်ချမည်။ သင်နတ်သား လေးယောက်တို့၏ ခံစားချက်ထက် ငါ၏ခံစားမှုမှာ အဆမတန် ပိုကဲလှ၏။ ငါသည် ဤနတ်သမီးကိုမှ မရလျှင် ငါသိကြားမင်း စုတိပြတ်ကြွေ သေရလိမ့်မည်ကွယ်တို့ ... "

နတ်သား လေးယောက်တို့သည် နတ်တို့သေဌ်နင်း အရှင် သိကြားမင်းကို အသေ မခံလိုကြသဖြင့် သူတို့က နောက်ဆုတ်ပေးကာ နတ်သမီးကို စွန့်လွှတ်လိုက်ကြလေတော့သတည်း။

(ရည်ညွှန်း-ဓမ္မပဒအဋ္ဌကထာ၊ ကောဓဝဂ်၊
ရောဟိဏီမင်းသမီးဝတ္ထုကို
ခြယ်မှုန်းရေးသားပါသည်)

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



## မာတလိ၏ အတွေးစများ

(က)

သူ၏နာမည် မာတလိ၊

ပြည့်စုံအောင် ပြောရသော် မာတလိ နတ်သား။

ပို၍ပြည့်စုံအောင်ဆိုရလျှင် သိကြားမင်း၏ အပါးတော်မြဲ နတ်သား တစ်ယောက်။ သူ၏ အလုပ်တာဝန်က ရထားထိန်း။ သိကြားမင်းကြီး သွားလိုရာ ခရီးကို သူက ရထားမောင်းပြီး လိုက်ပို့ပေးရသည်။

ခရီးစတွင် သွားခါနီးတိုင်း သိကြားမင်းကြီး၏ အပြုအမူလုပ်ရပ်တစ်ခုကို မာတလိ အမြဲတမ်းတွေ့မြင်နေရသည်။

တစ်ကြိမ်လည်း မဟုတ်၊

တစ်ခါလည်း မဟုတ်၊

နှစ်ကြိမ်၊ သုံးကြိမ် အကြိမ်များစွာ ... ၊ တစ်ခါ နှစ်ခါ သုံးခါ အခါများစွာ ... များစွာ။ အဲသည် သိကြားမင်းကြီး အပြုအမူ လုပ်ရပ်ကတော့ တစ်ခြား မဟုတ်။

"ရှိခိုးခြင်း၊ ဦးချခြင်း၊ အရိုအသေပြုခြင်း" တို့ပင် ဖြစ်သည်။

ဘယ်သူ့ကို ရှိခိုးတာလဲ။ ဘာကို ရှိခိုးတာလဲ။ ဘာဖြစ်လို့ရှိခိုးတာလဲ။ ဤသည်တို့ကား အရှင်သခင် သိကြားမင်းနှင့်ပတ်သက်၍ သိချင်နေသော ရထားထိန်း မာတလိ၏ဆန္ဒများ ဖြစ်လေသည်။

(ခ)

ယနေ့လည်း ... ကြည့်။

"မာတလိ ရထားပြင်ထား။ ဒီကနေ့ ငါခရီး သွားစရာ ရှိတယ်"

သိကြားမင်း ခိုင်းစေချက်အရ မာတလိ နတ်သားသည် အာဇာနည် နတ်မြင်းပေါင်း တစ်ထောင် ကရသော နတ်ရထားကို ပြင်ဆင်ထားရသည်။ ပြီးလျှင် ဝေဇယန္တာပြာသာဒ်ထက်မှ ဆင်းသက်လာမည့် သိကြားမင်းကို စောင့်ရင်း "သိကြားမင်း ရှိခိုးခြင်း"၏ အကြောင်းကို တွေးနေမိလေသည်။

www.burmeseclassic.com



မာတလိ၏ အတွေးအာရုံထဲတွင် အရပ် လေးမျက်နှာကို စောင့်ကြပ်နေကြသော ဓတရဋ္ဌ နတ်မင်းကြီး၊ ဝိရုဠ္ဟက နတ်မင်းကြီး၊ ဝိရူ ပက္ခ နတ်မင်းကြီး၊ ကုဝေရ နတ်မင်းကြီး လေးယောက်တို့ ပေါ်လာကြသည်။ ဤနတ်မင်းကြီး လေးယောက် သို့မဟုတ် နတ်မင်းကြီး လေးပါးတို့က သိကြားမင်းအား ညွတ်တွားခယ ရှိခိုးကြသည်ကိုလည်း မြင်ဖူး၏။

စတုမဟာရာဇ် နတ်ပြည်၊ တာဝတိံသာ နတ်ပြည်တို့မှ ဒေဝါ အလီလီသော နတ်သား နတ်သမီး အပေါင်းတို့ကလည်း သိကြားမင်း ထံ လာရောက်ကြပြီး သိကြားမင်း၏ ခြေဦး ဦးခိုက်ကြရသည်ကိုလည်း မြင်ဖူး၏။

သို့ပင်ဖြစ်ပါလျက် သိကြားမင်းသည် ခရီးထွက်သည့်အခါ တိုင်း ရထားပေါ်သို့ မတက်မီ ရထား နံဘေးတွင် ခြေစုံရပ်လျက် အောက်အရပ် (လူ့ပြည်အရပ်)သို့ ဦးညွတ် ရှိခိုးသည်ကို တွေ့ရ၏။

လောကပါလ နတ်ခေါ် စတုမဟာရာဇ် နတ်မင်းကြီး လေးပါးတို့မှအစထားပြီး နတ်ဒေဝတာ အပေါင်းတို့၏ ဦးခေါင်း ညွတ်ကျိုး ရှိခိုးခြင်းကို ခံရသော သိကြားမင်းက ဘယ်သူ့ကိုများ ရှိခိုး လေသနည်း။ ငါတို့အရှင် သိကြားမင်းက ရှိခိုးရမည့်သူရှိသေးသလော။ အံ့သြစရာကောင်းလေစွ။

မာတလိ၏ အတွေးတွင် သူ၏အရှင်သခင် သိကြားမင်းသည် နတ်အပေါင်းတို့၏ အရှင်သခင်ဖြစ်သည်။ နတ်ဘုရင် မင်းတရားကြီး ဖြစ်သည်။ ဘုန်းတန်ခိုး တေဇာလည်း အကြီးမားဆုံးဖြစ်သည်။ အား လုံးသော နတ်အပေါင်းတို့ကသာလျှင် သိကြားမင်းကို ရှိခိုးဦးတိုက်ကြ ရသည်။ သိကြားမင်းက ရှိခိုးရသူ မရှိ။ သိကြားမင်း ရှိခိုးခံရမည့်သူ မရှိနိုင်။ သိကြားမင်းထက် ကြီးသူ မရှိနိုင်။

သို့ပါလျက်နှင့် သိကြားမင်းက တရိုတသေ ရှိခိုးနေ၏။ တလေးတစား ညွတ်တွားနေ၏။ "ဘယ်သူ့ကိုများ ရှိခိုးလေသနည်း" ငါသိကြားမင်းကို မေးလျှောက်ကြည့်ဦးမည်ဟု စိတ်အကြံဖြစ်သော် လည်း မေးရန် သင့်မသင့်။ မေးလိုက်လျှင် ငါ့ကိုများ အမျက်မာန်ရှိလေ မလား။ စဉ်းစားရင်ချင့်ချိန်ရင်းနှင့်ပင် အချိန်တွေ ကုန်လွန်လာခဲ့သည်။

"ယနေ့တော့ ဒီကိစ္စကို ငါမေးဖြစ်အောင် မေးမည်"

www.burmeseclassic.com

www.burmeseclassic.com



မာတလိ နတ်သားသည် သိကြားမင်း အလာကို စောင့်ကြို နေလေ၏။

(၈)

မကြာပါ။ မာတလိ မျှော်လင့်နေချိန်မှာပင် အရှင်သိကြားမင်းသည် ပြာသာဒ်ပေါ်မှဆင်းသက်လာလေသည်။ ရထားနံဘေးသို့ ရောက်သောအခါ ပြုမူနေကျအတိုင်း ရထားပေါ်သို့ မတက်မီ ခြေစုံရပ်ပြီး ရှိခိုးလေ၏။ ရှိခိုးပြီးနောက် သိကြားမင်းသည် ရထား ထွက်ခွာရန် မာတလိကို လှည့်ကြည့်လိုက်သည်။

အသင့်စောင့်နေသော မာတလိသည် သိကြားမင်းကို လက်အုပ်ချီကာ မေးမြန်း လျှောက်တင်ပါလေတော့သတည်း။

"အရှင်သိကြားမင်း အကျွန်ုပ်မေးပါရစေ။ မေးခွင့်ပြုပါ"

"အရှင်သိကြားမင်းကို ဗေဒင်သုံးပုံကို ဆောင်သော ဗြဟ္မဏတို့ကလည်းကောင်း၊ မြေပေါ်နေသူ အပေါင်းတို့ကလည်းကောင်း၊ မင်းစိုးရာဇာတို့ကလည်းကောင်း၊ နတ်မင်းကြီး လေးယောက်တို့ကလည်းကောင်း များသော အခြံအရံ ရှိကြသော တာဝတိံသာ နတ်တို့ကလည်းကောင်း ရှိခိုးကြကုန်၏။

BURMESE CLASSIC

အရှင်သိကြားမင်း၊ အရှင်သိကြားမင်းသည် ဤကဲ့သို့ လူမင်း၊ နတ်မင်း၊ အပေါင်းတို့၏ ဦးခေါင်းညွတ်ကျိုး ရှိခိုးခြင်းကို ခံယူရသည်ဖြစ်ပါလျက် အရှင်သိကြားမင်းက ရှိခိုးရသောသူ ရှိပါသေးသလား။ ရှိပါသေးက အဘယ်နတ်မင်းပါနည်း"။

မာတလိ၏ သိလိုရေးကြောင့် မေးမြန်းလာချက်ကို သိကြားမင်းက ကောင်းစွာဖြေကြားပေး၏။

"မာတလိ ဗေဒင် သုံးပုံတတ်သော ပုဏ္ဏား၊ မြေ၌နေသူများ၊ မင်းစိုးရာဇာများ၊ နတ်မင်းကြီးများ၊ တာဝတိံသာ နတ်များက ငါ့ကိုရှိခိုးကြသည် မှန်ပါ၏။ ငါရှိခိုးသည်ကား သီလနှင့်ပြည့်စုံသော သီလဝန္တ ပုဂ္ဂိုလ်၊ တည်ကြည်သော သမာဓိ တရားနှင့်ပြည့်စုံသူ၊ မြင့်မြတ်သော အကျင့်သိက္ခာရှိသူ ရဟန်းတော်များကို ရှိခိုးခြင်းဖြစ်၏။ (သိကြားမင်း

www.burmeseclassic.com

www.burmeseclassic.com



သည် ရတနာ သုံးပါးကို အမြဲဆည်းကပ် ကိုးကွယ်သော သမ္မာဒိဋ္ဌိ အယူရှိသူ ဖြစ်ကြောင်း ထင်ရှား၏။ သင်တို့လည်း ရတနာသုံးပါးကို မမေ့ကြနှင့်”ဟု သတိပေးရာ ရောက်ပါ၏။)

မာတလိ၊ အကြင်သူတို့သည် အိမ်၌နေသော်လည်း ကုသိုလ် ကောင်းမှုပြုလေ့ရှိကြကုန်၏။ သီလ စောင့်ထိန်းကြကုန်၏။ ရတနာသုံး ပါးတို့ကို ဆည်းကပ်ကြကုန်၏။ တရားနှင့်အညီ သားမယားများကို ကျွေးမွေးကြကုန်၏။ ထိုသူတို့ကို ငါရှိခိုးခြင်းဖြစ်၏။ (ဤစကားရပ်ဖြင့် လူတို့အား ကုသိုလ်ကောင်းမှုကို တတ်စွမ်းသမျှ ပြုကြရန် သမ္မာအာဇီဝ လုပ်ငန်းဖြင့် သားမယားများကို လုပ်ကျွေးကြရန် သတိပေး တိုက်တွန်း သကဲ့သို့ဖြစ်ရာ သိကြားမင်း ရှိခိုး ခံချင်ကြလျှင် ဤကဲ့သို့ကောင်းမွန်စွာ နေထိုင်ကြဟု နှိုးဆော်ခြင်းလည်း မည်ပေ၏။)

မာတလိ အကြင်သူတို့သည် ကျေးဇူးရှင် မိဘများကို လုပ် ကျွေး ပြုစုကြကုန်၏။ ပူဇော်ထိုက်သူတို့ကို ပူဇော်ကြကုန်၏။ သက်ကြီး ဝါကြီး ဂုဏ်ကြီးမြတ်သူတို့ကို ရိုသေ ကိုင်းရှိုင်းကြကုန်၏။ လင့်ဝတ္တရား ငါးပါး၊ မယားဝတ္တရား ငါးပါးတို့နှင့် ညီညွတ်ကြကုန်၏။ လင့်ဝတ္တရား ငါးပါး၊ မယားဝတ္တရား ငါးပါးတို့နှင့် ညီညွတ်ကြကုန်၏။ အပြောအဆို ချိုသာ ယဉ်ကျေးသိမ်မွေ့ကြကုန်၏။ ချစ်သူချင်း မုန်းတီးသွားအောင် ကုန်းတိုက်ခြင်း မရှိကြ။ သူတစ်ပါးတို့ ကောင်းစား ချမ်းသာပြည့်စုံ နေသည်တို့ကို မနာလိုဝန်တိုခြင်း မရှိကြ။ မှန်သော စကားကိုသာ ပြောဆိုကြကုန်၏။ အမျက်ဒေါသ ထွက်ခြင်းလည်း မရှိကြ။ ထိုသူ အပေါင်းတို့အား ငါသိကြားမင်း ရှိခိုးခြင်းဖြစ်၏။ (ဤသို့ဖြင့် သိကြား မင်းက မိဘလုပ်ကျွေးသူ၊ သက်ကြီး ဝါကြီးများကို ပူဇော်သူ၊ အပြော အဆို ယဉ်ကျေးသိမ်မွေ့သူ၊ မှန်သော စကားကိုဆိုသူ၊ အမျက်မထွက် သူ၊ ချစ်သူချင်း မုန်းအောင် ကုန်းမတိုက်သူများကို ငါသိကြားမင်း ရှိခိုး ကြောင်း ငါရှိခိုးခံထိုက်သူများ ဖြစ်အောင်နေကြ၊ ထိုင်ကြ၊ ပြုမူပြု ဆောင်ရွက်ကြဟူ၍ တိုက်တွန်းရာ ရောက်ပေ၏။)

www.burmeseclassic.com

www.burmeseclassic.com



(ဃ)

သိကြားမင်း၏ အကျယ်တဝင့်ဖြေကြားချက်ကို သိရသောအခါ မာတလိနတ်သားသည် သိကြားမင်းအောက်သို့ ငုံ့၍ရှိခိုးခြင်းအကြောင်းအရာကို ထင်လင်းစွာ၊ အမြင်ရှင်းစွာ သေသေချာချာသိသွားလေတော့သည်။ မာတလိ နတ်သားသည်လည်း အရှင်သိကြားမင်း၏ ကောင်းမွန်းသော အလေ့အထများကို အတုယူကာ ထိုကဲ့သို့ ကျင့်ဝတ်သိက္ခာ၊ ကောင်းမှုကုသိုလ်များနှင့် ပြည့်စုံကြသူများကို သူလည်းရှိခိုးပါကြောင်း ကောင်းစွာ လျှောက်တင်လိုက်သည်မှာ–

"အရှင်သိကြားမင်း၊ အရှင်သိကြားမင်းသည် မြင့်မြတ်သူများရှိခိုးသကဲ့သို့ အကျွန်ုပ် မာတလိ နတ်သားကလည်း အရှင်သိကြားမင်းကဲ့သို့ ရှိခိုးပါ၏။ ဦးညွှတ်ပါ၏။ အရိုအသေပြုပါ၏။ " ဟူသတည်း။

မာတလိလည်း သိကြားမင်းနှင့်ပတ်သက်သော သူသိချင်သော ကိစ္စကို သိရပေပြီ။ သိကြားမင်းလည်း မာတလိ၏ မေးခွန်းကို ဖြေဆိုပြီးလေပြီ။ ထို့နောက်တွင် သိကြားမင်းသည် အာဇာနည် မြင်းပေါင်း တစ်ထောင်က,သော နတ်ရထားကြီးကို စီးကာ မိုးကောင်းကင်တိမ်ယံကြားတွင် ရွေ့လျား သွားလာ ပျောက်ကွယ်သွားပါတော့သည်။

ကိုးကားမှု

သံယုတ္တနိကာယ်၊ သက္ကသံယုတ်ပါဠိတော်

www.burmeseclassic.com